ဘာသာရေးနှုန်းနယ်သူများအတွက်
အထူးစီစဉ်အပ်သော

အရှင်ကေလာသ
ဒီဃဘာဏက ဒီဃနိကာယကောဝိဒ
၏

# အခြေခံသာသနာရေး

သာသနာ-၂၅၂၀ ကောဇာ-၁၃၃၈

၁၄၂၈၀

ဘာသာရေးနုနယ်သူများအတွက်

အထူးစီစဉ်အပ်သော

အရှင်ကေလာသ

( ဒီဃဘာဏက ဒီဃနိကာယကောဝိဒ )

# အခြေခံသာသနာရေး



သာသနာ ၂၅၀၂ ကောဇာ ၁၃၂၀ ခရစ် ၁၉၅၈

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၉၈၅၇)

ပဉ္စမအကြိမ်

အုပ်ရေ—၂၀၀၀

၁၉၇၇-ခု

ဩဂုတ်လ

မျက်နှာဖုံး-ချင်းတွင်း

ဓမ္မဒါန

အရှင်ကေဝလာသ ( ကင်းလွှတ်ခွင့်အမှတ်—၀၃၉၃၁ ) ဟာမစ်တစ်လမ်း၊ သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့က ထုတ်ဝေ၍၊ ဦးတင်မောင် (၀၂၅၆—မြ) စာပေပေါင်းကူး စာပုံနှိပ်တိုက်၊ အမှတ် ၉၀, အေ-ဘီ-ဝေဇယန္တာလမ်း ( ၈ ) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်က ပုံနှိပ်သည်။

# နိဒါန်း

## မိဘ ကျေးဇူး အထူးသိရမည်

ကန်တုန်မြို့တွင် သားဖြစ်သူ တပ်နီလူငယ်တဦးက မိခင်ကို စွန့်လွှတ် လိုက်သည်-ဟူသော ဟောင်ကောင်မှ ကြေးနန်း သတင်းတခုကို ၁၉၆၆-ခုနှစ် စက်တင်ဘာလ ၁၆-ရက်နေ့ ထုတ် လုပ်သား သတင်းစာတွင် ဖတ်လိုက်ရသောအခါ စာ ဖတ်ပရိသတ်မှာ ကြက်သီးမွေးညှင်းထ၍ အံ့သြတုန်လှုပ် သွား ကြလေသည်။

၁-၅-၇၀ နေ့က မြန်မာသတင်းစာတစောင်တွင် ငပုတော အပိုင် ငြုပ်ကောင်းရွာမှ သားဖြစ်သူက မိခင်အဖြစ်မှ စွန့်လွှတ် ခြင်း-ဟူသော ခေါင်းစဉ်နှင့် သတင်းကို ဖတ်ရပြန်သောအခါ အထက်ပါသတင်းထက် ပို၍ပင် အံ့သြထိတ်လန့်ကာ ဘုရား တ,မိကြတော့၏။

ရဟန်း သံဃာ ဆရာ မိဘ လူကြီး သူမ အစ်ကို အစ်မနှင့် တနေ့တရက် ကြီးသူများ၏ ဂုဏ်ကျေးဇူးကို မမေ့မလျော့ရ ခြင်း, ရိုသေကိုင်းရှိုင်းရခြင်းတို့မှာ မြန်မာလူမျိုးတို့၏ နိယာမ ယဉ်ကျေးမှုတရပ် ဖြစ်ပေသည်၊ မြန်မာပြည်ထောင်စုသားတို့၏ မွန်မြတ်သော ဝိသေသလက္ခဏာများ ဖြစ်ကြပေသည်။

ဝမ်းနှင့် လွယ်မေးပြီး နို့ချိုတိုက်ကျွေးလာခဲ့သည့် မိခင်၏ ကျေးဇူးကို သိတတ်ဖို့နှင့် မိခင်ကိုရိုသေဖို့ရာကား အထူး ပြောစရာ မလိုသလောက်ပင် ဖြစ်ပေသည်။

မိခင်အားလုံးသည် နိုင်ငံ၏ ကျေးဇူးရှင်များ ဖြစ်ကြသည်၊ မိခင်၏ကျေးဇူးကို နားလည် နိုင်သူသာလျှင် အမိနိုင်ငံ၏ကျေးဇူးကို သိတတ်သော မျိုးချစ်သားကောင်း အစစ်ဖြစ်ပေသည်။

မြန်မာနိုင်ငံ နယ်ချဲ့လက်အောက် ကျရောက်သွား သည်မှစပြီး ဘုန်းတော်ကြီးကျောင်း ပညာရေးစံနစ် မှေးမှိန်လျက် ဆုံးမစာများနှင့် ဝေးလာခဲ့ရသည်၊ ဆုံးမစာများနှင့် အလှမ်းဝေးလာသောအခါ ဆုံးမစာတို့က ထိန်းကျောင်း လာခဲ့သော လူမှုဆက်ဆံရေးများ ဖြစ်ကြသည့် ဆရာနှင့်တပည့် အမိနှင့်သား မယားနှင့်လင် အရှင်နှင့်အိမ်ဖော် မိတ်ဆွေအချင်းချင်း စသည်တို့အကြားတွင် လူမှုဆက်ဆံရေး အဖုအထစ်ကလေးများ ဖြစ်ပွားလာရသည်၊ အခြေခံ လူ့ကျင့်ဝတ် တရားနှင့် ကိုယ်ကျင့်တရားများ ပျက်ပြားလာရသည်။

ယင်းသို့ တဦးနှင့်တဦး (အထက်လူနှင့် အောက်လူမှ စ၍) ရိုသေကိုင်းရှိုင်းမှုများယိုယွင်းပျက်ပြားလာသည့်အခြေအနေကို သိသူများက နည်းသစ် မူသစ် အသွင်သစ်များဖြင့် အားသစ်အင်သစ်လောင်း၍ ဟန့်တား ကာကွယ်ပေးရမည်ဖြစ်သည်။

ယနေ့ မြန်မာလူငယ်တို့တွင် နယ်ချဲ့သရုပ်ပျက် ယဉ်ကျေးမှုကို အထင်ကြီးနေကြသူ တချို့ရှိသည်၊ နယ်ချဲ့သရုပ်ပျက် ယဉ်

ကျေးမှုကလည်း အသွင်သစ်ဖြင့် စိမ့်ဝင် ထိုးဖောက်နေသည်၊ မြန်မာ့ ရေမြေတောတောင် သဘာဝနှင့်ရင်း, အမျိုးသား အစဉ်အလာ ဓလေ့ထုံးတမ်းနှင့်ရင်း ဆန့်ကျင်သည့် ယင်း သရုပ်ပျက်တို့ကိုလည်း သိသူမြင်သူတိုင်းက အတတ်နိုင်ဆုံး ကာ ကွယ်ပေးရမည် ဖြစ်ပေသည်။

၁။ ခိုင်းမှ စေမှ လုပ်တတ်သူကို ကျွန်လို့မှတ်၊

၂။ အခါအခွင့်ကြည့်ပြီး မိမိအလိုလို လုပ်သင့်သမျှအလုပ် လုပ်တတ်သူကို သခင်မျိုးလို့မှတ်-ဟု

အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးက တပည့် များကို အမြဲတမ်းဆုံးမတော် မူလေ့ရှိသည်။

ဂျပန်များသည် အလုပ်တခု လက်ခံထားပြီဆိုလျှင် အချိန်မှီ မပြီးဘဲ ကတိပျက်မှာ သိပ်ရှက်တတ်တဲ့ လူမျိုးများ ဖြစ်သတဲ့၊ တာဝန်သိတတ်သော စိတ်သည် အံ့တပါးပင်ဖြစ်သည် မဟုတ် တုံလော၊ ရက်ချိန်းမှီ မပြီးနိုင်တော့-ဟု ကြိုတင်သိလျှင် လုပ်သား များက ကျွန်တော်တို့ ညဆင်းအလုပ်လုပ်ပါရစေ-ဟု လုပ်ငန်း အုပ်ချုပ်သူကို လာပြောသတဲ့။

ဂျပန်များသည် အလုပ်ဌာန ရောက်လျှင်လည်း နာရီကို မကြည့်ဘဲ အလုပ်ကောင်းဘို့သာ ကြည့်သတဲ့။ လောကမှာ သူတို့ကြောက်တာ မီးလောင်မှာ ရေကြီးမှာ လျှော်လုပ်မှာနှင့် မိဘ စိတ်မချမ်းမသာဖြစ်မှာ-ဟူသော ဤလေးမျိုးသာရှိသတဲ့။

မိခင်ဖခင်ကို ရိုသေတတ်သူများသည် ဂါရဝတရား ပြည့်ဝသူများဖြစ်၍ ကြီးပွားချမ်းသာ မင်္ဂလာရှိရမည်မှာ သေချာလှပေသည်၊ ဂါရဝတရား ပျက်သူတွေမှာကား အောက်တန်းကျရမည်သာဖြစ်သည်။

တိုင်းပြည်အသီးအသီးတို့သည် စီးပွားရေး, ပညာရေး, ကျန်းမာရေး, ငြိမ်ဝပ်ပိပြားရေးမှစ၍ စားဝတ်နေရေး အဆင်ပြေနေစေချင်ကြ၏။ ကိုယ့်လူမျိုးနှင့် ကိုယ့်နည်းကိုယ့်ဟန်ကို ကမ္ဘာက အာရုံစိုက်စေချင်ကြ၏၊ ထို့ကြောင့် အုပ်ချုပ်သူ အသီးအသီးတို့သည် ဒီမိုကရေစီစံနစ်, အာဏာရှင်စံနစ် အစရှိသော စံနစ်များထဲမှ မိမိတို့နိုင်ငံနှင့် အံဝင်ဂွင်ကျ ဖြစ်နိုင်လောက်သည် သင်ရသော ဝါဒတို့ကို ကျင့်သုံးပြဋ္ဌာန်း၍ အုပ်ချုပ်နေထိုင်ကြခြင်းပင် ဖြစ်ပေသည်။

## ဣန္ဒိယနှင့် ယောဂိပညာ

ထိုတွင် အဆင့်ဆင့် ပြုပြင်ရေးဆွဲထားသော "ယောဂီ" ကာယစိတ္တကမ္မဋ္ဌာန်းစီးဖြန်း ကျင့်သုံးရေး ပညာရပ်ကို အိန္ဒိယနိုင်ငံတွင် မူလတန်းမှစ၍ တက္ကသိုလ်ကျောင်း သင်တန်းများအထိ သင်ပြပို့ချနိုင်ရန် အိန္ဒိယပညာရေးဌာနက အရေးယူဆောင်ရွက်လျက်ရှိသည်-ဟု ၁၆-၁၁-၇၅နေ့က နယူးဒေလီမှ သတင်းကောင်းတရပ်ကို ကမ္ဘာသူကမ္ဘာသားများ ကြားသိလိုက်ကြရပေပြီ။

ဓမ္မာသောကမင်းကြီးသည် လမ်းဆုံးလမ်းမ လမ်းလေးခွတို့တွင် လူ့ကိုယ်ကျင့်တရားများ ရေးထိုးထားသော ကျောက်စာတိုင်ဆိုင်းဘုတ်တို့ကို စိုက်ထူ၍ အုပ်ချုပ်သောအခါ ရှေးကထက် မှုခင်းနည်းပါးသွားကာ အုပ်ချုပ်၍ လွယ်ကူသည် ဟုဆိုသည်။

ဤသို့လျှင် ရှေးပဝေသဏီမှစ၍ ယခုခေတ် တိုင်အောင်ကမ္ဘာပေါ်တွင် တိုင်းပြည်အသီးအသီးကို အုပ်ချုပ်သူတို့သည်အုပ်ချုပ်၍ လွယ်ကူနိုင်သည့် နည်းအမျိုးမျိုးကို ကြံခဲ့ကြပြီ၊ လက်တွေ့အုပ်ချုပ်ခဲ့ကြပြီ၊ ခက်သည် လွယ်သည် ဤနှစ်လီကိုလည်း ကိုယ်တွေ့သိခဲ့ကြရပြီ။

တိုင်းပြည်အသီးအသီး၌ တောင်ပေါ်သား, မြေပြန့်သား, ကျွန်းသားစသည်ဖြင့် လူမျိုးအသီးအသီး ဓလေ့အဖုံဖုံ မျိုးစုံအောင်ရှိကြသည့်အနက် လူငယ် လူလတ် လူကြီးဟူ၍ စရိုက်သွင်ပြင် ဟန်ပန်အားဖြင့် ပုံတူမျိုးကွဲ သဘောရှိလာပြန်ရာ အထူးသဖြင့် လူငယ်ပိုင်း၏ ဓမ္မတာမှာ မတူမှာ ကြောက်ကြသူများဖြစ်သည်။

ဤနေရာတွင် လူငယ်များသည် သူများနှင့်မတူမှာ စိုးရိမ်ပြီးဆံရှည်ထားခြင်း, အရက်သောက်ခြင်း စသည်ကို ပြုကြမည့်အစား ကျန်းမာရေး, ပညာရေး, စီးပွားရေးတွေမှာ သူများနှင့် တူနေအောင် အချိန်အအားမထားဘဲ ကြိုးစားကြည့်သင့်

ကြပေသည်၊ ကလေးများသည် ပညာသင်ကြားရမည့်အရွယ် ရှိသူများဖြစ်၍ အတန်းထဲတွင် လေ့ကျင့်ခန်းများ မမှီရကာ မှီသွားအောင်, မှိုပြီးတော့နံပါတ်ကောင်းကောင်းချိတ်အောင်, အတန်းထဲမှာ တစ်ရရာမှ တကျောင်းလုံးမှာ တစ်-ရအောင်, နောက်ဆုံး တနိုင်ငံလုံးမှာ တစ်-ရအောင်သာ အဆင့်ဆင့်ကြိုးစားကြည့်ပါ၊ ဤသို့လျှင် ပညာရေးစသော မိမိအကျိုး, ဆွေမျိုးမိဘအကျိုး, နိုင်ငံအကျိုးတွေကို တွေးပြီး တူအောင် ကြိုးစားနေရလျှင် အပိုအလုပ်တွေမှာ မတူမည်ကို စိုးရိမ်ရတော့မည် မဟုတ်ပေ။

များသောအားဖြင့် ကလေးများစိတ်သည် မိမိချည်းသာ အနိုင်ယူချင် ဗိုလ်ကျချင်ကြသည်၊ ဤအစွဲကလေးများကြောင့်ပင် ကလေးများကစားလျှင် ခဏ ခဏ ရန်ဖြစ်ကြခြင်းဖြစ်သည်။ လူကြီးမိဘများသည် ကလေးတို့၏ နှစ်ဉ်သဘာဝက နိုင်ထက်ကလူ ပြုမူတတ်သည့် ဤစိတ်ကို လူငယ်လူရွယ်ဘဝသို့ မပါလာရအောင် သွန်သင်ဖြောင်းဖျ ဆုံးမရမည်သာ ဖြစ်သည်၊ ချော့တန်လျှင် ချော့၍၊ ချောက်တန်လျှင် ချောက်ရပေမည်၊ ဝေါက်သင့်လျှင် ဝေါက်၍ ရိုက်သင့်လျှင် ရိုက်ရပေမည်။

မိဘများက မနိုင်လျှင် ဆရာသမားများကို အပ်ရမည်၊ ဆရာမနိုင်လျှင် ရပ်မိရပ်ဖနှင့်တကွ အုပ်ချုပ်သူများကို အပ်ကြရစမြဲဖြစ်သည်၊ လူကြီးမိဘတို့က စောင့်ရှောက်သင့်သော တာဝန်အရ စောင့်ရှောက် ဖေးမ၍ အသိုင်းအဝိုင်း အဆောင်အယောင်

များဖြင့် စနင့်တကျ ဆုံးမဖန် များလတ်သော ကလေးများ သည် ဆရာမိဘတို့နှင့်စပ်လျဉ်းသည့် တာဝန်ကိုသာမက မိမိနိုင်ငံ မိမိလူမျိုးအပေါ်၌ ပြုကျင့်ရမည့် တာဝန်ကိုပါ သဘောပေါက် ကာ ဆောင်ရွက်သွားနိုင်ကြ ပေလိမ့်မည်၊ ထိုမှတဖန် ဟာဆင့် တက်၍ သာသနာပြုရေးဘက်သို့လည်း တန္တယ်ငင်ရာ တစဉ်ပါ လာမည်သာ ဖြစ်ပေသည်။

သာသနာပြုရေး အလုပ်ကို သဘောပေါက်လာသူသည် များစွာအဆင့်မြင့်လာပေပြီ၊ အဘယ့်ကြောင့်ဟူမူ- သာသနာ ပြုရေးသည် မိမိဆွေမျိုး မိမိလူမျိုးကြီးပွား ချမ်းသာကောင်း စားရေးဟူသော အဆင့်နှင့်တကွ သဗ္ဗလောကဟိတတ္တာယ= တလောကလုံး ကြီးပွားချမ်းသာရေး-ဟူသော ဗုဒ္ဓ၏ အမြင်ကို ရိပ်မိသိရှိ သဘောမိသွားသောကြောင့် ဖြစ်၏။

ဗုဒ္ဓဘာသာ တရားတော်သည် တရားမျှတရေး လောကကြီး ပွားချမ်းသာရေးမှ စ၍ သံသရာ ကောင်းစားရေးအထိ အဆင့် ဆင့် ညွှန်ကြားထားသဖြင့် သတ္တဝါများအတွက် အကျိုးများ လှပေသည်၊ ထို့ကြောင့် ဗုဒ္ဓသာသနာပြုရေး ကိစ္စသည် အချိန် ပိုင်းလောက်သာ ပြုရမည့်ကိစ္စလည်း မဟုတ်ပေ၊ ရက်ပိုင်း လပိုင်း နှစ်ပိုင်းလောက်သာ ပြုရမည့်ကိစ္စလည်း မဟုတ်သေး ပေ၊ မင်းတဆက်, ဆွေမျိုးတဆက်, လူမျိုးတဆက်လောက်သာ ပြုရမည့်ကိစ္စလည်း မဟုတ်သေးပေ၊ ဤကမ္ဘာပိစိကွေးကလေးနှင့် တကွ စကြာဝဠာ အနန္တမှာရှိကြသော ပုပုရွရွ သတ္တဝါမှန်သမျှ

တို့၏ ချမ်းသာရေးဖြစ်သော ဤသာသနာပြုရေးကိစ္စကို ဆောင်ရွက်ရာဝယ် တိုင်းပြည်တခု လူမျိုးတစုလောက်သာ ဆောင်ရွက်ရုံနှင့်လည်း မလုံလောက်သေးပေ။

အမှန်မှာကား အသိဉာဏ်ပိုင်ရှင်များ ဖြစ်ကြသည့် လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့က သားစဉ်မြေးဆက် မပျက်မကွက်ရအောင် လက်ညီတက်ညီ ဆန္ဒညီညီနှင့် အားတူအင်ပြည့် အချိန်ပြည့် အဆင့်ဆင့် လက်ဆင့်ကမ်း၍ဆောင်ရွက်သွားကြရမည်သာ ဖြစ်ပေသည်။

ယင်းသို့ ဆောင်ရွက်ရာတွင်လည်း ကလေးများမှ လူကြီးဖြစ်လာရသောကြောင့် ကလေးများကို မေ့မထားသင့်ပေ၊ ကလေးကောင်းမှ လူကြီး.... ကောင်းပေမည်၊ လူကြီးကောင်းမှ အနာဂတ် သာသနာ အသက် ရှည်ပေမည်၊ ယင်းသို့ဖြစ်ရာ ကလေးများ၏ လိမ္မာယဉ်ကျေး သိမ်မွေ့ရေးအတွက် အခြေခံ ဇစ်မြစ်ကျကျ အထောက်အကူပြုသည့် စာအုပ်ကောင်းများလည်း ရှိရမည်သာ ဖြစ်ပေသည်။

ထို့ကြောင့် ယင်းသို့သော ဘာသာရေးနှုန်းသူများအတွက် ရည်ရွယ်၍ ရဟန်းသံဃာ ဆရာမိဘ လူကြီးသူမများနှင့် ဆက်ဆံရာဝယ် ကိုယ်နှုတ် ယဉ်ကျေးမှုအစ, ဝတ်တက်ဝတ်ကပ် ရွတ်ဖတ်နည်းနှင့် သီလဆောက်တည်နည်း အလယ်, ကိုယ်ကျင့်တရားပြည့်ဝရေးနှင့် စိတ်ယဉ်ကျေးမှု အဆုံးရှိသော ဗုဒ္ဓဘာသာ ကျင့်ထုံးများ စုရုံးပါရှိသည့် ဤစာအုပ်ကို ရေးသားလိုက်ရပေသည်။

ခေတ်လူငယ်တို့သည် ဤစာအုပ်ပါ ကျက်မှတ်ရန်နှင့် ကြည့်ရှုရန်အချက်အလက်တို့ကို ကြည့်ရှုမှတ်သားကြပြီးလျှင် ကိုယ်ကျင့်တရားနှင့် ပြည့်စုံကာ အနာဂတ် သာသနာကို ဆက်လက်ထိန်းသိမ်းရာတွင် တတပ်တအားဖြင့် အထောက်အကူ ရလိမ့်မည်ဟု မျှော်လင့်လျက်—

ဝတ်တက် ဝတ်ကပ်၊ မြဲရွတ်ဖတ်၍
မပြတ်ဒါန၊ မြတ်သီလနှင့်
ပွားထဘာဝနာ၊ အနန္တငါးဦး
ဂုဏ်ဝါထူးကို ကြည်နူးရိုသေ ပူကြလေ—

ဟု သာသနာတော်အတွက် အလေးအနက် တိုက်တွန်းအပ်ပါသည်။

အရှင်ကေလာသ

သာသနဓဇသိရိပဝရဓမ္မာစရိယ

ဒီဃဘာဏက ဒီဃနိကာယကောဝိဒ

သာသနာ့ရိပ်သာ

ရန်ကုန်

၁၅-၃-၇၆။

# အရှင်ကေလာသ

(ဒီဃဘာဏက ဒီဃနိကာယကောဝိဒ)

ပြုစုသော

# အခြေခံအဘိဓမ္မာ

နှင့်

# မဟာစည်ဒေသနာမှန်ပြောင်း

မကြာမီထွက်လာပါမည်။

# မာတိကာ

အကြောင်းအရာ　　　　စာမျက်နှာ

## အခြေပြုတန်း


| | | |
|---|---|---|
| သရဏဂုံ(ကိုးကွယ်ရာ) ၃-ပါး | .... | ၂ |
| သရဏဂုံဆောက်တည်ပုံ | .... | ၄ |
| သရဏဂုံဆောက်တည်ရကျိုး | .... | ၅ |
| သာသနာ့ယဉ်ကျေးမှုကျင့်ဝတ် | .... | ၆ |
| ကံအကျိုးပေးကွဲပုံ | .... | ၁၅ |
| ကိုယ်လုပ်မှု ကိုယ်ရသည် | .... | ၁၉ |
| ငါးပါးသီလစောင်းရန် | .... | ၂၂ |
| သီလစောင့်သူ ရသောအကျိုး | .... | ၂၅ |
| သီလပျက်သူ ရသောအကျိုး | .... | ၂၆ |
| သူတပါးအသက်သတ်သူသည် | .... | ၂၇ |
| အိမ်ရှင်မတယောက် | .... | ၂၇ |
| ရှောင်က အပြန်အကျိုး | .... | ၂၀ |
| အိမ်ထောင်စုံ ၄-မျိုး | .... | ၃၁ |
| ကမ္မဋ္ဌာန်းတရားအားထုတ်ရခြင်းအကြောင်း | .... | ၃၅ |
| အမှတ်တရား | .... | ၃၆ |

# မာတိကာ

အကြောင်းအရာ — စာမျက်နှာ

## ပဌမတန်း


| | | |
|---|---|---|
| ဩကာသ ကန်တော့ခန်း | .... | ၃၈ |
| ဘုရားဂုဏ်တော်ကိုးပါး ပါဠိ | .... | ၃၉ |
| တရားဂုဏ်တော်ခြောက်ပါး ပါဠိ | .... | ၃၉ |
| သံဃာ့ဂုဏ်တော်ကိုးပါး ပါဠိ | .... | ၃၉ |
| ဩကာသ ကန်တော့ခန်း၏ အဓိပ္ပါယ်အဖွင့် | .... | ၄၀ |
| ကံသုံးပါး | .... | ၄၀ |
| ပဌမပိုင်း ရည်ရွယ်ချက် | .... | ၄၁ |
| ဒုတိယပိုင်း ရည်ရွယ်ချက် | .... | ၄၂ |
| အပါယ်လေးပါး | .... | ၄၂ |
| ကပ်သုံးပါး | .... | ၄၃ |
| ရပ်ပြစ် ၈-ပါး | .... | ၄၄ |
| ရန်သူမျိုး ၅-ပါး | .... | ၄၅ |
| ဝိပတ္တိတရား ၄-ပါး | .... | ၄၅ |
| ဗျသနတရား ၅-ပါး | .... | ၄၆ |
| အနာမျိုး ၉၆-ပါး | .... | ၄၇ |
| မိစ္ဆာဒိဋ္ဌိ ၆၂-ပါး | .... | ၄၇ |
| မဂ်တရား၊ ဖိုလ်တရား | .... | ၄၈ |
| နိဗ္ဗာန်တရား | .... | ၄၉ |

# မာတိကာ

အကြောင်းအရာ | စာမျက်နှာ

## ဘုရားဖြစ်တော်စဉ်


သူဌေးသား သုမေဓာဘဝ .... ၅၁
စဉ်းစားတော်မူခန်း .... ၅၂
သုမေဓာ တောထွက်ခန်း .... ၅၂
ဘုရားဆုကို ပန်တော်မူခန်း .... ၅၃
ဗျာဒိတ်ရတော်မူခန်း .... ၅၄
ပါရမီဖြည့်ကျင့်တော်မူခန်း .... ၅၅
မီးရှူးသန့်စင်တော်မူခန်း .... ၅၇
ထီးနန်းစိုးစံတော်မူခန်း .... ၅၈
သံဝေဂယူတော်မူခန်း .... ၅၈
တောထွက်တော်မူခန်း .... ၅၉
ရဟန်းပြုတော်မူခန်း .... ၅၉
ဒုက္ကရစရိယာကျင့်တော်မူခန်း .... ၆၀
မာရ်နတ်ကို အောင်မြင်တော်မူခန်း .... ၆၂
ဘုရားဖြစ်တော်မူခန်း .... ၆၃
မိဂဒါဝုန်တောသို့ သာသနာပြုကြွတော်မူခန်း .... ၆၃
ဓမ္မစကြာတရားတော် .... ၆၅
အယုတ်တရား ၂-ပါး .... ၆၅
မဇ္ဈိမပဋိပဒါ အလယ်လမ်းအကျင့်တရား .... ၆၆
ဒုက္ခသစ္စာ .... ၆၇

## မာတိကာ


| ကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သမုဒယသစ္စာ | .... | ၆၇ |
| နိရောဓသစ္စာ | .... | ၆၈ |
| မဂ္ဂသစ္စာ | .... | ၆၈ |
| ဉာဏ် ၁၂-ပါး | .... | ၆၉ |
| ယခုမှ ဘုရားဖြစ်ကြောင်းဝန်ခံပုံ | .... | ၆၉ |
| ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိပုံ | .... | ၇၀ |
| အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ | .... | ၇၀ |
| ဟေဝိတက္ခုရုဟာန်း | .... | ၇၁ |
| ၄၅-ဝါ သာသနာပြု | .... | ၇၁ |
| သာသနာပြုတော်မူပုံ | .... | ၇၁ |
| သုဘဒ္ဒပရိဗိုဇ်ကို တရားပေးခန်း | .... | ၇၂ |


### ဒုတိယတန်း


| | | |
|---|---|---|
| ပဋိပတ္တိပူဇနာကာရ ဘုရားရှိခိုး | | ၇၅ |
| ဒုစရိုက် ၁၀-ပါး | .... | ၇၉ |
| ကာယဒုစရိုက် ၃-ပါး | .... | ၇၉ |
| ဝစီဒုစရိုက် ၄-ပါး | .... | ၈၀ |
| မနောဒုစရိုက် ၃-ပါး | .... | ၈၀ |
| ဒုစရိုက်အကျယ်-၄၀ | .... | ၈၁ |
| သုစရိုက် ၁၀-ပါး | .... | ၈၁ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သုစရိုက်အကျယ်-၄၀ | .... | ၈၃ |
| ပုညကြိယဝတ္ထု ၁၀-ပါး | .... | ၈၄ |
| လူမိုက်နှင့် ပညာရှိ | .... | ၈၅ |
| ဥပုသ်သီလဆောက်တည်ပုံ | .... | ၈၆ |
| ကာမေသုမိစ္ဆာစာရနှင့် အဗြဟ္မစရိယအထူး | .... | ၈၈ |
| ဥပုသ်စောင့်ရသောအကျိုး | .... | ၈၉ |
| ဝိသာခါသုတ် | .... | ၉၀ |
| ကောမာရဗြဟ္မစရိယသီလဆောက်တည်ပုံ | .... | ၉၄ |
| ကောမာရဗြဟ္မစရိယသီလဆောက်တည်ခဲ့သူများ | .... | ၉၆ |
| ဆွမ်းလှူရကျိုး | .... | ၉၇ |
| ဆွမ်းအကျိုးငါးမျိုး | .... | ၉၇ |
| ဆွမ်းတော်ကပ်ရန် | .... | ၉၈ |
| ဆွမ်းကပ်ဆုတောင်း | .... | ၉၈ |
| ရေလှူရကျိုး | ... | ၉၉ |
| ရေအကျိုးဆယ်မျိုး | .... | ၉၉ |
| ရေတော်ကပ်ရန်နှင့် ဆုတောင်း | .... | ၁၀၀ |
| အမျှဝေ | .... | ၁၀၀ |
| ပန်းလှူရကျိုး | .... | ၁၀၀ |
| ပန်းတော်ကပ်ရန် | .... | ၁၀၁ |
| ဆုတောင်း အမျှဝေ | .... | ၁၀၂ |
| မီးလှူရကျိုး | .... | ၁၀၂ |

မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| မီးတော်ကပ်ရန် | .... | ၁၀၂ |
| ဆုတောင်းအမျှဝေ | .... | ၁၀၃ |
| တိုက်တွန်းချက် | .... | ၁၀၄ |
| ဒုတိယတန်း လေ့ကျင့်ခန်း မေးခွန်းများ | .... | ၁၀၄ |

တတိယတန်း

| | | |
|---|---|---|
| မေတ္တာပွားပုံ(ကျက်မှတ်ရန်) | | |
| ပဋိပတ်ဖြင့် ပူဇော်ရန် | .... | ၁၀၆ |
| မြော်လင့်ချက်နှင့် ဆုတောင်း | .... | ၁၀၆ |
| အမျှဝေရန် | .... | ၁၀၇ |
| သိင်္ဂါလသုတ္တန် | .... | ၁၀၇ |
| ညစ်ညူးသော ကံလေးပါး | .... | ၁၀၈ |
| အကြောင်းလေးပါး | .... | ၁၀၈ |
| စည်းစိမ်ဥစ္စာ ပျက်ကြောင်း ၆-ပါး | .... | ၁၁၀ |
| အရက်သောက်ခြင်း၌ အပြစ် ၆-ပါး | .... | ၁၁၁ |
| အခါမဲ့သွားလာခြင်း၌အပြစ် ၆-ပါး | .... | ၁၁၁ |
| ပွဲလမ်းသဘင်ကြည့်ရှုခြင်း၌ အပြစ် ၆-ပါး | .... | ၁၁၂ |
| လောင်းကစားခြင်း၌ အပြစ် ၆-ပါး | .... | ၁၁၃ |
| ခင်ပွန်းယုတ် အပြစ် ၆-ပါး | .... | ၁၁၄ |
| ပျင်းရိခြင်း အပြစ် ၆-ပါး | .... | ၁၁၅ |
| လူကိုဖျက်ဆီးတတ်သော အကြောင်း ၆-ပါး | .... | ၁၁၆ |

# မာတိကာ

အကြောင်းအရာ | စာမျက်နှာ


မိတ်ဆွေတုများ .... ၁၁၆
ကိုယ်ကျိုးကိုသာငဲ့တဲ့ မိတ်ဆွေတု ၄-ယောက် .... ၁၁၇
နှုတ်ဖြင့်သာဟန်ဆောင်တတ်သော မိတ်ဆွေတု
၄-ယောက် .... ၁၁၈
ချစ်ဖွယ်စကားကိုသာ ဆိုတတ်သော မိတ်ဆွေတု
၄-ယောက် .... ၁၁၉
ပျက်စီးကြောင်း၌ အပေါင်းအဖော်ဖြစ်သော
မိတ်ဆွေတု ၄-ယောက် .... ၁၂၀
စိတ်ကောင်းနှလုံးကောင်းရှိသော မိတ်ဆွေစစ် .... ၁၂၀
ကျေးဇူးပြုတတ်သော မိတ်စစ်လက္ခဏာ ၄-ပါး .... ၁၂၀
ဆင်းရဲချမ်းသာခံစားဖက်မိတ်စစ် ၄-ပါး .... ၁၂၁
အကျိုးကိုညွှန်ကြားတတ်သော မိတ်စစ်လက္ခဏာ
၄-ပါး .... ၁၂၂
အစဉ်သနားတတ်သော မိတ်စစ်လက္ခဏာ ၄-ပါး .... ၁၂၂
အလေးအမြတ် ပြုအပ်သော အရပ် ၆-မျက်နှာ .... ၁၂၄
သားသမီးကျင့်ဝတ် ၅-ပါး .... ၁၂၅
မိဘကျင့်ဝတ် ၅-ပါး .... ၁၂၅
တပည့်ကျင့်ဝတ် ၅-ပါး .... ၁၂၇
ဆရာ့ကျင့်ဝတ် ၅-ပါး .... ၁၂၇
လင်ကျင့်ဝတ် ၅-ပါး .... ၁၂၈
မယားကျင့်ဝတ် ၅-ပါး .... ၁၂၉

## မာတိကာ

အကြောင်းအရာ　　　　　　　　　　　　　　　　စာမျက်နှာ


| | |
|---|---|
| မိတ်ဆွေကျင့်ဝတ် ၅-ပါး .... | ၁၂၉ |
| မိတ်ဆွေအပေါ်ပြန်၍ကျင့်ရန် ကျင့်ဝတ် ၅-ပါး .... | ၁၃၀ |
| အလုပ်ရှင်ကျင့်ဝတ် ၅-ပါး .... | ၁၃၁ |
| အလုပ်သမားကျင့်ဝတ် ၅-ပါး .... | ၁၃၁ |
| ဒါယကာကျင့်ဝတ် ၅-ပါး .... | ၁၃၂ |
| ရဟန်းကျင့်ဝတ် ၅-ပါး .... | ၁၃၃ |
| အကြီးအကဲကျင့်ဝတ် ၆-ပါး .... | ၁၃၉ |
| အလောင်းလျာတို့ အလိုတော် ၆-ပါး .... | ၁၃၉ |
| ဒါန၏ဂုဏ်ကျေးဇူးများ .... | ၁၃၉ |
| သီလ၏ဂုဏ်ကျေးဇူးများ .... | ၁၃၉ |
| စည်းလုံးညီညွတ်ကြောင်း ကျင့်ဝတ် ၄-ပါး .... | ၁၄၀ |
| သတိပဋ္ဌာန်ရှုမှတ်နည်းသံပေါက် .... | ၁၄၀ |
| မဟာသတိပဋ္ဌာနသုတ်ကြေညာချက်မိန့်ခွန်းတော် .... | ၁၄၁ |
| မဟာသတိပဋ္ဌာနသုတ် ဝန်ခံချက် မိန့်ခွန်းတော် .... | ၁၄၂ |
| ကိုယ် ဝေဒနာ စိတ် ဓမ္မ လေးဖြာရှုဘွယ်တွေ .... | ၁၄၃ |
| အထူးမှတ်ပုံကား .... | ၁၅၀ |
| အတိတ် အနာဂတ်၌ အနုမာနညာဏ်ဖြစ်ပုံ .... | ၁၅၅ |
| ဉာတိယတန်း လေ့ကျင့်ခန်းမေးခွန်း .... | ၁၅၈ |

## မာတိကာ

အကြောင်းအရာ　　　　စာမျက်နှာ

**စတုတ္ထတန်း**


ဘုရားဂုဏ်တော် ၉-ပါးအနက် (ကျက်မှတ်ရန်) .... ၁၅၉
တရားဂုဏ်တော် ၆-ပါးအနက် (ကျက်မှတ်ရန်) .... ၁၆၁
သံဃာ့ဂုဏ်တော် ၉-ပါးအနက် (ကျက်မှတ်ရန်) .... ၁၆၂
မင်္ဂလသုတ်အဖွင့် .... ၁၆၃
မင်္ဂလာ .... ၁၆၅
မင်္ဂလသုတ် တရားတော် ဖြစ်ပေါ်လာပုံ .... ၁၆၆
အပြစ်ရှိသောအရပ် ၆-ပါး .... ၁၆၉
သင့်တော်သောနေရာ .... ၁၇၀
မငြင်းနိုင်ရာ မင်္ဂလာ .... ၁၇၂

၁။ အသေဝနာ စ ဗာလာနံ .... ၁၇၃
လူမိုက်ဟူသည် .... ၁၇၃

၂။ ပဏ္ဍိတာနဉ္စ သေဝနာ .... ၁၇၅
ပညာရှိဟူသည် .... ၁၇၅

၃။ ပူဇာ စ ပူဇနေယျာနံ .... ၁၇၆
ပူဇော်ထိုက်သူ ၁၈-မျိုး .... ၁၇၆
ပူဇော်မှု ၂-မျိုး .... ၁၇၇

၄။ ပဋိရူပ ဒေသဝါသော စ .... ၁၇၉
သင့်တော်သောအရပ် .... ၁၇၉

## မာတိကာ

အကြောင်းအရာ　　　　စာမျက်နှာ


လောကီကျမ်းများအလို သင့်တော်
သောအရပ်ကား .... ၁၇၉
၅။ ပုဗ္ဗေ စ ကတပုညတာ .... ၁၈၀
ဘုန်းရှင် ကံရှင် .... ၁၈၁
၆။ အတ္တသမ္မာပဏိဓိ စ .... ၁၈၂
ကိုယ် စိတ် ပြုပြင်ရေး .... ၁၈၂
၇။ ဗာဟုသစ္စဉ္စ .... ၁၈၅
၈။ သိပ္ပဉ္စ .... ၁၈၆
၉။ ဝိနယော စ သုသိက္ခိတော .... ၁၈၈
ဝိနည်းဟူသည် .... ၁၈၈
(၁)လူ့ဝိနည်း .... ၁၈၈
(၂)ရဟန်းဝိနည်း .... ၁၈၉
(၃)ကိုရင်ဝိနည်း .... ၁၈၉
၁၀။ သုဘာသိတာ စ ယာဝါစာ .... ၁၉၀
စကားအရာ အင်္ဂါလေးတန်း .... ၁၉၁
၁၁။ ၁၂။ မာတာပိတု ဥပဋ္ဌာနံ .... ၁၉၂
မိဘကျေးဇူး .... ၁၉၂
၁၃။ ပုတ္တဒါရဿ သင်္ဂဟော .... ၁၉၄
ချီးမြှောက်နည်း ၄-မျိုး .... ၁၉၄
၁၄။ အနာကုလာ စ ကမ္မန္တာ .... ၁၉၅
လူမှုကိစ္စ မရှုပ်ထွေးရန် .... ၁၉၆

မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| | အလုပ်သဘော | .... ၁၉၆ |
| ၁၅။ | ဒါနဥ္စ | .... ၁၉၈ |
| ၁၆။ | ဓမ္မစရိယာ စ | .... ၂၀၀ |
| | ဓမ္မအရ | .... ၂၀၀ |
| ၁၇။ | ဥာတကာနဥ္စ သင်္ဂဟော | .... ၂၀၁ |
| | ဆွေမျိုးဟူသည် | .... ၂၀၁ |
| | တိုက်တွန်းချက် | .... ၂၀၂ |
| ၁၈။ | အနဝဇ္ဇာနိ ကမ္မာနိ | .... ၂၀၃ |
| | အပြစ်မရှိသောအလုပ် | .... ၂၀၃ |
| ၁၉။ | အာရတီ ဝိရတီ ပါပါ | .... ၂၀၅ |
| | အာရတီ | .... ၂၀၅ |
| | ဝိရတီ | .... ၂၀၆ |
| ၂၀။ | မဇ္ဇပါနာ စ သံယမော | .... ၂၀၇ |
| ၂၁။ | အပ္ပမာဒေါ စ ဓမ္မေသု | .... ၂၀၈ |
| ၂၂။ | ဂါရဝေါ စ | .... ၂၁၀ |
| | တိုက်တွန်းချက် | .... ၂၁၁ |
| ၂၃။ | နိဝါတော စ | .... ၂၁၁ |
| ၂၄။ | သန္တုဋ္ဌိ စ | .... ၂၁၂ |
| | ရောင့်ရဲလွယ်ခြင်း | .... ၂၁၃ |
| ၂၅။ | ကတညုတာ | .... ၂၁၄ |
| ၂၆။ | ကာလေန ဓမ္မဿဝနံ | .... ၂၁၆ |

မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| တရားနာယူသင့်သောအခါ | .... | ၂၁၆ |
| ၂၇။ ခန္တီ စ | .... | ၂၁၇ |
| သည်းခံခြင်း | .... | ၂၁၇ |
| ၂၈။ သောဝစဿတာ | .... | ၂၁၉ |
| ၂၉။ သမဏာနဉ္စ ဒဿနံ | .... | ၂၂၀ |
| သမဏ ၁၂-မျိုး | .... | ၂၂၀ |
| ၃၀။ ကာလေန ဓမ္မသာကစ္ဆာ | .... | ၂၂၁ |
| တရားဆွေးနွေးခြင်း | .... | ၂၂၁ |
| ၃၁။ တပေါ စ | .... | ၂၂၃ |
| ဣန္ဒြိယသံဝရအကျင့် | .... | ၂၂၃ |
| ၃၂။ ဗြဟ္မစရိယဉ္စ | .... | ၂၂၄ |
| ၃၃။ အရိယသစ္စာန ဒဿနံ | .... | ၂၂၄ |
| အမှန်တရားလေးပါး | .... | ၂၂၄ |
| ၃၄။ နိဗ္ဗာနသစ္ဆိကိရိယာ စ | .... | ၂၂၅ |
| ၃၅။ ဖုဋ္ဌဿ လောကဓမ္မေဟိ | .... | ၂၂၆ |
| အတုလ ဥပါသကာ | .... | ၂၂၈ |
| ၃၆။ အသောကံ | .... | ၂၂၉ |
| ၃၇။ ဝိရဇံ | .... | ၂၃၀ |
| ၃၈။ ခေမံ | .... | ၂၃၁ |
| မင်္ဂလသုတ် ပါဠိနှင့် ဆောင်ပုဒ်များ | .... | ၂၃၃ |
| မင်္ဂလသုတ် လေ့ကျင့်ခန်း မေးခွန်းများ | .... | ၂၃၉ |

# အခြေခံဘာသာရေး

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

ပူဇော်အထူးကို ခံယူတော် မူထိုက်သော

တရားအလုံးစုံကို မှန်မှန်ကန်ကန်

ကိုယ်တော်တိုင် သိတော်မူပြီးသော

ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။

# အခြေပြုတန်း

## သရဏဂုံ (ကိုးကွယ်ရာ) ၃-ပါး

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ=ဘုရားရှင်ကို ကိုးကွယ်ပါ၏။
ဓမ္မံ သရဏံ ဂစ္ဆာမိ=တရားတော်ကို ကိုးကွယ်ပါ၏။
သံဃံ သရဏံ ဂစ္ဆာမိ=အရိယာ သံဃာတော်ကို ကိုးကွယ်ပါ၏။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ=နှစ်ကြိမ်မြောက်လည်းဘုရားရှင်ကို ကိုးကွယ်ပါ၏။

ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ=နှစ်ကြိမ်မြောက်လည်း တရားတော်ကို ကိုးကွယ်ပါ၏။

ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ=နှစ်ကြိမ်မြောက်လည်း အရိယာ သံဃာတော်ကို ကိုးကွယ်ပါ၏။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ=သုံးကြိမ်မြောက်လည်းဘုရားရှင်ကို ကိုးကွယ် ပါ၏။

တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ=သုံးကြိမ်မြောက်လည်းတရားတော်ကို ကိုးကွယ်ပါ၏။

တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ=သုံးကြိမ်မြောက်လည်း အရိယာ သံဃာတော်ကို ကိုးကွယ်ပါ၏။

## ကြည့်ရှုရန်

ယင်းကိုးကွယ်ရာသုံးမျိုးကိုပင် ဘုရားရတနာ, တရားရတနာ, သံဃာရတနာ ဟူသော အမည်တမျိုးဖြင့် "ရတနာသုံးပါး"ဟုလည်း ခေါ်သေး၏။

"ရတနာ" ဟူသော ဝေါဟာရ၏ မူလ အရင်းအမြစ်မှာ "ရတန"ဟူသော ပါဠိဘာသာမှ ဆင်းသက်လာခြင်း ဖြစ်လေသည်။ "နှစ်သက် မွေ့လျော်ခြင်းကို ဖြစ်စေတတ်သောအရာ" ဟူသော အဓိပ္ပါယ်၊ "အလေးအမြတ် ပြုအပ်သောအရာ" ဟူသော အဓိပ္ပါယ်၊ "အဖိုးများစွာ ထိုက်တန်သောအရာ" ဟူသော အဓိပ္ပါယ်၊ "အတုမရှိ မြတ်သောအရာ"ဟူသော အဓိပ္ပါယ်၊ "အလွန်ရခဲသောအရာ" ဟူသော အဓိပ္ပါယ်၊ "မြင့်မြတ်သောသူများ၏ အသုံးအဆောင်"ဟူသော အဓိပ္ပါယ် များကို ရရှိလေသည်။

လောက၌ စိန်ကျောက်စသော ရတနာများကို ရဘို့ရန်လည်း ခဲယဉ်း၊ ရပြန်လျှင်လည်း ရသူတို့မှာ နှစ်သက်ခင်မင် အရှင်ကြီး ရှင်ရသလို ဘုရားစစ် တရားစစ်နှင့် အရိယာ သံဃာတော်များကို ကမ္ဘာပေါင်းများစွာ ကန့်လွန်ခဲ့သော်လည်း တွေ့ကြုံ ဆုံဆည်း ဘို့ရန် အလွန်ပင် ခဲယဉ်းလှပေသည်။ တွေ့ကြုံ ဆုံဆည်းမိပြန် လျှင်လည်း ထိုရတနာသုံးပါးကြောင့် ဆည်းကပ် ကိုးကွယ်

သူတို့၏ စိတ်နှလုံးဝယ် နှစ်သက်မွေ့လျော် ပျော်ရွှင်ကြရသည်၊ ထို့ကြောင့် ကိုးကွယ်ရာ သုံးပါးကို "ရတနာသုံးပါး" ဟု တနည်း—ခေါ်ခြင်းဖြစ်လေသည်။

သိစရာ အလုံးစုံကို အကုန်သိသော ဉာဏ်ကို "သဗ္ဗညုတ ဉာဏ်"ဟု ခေါ်သည်။

(သဗ္ဗညုတကို သဗ်ဗဉ်ညုတ-ဟု ဖတ်၊ သဗ်ဗျဉ် ညုတ-ဟု မဖတ်ရ)

ထိုသဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိမြင် ရရှိတော်မူသော ဘုရားရှင်ကို "ဗုဒ္ဓ"ဟု ခေါ်သည်။

ဗုဒ္ဓဘုရားရှင်၏ စကားတော်ကို လိုက်နာသူများကို "ဗုဒ္ဓ ဘာသာဝင်"ဟု ခေါ်သည်။

## သရဏဂုံ ဆောက်တည်ပုံ

သင်သည် ရတနာသုံးပါးကို ယုံကြည်သူ ဖြစ်ပါလျှင် လက်အုပ်ချီ၍ ရတနာသုံးပါးကို ရည်မှန်းကာ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ဟူသော သရဏဂုံကိုဆို၍ ဆောက်တည်ခြင်းဖြင့် ယုံကြည်စိတ် မပြောင်း သမျှ ကာလပတ်လုံး သရဏဂုံတည်သူ (ဗုဒ္ဓဘာသာဝင်အစစ်) ဖြစ်လာပေသည်။

## သရဏဂုံ ဆောက်တည်ရကျိုး

စန္ဒဝတီမြို့၌ အမျိုးသား တယောက်သည် အနောမဒဿီ မြတ်စွာဘုရား ပွင့်တော်မူခိုက်နှင့် ကြုံကြိုက် ပါသော်လည်း မျက်မမြင် မိဘတို့ကို ပြုစုလုပ်ကျွေးနေရသဖြင့် ရဟန်း မပြုနိုင် ရှာပေ၊ သို့သော် "သရဏဂုံတို့ကို ဆောက်တည်၍ ဒုဂ္ဂတိဘဝမှ လွတ်မြောက်စေအံ့"ဟု ကြံပြီးလျှင် အနောမဒဿီ မြတ်စွာ ဘုရား၏ လက်ျာရံ အဂ္ဂသာဝကဖြစ်သော "နိသဘ" မည်သော ရဟန်းတော်ထံ၌ သရဏဂုံ သုံးပါးကို တသက်ပတ်လုံး ဆောက်တည်လေသည်။

ထိုကောင်းမှုကံကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သား ဖြစ်ရ၏၊ ထို နတ်သားဘဝမှစ၍ အပါယ် မလားရတော့ပဲ သိကြားမင်းစည်းစိမ်ကို အကြိမ်ရှစ်ဆယ် ခံစားရ၏၊ ပဒေသရာဇ် မင်းစည်းစိမ်ကိုကား မရေမတွက်နိုင်အောင် ခံစားရ၏၊ ထို အမျိုးသားသည် နောက်ဆုံးဘဝ ရောက်လတ်သော် သာဝတ္ထိ ပြည်ဝယ် အလွန်ကြွယ်ဝသော သူဌေးမျိုး၌ ဖြစ်လာလေသည်။

ထိုသူငယ်သည် ခုနစ်နှစ်အရွယ်သို့ ရောက်လတ်သော် ကစားဖော်များ ခြံရံလျက် ရဟန်းတော်များ၏ ကျောင်းတိုက်သို့ ရောက်သွားလေရာ ရဟန္တာ မထေရ်တပါးက တရားဟော၍ သရဏဂုံပေးလေသည်။ ထိုသူငယ်သည် အထုံဝါသနာပါသူ ဖြစ်ရကား သရဏဂုံတို့ကို အောက်မေ့၍ ဝိပဿနာကို ပွားစေ ကာ ထိုနေရာမှာပင် ရဟန္တာဖြစ်သွားလေသည်၊ ထိုရဟန္တာ ကလေးအား မြတ်စွာဘုရားက ပဉ္စင်းခံပေးလေသည်။

ဤဝတ္ထုတွင် အပါယ်မလားရခြင်း, လူမင်း နတ်မင်း စည်းစိမ်တို့ကို အကြိမ်ကြိမ်ခံစားရခြင်း, ခုနစ်နှစ်အရွယ်မှာပင် ရဟန္တာရဟန်းတော်ကလေး ဖြစ်ရခြင်း စသည်တို့သည် သရဏဂုံကိုဆောက်တည်ခဲ့ရကျိုးများ ဖြစ်လေသည်။ (အပဒါန် ပ-၈၂)

## သာသနာ့ယဉ်ကျေးမှုကျင့်ဝတ်

ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော အမျိုးသားကို "ဥပါသကာ"၊ အမျိုးသမီးကို...."ဥပါသိကာမ"ဟု ခေါ်သည်။ သရဏဂုံ တည်ကြပြီးနောက် ရတနာသုံးပါးနှင့် ရင်းနှီးလာကြပြီဖြစ်၍ ရဟန်းသံဃာတော်များနှင့် "ခင်ဗျား-ကျွန်တော်" စသည်ဖြင့် မပြောမိစေပဲ ကိုယ်အမူအရာ နှုတ်အမူအရာများအထူးယဉ်ကျေးကြစေခြင်းငှာ သာသနာ့ယဉ်ကျေးမှုကျင့်ဝတ်ကိုလည်း ရေးပြပါအံ့။

မေး။ ။ဘုရား သံဃာ၊ ဆရာသမား၊ ထံတော်ပါး၊ ခစား ဘယ်သို့ ဝင်မည်နည်း။

ဖြေ။ ။လက် ကန်တော့ထိုး၊ လက်အုပ်မိုး၊ ညွှတ်လျှိုး ဝင်ပါမည်။

မေး။ ။ဝတ်ချခဲ့သော်၊ တည်ငါးဖော်၊ ညီလျော်ဘယ်သို့ ချမည်နည်း။

ဖြေ။ ။နဖူး, ဒူး, လက်၊ မြေထက် ကျပြား၊ တည်ခြင်းငါး၊ ဝပ်တွားချပါမည်။ (ဝိသုဒ္ဓါရုံ ဂုဏ်တော်ဖွင့်)

ဝတ်ချရာတွင် တည်ခြင်းငါးခုနှင့် ညီညွတ်အောင် ဝတ်ချဘတ်ဖို့ လိုပါသည်၊ အများအားဖြင့် မျက်စိက ကြည့်ချင်ရာ ကြည့်၍ ကြမ်းပြင်ကို လက်နှင့်နိပ်လေ့ ရှိတတ်ကြပါသည်၊ တည်ခြင်းငါးခုနှင့် ညီအောင် ဝတ်ချပုံမှာ နဖူး, ဒူးနှစ်ဖက်နှင့် လက်နှစ်ဖက်ဟူသော ဤငါးခုတို့ကို ကြမ်းပြင်ပေါ်မှာ ဝတ်ချပါမူ ကြမ်းပြင်၌ ထိလျက် တည်စေရပါသည်၊ ဖျာပေါ်မှာ ဝတ်ချပါမူ ဖျာ၌ထိလျက် တည်စေရပါသည်။

မေး။ ။အဘယ်တရား၊ကိုယ်တွင်းထား၊ခ, စားရမည်နည်း။

ဖြေ။ ။ဂါရဝ, မေတ္တာ၊ သဒ္ဓါ, ဆန္ဒ၊ ဓမ္မဂရုတာ၊ ငါးဖြာတရား၊ ကိုယ်တွင်းထား၊ ခ, စားရပါမည်။

'ဂါရဝ' ဟူသည် ရိုသေလေးစားမှုတည်း၊ ရုပ်ပွားတော် စေတီတော်များကို ရှိခိုးသောအခါ ရုပ်ပွားတော် စေတီတော် များတွင်သာ စိတ်ကိုမထားရ၊ သက်တော်ထင်ရှား ဘုရားရှင် ကိုပါ စိတ်ထဲ၌ ထင်လာမြင်လာစေရမည်၊ သက်တော်ထင်ရှား ဘုရားရှင်ကိုသာ စိတ်ထဲ၌ မြင်လာပါက အုဋ်,သစ်သားတို့ဖြင့် ပြုလုပ်ထားသော ရုပ်ပွားတော် စေတီတော်များအနီးတွင်လည်း မလေးမစား သွားလာနေထိုင်ဝံ့တော့မည် မဟုတ်ပေ၊ ဓမ္မစေတီ တော်ဖြစ်သော ဘုရားဟောကျမ်းစာတို့ကိုလည်း မလေးမစား မပြုဝံ့တော့လေရာ၊ ဤနေရာ၌ စေတီ ၄-မျိုးကိုလည်း သိသင့်၏။

လူတို့ အမြတ်တနိုး ကိုးကွယ်ရာ ဌာနကို စေတီ ဟု ခေါ်သည်၊ ထိုစေတီတော်သည် ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿ စေတီ, ပရိဘောဂစေတီ-ဟု ၄-မျိုး ရှိလေသည်။

ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် အမွေအနှစ် အဖြစ်ဖြင့် ထားတော်မူခဲ့သော အရိုးဓာတ်တော်များကို "ဓာတုစေတီ"ဟု ခေါ်သည်။ ဘုရားရှင် ဟောကြားတော်မူခဲ့သော ပိဋကတ်တော်များကို "ဓမ္မစေတီ"ဟု ခေါ်သည်။

ဘုရားရှင်ကို ရည်မှန်း၍ ပုံတူပြုလုပ်ထားသော ရုပ်ပွားဆင်းတုတော်များကို "ဥဒ္ဒိဿစေတီ"ဟု ခေါ်သည်။ ဘုရားရှင်၏ ဓာတ်တော်များ ဌာပနာရာဖြစ်သော အုဌ်သား စေတီတော် အစရှိသည်နှင့် ဘုရားရှင်၏ အသုံးအဆောင်ဖြစ်သော ဗောဓိပင်, သင်္ကန်းတော်, သပိတ်တော်များကို "ပရိဘောဂစေတီ" ဟု ခေါ်သည်။

'မေတ္တာ'ဟူသည် ချစ်ခင်မှုတည်း၊ ဘုရားကိုဖြစ်စေ သံဃာတော်ကိုဖြစ်စေ ရှိခိုးဝတ်ပြုလျှင် မေတ္တာသက်ဝင် ချစ်ခင်မှုကို ဖြစ်စေရပါမည်၊ မင်း အစရှိသည်တို့၌ကဲ့သို့ ကြောက်၍ ရှိခိုးခြင်းမျိုး မဖြစ်စေရ။

'သဒ္ဓါ'ဟူသည် ယုံကြည်မှုတည်း၊ ဘုရားရှင်၌ ဂုဏ်တော်ကိုးပါးရှိသည်၊ တရားတော်၌ ဂုဏ်တော် ခြောက်ပါးရှိသည်၊ သံဃာတော်၌ ဂုဏ်တော် ကိုးပါးရှိသည်ဟု ယုံကြည်မှုနှင့် ရတနာသုံးပါးကို ရှိခိုးဝတ်ပြုခြင်းဖြင့် ပြုခဲ့သော လောကီ လောကုတ္တရာ အကျိုးများကို ကေန် ရရှိတော့မည်ဟု ယုံကြည်မှုတည်း၊ ဆွေဘုရား မျိုးဘုရား, ဆွေဘုန်းကြီး မျိုးဘုန်းကြီးမို့ ရှိခိုးရခြင်းမျိုး မဟုတ်ဟု ဆိုလိုသည်။

'ဆန္ဒ'ဟူသည် ရတနာသုံးပါးတို့အားရှိခိုးချင်သော အာသာ ဆန္ဒ ပြင်းပြမှုတည်း၊ သူတပါးက တိုက်တွန်း၍ ပတ်ဝန်းကျင်ကို အားနာ၍ ရှိခိုးဝတ်ပြုရခြင်းမျိုးမဟုတ်ဟု ဆိုလိုသည်။

'ဓမ္မဂရုတာ' ဟူသည် ပုဂ္ဂိုလ်၏ သန္တာန်၌ရှိသော တရားကို ရိုသေ လေးစားမှုတည်း။ ဘုရားရှင်ကို ရှိခိုး ဝတ်ပြုလျှင် "အရဟံ"အစရှိသော ဘုရားဂုဏ်တော် ၉-ပါးတို့ကို အလေး အနက်ထား၍ အာရုံပြုရသည်။

တရားတော်ကို ရှိခိုးဝတ်ပြုလျှင် "သွာက္ခာတတာ" အစရှိ သော တရားဂုဏ်တော် ၆-ပါးတို့ကို အလေးအနက် အာရုံ ပြုရသည်၊ သံဃာတော်ကို ရှိခိုးဝတ်ပြုလျှင် "သုပ္ပဋိပန္နတာ" အစရှိသော သံဃာ့ဂုဏ်တော် ၉-ပါးတို့ကို အလေးအနက် အာရုံပြုရသည်။

ဆရာတော်များကို အာရုံပြုလျှင်လည်း ဆရာတော် သံဃာ တော်တို့၏ ကိုယ်နှုတ်အမူအရာ နူးညံ့ပုံ, တရားအားထုတ်၍ အေးဆေးတည်ငြိမ်သော နှလုံးသားရှိပုံ, စာပေပို့ချပုံ, သာသနာ တော်ကို ချီးမြှောက်ပုံ စသော အတွင်းသန္တာန်မှ ဂုဏ်သကတ် များသို့ ထိရောက်စေရမည်။

မေး။ ။ဘုရားသံဃာ၊ ရွှေတော်မှာ၊ ကောင်းစွာ ဘယ်သို့ နေမည်နည်း။

ဖြေ။ ။မျက်လွှာချလျက်၊ လက်အုပ်ရှက်၊ နှစ်ဖက် ဒူးပေါ် ထားပါမည်။

သံဃာတော်များ ရှေ့မှောက်တွင် ဟိုဟိုဒီဒီကို ကြည့်မနေပဲ မျက်လွှာချ၍ ဒူးနှစ်ဖက်ပေါ်တွင် လက်နှစ်ဖက် တင်ထားရမည်၊ ဦးခေါင်းကို ငုံ့ထားရမည် ဟု မဆိုလိုပါ။

မေး။ ။လျှောက်ထားဖွယ်၊ သွယ်သွယ်စကား၊ နောက်ဆွယ်ဖျား၊ စကားဘယ်သို့ ထည့်မည်နည်း။

ဖြေ။ ။လျှောက်ထားဖွယ်၊ သွယ်သွယ်စကား၊ နောက်ဆွယ်ဖျား၊ ပါဘုရားကို ထည့်ပါမည်။

ရဟန်းတော်များနှင့် စကားပြောသောအခါဝယ် "မဟုတ်ဘူး....ဟုတ်တယ်၊ မသိဘူး....သိတယ်" စသည်ဖြင့် တိုးတိတိ မပြောရပါ၊ "ဘူး၊ တယ်"ဟူသော စကားလုံးများ နေရာတွင် "ပါဘုရား"ဟူသော စကားလုံးကို အစားထိုး၍ "မဟုတ်ပါဘုရား၊ ဟုတ်ပါဘုရား၊ မှန်ပါဘုရား၊ မသိပါဘုရား၊ သိပါဘုရား" စသည်ဖြင့် ယဉ်ကျေးစွာ ပြောဆိုရပါသည်။

မေး။ ။ဘယ်သူ ဘယ်ဝါ၊ မေးသောခါ၊ ကောင်းစွာ ဘယ်သို့ လျှောက်မည်နည်း။

ဖြေ။ ။ဘုရားတပည့်တော်၊ နာမည်ဖော်၍၊ နောက်သော် ပါဘုရား၊ ထည့်ဆက်ငြား၊ ပြန်ကြား လျှောက်ပါမည်။

မေး။ ။ရှိသေနည်းပါး၊ ကိုယ်တော်စား၊ စကား ဘယ်သို့ သုံးမည်နည်း။

ဖြေ။ ။ဦးပဥ္စင်း-ကိုရင်၊ အရှင် ဘုန်းကြီး၊ တသီးဆရာတော်၊ ဤငါးမျိုး၏ နောက်သော် ဘုရား၊ ထည့်ဆက်ပြေား၊ လျှောက်ထား ခေါ်ဆိုရပါမည်။

ရဟန်း-သာမဏေများအား လူများက ခေါ်ဝေါ်သော အခါ "ကိုယ်တော်-ကိုယ်တော်ကြီး"ဟူသော စကားကို မသုံးသင့်ပါ၊ ဥပမာ-သာမဏေတပါးနှင့် စကားပြောလျှင် "ကိုရင် ဘုရား.... နေကောင်းပါရဲ့လား ဘုရား" စသည်ဖြင့် ပြောပါ၊ ဤနေရာ၌ အချို့လူကြီးများပင် မိမိတို့၏ သား သူငယ်များကို ရှင်ပြုပြီးသောအခါ စိတ်ထဲက ရိုသေမှသော်လည်း စကား ပြောသောအခါတွင် ဝါသနာအရ "မင်းနဲ့ငါနဲ့"ပြောတတ်ကြ လေသည်၊ မိမိတို့က အသက်ကြီးသော်လည်း ကိုရင်များ သန္တာန်ဝယ် ဆိုင်ရာ သီလ သမာဓိများ ရောက်ရှိနေပြီဖြစ်၍ ကိုရင်များ အထက်က နေထိုင်ရန်လည်း မသင့်လှတော့ပါ။

ရဟန်းတော်များတွင် ငယ်သော ရဟန်းတော်များကို "ဦးဇင်း"ဟူသောစကားလုံး နောင်"ဘုရား"ဟူသောစကားကို ထည့်စွက်၍ "ဦးဇင်းဘုရား"ဟု ခေါ်ဝေါ်သုံးစွဲပါ၊ ၁၀-ဝါ လောက်ရသော ရဟန်းတော်များကို "ဘုန်းကြီးဘုရား" ဟူ၍ ၎င်း၊ ထို့ထက်သိက္ခာကြီးသော ကျောင်းထိုင် ဆရာတော်ကြီး များကို "ဆရာတော်ဘုရား"ဟူ၍၎င်း ခေါ်ဝေါ် သုံးစွဲပါ၊ အားလုံးသော ရဟန်းတော်များကို "အရှင်ဘုရား"ဟူ၍လည်း လွယ်လွယ် သုံးစွဲနိုင်ပါသည်။

မေး။ ။စားဖွယ်သုံးရာ၊ အဖြာဖြာ၊ ကောင်းစွာ ဘယ်သို့ ကပ်မည်နည်း။

ဖြေ။ ။နှစ်တောင်ထွာတွင်း၊ ဝဲဘက်ချဉ်းလျက်၊ ဒူးစုံချက်၊ နှင့်ဖက်ကပ်ပါမည်။

ရုပ်ပွားတော် စေတီတော်များကို ဆွမ်းကပ်သည် ဖြစ်စေ၊ ရဟန်းတော်များကို ဆွမ်းကပ်သည်ဖြစ်စေ အဝေးမှ လှမ်း၍ မကပ်ရပါ၊ နှစ်တောင်ထွာ အတွင်းသို့ ရောက်အောင် လာ၍ ဒူးနှင်ဖက်ထောက်ခါ လက်နှစ်ဖက်နှင့် ကပ်ရပါသည်။

မေး။ ။ထိုထိုအရာ၊ ပေးသောခါ၊ ကောင်းစွာ ဘယ်သို့ ယူမည်နည်း။

ဖြေ။ ။ကိုယ်ကိုညွတ်လျက်၊လက်အုပ်ရှက်၊နှစ်ဖက် ယူပါမည်။

မေး။ ။ဆရာသမား၊ ခွင့်လွှတ်ငြား၊ ထသွားဘယ်သို့ ပြုမည်နည်း။

ဖြေ။ ။တည်ခြင်း ငါးဖြာ၊ ညီညာဝပ်ချ၊ နောက်ဆုတ်ထ၊ တုပ်ကွ လက်အုပ်ချီပါမည်။

ဆရာသမား သံဃာများထံမှ ကိစ္စပြီး၍ ပြန်လိုသောအခါ "တပည့်တော်ကို ခွင့်ပြုပါ ဘုရား"ဟု လျှောက်ထားရသည်၊ တချို့က "တပည့်တော် ကြွလိုက်ပါအုံးမယ်ဘုရား"ဟု ဆိုတတ်ကြရာ ထိုအပြောမျိုးကား ယဉ်ကျေးမှုကို ပြုပါမှပဲ ရိုင်းပြမှု တခု အလိုလို ဖြစ်သွားရလေသည်။

ထိုသို့ တပည့်က ခွင့်တောင်း၍ဖြစ်စေ, မတောင်းပဲ ဖြစ်စေ ကိစ္စပြီး၍ ဆရာသမား သံဃာတော်များက "သွားတော့.... သွားတော့"ဟု ခွင့်ပြုလိုက်သောအခါ တည်ခြင်း ငါးခုနှင့် အညီ ဝတ်ချ၍ မတ်တတ်ရပ် လက်အုပ်ချီကာ နောက်ဆုတ် နောက်ဆုတ် ပြန်လာရပါသည်၊ ပရိသတ်ထူထပ်ပါမူ ဖနည်းဆုံး နှစ်လှမ်းလောက် ဖြစ်စေ ပြုရပါသည်၊ ချက်ခြင်း ကျောပေး၍ ထပြန်သွားခြင်းကိုကား ရှောင်ကြဉ်ကြရပါသည်။

မေး။ ။မိမိနေရာ၊ ထေရ်သံဃာ၊ ကြွလာဘယ်သို့ ပြုမည်နည်း။

ဖြေ။ ။ရှေးရှုထလျက်၊ လက်အုပ်ချီကာ၊ နေရာ ခင်းပေး၊ အကြောင်းမေး၊ မြတ်လေး ရိုသေပြုပါမည်။

မေး။ ။ရဟန်းသံဃာ၊ တွေ့သောခါ၊ ဦးစွာဘယ်သို့ လျှောက်မည်နည်း။

ဖြေ။ ။လိုရာတောင်းရန်၊ ဆုံးမရန်၊ ဖိတ်မန်လျှောက်ပါမည်။

မေး။ ။ပစ္စည်းလေးပါးဒကာ၊ ဖိတ်သောခါ၊ ကောင်းစွာ ဘယ်သို့ လျှောက်မည်နည်း။

ဖြေ။ ။လောကီ လောကုတ္တရာ၊ ဆုံးမပါ၊ လိုရာ တောင်းဘို့ လျှောက်ပါမည်။

(လျှောက်ပုံ) ဘုရားတပည့်တော် (မောင်ဖြူ)ပါ ဘုရား၊ အလိုရှိသော ပစ္စည်းများကို တောင်းတော်မူပါဘုရား၊ လောကုတ္တရာ လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူပါဘုရား၊ တပည့်ဒကာ အမှတ် ပြုတော်မူပါဘုရား။

မေး။ ။လမ်းသွား-လမ်းလာ၊ ထေရ်သံဃာ၊ တွေ့ခါဘယ်သို့ ပြုမည်နည်း။

ဖြေ။ ။အခွင့်သာလျှင် ဆိုင်၊ မထိုင်သာလျှင် လက်အုပ်မိုး၊ ရှိခိုးလမ်းဖယ်သွားပါမည်။

မေး။ ။မိခင် ဘခင်၊ ကျေးဇူးရှင်၊ ထွက်ဝင်ဘယ်သို့ ပြုမည်နည်း။

ဖြေ။ ။ဘုရားအသွင်၊ ရှိဦးတင်၊ ထွက်ဝင်ပြုပါမည်။

မေး။ ။လူကြီးမိဘ၊ တွေ့ဆုံက၊ တုပ်ကွဘယ်သို့ ပြုမည်နည်း။

ဖြေ။ ။ရိုသေလေးစား၊ ကိုယ်ညွတ်တွား၊ ရှောင်ရှားပေးပါမည်။

မေး။ ။အိပ်ရာဝင်လျှင်၊ မအိပ်ခင်၊ နေ့စဉ်ဘယ်သို့ပြုမည်နည်း

ဖြေ။ ။ဘုရား သံဃာ၊ ဆရာမိဘ၊ ရှိဦးချ၊ သီလ ယူပါမည်။

နေ့စဉ် အိပ်ရာမဝင်မီ ရတနာသုံးပါးနှင့် ဆရာမိဘဟူသော အနန္တကျေးဇူးရှင် ၅-ဦးကိုရှိခိုး၍ ၅-ပါးသီလယူပြီးမှ ဝမ်းဗိုက်ပေါ်တွင် လက်တင်၍ "ဖောင်းတယ်-ပိန်တယ်ကို" မှတ်ပြီးလျှင် အိပ်ရပါသည်၊ (သီလ ဆောက်တည်ပုံနှင့် ဘုရားရှိခိုးများကို အတန်းတိုင်းတွင် တမျိုးတမျိုးစီ ပြသွားပါမည်။)

(ဘုန်းကြီး) "ကပ္ပိယံ ကရောဟိ" ဆိုမိန့်ရှိက။

(တပည့်) "ကပ္ပိယံ ဘန္တေ" ဆိုဆိတ်လေ။

ရဟန်းတော်များတွင် အကပ်ခံပြီးသော အစားအစာကိုသာ စားရသော ဝိနည်းကျင့်ဝတ်ရှိသကဲ့သို့ အကပ်ခံပြီးသော အစားအစာတွင် ပြန်စိုက်ပါက အပင်ပေါက်နိုင်လောက်သော အစေ့မျိုးစေ့ အပင်မျိုးစေ့ အစရှိသော မျိုးစေ့အမျိုးမျိုးတို့ကို ကပ္ပိပြီးမှ စားရသော ဝိနည်းကျင့်ဝတ်ရှိသည်၊ ထိုကျင့်ဝတ်အရ ရဟန်းတော်များက တပည့်များအား "ကပ္ပိစမ်း" ဟုပြောသော အခါတွင် အံ့အားသင့်၍ နေတတ်ကြသည်။

ဤအခါမျိုးတွင် ရဟန်းတော်အနီးသို့ သွားရသည်၊ ရဟန်းတော်က "ကပ္ပိယံ ကရောဟိ" ဟု ဆိုလိုက်သောအခါ တပည့်က "ကပ္ပိယံ ဘန္တေ" ဟု ဆို၍ ရဟန်းတော်၏ လက်ထဲ၊ သို့မဟုတ် ပန်းကန်ထဲတွင်ရှိသော စားဘွယ်ကို လက်သဲနှင့် ဆိတ်လိုက်ရသည်၊ ကြံချောင်းကဲ့သို့ မာကြောသော စားဘွယ်ဖြစ်ပါက ဒါးငယ်နှင့်ခုတ်၍ ကပ္ပိနိုင်သည်။

## ကံ့ အကျိုးပေး ကွဲပုံ

၁။ သူ့ကိုသတ်ဖြတ်၊ သက်တိုတတ်၊ မသတ် အသက်ရှည်။
၂။ ညှဥ်းဆဲသူကား၊ အနာများ၊ သနား ကျန်းမာသည်။
၃။ ဒေါသမီးလျှံ၊ အကျည်းတန်၊ သည်းခံ လှပသည်။
၄။ မနာလိုမှာ၊ ခြွေရံကွာ၊ ကြည်သာ ခြွေရံစည်။
၅။ မပေးလှူက၊ မွဲပြာကျ၊ လှူမှ ပေါကြွယ်သည်။
၆။ မရိုမသေ၊ မျိုးယုတ်ချေ၊ ရိုသေ မျိုးမြတ်သည်။
၇။ မမေးမမြန်း၊ ဉာဏ်မြင်ကန်း၊ စုံစမ်း ဉာဏ်ကြီးသည်။

၇။ ဆိုးတာပြုက၊ ဆိုးတာရ၊ ကောင်းမှ ကောင်းစားသည်။
၈။ ဆိုး ကောင်း နှစ်တန်၊ ကံစီမံ၊ ခံ-စံကြရသည်။

(မဟာစည်ဆရာတော်ဘုရားကြီး)

လူချင်း တူပါလျက် တချို့မှာ အသက်တို၍ တချို့မှာ အသက်ရှည်ခြင်း အစရှိသော လူတိုင်း၏ မျက်မြင်တွင် ထူးခြားနေသည့် တဆဲ့လေးချက်သော ပြဿနာတို့ကို သုဘလုလင်က လျှောက်ထားသဖြင့် ဘုရားရှင်က ဖြေဆိုတော်မူပုံမှာ....

၁။ သတ္တဝါတို့၌ ကြင်နာမှု ကင်းကွာလျက် ရက်စက်စွာ သတ်လေ့ရှိသော မိန်းမ, ယောကျ်ားတို့သေလျှင် ငရဲသို့ ရောက်ရတတ်၏၊ လူ့ပြည်သို့ ရောက်ရ ပြန်လျှင်လည်း အသက် တိုတတ်လေသည်။

သတ္တဝါတို့၏အသက်ကို မသတ်သူ သေလျှင်ကား နတ်ပြည်သို့ ရောက်ရ၏၊ လူ့ပြည်သို့ ရောက်ရပြန်လျှင် လည်း အသက်ရှည်စွာ နေရလေသည်။

၂။ ခဲ,ဒုတ်,ဒါးစသောလက်နက်ဖြင့် သတ္တဝါတို့ကို ညှဉ်းဆဲလေ့ရှိသော မိန်းမ, ယောကျ်ားတို့ သေလျှင် ငရဲသို့ ရောက်ရတတ်၏။ လူ့ပြည်သို့ ရောက်ရပြန်လျှင်လည်း အနာရောဂါ များများကြီး ရလေသည်။

သတ္တဝါတို့ကို မညှဉ်းဆဲသူသေလျှင်ကား နတ်ပြည်သို့ ရောက်ရ၏၊ လူ့ပြည်သို့ ရောက်ရပြန်လျှင်လည်း ကျန်းမာကြည်လင် ရွှင်လန်းစွာ နေရလေသည်။

၃။ ဒေါသကြီးသော မိန်းမ, ယောကျ်ားတို့သေလျှင် ငရဲသို့ ရောက်ရတတ်၏၊ လူ့ပြည်သို့ ရောက်ရပြန်လျှင်လည်း အရုပ်ဆိုး အကျည်းတန် ဖြစ်ရလေသည်။

သည်းခံသောသူ သေလျှင်ကား နတ်ပြည်သို့ ရောက်ရ၏၊ လူ့ပြည်သို့ ရောက်ရပြန်လျှင်လည်း ရုပ်ရေ အဆင်း လှပခြင်းကို ရလေသည်။

၄။ မနာလို ဝန်တိုသောအားကြီးသော မိန်းမ, ယောကျ်ားတို့ သေလျှင် ငရဲသို့ ရောက်ရတတ်၏၊ လူ့ပြည်သို့ ရောက်ရ ပြန်လျှင်လည်း ခြွေရံသင်းပင်း နည်းပါးရလေသည်။

မနာလို ဝန်တိုသော မရှိသူ သေလျှင် နတ်ပြည်သို့ ရောက်ရ၏၊ လူ့ပြည်သို့ရောက်ရပြန်လျှင်လည်း များစွာ သော ခြွေရံသင်းပင်းကို ရရှိလေသည်။

၅။ မပေးလှူလေ့ရှိသော မိန်းမ, ယောကျ်ားတို့ သေလျှင် ငရဲသို့ ရောက်ရတတ်၏၊ လူ့ပြည်သို့ ရောက်ရပြန်လျှင် လည်း ဥစ္စာနည်းပါးရလေသည်။

ပေးလှူလေ့ရှိသူသေလျှင် နတ်ပြည်သို့ ရောက်ရ၏၊ လူ့ပြည်သို့ ရောက်ရပြန်လျှင်လည်း ဥစ္စာ ကြွယ်ဝ ချမ်းသာရလေသည်။

၆။ ရိုသေထိုက်သူတို့ကို မရိုသေသော မိန်းမ, ယောကျ်ားတို့ သေလျှင် ငရဲသို့ရောက်ရတတ်၏၊ လူ့ပြည်သို့ ရောက်ရ ပြန်လျှင်လည်း ယုတ်နိမ့်သောအမျိုး၌ ဖြစ်ရလေသည်။

ရှိသေထိုက်သူကို ရှိသေလေ့ရှိသူတို့ သေလျှင် နတ်ပြည်သို့ ရောက်ရ၏၊ လူ့ပြည်သို့ ရောက်ရပြန်လျှင်လည်း မြင့်မြတ်သောအမျိုး၌ ဖြစ်ရလေသည်။

၇။ ပညာရှိထံ ချဉ်းကပ်၍ ကုသိုလ်ဖြစ်,မဖြစ် အပြစ်ရှိ,မရှိ စသည်တို့ကို မေးမြန်းလေ့မရှိသော မိန်းမ,ယောကျ်ားတို့သေလျှင် ငရဲသို့ရောက်ရတတ်၏၊ လူ့ပြည်သို့ ရောက်ရပြန်လျှင်လည်း အသိအလိမ္မာ ဉာဏ်ပညာထိုင်းမှိုင်းသူ ဖြစ်ရလေသည်။

ပညာရှိထံ ချဉ်းကပ်၍ စုံစမ်းမေးမြန်း နာယူလေ့ရှိသူတို့ သေလျှင် နတ်ပြည်သို့ ရောက်ရ၏။ လူ့ပြည်သို့ ရောက်ရပြန်လျှင်လည်း အသိအလိမ္မာ ဉာဏ်ပညာ ထက်မြက်သူ ဖြစ်လေသည်။

၈။ "ဘယ်သူ့မှပြု မိမိမှု"ဆိုသကဲ့သို့ မိမိတို့သည် ဆိုးသည့်အကုသိုလ်ကံကို ပြုမိပါက ဆိုးပြစ်ကို ခံစားရပေမည်၊ ကောင်းသည့် ကုသိုလ်ကံကို ပြုမိပါမူ ကောင်းကျိုးကို ခံစားရပေမည်။

၉။ ကောင်းကျိုးနှင့် ဆိုးပြစ် နှစ်ခုကို ကုသိုလ်ကံနှင့် အကုသိုလ်ကံ နှစ်ပါးက စီမံသည့်အတိုင်း သတ္တဝါတွေ ခံ-စံနေကြရပေသည်။

## ကိုယ်လုပ်မှ ကိုယ်ရသည်

၁။ မဖန်ဆင်းရ၊ ကိုယ်လုပ်ခ၊ ကိုယ်ရနေပေသည်။
၂။ ကိုယ်ထူကိုယ်ထ၊ နည်းလမ်းပြ၊ ဗုဒ္ဓဟောခဲ့သည်။
၃။ သင်ရ-ကျင့်ရ၊ ဝန်နှစ်ဝ၊ ဆောင်မှ ပြီးမြောက်မည်။
၄။ မဆောင်လိုက၊ သင့်ဘဝ၊ ဒုက္ခများလိမ့်မည်။

၁။ ဤကမ္ဘာလောကကြီးနှင့်တကွ သတ္တဝါများကို တစုံတယောက်သော တန်ခိုးရှင်က ဖန်ဆင်း ပေးခြင်းမဟုတ်ပေ၊ မိမိတို့ ဤကဲ့သို့ လူ့ဘဝကို ရရှိလာကြရသည်မှာ ရှေးရှေးဘဝများက ပြုခဲ့ဘူးသော ကုသိုလ်ကံကြောင့်သာ ဖြစ်ပေသည်။

မိမိတို့ လုပ်လာခဲ့သမျှသော လုပ်အားခများကို ခံစားနေရခြင်းသာ ဖြစ်ပေသည်။

၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့တွင် မိစ္ဆာအယူရှိသူ တဦးက ယူဆထားပုံမှာ....“ဤကမ္ဘာကြီးနှင့်တကွ သစ်ပင် တောတောင် **နေ, လ,** ကြယ်တာရာ, သမုဒ္ဒရာတွေနှင့် လူတွေကို မဟာဗြဟ္မာကြီးက ဖန်ဆင်းသည်၊ ထိုဖန်ဆင်းသော ဗြဟ္မာကြီးသည် ဖြစ်ပြီး ဖြစ်ဆဲသော သတ္တဝါတို့၏ဖခင်ဖြစ်သည်၊ သေခြင်းမရှိ၍ ခိုင်မြဲသော ‘ထာဝရ’ဖြစ်သည်”ဟု ယူဆထားလေသည်။

(သီလက္ခန် ပါဠိတော်-၁၇)

ကျွန်ုပ်တို့ ကိုးကွယ်သော ဗုဒ္ဓဘုရားရှင်(၏ တရားတော်) သည်ကား ဤသို့မဟုတ်ပေ၊ "ကံ-ဉာဏ်-ဝီရိယကို အခြေခံ၍ ပြုလုပ်ထားသော မိမိတို့၏ လုပ်အားခများကို အပြည့်အဝ ခံစားနိုင်သည်"ဟု ဟောကြားထားခဲ့လေသည်၊ နောက်ဆုံးတွင် မိမိကဲ့သို့ ဘုရားတဆူ ဖြစ်လာနိုင်ဘို့အဆင့်အထိ အတိအကျ ညွှန်ကြားထားခဲ့လေသည်၊ မှန်ပါပေသည်၊ မဖန်ဆင်းရဘဲ ကိုယ်လုပ်ခကိုသာ ကိုယ်ရသင့်ပေသည်။

၂။ ဗုဒ္ဓဘုရားရှင်က နည်းလမ်းညွှန်ပြ ဟောကြားထားခဲ့သည်မှာ မိမိဆိုးတာကိုပြုလျှင် ဆိုးပြစ်ကို မိမိပင် ခံစားရသည်၊ ကောင်းတာကိုပြုလျှင် ကောင်းကျိုးကို မိမိပင် ခံစားရသည်၊ အမေ-အဖေသည်ပင် ယူ၍ မခံစားနိုင်ပေ၊ ထို့ကြောင့် ကမ္မဝိဘင်္ဂသုတ်လာ ဆိုးမှုတို့ကို ရှောင်၍ ကောင်းမှုတို့ကို ပြုပါကုန်။

၃။ ဥပါသကာ ဥပါသိကာမဖြစ်စေ၊ ရဟန်း သာမဏေ ဖြစ်စေ၊ ၁-သင်ရခြင်း၊ ၂-ကျင့်ရခြင်းဟူသော တာဝန်နှစ်ခုကို ထမ်းဆောင်ကြရပေသည်။

"သင်ခြင်း"ဟူသည် ရဟန်းတော်များကဲ့သို့ ပါဠိသဒ္ဒါတွေကို လှိုင်လှိုင်ကြီးသင်ပြီးမှ ပါဠိ, အဋ္ဌကထာ, ဋီကာတွေကို သင်ခြင်းကိုသာ မဆိုလိုပါ၊ ဟောကြားသော တရားတော်ကို နာယူခြင်း၊ ရဟန်းတော်များထံ မိမိပြုလုပ်သော အမှုနှင့်ပတ်သက်၍ အပြစ်ရှိ-မရှိကို

မေးခြင်း စသည်တို့သည်လည်း သင်ခြင်းပင် ဖြစ်လေသည်၊ ထိုသို့ သင်ခြင်းဖြင့်....

၁။ ဒါန=စွန့်ကြဲပေးကမ်းမှု၊

၂။ သီလ=ကိုယ်ကျင့်တရား စောင့်ထိန်းမှု၊

၃။ သမထ=စိတ်တည်ငြိမ်အောင် အားထုတ်မှု၊

၄။ ဝိပဿနာ=ကိုယ်တွေ့စိတ်တွေ့ သိရှိရအောင် ကမ္မဋ္ဌာန်း အားထုတ်မှုဟူသော ကောင်းမှုလေးမျိုးကို သညာသိအနေဖြင့် သိရှိလာပေလိမ့်မည်။

ထိုသို့ သိရှိပြီးနောက် ပညာသိအဖြစ်သို့ရောက်အောင် အခွင့်အခါရတိုင်း တတ်နိုင်သမျှ ကြိုးစားအားထုတ်မှုကို ကျင့်ခြင်းဟု ခေါ်သည်။

၄။ ဤသင်မှုနှင့် ကျင့်မှုဟူသော တာဝန်နှစ်ကို မဆောင်ပါလျှင် အပါယ်လေးပါးသို့ လားရခြင်းဖြင့် သံသရာတွင် ဒုက္ခများလိမ့်မည်။ လူ့ဘဝရောက်ရပြန်လျှင်လည်း ဂုဏ်သိက္ခာမဲ့စွာ မွဲချာစွာနှင့် နေရပေလိမ့်မည်၊ ဤသို့နှင့် သုံးဆဲ့ တဘုံဝယ် ဒုက္ခ အဖုံဖုံနှင့် ကြုံနေရပေဦးတော့မည်၊ လောကီ ပညာရေးတို့တွင်လည်း ဤနှစ်ချက်ချို့ယွင်းပါလျှင် ဆင်းရဲရမည်မှာ သေချာနေပေ သည်။

၁၄၂၈၀

## ကျက်မှတ်ရန်
## ငါးပါးသီလ တောင်းရန်

(က) အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေ ဘန္တေ။
ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေဘန္တေ။

အာမ ဘန္တေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

အာမ ဘန္တေ။

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

အာမ ဘန္တေ။

## ကြည့်ရှုရန်

အရှင်ဘုရား၊ တပည့်တော်(မ)သည် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို တောင်းပါ၏ဘုရား။ တပည့်တော်(မ)အား ချီးမြှောက်သောအားဖြင့် သီလ ပေးတော်မူပါဘုရား။

(ခ) ၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၂။ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၃။ ကာမဂုဏ်တို့၌ မှားသောအကျင့်မှ ရှောင်ကြဉ် ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည် ပါ၏။

၄။ သိမ်ပြောခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၅။ မူးယစ် မေ့လျော့စေတတ်သော သေရည်အရက် ကို သောက်ခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ် သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

ဤသရဏဂုံသီလကို ရုပ်ပွားတော် စေတီတော်များ ရှေ့၌ ဖြစ်စေ၊ အခြားသနေရာရာ၌ဖြစ်စေ မိမိဘာသာလည်း ဆောက် တည်နိုင်၏၊ ဤငါးပါးသီလကို ခါးဝတ်ပုဆိုး ထမိကဲ့သို့ အမြဲ နိစ္စ စောင့်ထိန်းရသောကြောင့် "နိစ္စသီလ" ဟူ၍၎င်း၊ အရိ ယာတို့ နှစ်သက်အပ်သောကြောင့် "အရိယကန္တ သီလ" ဟူ၍ ၎င်း၊ အနေလေးအမြတ်ပြုအပ်သောကြောင့် "ဂရုဓမ္မသီလ" ဟူ၍ ၎င်း၊ အမည်အမျိုးမျိုးဖြင့် ခေါ်ကြလေသည်၊ နှစ်နှစ်ကာကာ နိဗ္ဗာန်ကို လိုချင်ပါလျှင် သီလဘည်းဟူသော တံခါးမကြီးကို ဖွင့်လှစ်နိုင်မှသာ နိဗ္ဗာန်တည်းဟူသော မြို့နန်းကို ဝင်နိုင်သည့် မဂ္ဂင် တည်းဟူသော လမ်းမကြီးအတိုင်း ချီတက်နိုင်မည် ဖြစ် ပေသည်။

## သီလ စောင့်သူ ရသောအကျိုး

စန္ဒဝတီမြို့၌ အမျိုးသား တယောက်သည် အနောမဒဿီ မြတ်စွာ ဘုရား ပွင့်တော်မူခိုက်နှင့် ကြုံကြိုက်ပါသော်လည်း ဆင်းရဲနွမ်းပါး၍ သူ့ခစားဘဝဖြင့် နေရသောကြောင့် ရဟန်း မပြုနိုင်ရှာပေ။ သို့သော် အနောမဒဿီ မြတ်စွာဘုရား၏ လက်ျာရံ အဂ္ဂသာဝကဖြစ်သော အရှင် နိသဘမည်သော ရဟန်းတော် အထံ၌ ငါးပါးသီလကို ခံယူဆောက်တည်၍ သေခါနီးကာလ အဆုံးစွန်သော စိတ်ကျအောင်ပင် ထိုသီလကို အမှတ်ရလျက် သေလေ၏။

ထိုသီလ ကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သား ဖြစ်ရ၏၊ ထိုဘဝမှစ၍ အပါယ်မလားရတော့ပဲ လူမင်း နတ်မင်း စည်းစိမ်ကို အကြိမ်ကြိမ် ခံစားရပြီးလျှင် ငါတို့ ဘုရား လက်ထက် တော်အခါဝယ် ဝေသာလီပြည်၌ ဥစ္စာ ကြွယ်ဝသော မဟာ သာလမျိုး၌ ဖြစ်လာလေသည်။

ဝါဆိုဦးအချိန်ဝယ် မိဘနှစ်ပါးတို့ ငါးပါးသီလခံယူသံကို ၅-နှစ်သား အရွယ်ရှိသော ထိုသူငယ်ကြားရ၍ ရှေးဝါသနာအထုံ တို့ကြောင့် ချက်ခြင်းသူ၏ သီလကိုသတိရကာ တထိုင်တည်းဖြင့် အရဟတ္တဖိုလ်သို့ ရောက်လေသည်၊ ဤဝတ္ထု၌ အပါယ်မလားရ ခြင်း, လူမင်း နတ်မင်း စည်းစိမ်ကို အကြိမ်ကြိမ် ခံစားရခြင်း, ၅-နှစ်သား အရွယ်မှာပင် ရဟန္တာ ဖြစ်ရခြင်း စသည်တို့သည် ငါးပါးသီလကို ဆောက်တည်ခဲ့ရခြင်း၏ အကျိုးများ ဖြစ်လေ သည်။

မှတ်ချက်။ ။၅-နှစ်သားအရွယ်မှာပင် ရဟန္တာဖြစ်သည်ဟူသော ဤစကားသည် အပဒါနပါဠိ(၁-၈၅)၌လာသော စကားဖြစ်သည်၊ အပဒါန(၁-၁၂၁-နှင့် ၂-၆၃) တို့၌လည်း ဒါန စေတနာကြောင့် ၅-နှစ်သား အရွယ်တွင် ရဟန္တာ ဖြစ်ကြသည့် အခြားသော ဝတ္ထုများကိုလည်း တွေ့ရသေးသည်။ မိလိန္ဒပဥှာ ပါဠိ ၂၉၈-၌ကား ခုနစ်နှစ်အောက် ငယ်သော သူငယ်သည် တရားကိုထိုးထွင်း၍မသိနိုင်-ဟုဆိုသည်၊ သို့သော် အပဒါနပါဠိ ၁-၄၄၀-၌မူ ဆီမီးပူဇော် ရသော ကောင်းမှုကြောင့် ၄-နှစ်သား အရွယ်မှာ ပင် ရဟန္တာဖြစ်ကြောင်းကို တွေ့ရပြန်သည်။

## သီလပျက်သူ ရသောအကျိုး

၁။ ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့တတ်အင်္ဂါ[၁]၊ မွဲပြာရုပ်သွင်[၂]၊ အားအင်ယိုယွင်း[၃]၊ လျင်ခြင်းလည်း ဝေး[၄]၊ ဘေးကိုကြောက်တတ်[၅]၊ အသတ်ခံရာ[၆]၊ အနာ များလျက်[၇]၊ ခြွေရံပျက်၍[၈]၊ အသက်တိုလျ[၉]၊ ပြစ်များ စွာသည်....ရှောင်က အပြန် အကျိုးတည်း။

(ဝိသုဒ္ဓါရုံ အဆုံးအဖြတ်ကျမ်းမှ ဤလင်္ကာကလေးများကို ဒို၍ ပေါ်လွင်စေရန် အဓိပ္ပာယ်အကျဉ်းမျှ ရေးဦးအံ့)

## သူတပါးအသက် သတ်သူသည်

၁။ မျက်စိ, နား, နှာ, အင်္ဂါခြေလက် ချို့ယွင်းတတ်ခြင်း၊
၂။ ဖြစ်ရာဘဝ၌ ရုပ်သွင်မွဲပြာ ညှိုးခြောက်၍ စိုစိုပြေပြေ မရှိခြင်း၊
၃။ အားအင်ယိုယွင်းနည်းပါးတတ်ခြင်း၊
၄။ လျင်မြန်ဖျတ်လတ်မှု ကင်းဝေးတတ်ခြင်း၊
၅။ ဘေးရန်ဖြစ်ပေါ်လျှင် ကြောက်ရွံ့တတ်ခြင်း၊
၆။ သူတပါးအသတ်ကို ခံရတတ်ခြင်း၊
၇။ အနာရောဂါများတတ်ခြင်း၊
၈။ အခြွေအရံပျက်စီးတတ်ခြင်း၊
၉။ အသက်တိုတတ်ခြင်းစသည်ဖြင့် အပြစ်တွေ များပြားလှပေသည်။

## အိမ်ရှင်မ

ရှေးအခါက အိမ်ရှင်မတယောက်သည် ဧည့်သည်အတွက် ချက်ပြုတ်စရာ ဟင်းလျာအခက်တွေ့နေသဖြင့် အိမ်မှာရှိသော သိုးမကလေးကို သတ်၍ ချက်ပြုတ်ကျွေး၏၊ ထိုပါဏာတိပါတကံကြောင့် သေသည့်အခါ ထိုသိုးမကလေး၏ အမွေးအရေ အတွက်နှင့် အမျှ နှစ်ပေါင်းများစွာ ငရဲ၌ ခံစားရ၏၊ ငရဲမှ လွတ်ပြန်လျှင်လည်း ဘဝများစွာ သူတပါးအသတ်ခံရ၍ သေရလေသည်။

## ရှောင်ကအပြန်အကျိုးတည်း

သူတပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်သူသည်—

၁။ ကိုယ်လက်အင်္ဂါပြည့်စုံခြင်း၊

၂။ ရုပ်ဆင်းအင်္ဂါ စိုပြေလှပခြင်း။

၃။ ခွန်အားဗလ ကောင်းခြင်း၊

၄။ လျင်မြန်သွက်လက်ခြင်း၊

၅။ ဘေးရန်ကို မကြောက်တတ်ခြင်း၊

၆။ အသတ်မခံရခြင်း၊

၇။ ကျန်းမာခြင်း၊

၈။ အခြွေအရံ မပျက်စီးခြင်း၊

၉။ အသက်ရှည်ခြင်းစသော ကောင်းကျိုးများကို ရရှိပေသည်၊ လူတယောက်ကိုတွေ့လျှင် မျက်မြင် ကောင်းကျိုး ဆိုးပြစ်ကိုကြည့်၍ ရှေးဘဝက ပါဏာတိပါတကံ ရှိ-မရှိကို သိနိုင်ပေသည်။

၂။ အဒိန္နာဒါ၊ ခိုးမိပါမူ၊ ဥစ္စာ နည်းမဲ့[၁]၊ ဆင်းရဲ[၂]၊ ငတ်ဘိ[၃]၊ လိုရှိမရ[၄]၊ ဘောဂပျက်စီး[၅]၊ ရေ-မီး-သူခိုး-မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်သူငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်များစွာသည်၊ ရှောင်ခါအပြန် အကျိုးတည်း။

သူတပါးဥစ္စာကို ခိုးယူခြင်း, လုယ်ပတ်ယူခြင်း, လုယက်ယူခြင်း ကူးသန်းရောင်းဝယ်ရာ၌ တင်းတောင်း၊ အလေးချိန်ခွင်စသည်ဖြင့် စဉ်းလဲကောက်ကျစ်၍ ယူခြင်း, ရေထိုးခြင်း, အတုလုပ်ခြင်း စသည်ဖြင့် မရိုးမသားယူခြင်းတို့သည် အဒိန္နာဒါနချည်းသာ ဖြစ်သည်။ ထိုအဒိန္နာဒါနကံကို ပြုမိသူသည်—

၁။ မွဲတတ်ခြင်း၊

၂။ ဆင်းရဲတတ်ခြင်း၊

၃။ ငတ်မွတ်တတ်ခြင်း၊

၄။ အလိုရှိသောအရာကို မရနိုင်ခြင်း၊

၅။ အလုပ်အကိုင် ချို့ယွင်းခြင်း, အမှုအခင်း ဖြစ်ပွားခြင်း စသည်တို့ကြောင့် စည်းစိမ်ဥစ္စာ ပျက်စီးတတ်ခြင်း၊

၆။ ရေ,မီး, သူခိုး, အမွေခံ သားသမီးဆိုး,မင်းဆိုး ဟူသော ရန်သူမျိုး ၅-ပါးတို့ကြောင့် ဥစ္စာပျက်ပြားရခြင်း အစရှိသော မကောင်းကျိုးများကို ရတတ်လေသည်၊ ထိုအဒိန္နာဒါနကံကို မပြုပဲ ရှောင်ကြဉ်သူသည် ယင်းမကောင်းကျိုးများမှ ပြန်သော ကောင်းကျိုးများကို ရရှိပေသည်။

၃။ မိစ္ဆာစာရ၊ ကျူးလွန်ကလည်း၊ မုန်းကြသူများ[၁]၊ ရန်သူပွားရှဲ[၂]၊ ရှားပါး လာဘ်တိတ်[၃]၊ ချမ်းသာဆိတ်၏[၄]၊ ဣတ္ထိ[၅] ပဏ္ဍုတ်[၆]၊ မျိုးယုတ်ခါခါ[၇]၊ မျက်

နာမလှ၊ အရှက်ရလျက်၊ လက္ခဏာ ဣန္ဒြေ၊ ယှင်းသေး ချိုသိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာသည်၊ ရှောင် ခါအပြန်အကျိုးတည်း။

ကိုယ်ပိုင် ဇနီးမောင်နှံ အချင်းချင်းမှတပါး အခြားသူများ နှင့် ဖောက်ပြားလွန်ကျူး ပျော်မြူးခြင်းကို ကာမေသုမိစ္ဆာစာရ ဟုခေါ်သည်၊ ထိုကာမေသုမိစ္ဆာစာရ အားကြီးသော မိန်းမ ယောကျ်ားများသည်—

၁။ မလိုမုန်းထားသူ ပေါများခြင်း။
၂။ ရန်သူပွားများခြင်း။
၃။ ပစ္စည်းလာဘ်လာဘ ရှားပါးခြင်း။
၄။ ချမ်းသာမှု ကင်းဆိတ်ခြင်း။
၅။ မိန်းမဖြစ်ရခြင်း။
၆။ မိန်းမမဟုတ် ယောကျ်ားမဟုတ် ပဏ္ဍုက်ဖြစ်ရခြင်း။
၇။ ယုတ်ညံ့သောအမျိုး၌ အကြိမ်ကြိမ်ဖြစ်ရခြင်း။
၈။ မျက်နှာပျက်၍ အရှက်တကွဲ အကျိုးနဲဖြစ်ရခြင်း။
၉။ လက္ခဏာ ဣန္ဒြေ ချိုယှင်းသေးသိမ်ခြင်း။
၁၀။ အရာရာမှာ များစွာစိုးရိမ်ရခြင်း။
၁၁။ ချစ်ခင်သူနှင့် ကွေကွင်းကွဲကွာရခြင်းဟူသော မကောင်း ကျိုးများကို ရတတ်လေသည်၊ ထိုကာမေသုမိစ္ဆာစာ ကံကို မပြုပဲ ရှောင်ကြဉ်သူသည် ယင်းမကောင်းကျိုး များမှပြန်သော ကောင်းကျိုးများကို ရရှိပေသည်။

## အိမ်ထောင်စုံ ၄-မျိုး

၁။ လင်ယောကျ်ားက သီလလုံခြုံ၍ အိမ်ရှင်ဇနီးက သီလမလုံခြုံလျှင် နတ်သားလင်နှင့် သူသေမယားတို့ ပေါင်းသင်းခြင်းနှင့် တူ၏။ (သီလမရှိသူသည် သေရသူနှင့် မထူးပြီ။)

၂။ လင်ယောကျ်ားက သီလမလုံခြုံဘဲ အိမ်ရှင်ဇနီးက သီလလုံခြုံနေလျှင် သူသေလင်နှင့် အိမ်ရှင် နတ်သမီးတို့ ပေါင်းသင်းဆက်ဆံခြင်းနှင့် တူ၏။

၃။ နှစ်ဦးစလုံး သီလမစင်ကြယ်လျှင် သေသူချင်း ပေါင်းရခြင်းနှင့် တူ၏။

၄။ ဇနီးမောင်နှံနှစ်ဦးလုံး သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပ-ဟူသော သူတော်ကောင်းဥစ္စာ ၇-ပါးနှင့် ပြည့်စုံ၍ သီလလုံခြုံသူများ ဖြစ်ကြပါလျှင် ယခုဘဝ၌လည်း ဂုဏ်သိရ်ိစည်းစိမ် တန်ခိုးရှိန်မြင့်၍၊ နောင်သံသရာမှာလည်း အလောင်းတော်ဥဒယဘဒ္ဒမင်းသားမင်းသမီးတို့ကဲ့သို့ ချစ်စည်းမပြေပဲ ကြည်ဖြူစွာနှင့် နိဗ္ဗာန်အထိ အတူစံမြန်းရပေလိမ့်မည်။

### ၁။ လင်နတ်သားနှင့် မယားသူသေ

* ဓိမိုင်းရာဇ၊ သီလကျင့်ဝတ်၊ ဆွတ်ဆွတ်စင်ဖြူ၊ အိမ်သူမယ်လျှ၊ သီလမစင်၊ ဖြစ်ချေလျှင်မူ၊ လင်ကားနတ်သား၊ မယားသူသေ၊ မည်ရှာပေ၏။

* (အထွတ်အထိပ် အမြတ်ကို "ခမိုင်း"ဟု ရှေးခေတ်လူများ ကသုံးခဲ့ဘူးသည်။)

## ၂။ သူသေလင်နှင့် အိမ်ရှင်နတ်သမီး

ဘုန်းဝေနတ်ရှင်၊ မစင်သီလ၊ နန်းမ နေသူ၊ ပြုသည့်သီလ၊ ဖြစ်ချေကမူ၊ ဘဝသခင်၊ သူသေတွင်လျက်၊ အိမ့်ရှင်ဇနီး၊ နတ် သမီးအနေ၊ တည်ရှာလေ၏။

## ၃။ သူသေ လင်မယား

နှစ်ဆွေလင်မိတ်၊ သီလတိတ်မူ၊ ကောင်းဟိတ်မဖွေ၊ သူသေ ချင်းသာ၊ မေတ္တာမျှဝေ၊ ကြည်ရှာလေ၏။

## ၄။ နတ်သားနတ်သမီး ဇနီးမောင်နှံ

လူ့မြေရပ်ခွင်၊ အိမ့်ရှင်အိမ်သူ၊ မြတ်ရည်တူလျက်၊ ဆယူ ညီမျှ၊ လှူဒါနနှင့်၊ သီလမယိုင်၊ သဒ္ဓါပြိုင်မူ၊ ဘုန်းလှိုင် ကျော် ကြား၊ မိုဃ်းနတ်သားနှင့်၊ ဆွေဝါးဇနီး၊ နတ်သမီးသို့၊ကောင်းချီး အံ့ရာ၊ စုမိရှာလျက်၊ သံသာနောင်လည်း၊ ချစ်စည်းမပြေ၊ ရှည် ကြာလေ၏။ ဘုန်းဝေပြည့်ရှင်၊ မောင့်သခင်လည်း၊ အင်ခွင် မသုံ၊ တန်ခိုးဂုဏ်နှင့်၊ သုရုန္ဒန၊ ပြည်လုံးခသည့်၊ ဥဒယဘဒ်၊ မင်းမြတ်ထွတ်ချာ၊ မဟာကပ္ပိန်၊ နရိန်တို့လို၊ မညိုသဒ္ဓါ၊ မက္ကာ သီလ၊ များသုတနှင့်၊ စာဂင်စွာ၊ ပညာမကွေ၊ အနေတော် တင့်၊ ချစ်ပန်းပွင့်သည်၊ နတ်နှင့်တူစေချင်လှသောဝ်။ (ပဉ္စာ ဝုဓပျို့)

၄။ မုသာစကား၊ ပြောဆိုငြားမူ၊ စကားမပြီ[၁]၊ သွားမညီတည်း[၂]၊ ပုပ်ညှိပါးစပ်[၃]၊ ခြောက်ကပ်ကိုယ်ရေ[၄]၊ ဋ္ဌမြေနောက်[၅]၊ပုံယွင်းဖောက်၏[၆]၊ မရောက်ဩဇာ[၇]၊ နှုတ်လျှာကြမ်းထော်[၈]၊ လျှပ်ပေါ်လော်လီ၊ စိတ်မတည်သည်[၉]၊ ရှောင်ကြဉ်အပြန် အကျိုးတည်း။

နှုတ်ဖြင့် ပြော၍ဖြင်း, စာဖြင့်ရေး၍ဖြင်း, ကိုယ်လက်ခြေဟန်စသည်ကိုပြ၍ဖြင်း လိမ်ညာ၍ မဟုတ်မမှန်အောင် ပြုသမျှသည် မုသာဝါဒ မည်၏။ သို့သော် သူတပါး အကျိုးပျက်အောင် လိမ်ညာမှုမျိုးသာ အပါယ်ရောက်ကြောင်း ဖြစ်၏။ ကိုယ့်ဥစ္စာကို မပေးလို၍ လိမ်ညာသောမုသားမျိုး,ပြောင်လှောင်သော မုသားမျိုး, သားသမီးများ၏ ကောင်းကျိုးကို ရှေးရှု၍ လှည့်ပတ်ပြောဆိုရသော မိဘစသူတို့၏ မုသားမျိုးများကား ပြောပလောက်အောင် အပြစ်မကြီးပေ၊ ရှေးဘဝက မုသားအားကြီးခဲ့သူသည်—

၁။ စကား ပြီပြီသသ မပြောတတ်ခြင်း၊
၂။ သွားများ မညီမညွတ်ခြင်း၊
၃။ ခံတွင်း ပါးစပ် ပုပ်ညှိခြင်း၊
၄။ အသား အရေ စိုစိုပြေပြေ မရှိခြင်း၊
၅။ မျက်စိ, နားစသော ဋ္ဌမြေများ နောက်ကျုကျုရှိခြင်း၊
၆။ ကိုယ်ဟန် ပုံပန်း ချွတ်ယွင်း ဖောက်ပြန်ခြင်း၊
၇။ သူတပါး အပေါ်၌ ဩဇာအာဏာ မတည်ခြင်း၊

၇။ နှုတ်လျှာအပြော ထော်လော်ကန့်လန့် ကြမ်းတန်းခြင်း၊
၈။ လျှပ်ပေါလော်လီ စိတ်မတည်ခြင်း—

ဟူသော မကောင်းကျိုးများကို ရတတ်သည်။ ထိုမုသာဝါဒကံကို မပြုဘဲ ရှောင်ကြဉ်သူသည် ယင်းမကောင်းကျိုးများမှပြန်သော ကောင်းကျိုးများကို ရရှိပေသည်။

၅။ သေရည် သောက်လင့်၊ သင့်-မသင့်၌၊ ရေးခွင့်မသိ[၁]၊ ပျင်းရိ[၂]၊ မေ့ရှုး[၃]၊ ကျေးဇူးမဆပ်[၄]၊ ဟိရောတ္တပ်ကင်း[၅]၊ ခပင်းများထို၊ အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ ပြုကျင့်ရာသည်[၆]၊ ရှောင်ခါအပြန် အကျိုးတည်း။

သေရည်, အရက်, ဆေးခြောက်, ကစော်, ဘိန်း, မော်ဖီးယား, ဟီးရိုးအင်း စသည်တို့ကို သောက်စားမိလျှင်—

၁။ အရေးအခွင့် သင့်-မသင့်ကို မသိတတ်ခြင်း၊
၂။ ပျင်းရိတတ်ခြင်း၊
၃။ မေ့လျော့ မှုးရှုးတတ်ခြင်း၊
၄။ သူတပါးက ပြုဘူးသော ကျေးဇူးကို မသိတတ်ခြင်း၊
၅။ ဟိရီ, ဩတ္တပ္ပဟူသော အရှက်အကြောက် ကင်းမဲ့ခြင်း၊
၆။ သေအရက်ကြောင့် အကုသိုလ်ဟူသမျှကိုပြုမိလွယ်ခြင်း-

ဟူသော မကောင်းကျိုးများကို ရတတ်ပေသည်။ ထို သုရာမေရယကံကို မပြုဘဲ ရှောင်ကြဉ်သူသည် ယင်း မကောင်းကျိုးများမှပြန်သော ကောင်းကျိုးများကို ရရှိပေသည်။

## ကမ္မဋ္ဌာန်း အားထုတ်ရခြင်း အကြောင်း

မေး။ ။ဘာ့ကြောင့်များကွယ် ကမ္မဋ္ဌာန်းကို
လူ ရှင်ရဟန်း အားထုတ်တယ်။

ဖြေ။ ။အို နာ သေရေး ဒုက္ခဘေးက၊
ငြိမ်းအေးအောင်ကွဲ့ အားထုတ်တယ်။
(ထုတ်ကွယ်၊ ထုတ်ကွယ်)
(အိုဘေး, နာဘေး, သေဘေး ငြိမ်းအောင် တရား
အားထုတ်ရသည်။

မေး။ ။ကမ္မဋ္ဌာန်းဝယ် ဘယ်လောက်ပြားတယ်၊
ရှင် လူများတွက် သိချင်တယ်။

ဖြေ။ ။ဝိပဿနာ သမထတဲ့၊
မှတ်ကြစမ်းကွဲ့ နှင်ပါးရယ်။
(ပွားကွယ်၊ ပွားကွယ်)
(၁။ သမထကမ္မဋ္ဌာန်း၊ ၂။ ဝိပဿနာကမ္မဋ္ဌာန်းဟု
နှစ်မျိုး ရှိသည်။)

မေး။ ။သမထခေါ် ကမ္မဋ္ဌာန်းကို
ဘယ်လိုစီးပြွန်း ပြုရမယ်။

ဖြေ။ ။တခုခေါ်ဆို အာရုံထဲဝယ်၊
မထွက်စေဘဲ ရှုရတယ်။
(ရှုကွယ်၊ ရှုကွယ်။)
(အာရုံ တခုထဲကိုသာ ရှုမှတ် ပွားများရမှုကို
သမထဟု ခေါ်သည်။)

မေး။ ။ဝိပဿနာ ဖြစ်စေဘို့တော့၊
ဘယ်သို့ ဘယ်ပုံ မှတ်ပါမယ်။

ဖြေ။ ။ခြောက်ဒွါရမှာ ပေါ်သမျှကို
မှတ်ရတယ်ကွဲ့ ဖြစ်ဆဲမယ်။
(မှတ်ကွယ်၊ မှတ်ကွယ်။)
(ဒွါရ ခြောက်ပါးမှာ ပေါ်လာသမျှ အာရုံကို ပေါ်ခိုက် ပေါ်ခိုက် လိုက်၍ မှတ်မှုကို ဝိပဿနာ ဟု ခေါ်သည်။)

အမှတ်တရား

၁။ မဟာစည်ထေရ်ကျော် ခြေတော်ရင်းသို့ ခိုလှုံချဉ်းကပ် ရောက်ခဲ့တယ်။

၂။ သတိပဋ္ဌာန် အမှတ်တရားကို ထင်ရှား လွယ်အောင် ဟောလိုက်တယ်။

၃။ ဟောမိန့်ပုံမှာ ထိုတရားကို အရပ်စကားနဲ့ ညွှန်ကြား တယ်။

၄။ ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိကို ဖိဖိစီးစီး မှတ် ရမယ်။

၅။ ကွေးတာ ဆန့်တာ ရပ်တာများနဲ့ သွားတာများလဲ မှတ်ရတယ်။

၆။ ကြံစည်ဆိုးသွမ်း စိတ်သရမ်းကို စောင့်ဖမ်း "ကြံတယ်" မှတ်အုံးကွယ်။

၇။ ရုပ်နာမ်ပီပြင် တွင်တွင်ကွဲလို့၊ လူစွဲ နတ်စွဲ ပယ်ဘို့ရယ်။

၈။ ထို့ထက်ဉာဏ်စဉ် ရင့်ကာမြင့်မှ၊ မဂ်ဉာဏ်ဆင့်ဆင့် တက်နိုင်မယ်။

၉။ သတ္တဝါခပင် သူဖန်ဆင်းသည့်၊ တကျော့မင်းကို ပယ်ဘို့ရယ်။

၁၀။ တကျော့ပြတ်ခါ ဘုံသုံးတစ်ကို၊ မချစ်မုန်း၍ ပြစ်ဘို့ရှယ်။

၁၁။ နိဗ္ဗာန်တံခါး ပွင့်ကာသွားမှ၊ ဝဋ်သုံးပါးက လွတ်နိုင်မယ်။

(လွတ်မယ်၊ ကျွတ်မယ်။)

**အခြေပြုတန်း ပြီး၏။**

# ပဥ္စမတန်း

## ကျက်မှတ်ရန်

### ရည်ရွယ်ချက် ပြည့်စုံသော ဩကာသကန်တော့ခန်း

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော အပြစ်ခပ်သိမ်း၊ ပပျောက်ငြိမ်း၍၊ အသက်ရှည်စွာ၊ အနာမဲ့ရေး၊ ရန်ဘေးကင်းကြောင်း၊ ကောင်းမှုမင်္ဂလာ၊ ဖြစ်ပါစေခြင်း အကျိုးငှာ၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး (ဆရာသမား)တို့ကို အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ (အရှင်ဘုရား)။

(ဆုပေးမည့်ပုဂ္ဂိုလ်ရှိလျှင် ဤမှာ ရပ်ပါ၊ ဆုပေးမည့် ပုဂ္ဂိုလ်မရှိလျှင် အောက်ပါဆုတောင်းကို ဆက်တောင်းပါ)။

ကန်တော့ရသော ဤကောင်းမှုကံ စေတနာတို့ကြောင့် အပါယ် ၄-ပါး၊ ကပ် ၃-ပါး၊ ရပ်ပြစ် ၈-ပါး၊ ရန်သူမျိုး ၅-ပါး၊ ဝိပတ္တိတရား ၄-ပါး၊ ဗျသနတရား ၅-ပါး၊ အနာမျိုး ၉၆-ပါး၊ မိစ္ဆာဒိဋ္ဌိ ၆၂-ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်သာ ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို လျင်မြန်စွာ ရပါလို၏ (အရှင်ဘုရား)။

**မှတ်ချက်။** ။ဤ **ကန်တော့ခန်း၌** (ဆရာသမား) ဟူသော ဤစကားမှာ ဆရာသမားတို့ကို **ကန်တော့သော** အခါ၌ ထည့်ဆိုရန်ဖြစ်သည်။ မိခင်-ဖခင် စသည်တို့ကို ကန်တော့သောအခါများ၌မူကား မိခင်၊ ဖခင်၊ အဘိုး၊ အဘွား၊ ဦးကြီး၊ အရီး၊ အဒေါ် စသည်ဖြင့် ဆိုင်ရာ ဆိုင်ရာတို့ကို လဲလှယ်ထည့်သွင်း၍ ဆိုရမည်။ (အရှင်ဘုရား)ဟူသော စကားမှာလည်း ရတနာ သုံးပါး ရဟန်းသံဃာတို့ကို ကန်တော့သောအခါ၌ ဆိုရန်ဖြစ်သည်။

## ဘုရားဂုဏ်တော် (၉)ပါး ပါဠိ

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။

## တရားဂုဏ်တော် (၆)ပါး ပါဠိ

သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

## သံဃာ့ဂုဏ်တော် (၉)ပါး ပါဠိ

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော

သာဝကသံဃော၊ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝက-
သံဃော၊ ယဒိဒံ စတ္တာရိ ပုရိသ ယုဂါနိ အဋ္ဌ ပုရိသ ပုဂ္ဂလာ
ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုနေယျော ပါဟု
နေယျော ဒက္ခိဏေယျော အဉ္ဇလိကရဏီယော အနုတ္တရံ
ပုညက္ခေတ္တံ လောကဿ။

မှတ်ချက်။ ။ဂုဏ်တော်နက်များကို စတုတ္ထတန်း၌ ကြည့်ရှု
နိုင်၏။

## ဩကာသ ကန်တော့ခန်း၏ အဓိပ္ပာယ်အဖွင့်

"ဩကာသ"ဟူသော စကားသည် "ရှိခိုးပါရစေ ခွင့်ပြု
တော်မူပါ"ဟု ဆိုလိုသော စကားဖြစ်သည်။ ပိုမို၍ လေးနက်
စေရန် သုံးကြိမ်ထပ်ဆိုခြင်း ဖြစ်သည်။

## ကံသုံးပါး

ကိုယ်ဖြင့် ပြုအပ်သော အမှုကို ကာယကံဟု ခေါ်သည်၊
နှုတ်ဖြင့် ပြောအပ်သော အမှုကို ဝစီကံဟု ခေါ်သည်၊ စိတ်ဖြင့်
ကြံစည်အပ်သော အမှုကို မနောကံဟု ခေါ်သည်။

ယင်း ကံ ၃-ပါးတို့တွင် ကာယကံသည် ကောင်းသည့် အမှု
ကိစ္စကို ပြုလုပ်သော ကာယကံ, မကောင်းသည့် အမှုကိစ္စကို
ပြုလုပ်သော ကာယကံအားဖြင့် ၂-ပါး အပြားရှိ၏။

ဝစီကံသည်လည်း ကောင်းသည့်အမှုကိစ္စကို ပြောဆိုသော
ဝစီကံ, မကောင်းသည့် အမှုကိစ္စကို ပြောဆိုသော ဝစီကံ
အားဖြင့် ၂-ပါးပင် ရှိ၏။

မနောကံသည်လည်း ကောင်းသည့် အမှုကိစ္စကို ကြံစည်သော မနောကံ, မကောင်းသည့် အမှုကိစ္စကို ကြံစည်သော မနောကံအားဖြင့် ၂-ပါး အပြားရှိ၏။

ယင်းသို့လျှင် ကံသုံးပါးမှာ ကောင်းသောကံ, မကောင်းသောကံအားဖြင့် ၂-ပါးစီ ပြားသောကြောင့် ခြောက်ပါးရသော်လည်း မကောင်းသော ပြုမှု, ပြောမှု, ကြံမှု တို့ကိုသာ ဤ၌ အပြစ်ဟု ဆိုလိုသည်။

## ပဌမပိုင်း ရည်ရွယ်ချက်

ထိုတွင် ကောင်းသောကံကြောင့် ကောင်းကျိုးကို ခံစားရသကဲ့သို့ မကောင်းသောကံကြောင့် ဆိုးပြစ်ကို ခံစားရမည် ဖြစ်ရာ၊ အကယ်၍များ မကောင်းသော အပြုအပြောနှင့် အကြံအစည်များကို ပြုလုပ် ပြောဆို ကြံစည်သောအားဖြင့် ပြစ်မှားခဲ့မိဘူးပါလျှင် ရှိခိုးခြင်းတည်းဟူသော ဤကောင်းမှုကံကြောင့် ဆိုးပြစ်ခပ်သိမ်း ပပျောက်ငြိမ်းရပါလို၏-ဟု ရှိခိုးသောပုဂ္ဂိုလ်၏ ပဌမ ရည်ရွယ်ချက်ကို ပြဆိုထားသည်။

ဤကဲ့သို့ အပြစ်ရှိ၍ အပြစ်ပျောက်ဖို့ရန် ရှိခိုးကန်တော့ရခြင်းသည်လည်း တခါတရံသာ ဖြစ်ဖွယ်ရှိပါသည်၊ သို့သော် နေ့စဉ်ရှိခိုးရာ, သီလမခံယူမီ ရှိခိုးရာ, ခရီးသွားယင်း စေတီပုထိုးများကို ရှိခိုးရာ စသည်တို့၌လည်း အပြစ်ရှိ၍ ရှိခိုးကြသည့် အဓိပ္ပာယ် ရောက်နေပါသည်၊ အမှန်မှာ အပြစ်ရှိ၍ ရှိခိုးကြသည်ချည်း မဟုတ်ပါ၊ ကုသိုလ်ရရေးအတွက် ရှိခိုးကြခြင်းကသာ များပါသည်။

## ဒုတိယပိုင်း ရည်ရွယ်ချက်

ထို့ပြင် ဤဘဝတွင် အသက်ရှည်ခြင်း အနာကင်းခြင်း အစ ရှိသော အကျိုးထူးတို့ကို ရရှိခံစားရ၍ နောင်တမလွန် ဘဝ တွင်လည်း အပါယ်လေးပါး အစရှိသည်တို့မှ ကင်းလွတ်ရပါ လို၏ဟု ရှိခိုးသောပုဂ္ဂိုလ်၏ ဒုတိယ ရည်ရွယ်ချက်ကို ပြဆိုထား သည်၊ ဤသို့လျှင် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီးသည် ကန်တော့သော ပုဂ္ဂိုလ်၏ ရည်ရွယ်ချက်ကို ဤ ဩကာသ ကန်တော့ခန်း၌ အပြည့်အစုံ ဖော်ပြထားသည်။ ထို့ကြောင့် ဤ ဩကာသကန်တော့ခန်းကို ရည်ရွယ်ချက်ပြည့်စုံ သော ဩကာသ ကန်တော့ခန်းဟု အတိအလင်း ဆိုလိုက်ခြင်း ဖြစ်ပါသည်။

### အပါယ် လေးပါး

"အပါယ်" ဟူသော စကားသည် "အပါယ" ဟူသော ပါဠိမှ ဆင်းသက်လာသော ပါဠိကပြား မြန်မာစကား ဖြစ်သည်၊ ကြီးပွားချမ်းသာမှု ကင်းရာဖြစ်သော အရပ်ကို အပါယ်ဟု ခေါ်သည်။ ယင်း အပါယ်သည် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အားဖြင့် ၄-ပါး ရှိလေသည်။

ထိုတွင် ငရဲသည် ဤကမ္ဘာမြေကြီးထဲ၌ ငရဲသတ္တဝါများ အတွက် ဥမင်လိုဏ်ကြီးသဖွယ် ဖြစ်လျက် တည်ရှိနေလေသည်။

လူမှတပါးသော မျက်မြင် ကုန်းသတ္တဝါ, ရေသတ္တဝါ အပေါင်းကို တိရစ္ဆာန်ဟု ခေါ်သည်။

လူပြည်လောက ဟု ဆိုရသော ဤကမ္ဘာ မြေပြင်မှာပင် တော, ချုံ, ချောင်း, မြောင်း, တောင်စောင်း, လိုဏ်ဂူ စသည်တို့ကို မှီခို၍ စားဝတ်နေရေး မပြည့်စုံပဲ အငတ်ငတ်အပြတ်ပြတ်နေရသော သတ္တဝါတမျိုးကို ပြိတ္တာဟု ခေါ်သည်။ ၎င်းတို့ကို လူတို့၏ ပကတိ မျက်စိဖြင့် မမြင်နိုင်။

ဘုံဗိမာန် သီးခြားမရှိပဲ အစာရေစာ ငတ်ပြတ်၍နေရသော အောက်တန်းစား နတ်တမျိုးကို ဝိနိပါတိက အသုရာ ဟု ခေါ်သည်။ တခါတရံ ၎င်းတို့က လူတို့ကိုလည်း ချောက်လှန့်တတ်သေး၏၊ ထိုအသုရာတို့တွင် အောက်တန်း အကျဆုံးသော ကာလကဥ္စိက အသုရာတို့သည် ကိုယ်ကောင်ကြီး ၃-ဂါဝုတ်အထိ ရှိနေသော်လည်း ပါးစပ်မှာ အပ်နဖားပေါက်လောက်မျှသာ ရှိသဖြင့် တသက်ပတ်လုံး အစာရေစာ အငတ်ငတ် အပြတ်ပြတ်နှင့် နေရချေသည်။ ပြိတ္တာတို့သည် အသုရာတို့နှင့် သမီးပေးခြင်း သမီးယူခြင်းရှိသဖြင့် ရပ်ပြစ် ရှစ်ပါးကို ရေတွက်ရာ၌ အသုရကာယ်ကို ပြိတ္တာထဲ သွင်းယူရသည်။

## ကပ် ၃-ပါး

"ကပ်" ဟူသော စကားသည် "ကပ္ပ" ဟူသော ပါဠိမှ ဆင်းသက်လာသော ပါဠိကပြား မြန်မာစကား ဖြစ်သည်။ ကမ္ဘာမပျက်မီ အကြား၌ အသေဆိုးနှင့် သေကြေ ပျက်စီးရသော ခေတ်ကာလကို ဤ၌ "ကပ်" ဟု ခေါ်သည်။ ယင်းကပ်သည်—

၁။ သတ္ထန္တရကပ်=ဒုတ်, ဒါး, သေနတ် စသော လက်နက်ဘေးဖြင့် သေကြေပျက်စီးရသော ခေတ်ကာလ။
၂။ ရောဂန္တရကပ်=ကျောက်ရောဂါ, ဝမ်းရောဂါ စသော ရောဂါဖြင့် သေကြေပျက်စီးရသော ခေတ်ကာလ။
၃။ ဒုဗ္ဘိက္ခန္တရကပ် = ငတ်မွတ် ခေါင်းပါး အစာ ရှားရှား၍ သေကြေ ပျက်စီးရသော ခေတ်ကာလ ဟု ၃-မျိုး ရှိလေသည်။ (ဒီ-၃-၃၈)

## ရပ်ပြစ် ၈-ပါး

မဂ်ဖိုလ်နိဗ္ဗာန်ရရန် တရားအားထုတ်ခွင့် မရှိသော အရပ်ကို "ရပ်ပြစ်"ဟု ခေါ်သည်။ ယင်းသည်လည်း—

၁-၂-၃။ ဘုရားရှင် ပွင့်တော်မူနေစဉ် ငရဲ, တိရစ္ဆာန်, ပြိတ္တာ ဟူသော အပါယ် ၃-ဘုံ၌ဖြစ်နေရခြင်း။ (ပြိတ္တာကို ယူသဖြင့် အသုရကာယ် ပါပြီး ဖြစ်၏။)

၄။ ဘုရားရှင် ပွင့်တော်မူနေစဉ် အသက် ရှည်သော အသညသတ်ဘုံနှင့် အရူပဘုံ၌ ဖြစ်နေရခြင်း။ (အသညသတ် ပြဟ္မာများသည် ရုပ်ခန္ဓာ ကိုယ်သာ ရှိ၍ စိတ် ဝိညာဏ်မရှိ။ အရူပပြဟ္မာများသည် စိတ် ဝိညာဏ်သာရှိ၍ ရုပ်ခန္ဓာကိုယ်မရှိ၊ ထို့ကြောင့် သူတို့သည် ဘုရားကိုလည်း မဖူးနိုင်၊ တရားကိုလည်း မနာနိုင်ကြပေ)။

၅။ ပစ္စန္တရာဇ် ခေါ်သော ပြည်စွန်နယ်ဖျားရှိ လူရိုင်းများ၏ အရပ်ဒေသ၌ ဖြစ်နေရခြင်း။

၆။ ဘုရားရှင် ပွင့်တော်မူနေစဉ် မိစ္ဆာဒိဋ္ဌိဖြစ်နေရခြင်း။

၇။ ဘုရားရှင်ပွင့်တော်မူနေစဉ် တရားကို သိနိုင်လောက်သည့် ဉာဏ်မရှိပဲ အထူ, အအ, ဖြစ်နေရခြင်း။

၈။ မဇ္ဈိမဒေသဝယ် တတ်သိနားလည်သည့် ဉာဏ်ရှိသူဖြစ်ပါသော်လည်း ဘုရားမပွင့်သောအခါ၌ လူဖြစ်ရခြင်း ဤရှစ်ပါးပင် ဖြစ်သည်။ (ဒီ—၃—၂၁၉)

ဆောင်။ ။ဘုရားပွင့်ခါ၊ ဟောကြားပါလည်း၊ ပါယ်ရွာသုံးခွင်[၂]၊ အသဉ်-အရူ[၄]၊ ပစ္စန်လူနှင့်[၅]၊ အယူမိစ္ဆာ[၆]၊ ဉာဏ်မဲ့ကွာသား[၇]၊ဉာဏ်ရှိငြားလည်း၊ ဘုရားမဖြစ်[၈]၊ ထိုရပ်ပြစ်၊ မှတ်လစ် ရှစ်ပါးတည်း။

## ရန်သူမျိုး ၅-ပါး

၁-ရေ, ၂-မီး, ၃-သူခိုး, ၄-အမွေခံ သားသမီးဆိုး, ၅-မင်းဆိုးတို့တည်း။ (သံ—ပ—၉၀)

ဆောင်။ ။ရေ, မီး, သူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုး အပြား၊ ဤငါးပါး၊ မှတ်သား ရန်သူဘည်း။

## ဝိပတ္တိတရား ၄-ပါး

ဖောက်ပြန် ချွတ်ယွင်း ပျက်စီးခြင်းကို "ဝိပတ္တိ" ဟုခေါ်သည်။ ယင်းသည်လည်း—

၁။ ကာလဝိပတ္တိ=မင်းဆိုး မင်းယုတ် အုပ်ချုပ်သော ကာလ။

၂။ ဂတိဝိပတ္တိ=အပါယ်လေးပါး၌ လားရောက်ရခြင်း။

၃။ ဥပဓိဝိပတ္တိ = ရုပ်ဆင်းအင်္ဂါ (ဟူသော ဥပဓိ) ချို့တဲ့ခြင်း။

၄။ ပယောဂဝိပတ္တိ=(ပြုလုပ်မှု, ပြောဆိုမှု, ကြံစည်မှုကို ပယောဂဟု ခေါ်သည်)ယင်းပယောဂ၏ချို့တဲ့ခြင်း၊ (ကုသလကမ္မပထ တရားများ ချို့တဲ့ခြင်း) ဤ လေးပါးပင် ဖြစ်သည်။ (အဘိ—ဋ္ဌ—၂.၄၂၂)

ဆောင်။ ။ကာလ[၁], ဂတိ[၂]၊ ဥပဓိမှဲ့ထ[၃]၊ ပယောဂ[၄]၊ လေး၀ ဝိပတ္တိ။

## ဗျသနတရား ၅-ပါး

ပျက်စီးဆုံးရှုံးခြင်းကို "ဗျသန" ဟု ခေါ်သည်၊ ယင်း သည်လည်း....

၁။ ဉာတိဗျသန=ဆွေစုမျိုးစု ပျက်စီးခြင်း၊

၂။ ဘောဂဗျသန=စည်းစိမ်ဥစ္စာ ပျက်စီးခြင်း၊

၃။ ရောဂဗျသန=အနာရောဂါဟူသော ပျက်စီးခြင်း၊

၄။ သီလဗျသန=ကိုယ်ကျင့်သီလ ပျက်စီးခြင်း၊

၅။ ဒိဋ္ဌိဗျသန = အယူ ပျက်စီးခြင်း (အယူ မှားခြင်း) အားဖြင့် ၅-ပါး ရှိလေသည်။ (ဒီ—၃—၁၉၆)

ဆောင်။ ။ဆွေပျက်မျိုးပျက်¹၊ ဥစ္စာပျက်နှင့်²၊ ဖြစ်လျက်ရောဂါ³၊ မိစ္ဆာယူငြား⁴၊ ကျင့်ပျက်ပြား⁵၊ ငါးပါး ဗျသန။

## အနာမျိုး ၉၆-ပါး

* သည်းခြေနာ ၃၂-ပါး၊

လေနာ ၃၂-ပါး၊

သလိပ်နာ ၃၂-ပါး အားဖြင့် အနာမျိုးပေါင်း ၉၆-ပါးရှိသည်။ (ယခုခေတ်တွင် ဆရာဝန်တို့က ခန္ဓာဗေဒလိုက်၍ အသဲနာ အဆုတ်နာ စသည်ဖြင့် ခွဲခြားထားသော အနာမျိုးတို့ကား များပြားလှပါ၏။)

## မိစ္ဆာဒိဋ္ဌိ ၆၂-ပါး

သတ္တဝါတို့သည် ဘဝမှ ဘဝသို့ ပြောင်းလဲကာ အမြဲတည်ရှိနေသည်ဟု ထင်မြင်ယူဆသော တည်မြဲဝါဒ ခေါ် **သဿတဒိဋ္ဌိက ၅၅-ပါး၊**

သေပြီးလျှင် ဘာမျှမရှိတော့ဘဲ လုံးဝပျောက်ကွယ် ပြတ်စဲသွားသည်ဟု ထင်မြင်ယူဆသော ပြတ်စဲဝါဒခေါ် **ဥစ္ဆေဒဒိဋ္ဌိက** ၇-ပါး အားဖြင့် မိစ္ဆာဒိဋ္ဌိ ၆၂-ပါး ရှိသည်။

ဤအယူ ၂-ခုတွင် သေပြီးလျှင် အတ္တ ရှိသေးသည်ဟု ထင်မြင် ယူဆမှုနှင့် သေပြီးလျှင် အတ္တမရှိတော့ဟု ထင်မြင်

ယူဆမှုမျှသာ ထူးပါသည်။ မသေခင်တွင် အတ္တရှိနေသည်ဟု ထင်မြင်ယူဆမှုမှာကား အတူတူပင် ဖြစ်သည်။

မှတ်ချက်။ ။အနာမျိုး ၉၆-ပါး, မိစ္ဆာဒိဋ္ဌိ ၆၂-ပါးတို့ကို ကျမ်းလေးမည်ဖြစ်၍ အကျယ်မပြတော့ပေ။

မဂ်တရား၊ ဖိုလ်တရား

မဂ်တရားသည်—၁။ သောတာပတ္တိမဂ်၊
၂။ သကဒါဂါမိမဂ်၊
၃။ အနာဂါမိမဂ်၊
၄။ အရဟတ္တမဂ်—
အားဖြင့် ၄-ပါး အပြားရှိ၏။

ဖိုလ်တရားသည်လည်း—၁။ သောတာပတ္တိဖိုလ်၊
၂။ သကဒါဂါမိဖိုလ်၊
၃။ အနာဂါမိဖိုလ်၊
၄။ အရဟတ္တဖိုလ်—
အားဖြင့် ၄-ပါး အပြားရှိ၏။

၁။ ထိုတွင် မဂ္ဂင်ရှစ်ပါးတရား ရေအယဉ်သို့ ရောက်သောလမ်းကို သောတာပတ္တိမဂ်ဟု ခေါ်သည်၊ သောတာပတ္တိမဂ်ကို ရသော ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကိုလည်း အခါမလင့် ရပေသည်။ သောတာပတ္တိမဂ်နှင့် သောတာပတ္တိဖိုလ်ကို သိမြင်ရရှိပြီးသော အရိယာပုဂ္ဂိုလ်ကို သောတာပန်ဟု ခေါ်သည်။

၂။ လူ့ဘဝသို့ တကြိမ်မျှသာ ပြန်လာပြီးလျှင် ဆင်းရဲခပ်သိမ်း ငြိမ်းမည့်လမ်းကို သကဒါဂါမိမဂ်ဟု ခေါ်သည်၊ သကဒါဂါမိမဂ်ကို ရသော ပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်ကိုလည်း အခါမလင့် ရပေသည်၊ သကဒါဂါမိမဂ်နှင့် သကဒါဂါမိဖိုလ်ကို သိမြင်ရရှိပြီးသော အရိယာပုဂ္ဂိုလ်ကို သကဒါဂါမ်ဟု ခေါ်သည်။

၃။ ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်မလာသောလမ်းကို အနာဂါမိမဂ်ဟု ခေါ်သည်၊ အနာဂါမိမဂ်ကိုရသော ပုဂ္ဂိုလ်သည် အနာဂါမိဖိုလ်ကိုလည်း အခါမလင့် ရပေသည်၊ အနာဂါမိမဂ်နှင့် အနာဂါမိဖိုလ်ကို သိမြင်ရရှိပြီးသော အရိယာပုဂ္ဂိုလ်ကို အနာဂါမ်ဟု ခေါ်သည်။

၄။ ကိလေသာခပ်သိမ်း အကုန်ငြိမ်း၍ အပူဇော် ခံထိုက်သောလမ်းကို အရဟတ္တမဂ်ဟု ခေါ်သည်၊ အရဟတ္တမဂ်ကို ရသော ပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကိုလည်း အခါမလင့် ရပေသည်၊ အရဟတ္တမဂ်နှင့် အရဟတ္တဖိုလ်ကို သိမြင်ရရှိပြီးသော အရိယာ ပုဂ္ဂိုလ်ကို ရဟန္တာဟု ခေါ်သည်။

## နိဗ္ဗာန်တရား

နိဗ္ဗာန်-ဟူသည် နိဗ္ဗာန-ဟူသောပါဠိမှ ဆင်းသက်လာသော ပါဠိကပြား မြန်မာစကားဖြစ်သည်။

ငြိမ်းခြင်းကို နိဗ္ဗာန်-ဟု ခေါ်သည်။

ဘာတွေ ဘယ်လို ငြိမ်းသည်ကို နိဗ္ဗာန် ခေါ်သနည်းဟူမူ—

ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုအားလုံး ချုပ်ပျက် ဆိတ်သုဉ်း ကင်းငြိမ်းခြင်းကို နိဗ္ဗာန်-ဟု ခေါ်သည်၊ ထို့ကြောင့်—

"မဖြစ်ပေါ်ခြင်း သဘောသည် အငြိမ်းဓာတ် နိဗ္ဗာန်မည်၏။

မပြတ် ဖြစ်ပျက်နေသော ရုပ်နာမ်အစဉ် ကင်းငြိမ်းခြင်း သဘောသည် နိဗ္ဗာန်မည်၏။

ဖြစ်ပျက်နေဟန် ပုံသဏ္ဌာန် သင်္ခါရနိမိတ် လုံးဝကင်းငြိမ်း ခြင်း သဘောသည် နိဗ္ဗာန်မည်၏။

ဘဝသစ် ဖြစ်စေနိုင်သော အားထုတ်မှုကံ ကင်းငြိမ်းခြင်း သည် နိဗ္ဗာန်မည်၏။

ဘဝဟောင်းနှင့် ဆက်စပ်၍ မဖြစ်ခြင်းသည် နိဗ္ဗာန်မည်၏- ဟု ပဋိသမ္ဘိဒါမဂ်က ဆိုထားသည်၊ အကျယ်သိလိုမူ ကျေးဇူး တော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ဟောကြားတော် မူသော နိဗ္ဗာန်ဆိုင်ရာ တရားတော်ကို ကြည့်ရှုကြပါလေ။

သြကာသအဖွင့် ပြီး၏။

## ဘုရား ဖြစ်တော်စဉ်

### သူဌေးသား သုမေဓာဘဝ

ဤ....ဘဒ္ဒကမ္ဘာမှ ပြန်၍ ရေတွက်သည်ရှိသော် လေး အသင်္ချေနှင့် ကမ္ဘာတသိန်း အထက်၌ "အမရဝတီ" ဟူသော မင်းနေပြည်တော်သည် ထင်ရှားခဲ့လေသည်၊ အမရဝတီ မင်းနေပြည်တော်သည် အရိပ်ရေစမ်း စိမ်းလန်းစိုပြေစွာနှင့် အစာ အာဟာရ လိုရာရသည့်အပြင် လူတို့၏ အသုံးအဆောင်အမျိုးမျိုး တို့ဖြင့်လည်း ပြည့်စုံကြွယ်ဝလှပေသည်။ ဆင်သံ, မြင်းသံ, ရထားသံ, စည်ကြီးသံ, မုရိုးစည်သံ, စောင်းသံ, သီချင်းသံ, ခရုသင်းသံ, စည်းဝါးသံ, ဖိတ်ကြားကျွေးမွေးသံ တည်းဟူသော အသံ ဆယ်ပါးတို့ဖြင့်လည်း ဘရုံမစဲ အမြဲ သာယာစည်ကား လှပေသည်။

ထိုအမရဝတီနေပြည်တော်၌ "သုမေဓာ"ဟူသော ပညာရှိ ပုဏ္ဏားတယောက် နေ၏၊ ထိုသုမေဓာ ပညာရှိသည် ငယ်စဉ် ကပင် အမိ အဘတို့ ကွယ်လွန်သွားကြ၍ ဘဏ္ဍာစိုးကြီးက ပစ္စည်းစာရင်းကို ထိန်းသိမ်းထား၏၊ သုမေဓာပညာရှိ အရွယ် ရောက်သောအခါ၌ "သတို့သား ဤမျှလောက်သော ပစ္စည်း ကား သင်၏အမိဖက်မှ ဆင်းသက်လာသော ပစ္စည်းတည်း၊ ဤမျှလောက်သော ပစ္စည်းကား သင်၏ အဘဖက်မှ ဆင်းသက် လာသော ပစ္စည်းတည်း၊ ဤမျှလောက်သောပစ္စည်းကား သင်၏ အဘိုး အဘေးတို့ လက်ထက်မှ ဆင်းသက်လာသော ပစ္စည်း တည်း"ဟု အထက်ဆွေမျိုး ခုနစ်ဆက်တိုင်အောင် ပြောကြား

ပြီးလျှင် ရွှေ ငွေ စိန်ကျောက် အစရှိသော ရတနာတိုက်ပေါင်း များစွာတို့ကို အပ်နှင်းလေသည်။

## စဉ်းစားတော်မူခန်း

သုမေဓာပညာရှိသည် ပစ္စည်းများကိုကြည့်၍ "ငါ၏ မိဘ ဘိုးဘွား ဆွေမျိုးများကား ဤပစ္စည်းတို့ကို စုဆောင်းပြီးလျှင် တကျပ် တပြားကိုမျှ မယူနိုင်ပဲ ကွယ်လွန်သွားကြရ ကုန်၏။ ငါသည်ကား ကွယ်လွန်ရာသို့ တကျပ် တပြားကိုမျှ မကျန် ရအောင် ယူဆောင်နိုင်ကြောင်း ကောင်းမှုပါရမီကို ပြုလုပ်၍ သွားအံ့" ဟု ဆင်ခြင်စဉ်းစားပြီးလျှင် ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်လျက် အိမ်ကိုအုပ်ချုပ်၍ နေလေသည်။

တနေ့သ၌ သုမေဓာ ပညာရှိသည် ပြာသာဒ် အထက်သို့ တက်၍ တင်ပလ္လင်ဖွဲ့ခွေ ထိုင်ပြီးလျှင် "သတ္တဝါတို့သည် ဤဘဝ ဝယ် အိုကြ, နာကြ, သေကြရ၏၊ နောက်ထပ်လည်း ပဋိသန္ဓေ နေကြရပြန်၏၊ ဤသို့နှင့် သတ္တ လောကကြီး တခုလုံးသည် ဆင်းရဲတွင်း နက်လှပါဘိတော့ တကား၊ ငါကိုယ်တိုင်လည်း ဤ ဆင်းရဲမျိုးမှ မလွတ်နိုင်သေး၊ ဆင်းရဲရှိလျှင် ချမ်းသာရှိရ သလို ဤဆင်းရဲမျိုးမှ လွတ်ရာလွတ်ကြောင်းဖြစ်သော ခရီး တမျိုးသည်ကား ကေန်မုချ ရှိရပေလိမ့်မည်၊ ထိုတရားထူးကို သာ မရမနေ ငါရှာဖွေတော့အံ့" ဟု စဉ်းစားမိလေသည်။

## သုမေဓာ တောထွက်ခန်း

ဤနည်း ဤပုံ စဉ်းစားပြီးသော် သူဌေးသား သုမေဓာသည် ရွှေ ငွေ ဘဏ္ဍာ ရတနာ အပြည့်ဖြစ်သော တိုက်ကြီး များကို

ဖွင့်လှစ်ကာ "မည်သူမဆို အလိုရှိရာ ယူရစ်ကြတော့"ဟု အလှူ စည်ကြီး ရိုက်တီး လှည့်လည် ကြေညာစေ၍ မျက်နှာကြီး မျက်နှာငယ်မရွေး အလှူကြီး ပေးလေသည်။ ထို့နောက် ဝတ် ဆင်မြဲဖြစ်သော အဝတ်တစုံမျှဖြင့် အိုနာ သေရေး ဒုက္ခဘေး တို့မှ လွတ်မြောက်ရာ အငြိမ်းဓာတ်ကို ရှာရန် ပြင်းပြသော ဇောဆန္ဒဖြင့် ဟိမဝန္တာတော ခမ္မိက တောင်သို့ ထွက်ခဲ့လေ သည်၊ တောတွင် သိကြားမင်း၏ စေခိုင်းချက်အရ ဝိသကြုံ နတ်သား ဖန်ဆင်းထားနှင့်သော ကျောင်းသင်္ခမ်းနှင့် ရဟန်း ပရိက္ခရာတို့ကို တွေ့မြင်၍ ရသေ့ရဟန်း အသွင်ကို ယူလေသည်။ သုမေဓာ ရှင်ရသေ့သည် ရဟန်းတရားကို အားထုတ် လေရာ အားထုတ်ခဲ့ဘူးသော ပါရမီ အရှိန်အဟုန် တို့ကြောင့် ခုနစ်ရက် အတွင်းမှာပင် လောကီစျာန် အဘိညာဉ် အားလုံး တို့ ကို ရရှိတော် မူလေသည်။ သုမေဓာ ရှင်ရသေ့သည် တခါတရံ ကောင်းကင်ခရီးဖြင့် လှည့်လည်တော်မူ၏၊ ဤသို့နှင့် နှစ်ကာလ ကြာညောင်းလေသော် ဒီပင်္ကရာ ဘုရားရှင်လည်း ပွင့်တော်မူ လာ၏။

## ဘုရားဆုကို ပန်တော်မူခန်း

ထိုအခါ "ရမ္မာ" မည်သော နေပြည်တော်သား တို့က ဒီပင်္ကရာ ဘုရားရှင်ကို ပင့်ဖိတ်ပြီးလျှင် ဘုရားရှင် ကြွလာမည့် လမ်းကို ပြင်ဆင်နေကြသည်၊ သုမေဓာ ရှင်ရသေ့သည် ကောင်း ကင်မှ မြင်သဖြင့် ဆင်းသက်ကာ မိမိလည်း လမ်းပြင်ရန် ခွင့် တောင်းလေသည်။ ရမ္မာ မြို့သားတို့က "တန်ခိုးဖြင့် လမ်းပြင်

လိမ့်မည် အထင်ဖြင့်” ရွှံ့ညွန်များသော နေရာကို ပေးကြလေသည်။ သုမေဓာ ရှင်ရသေ့သည် သာလွန်၍ အကျိုးများစေခြင်းငှာ သူများနည်းတူပင် မြေကို ထမ်းယူလျက် ရွှံ့ဘွက်ကို ဖို့နေစဉ် မပြီးတတ်သေးသော အချိန်မှာပင် ရဟန္တာလေးသိန်း အခြံအရံဖြင့် ဘုရားရှင် ကြွလာတော်မူလေသည်။ သုမေဓာ ရှင်ရသေ့လည်း ဘုရားရှင်နှင့်တကွ နောက်ပါ ရဟန္တာများကို ရွှံ့ညွန်ပေါ်တွင် မနင်းစေပဲ မိမိအပေါ် နင်း၍ ကြွတော်မူရန် တံတားအသွင် ခင်းလျက် ဝပ်စင်းနေလေသည်။

သုမေဓာ ရှင်ရသေ့သည် ယခင်က မိမိအတွက်သာ နိဗ္ဗာန်ကို ရှာကြံခဲ့ပါသော်လည်း ဒီပင်္ကရာ ဘုရားရှင်နှင့် တွေ့ရသောအခါ သံသရာဝဋ်ဆင်းရဲ၌ နစ်မွန်းမြောပါး နေကြကုန်သော သတ္တဝါတို့ကိုလည်း သနား၊ မိမိ၏ စွမ်းရည် သတ္တိကိုလည်း ယုံကြည်စိတ်ချရသောကြောင့် ဘုရားဆုကို ပန်ဆင်တော် မူလေသည်။

## ဗျာဒိတ် ရတော်မူခန်း

ထိုအခါ ဒီပင်္ကရာ ဘုရားရှင်သည် နောင်ရေး နောင်တာကို ဆင်ခြင်တော်မူ၍ “ဤရသေ့ကို ကြည့်ကြကုန်လော့၊ ဤရသေ့သည် လေးသင်္ချေနှင့် ကမ္ဘာတသိန်း လွန်သောအခါ ‘ဂေါတမဗုဒ္ဓ’ဟူသော အမည်ဖြင့် ငါဘုရားကဲ့သို့ ဘုရားတဆူ ဖြစ်လိမ့်မည်”ဟု ဗျာဒိတ်တော်မြွက် ခပ်နှိပ်တော်မူလေသည်။

## ပါရမီ ဖြည့်ကျင့်တော်မူခန်း

ဘုရားအလောင်းတော်သည် ဗျာဒိတ်ရတော်မူပြီးနောက်....

၁။ ဒါနပါရမီ၊
၂။ သီလပါရမီ၊
၃။ နေက္ခမ္မပါရမီ၊
၄။ ပညာပါရမီ၊
၅။ ဝီရိယပါရမီ၊
၆။ ခန္တီပါရမီ၊
၇။ သစ္စာပါရမီ၊
၈။ အဓိဋ္ဌာန်ပါရမီ၊
၉။ မေတ္တာပါရမီ၊
၁၀။ ဥပေက္ခာပါရမီ၊

ဟူသော ပါရမီ ၁၀-ပါးတို့ကို အစဉ်အတိုင်း ဖြည့်ကျင့်တော်မူလေသည်။

"ပါရမီ"ဟူသည် စိတ်နေစိတ်ထား မြင့်မားသူတို့၏ နိဗ္ဗာန်ကို ရည်မှန်း၍ ပြုအပ်သော ဒါနမှု သီလမှု စသည်တို့တည်း။

၁။ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းကို ဒါနပါရမီဟု ခေါ်သည်။

၂။ ၅-ပါး ၈-ပါးစသော ဆိုင်ရာသီလများကို စောင့်ထိန်းခြင်းကို သီလပါရမီဟု ခေါ်သည်။

၃။ စည်းစိမ် ချမ်းသာတို့ကို စွန့်ခွာ၍ တောထွက်ခြင်းကို နေက္ခမ္မပါရမီဟု ခေါ်သည်။

၄။ အရာရာ၌ တတ်သိ နားလည်မှုရှိခြင်းကို ပညာပါရမီဟု ခေါ်သည်။

၅။ ကုသိုလ် ကိစ္စဟူသမျှ၌ သက်စွန့်ကြိုးပမ်း အားထုတ်ခြင်းကို ဝီရိယပါရမီဟု ခေါ်သည်။

၆။ သူတပါးက နှိပ်စက်သည်ကို သည်းခံမှုကို ခန္တီပါရမီဟု ခေါ်သည်။

၇။ မှန်ကန် ဖြောင့်မတ်စွာ ပြောဆို လုပ်ကိုင်မှုကို သစ္စာပါရမီဟု ခေါ်သည်။

၈။ မိမိ ရည်မှန်းထားသော ကုသိုလ်အမှု၌ စွဲစွဲ မြဲမြဲ ဇွဲကောင်းမှုကို အဓိဋ္ဌာန်ပါရမီဟု ခေါ်သည်။

၉။ သတ္တဝါတို့အား ချစ်ခင်သဖြင့် ကောင်းကျိုးလိုလား မှုကို မေတ္တာပါရမီဟု ခေါ်သည်။

၁၀။ မချစ်မမုန်း လျစ်လျူရှုမှုကို ဥပေက္ခာပါရမီဟု ခေါ်သည်။

ယင်း ၁၀-ပါးတို့တွင် တပါးတပါး၌....

၁။ ပါရမီ=အပြင်အပ ဗာဟိရ ဥစ္စာ ဘဏ္ဍာအမျိုးမျိုးကို စွန့်လွှတ်၍ ဖြည့်ကျင့်မှု၊

၂။ ဥပပါရမီ=မျက်စိ-နား-နှာ-အင်္ဂါ ခြေလက် တို့ကို အပျက်စီးခံ၍ ဖြည့်ကျင့်မှု၊

၃။ ပရမတ္ထပါရမီ = အသက်ကိုပင် မငဲ့ညှာပဲ လှူစွန့်စွာ ဖြည့်ကျင့်မှုဟု သုံးမျိုးစီရှိလေသည်။

ယခင် ၁၀-မျိုးကို ဤသုံးမျိုးဖြင့် မြှောက်လျှင် ပါရမီ ၁၀-ပါး အပြား ၃၀-ဖြစ်သည်။

ယင်းပါရမီ ၁၀-ပါးတို့ကို လေးသင်္ချေနှင့် ကမ္ဘာတသိန်း တိုင်အောင် ဖြည့်ကျင့်တော်မူပြီးနောက် ဝေဿန္တရာမင်းဘဝ

အရောက်တွင် ပြည့်စုံ လုံလောက်ပြီဖြစ်၍ တဖန် တုသိတာ နတ်မင်း အဖြစ်ဖြင့် စိုးစံပြန်လေသည်။

## ပဋိသန္ဓေ တည်နေတော်မူခန်း

ထိုမှတဖန် နတ်သက်ဒေဝပြန်သော် စကြာဝဠာ တသောင်းမှ နတ်ဗြဟ္မာ အပေါင်းတို့၏ တောင်းပန်မှုကြောင့် ကပိလဝတ် နေပြည်တော် ဘုရင်သုဒ္ဓေါဒန၏ မိဖုရား မယ်တော်မာယာ၏ ဝမ်းကြာတိုက်ဝယ် ဝါဆိုလပြည့် ကြာသပတေးနေ့၌ စွဲပိုက်သန္ဓေ တည်နေတော်မူလေသည်။

## မီးဖွား သန့်စင်တော်မူခန်း

ပဋိသန္ဓေ တည်နေပြီးနောက် ဆယ်လစေ့သည့် ကဆုန်လပြည့် သောကြာနေ့ အရောက်တွင် မယ်တော် မာယာသည် ဆွေတော် ရှစ်သောင်း မျိုးတော် အပေါင်းတို့၏ နေထိုင်ရာ ဒေဝဒဟပြည်သို့ သွားလေသည်၊ လမ်းရိုးအကြားတွင် လုမ္ဗိနီ ခေါ် အင်ကြင်းဥယျာဉ်တခုရှိ၏၊ ထိုဥယျာဉ်တော်၏ သာယာပုံကို တွေ့ဝင်ရောက် ကြည့်ရှုရင်းပင် ကမ္ဘာလေ လှုပ်လာသည့် အခိုက် အင်ကြင်းခက်ကို အကိုင်လိုက်တွင် ကိုယ်ဟန် မပျက် မတ်တတ်ရပ်လျက်ပင် အလောင်းတော်ကို မီးဖွားသန့်စင်တော်မူလေသည်။

အကျိုး အားလုံးကို ပြီးစေတတ်သောကြောင့် ဘုရားအလောင်းကို "သိဒ္ဓတ္ထ" ဟု နာမည်တင်သ၍ ချစ်စနိုးခေါ်ကြလေသည်။

## ထီးနန်း စိုးစံတော်မူခန်း

ဘုရားအလောင်းတော်သည် ၁၆-နှစ်အရွယ်သို့ ရောက်သော အခါ သာကီဝင်မင်းမျိုးများက တောထွက်သွားမည်ကို စိုးရိမ်ကြ၍ မိန်းမကောင်းအင်္ဂါ ၁၁-ဖြာနှင့် ပြည့်စုံသော "ယသော်ဓရာ"မင်းသမီးနှင့် အဘိသိက် ခံစေကြလေသည်၊ ဆောင်းဥတုအခါ၌ စံမြန်းတော်မူရန် "ရမ္မ"မည်ခေါ် ၉-ထပ် တိုက်နန်းတော်ကို၎င်း၊ နွေဥတုအခါ စံမြန်းတော်မူရန် "သုရမ္မ"မည်ခေါ် ၅-ထပ် တိုက်နန်းတော်ကို၎င်း၊ မိုးဥတုအခါ စံမြန်းတော်မူရန် "သုဘ"မည်ခေါ် ၇-ထပ် တိုက်နန်းတော်ကို၎င်း ခန်းနား ထယ်ဝါ သပ်ယပ်စွာ တည်ဆောက်စေတော်မူလေသည်။ တိတ်တဆိတ် တောထွက် သွားမည်ကို စိုးရိမ်ကြသောကြောင့် လူတထောင်ဖွင့်မှ ပွင့်နိုင်မည့် မြို့တံခါးကြီးများကို လဲလှယ် ပြုပြင် တပ်ဆင်ထားလေသည်။

## သံဝေဂ ယူတော်မူခန်း

ဘုရား အလောင်းတော်သည် ထီးနန်း စည်းစိမ်ကို ခံစားတော်မူစဉ် ၂၉-နှစ်အရွယ်သို့ အရောက်တွင် ဥယျာဉ်တော်သို့ ထွက်တော်မူလေသော် ဗြဟ္မာမင်းတို့က သူအို, သူနာ, သူသေတို့ကို ဖန်ဆင်း၍ ပြလေသည်။ ယင်းတို့ကို တခါမှ မမြင်ဘူးသေးသော ဘုရားအလောင်းတော်သည် ရှုံ့ကြောက်တွေးဆ သံဝေဂ ဖြစ်ခိုက်ဝယ် တင့်တယ် သပ္ပါယ်သော ရဟန်းကို ဖန်ဆင်း၍ အပြလိုက်တွင် ရွှင်လန်းအားရ နှစ်သက်လှသဖြင့် ရဟန်းပြုဘို့ရန် အဓိဋ္ဌာန်တော်မူလေသည်။

သုအို, သုနာ, သုသေ, ရဟန်း ဟူသော နိမိတ်ကြီး လေးပါးတို့ကို မြင်တော်မူခဲ့ပြီး၍ ဉယျာဉ်တော်မှ ပြန်ခါစတွင် သားတော် ရတနာ ဖွားမြင်ကြောင်းကို သံတော်ဦး တင်ကြလေသည်။ ထိုအခါ ဘုရားအလောင်းတော်သည် "ရာဟု ဇာတော ဗန္ဓနံ ဇာတံ=လင်ပုပ် ဖမ်းသည့်နှယ် အနှောင်အဖွဲ့ ဖြစ်ရလေတယ်" ဟု ညည်းတွားလေသည်၊ အလောင်းတော်၏ ဤစကားကို နားစွန်နားဖျား ကြားရသူတို့က ခမည်းတော် မင်းကြီးအား လျှောက်ထားကြရာ သားတော်ကလေးကို နာမည် မှည့်ပေးသည့် အဆင်ဖြင့် "ရာဟုလာ"တဲ့ဟု အပျော်တွေး၍ နာမည် ပေးကြလေတော့သည်။

## တောထွက်တော်မူခန်း

ထိုညဘက်ပင် ငယ်ကျွန်ရင်း ဆန္နအမတ်ကိုနိုး၍ ကဏ္ဍက မြင်းကို ဆက်သတို့ အမိန့်ပေးလေသည်။ မင်္ဂလာ မြင်းတော် အထက်သို့အရောက် ကဆုန်လပြည့် သန်းခေါင်အချိန်လောက်တွင် မြို့စောင့်နတ်များက အသင့်ဖွင့်ထားနှင့်သော တံခါးမှ ဆန္န အမတ်နှင့် ထွက်ခဲ့လေသည်၊ ထိုအခါ မာရ်နတ်က "နောက် ခုနစ်ရက်မြောက်၌ စကြာရတနာ ဆိုက်ရောက်ပါလိမ့်မည်"ဟု တောမထွက်ရန် တားမြစ်သေးသော်လည်း စကြာမင်းစည်းစိမ်ကိုပင် လျစ်လျူရှု၍ ထွက်မြဲထွက်ခဲ့လေသည်။

## ရဟန်းပြုတော်မူခန်း

ဤသို့ တောထွက်ခဲ့လေရာ အနော်မာမြစ် တဖက်ကမ်းသို့ အရောက်တွင် သန်လျက်ဖြင့် ဆံတော်ကို ကိုယ်တိုင် ပယ်တော်

မူ၍ ဿင်္ဂီကာရ ပြဟ္မာမင်းက ကပ်လှူသော ရဟန်းပရိက္ခရာတို့ကို ဆင်မြန်းတော်မူပြီးလျှင် ဆန္န အမတ်အား တိုင်းပြည်သို့ ပြန်ရန် အမိန့်ပေးလေသည်။

## ဒုက္ကရစရိယာ ကျင့်တော်မူခန်း

ဘုရားအလောင်းတော်သည် ရဟန်း ပြုတော်မူပြီးနောက် ဒေသစာရီ ကြွချီတော်မူစဉ် အာဠာရ ရသေ့နှင့် ဥဒကရသေ့တို့ထံဝင်၍ တရားထူးကို စုံစမ်းတော်မူလေသည်၊ ထိုရသေ့တို့ထံမှ လောကီစျာန်လောကီကိုသာ ရရှိတော်မူသဖြင့် ရောင့်ရဲမှုမရှိသေးသောကြောင့် ဥရုဝေလတောသို့ကြွ၍ ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူလေသည်။

လူသာမန်တို့ပြုနိုင်ခဲသောအကျင့်ကို ''ဒုက္ကရစရိယာအကျင့်'' ဟု ခေါ်သည်။ ဒုက္ကရစရိယာ အကျင့်ကို ကျင့်ပုံမှာ–ထွက်သက်ဝင်သက်များကို လုံးဝ မထွက်ရ မဝင်ရအောင် ချုပ်တည်း၍လည်း ကျင့်လေသည်၊ အစာကို ဖြတ်တောက်၍ ကျင့်အံ့ဟုလည်း အကြံဖြစ်လေသည်၊ ထိုအခါ နတ်တို့က မွေးညှင်းပေါက်တို့မှ နတ်သြဇာ သွင်းပေးမည် ဟု ဆိုသောကြောင့် လက်မခံပဲ ပဲနောက်ရည် တစ်လက်ဖက်မျှကိုဖြစ်စေ၊ ပဲပိစပ်ရည် တလက်ဖက်မျှကိုဖြစ်စေ၊ ကုလားပဲရည် တလက်ဖက်မျှကိုဖြစ်စေ စား၍လည်း ကျင့်ခဲ့လေသည်။ သို့သော် အကျိုးထူးမရပဲ ကိုယ်ပင်ပန်းရုံသာ ရှိခဲ့ရလေသည်။ ယင်း အတ္တကိလမထာနုယောဂ အကျင့်သည် ထိုစဉ်က အိန္ဒိယနိုင်ငံတွင် အကျင့်ကောင်းအနေနှင့် ခေတ်စားနေသော အကျင့်တခု ဖြစ်လေသည်။

ထိုသို့ ကျင့်နေစဉ်က ပဥ္စဝဂ္ဂီခေါ်သော ပုဂ္ဂိုလ်ငါးဦးတို့သည် တရားဦးနာရန် ရည်ရွယ်၍ အလုပ်အကျွေး ပြုနေကြပေသည်၊ ဘုရားအလောင်းတော်သည် ဒုက္ကရစရိယာ အကျင့်ဖြင့် အကျိုး မရှိသည်ကို သိရ၍ အစာ အာဟာရကို ပြန်လည် သုံးဆောင်သောအခါ "ပဓာန အလုပ်က ထွက်တယ် ဘုရား မဖြစ်နိုင်တော့ဘူး"ဟု အထင်မှားကြပြီးလျှင် ပဥ္စဝဂ္ဂီတို့သည် ဘုရား အလောင်းတော်ကို စွန့်ထားခဲ့ကာ ဗာရာဏသီပြည် မိဂဒါဝုန်တောသို့ ထွက်သွားကြလေသည်။

ဘုရားအလောင်းတော်သည် ၂၉-နှစ်အရွယ်တွင် တောထွက်တော်မူ၏၊ ၆-နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူ၏၊ ထို့နောက် ၃၅-နှစ်အရွယ်သို့ ရောက်တော်မူရာ ကဆုန်လပြည့်နေ့ဝယ် သေနာနိဂုံးသူ သူဌေးကတော်ကလေး သုဇာတာ၏ ဃနာနို့ဆွမ်းကို ခံယူတော်မူ၍ နေရဉ္ဇရာ မြစ်ဆိပ်၌ ဘုဉ်းပေးတော်မူ၏၊ နေရဉ္ဇရာမြစ်ကမ်း အင်ကြင်း ဥယျာဉ်တော်၌ နေ့အဘို့ သီတင်းသုံးတော်မူပြီး ညနေချမ်း အခါတွင် ယခု ဗုဒ္ဓဂယာ ခေါ်သော နေရာရှိ ဗောဓိ ညောင်ပင် အောက်သို့ ကြွတော်မူ၍ လမ်းခုလတ်က မြက်ရိတ်သမား ပုဏ္ဏားတယောက်က လှူလိုက်သော မြက် ၈-ဆုပ်ကို ဖြန့်ခင်းကာ "ငါသည် ဘုရားမဖြစ်သမျှ ကာလပတ်လုံး ဤနေရာမှ မထတော့"ဟု အဓိဋ္ဌာန်၍ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလေသည်။

## မာရ်နတ်ကိုအောင်မြင်တော်မူခန်း

ထိုသို့ ထိုင်နေသည်ကို မာရ်နတ်မင်း မြင်လေသော် ဂိရိမေခလာ ဆင်ကြီးကိုစီး၍ မိမိ၏ နတ်စစ်သည် များနှင့် ဗောဓိ မဏ္ဍိုင်သို့ ရှေးရှုလာပြီးလျှင် "တက်ကြလော့-ဖမ်းကြလော့" ဟု အတင်း တပ်လှန့် ဆော်အောလေသည်။ အကြီးအကျယ် တစ္ဆေ ခြောက်ခြင်းဟု ဆိုနိုင်ပါသည်၊ တကယ်တော့လည်း ဘုရားလောင်း၏ တန်ခိုးနှင့် နှိုင်းစာမည် ဆိုလျှင် မာရ်နတ်၏ တန်ခိုးသည် တစ္ဆေ၏ တန်ခိုးလောက်ပင် မရှိနိုင်ပါ။

ဘုရားအလောင်းတော်သည် မာရ်နတ်ကို မေတ္တာ မကင်း ကြောက်ရွံ့ခြင်း မရှိ သနားသော အကြည့်ဖြင့် ကြည့်ရှုတော်မူ၍ "ငါသည် ဤပလ္လင်နေရာကို ရဘို့အတွက် လေးသင်္ချေနှင့် ကမ္ဘာတသိန်းတိုင်အောင် ပါရမီ ၁၀-ပါး၊ စွန့်ခြင်းကြီး ၅-ပါး တို့ကို ပြုလုပ် ဆည်းပူးခဲ့ရသည်" ဟု မိန့်တော်မူလျက် လက်တော်ဖြင့် မြေကို သုံးသပ်တော် မူသောအခါ မဟာပထဝီ မြေကြီးသည် စက်ခလုပ်ကို ဖြုတ်လိုက်သည့်ပမာ တော်လဲ လျှင်ပဲ့တင်ထပ်မျှ တောသံ တောင်သံ ဂြိုးဂြိုး ညံကာ ပြင်းစွာ တုန်လှုပ်လေသည်၊ မဟာပထဝီမြေကြီး၏ တုန်လှုပ်သံကြောင့် နတ်စစ်သည် အများ တပ်လှန့်၍ ခြေဦးတည့်ရာသို့ ပြေးကြလေလျှင် မာရ်နတ်ကြီးသည် ကိုယ့်တပ်ကို မထိန်းနိုင်သည့် အဆုံးတွင် လက်ရုံးပေါင်းတထောင်ကို ဖယ်ရှား၍ ဂိရိမေခလာ ဆင်ပြောင်ကြီးကို ပစ်ထားခဲ့ကာ တအားကုန် ထွက်ပြေးရလေသည်။

## ဘုရား ဖြစ်တော်မူခန်း

ဘုရားအလောင်းတော်သည် မာရ်နတ်ရန်ကို နေမဝင်မီ အောင်မြင်တော်မူ၏၊ ညဉ့်ဦးယာမ်၌ ရှေးဟောင်း နှောင်းဖြစ်များကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ကို ရရှိတော် မူ၏၊ သန်းခေါင်ယာမ်၌ လောကကြီး တခုလုံးကို မျက်ဝါး ထင်ထင် သိမ်းကျုံး မြင်နိုင်သော ဒိဗ္ဗစက္ခု ဉာဏ်ကို ရရှိတော်မူ၏။ အရုဏ် တက်မည့်ဆဲဆဲ အချိန်တွင် တထောင့် ငါးရာ ကိလေသာအားလုံး ပြုတ်ပြုတ်ပြုန်းသဖြင့် အာသဝက္ခယ ဉာဏ်, သဗ္ဗညုတဉာဏ်ကိုလည်း ရတော်မူလျက် ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

## မိဂဒါဝုန်တောသို့ သာသနာပြု ကြွတော်မူခန်း

ဤသို့ ဘုရားဖြစ်တော်မူပြီးနောက် "ဝိမုတ္တိသုခ" ခေါ်သော ဖလသမာပတ် ချမ်းသာကို ခံစားတော်မူကာ ၇-ပါးသော ဌာနတို့၌ ခုနစ်ရက်စီဖြင့် အားလုံးပေါင်း ၄၉-ရက်ကြာအောင် သီတင်းသုံး နေတော်မူလေသည်၊ ထို့နောက် တရားဦး ဟောတော်မူရန် ပဉ္စဝဂ္ဂီ ငါးဦးတို့၏ နေရာဖြစ်သော မိဂဒါဝုန်တောသို့ ကြွချီတော်မူလေသည်၊ ဗုဒ္ဓဂယာမှ မိဂဒါဝုန်တောအထိ ၁၈-ယူဇနာ(ယခုခေတ် မိုင်အားဖြင့် ၁၄၂-မိုင်) ဝေးကွာသည်၊ ပဉ္စဝဂ္ဂီ ငါးဦးတို့၏ နေရာသို့ ရောက်သောအခါ အသင့် ခင်းထားသော နေရာတွင် ထိုင်နေတော် မူလေသည်။ ဤသို့ ထိုင်နေသောအခါမှာ ပဉ္စဝဂ္ဂီတို့က ဘုရားဖြစ်လာမှန်း

မသိကြသေးသောကြောင့် "ငါ့ရှင် ဂေါတမ-ငါ့ရှင် ဂေါတမ" ဟု ရှေးကလိုပင် ခေါ်နေကျအတိုင်း သူငယ်ချင်းပြော....ပြော ဆိုကြလေသည်။

"ပဥ္စဝဂ္ဂီ ရဟန်းတို့....ရှေးဘုရားတို့နှင့် ဂုဏ်ရည်တူ ဖြစ်သော ငါဘုရားကို 'ငါ့ရှင်'ဟု မခေါ်ကြနှင့်" ဟူ၍ ဘုရားဖြစ်လာ ကြောင်း သိသွားရန် ဒွိဒိုး မိန့်တော်မူရ လေသည်။ သို့သော် လည်း ပဥ္စဝဂ္ဂီ ငါးဦးတို့က မယုံကြည်ကြသေးသဖြင့် 'ငါ့ရှင် ဂေါတမ သင်ဟာ အစာဖြတ်ပြီး ဒုက္ကရစရိယာ အကျင့်ကို ကျင့်စဉ်တုန်းကမှ တရားထူးကို မရရှိပါပဲနှင့် ပဓာန အလုပ်က ထွက်၍ ပစ္စည်းများအောင် အားထုတ်နေသော ယခုအချိန်မှာ အရိယာအမြင်တရားထူးကို ဘယ်မှာ ရနိုင်ပါမလဲ"ဟု ကန့်ကွက် ပြောဆိုကြလေသည်။

မြတ်စွာဘုရားကလည်း ကရုဏာရှေ့ထား၍ သုံးကြိမ်တိတိ ထပ်မံ အမိန့်ရှိလေသည်။ ပဥ္စဝဂ္ဂီတို့ကလည်း သုံးကြိမ်လုံးလုံး ကန့်ကွက်ကြလေသည်၊ ဤ အခြေအနေတွင် မြတ်စွာဘုရားက သတိပေးသည့်အနေဖြင့် "ပဥ္စဝဂ္ဂီတို့ သင်တို့ စဉ်းစားကြလော့၊ ရှေးအခါက ငါဒီလိုပြောဘူးတာကို ကြားဘူးကြပါသလား" ဟု မေးတော်မူလေသည်၊ ဒီတော့မှ ပဥ္စဝဂ္ဂီတို့က သတိရကြ ပြီးလျှင် "ဟိုတုန်းက ဒီလို မပြောခဲ့ဘူးကြောင်း"ကို ပြန်ကြား လျှောက်ထားကြ လေသည်။ တရားတော်ကို နာကြားရန်လဲ ရိုရိုသေသေ နားစိုက်ကြလေသည်၊ ထိုအခါမှ မြတ်စွာဘုရားက ဓမ္မစကြာ တရားတော်ကို စတင် ဟောတော်မူပေသည်။

## ဓမ္မစကြာ တရားတော်

“ဓမ္မစကြာ”ဟူသော စကားသည် ဓမ္မစက္ကပဝတ္တန-ဟူသော ပါဠိမှဆင်းသက်လာသော ပါဠိကပြားမြန်မာစကား ဖြစ်သည်။ “တရား စက်ဘီးကို စတင်ပြီး လည်စေသော တရားတော်”ဟု ဆိုလိုသည်။ ယင်း ဓမ္မစကြာ တရားတော်ကြီးကို ဝါဆိုလပြည့် စနေနေ့၌ ဟောတော်မူလေသည်။ ဟောတော်မူပုံမှာ....

### အယုတ်တရား ၂-ပါး

ရဟန်းတို့—ရှင်ရဟန်း ဖြစ်သူသည် ဤလမ်းမှား နှစ်သွယ်ကို မမှီဝဲအပ်ပေ၊ အဘယ်လမ်းမှား နှစ်သွယ်နည်း ဟူမူ....

၁။ ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ ကိလေသာကာမ ချမ်းသာကို ခံစားနေခြင်းသည် ပဌမ လမ်းမှားအဘို့ တပါးဖြစ်ပေသည်။ ဤ ကာမ ချမ်းသာကို သာယာခံစားမှုသည် ယုတ်ညံ့ပါသည်။ ရွာသူ ရွာသားတို့၏ အလေ့ အလာ ဖြစ်ပါသည်၊ အရိယာသူမြတ်တို့၏ အကျင့် မဟုတ်ပါ၊ သေခြင်းကင်းရန်အတွက် အကျိုးစီးပွား အစစ် အမှန် ဖြစ်သော သီလ, သမာဓိ, ပညာတို့နှင့်လည်း ဘာမျှ မသက်ဆိုင်ပါ။

၂။ ထို့ပြင် သပ္ပါယဖြစ်သော အစားအစာ အဝတ်အရုံ ဥတုနှင့် ဣရိယာပုထ် များကိုပင် မမှီဝဲတော့ပဲ ကိုယ် ပင်ပန်းအောင် ညှဉ်းဆဲအားထုတ်သော အကျင့်သည် လည်း ဒုတိယလမ်းမှား အဘို့တပါး ဖြစ်ပေသည်။

ဤသို့ ကိုယ်ပင်ပန်းအောင် ကျင့်မှုသည်လည်း ပင်ပန်း ဆင်းရဲရုံမျှသာရှိပါသည်၊ အရိယာသူမြတ်တို့၏အကျင့် ကောင်းကား မဟုတ်ပါ၊ အကျိုးစီးပွား အစစ်အမှန် ဖြစ်သော သီလ, သမာဓိ, ပညာတို့နှင့်လည်း ဘာမျှ မသက်ဆိုင်ပါ။

မဇ္ဈိမပဋိပဒါ အလယ်လမ်း အကျင့်တရား

ရဟန်းတို့—ငါဘုရားသည် ဤဒွိ အဘို့နှစ်ပါး လမ်းမှား နှစ်သွယ်ကို ရှောင်ကြဉ်ပြီးလျှင် အလယ်လမ်းအကျင့်ကို သိမြင် လာပြီ၊ ငါသိသော ဤအလယ်လမ်းအကျင့်သည် ပညာမျက်စိ ကိုလည်း ပွင့်လင်းစေပါသည်။ အသိဉာဏ်ကိုလည်း ထွန်းလင်း စေပါသည်၊ ကိလေသာငြိမ်းဘို့ အထူးသိဘို့ ထိုးထွင်းသိဘို့ နိဗ္ဗာန်ကို မျက်မှောက်ပြုဘို့လဲ ဖြစ်ပါပေသည်၊ ငါသိလာသော ထိုအလယ်လမ်းအကျင့်ဟူသည် အင်္ဂါရှစ်ပါးရှိသော ဤအရိယာ မဂ်လမ်းပင် ဖြစ်ပေသည်။

မြတ်စွာဘုရားသည် အလောင်းတော်ဘဝက သက် တော် ၂၉-နှစ်တိုင်အောင် ကာမဂုဏ် ခံစားသည့် လမ်းကို လိုက်ခဲ့ပါသည်။ ဒုက္ကရစရိယာ အကျင့်ကို ကျင့်သည့်အခါတွင် ကိုယ်ပင်ပန်းအောင် အားထုတ် သော အကျင့်လမ်းကို လိုက်ခဲ့ပါသည်။နောက်ကာလမှာ ထိုလမ်းမှား နှစ်ခုစလုံးကို စွန့်ပယ်၍ မဇ္ဈိမပဋိပဒါ ခေါ်သော အလယ်လမ်းမှန်ကိုကျင့်ပြီးလျှင် သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

မလျော့လွန်း မတင်းလွန်း အလယ်အလတ်ဖြစ်သော မဇ္ဈိမ ပဋိပဒါ နည်းလမ်းအရ ဒွါရခြောက်ပါးမှာ ပေါ်လာသမျှ အာရုံတို့ကို ရှုမှတ်ပွားများနေလျှင် ပွားများမှု ပြည့်စုံသော အခါမှာ အရိယမဂ်များ ဖြစ်ပေါ်ပြီး သေခြင်းကင်းသော နိဗ္ဗာန်ကို မျက်မှောက် တွေ့ကာ သစ္စာလေးပါးကို သိမြင် ရခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ဤ မဇ္ဈိမပဋိပဒါ အကျင့်ဖြင့် ကိုယ်တော်တိုင် သိမြင်လာသော သစ္စာလေးပါးတို့ကို ဤသို့ ထုတ်ဖော်၍ ဟောတော်မူခဲ့ပါသည်။

## ဒုက္ခသစ္စာ

ရဟန်းတို့ — ဤသည်ကား အရိယာတို့ သိမြင်အပ်သော ဆင်းရဲ အစစ်အမှန် ဖြစ်ပေသည်။ ဘဝသစ် ဖြစ်ခြင်းလည်း ဆင်းရဲပင်၊ အိုခြင်း, နာခြင်း, သေခြင်းလည်း ဆင်းရဲပင်၊ မနှစ်သက်အပ်သော အာရုံဝတ္ထုများ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံ ရခြင်းလည်း ဆင်းရဲပင်၊ နှစ်သက်အပ်သော အာရုံဝတ္ထုများ ပုဂ္ဂိုလ်များနှင့် ကွဲကွာရခြင်းလည်း ဆင်းရဲပင်၊ မရနိုင်သည်ကို လိုချင်ခြင်းလည်း ဆင်းရဲပင်၊ အကျဉ်းချုပ်အားဖြင့်ကား ငါ, ငါ့ဥစ္စာဟု ထင်မှတ် စွဲလမ်းနိုင်သော ခန္ဓာ ၅-ပါး ရုပ်နာမ် များသည် ဆင်းရဲချည်းပင် ဖြစ်သည်။

## သမုဒယသစ္စာ

ရဟန်းတို့—ဤသည်ကား အရိယာတို့ သိအပ်သော ဆင်းရဲ ဖြစ်ပွားကြောင်း အမှန်ဖြစ်ပေသည်၊ အကြင်တဏှာသည် တဖန်

ဘဝသစ်ကို ဖြစ်စေတတ်၏၊ နှစ်သက် စွဲလမ်းခြင်းသဘောရှိ၏။ ထိုထို ရရာအာရုံ ရရာဘဝတို့၌ နှစ်သက် ပျော်မွေ့လျက် ရှိ၏။

ထိုတဏှာမှာ သရုပ်အားဖြင့်....

(၁) ကာမတဏှာ=ကာမဂုဏ်၌ တပ်မက်သော တဏှာ၊
(၂) ဘဝတဏှာ = ဘဝ၌ တပ်မက်သော တဏှာ၊
(၃) ဝိဘဝတဏှာ=သူ့အလိုလို ဘဝပြတ်ခြင်း၌ တပ်မက်သော တဏှာ....

ဟူ၍ သုံးပါး အပြားရှိ၏၊ ဤတဏှာသည် ဆင်းရဲဖြစ်ပွားကြောင်း အမှန်ဖြစ်ပေသည်။

## နိရောဓသစ္စာ

ရဟန်းတို့—ဤသည်ကား အရိယာတို့ သိအပ်သော ဆင်းရဲငြိမ်းရာအမှန် ဖြစ်ပေသည်၊ ၎င်းမှာ သရုပ်အားဖြင့် ယင်းတဏှာသုံးပါး၏ အကြွင်းမဲ့ ပျက်ပြယ်ချုပ်ငြိမ်းသွားခြင်း၊ ယင်းတဏှာကို စွန့်ခြင်း၊ လွတ်လွတ်စွန့်ခြင်း၊ ယင်းတဏှာမှ လွတ်မြောက်ခြင်း၊ ယင်း တဏှာဖြင့် မငြိမတွယ်ခြင်းပင် ဖြစ်သည်။

## မဂ္ဂသစ္စာ

ရဟန်းတို့—ဤသည်ကား အရိယာတို့ သိအပ်သော ဆင်းရဲငြိမ်းရာသို့ ဆိုက်ရောက်သွားသော အကျင့်လမ်းမှန် အစစ်ဖြစ်ပေသည်၊ ၎င်းတို့မှာ အင်္ဂါရှစ်ပါးရှိသော ဤ အရိယမဂ်ပင်ဖြစ်ပေသည်။

အင်္ဂါရှစ်ပါးမှာ....

(၁) မှန်စွာ သိခြင်း၊
(၂) မှန်စွာ ကြံခြင်း၊
(၃) မှန်စွာ ပြောဆိုခြင်း၊
(၄) မှန်စွာ ပြုလုပ်ခြင်း၊
(၅) မှန်စွာ အသက်မွေးခြင်း၊
(၆) မှန်စွာ အားထုတ်ခြင်း၊
(၇) မှန်စွာ အမှတ်ရခြင်း၊
(၈) မှန်စွာ စူးစိုက်တည်ကြည်ခြင်းတို့ပင် ဖြစ်သည်။

## ဉာဏ် ၁၂-ပါး

ဤသို့သိရာဝယ် သစ္စာ ၄-ပါး၏ သဘောသဘာဝ အသီးအသီးကို သိသော သစ္စဉာဏ် ၄-ပါး၊ ပြုသင့်သော ကိစ္စ ၄-ပါးကို သိသော ကိစ္စဉာဏ် ၄-ပါး၊ ကိစ္စ ၄-ပါးလုံး ပြီးစီးကြောင်းကို ပြန်လည် ဆင်ခြင်သော ကတဉာဏ် ၄-ပါး အားဖြင့် ဉာဏ် ၁၂-ပါး ပါဝင်နေပေသည်။

## ယခုမှ ဘုရားဖြစ်ကြောင်း ဝန်ခံပုံ

ရဟန်းတို့—ငါမှာ ဤ အရိယသစ္စာ ၄-ပါး၌ ယခုပြောခဲ့ပြီးသည့်အတိုင်း အပြန် ၃-ပါး၊ အခြင်းအရာ ၁၂-ပါးရှိသော ယထာဘူတဉာဏ်အမြင် ကောင်းစွာ သန့်ရှင်းစင်ကြယ်ပြီးသော အခါကျမှသာလျှင် နတ်, ဗြဟ္မာ, ရဟန်း, ပုဏ္ဏား, လူနှင့်တကွသော သတ္တဝါများထဲ၌ အလွန်အကဲမရှိ အမြတ်ဆုံးဖြစ်သော

သမ္မာသမ္ဗောဓိဉာဏ်-ဘုရားဉာဏ်ကို ငါရပြီ၊ ငါဘုရားဖြစ်ပြီဟု ဝန်ခံခဲ့သည့် ရဟန်းတို့....

## ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိပုံ

"ငါ၏ ကိလေသာမှ လွတ်မြောက်မှုသည် ဘယ်သော အခါမျှ မပျက်နိုင်တော့ပြီ၊ ယခု လက်ရှိဘဝသည် အဆုံးစွန်သော ဘဝ ဖြစ်ပေသည်၊ ယခုအခါ တဖန် ဖြစ်ပေါ်မည့် ဘဝသစ် ငါ့မှာမရှိတော့ပြီ"ဟု ဆင်ခြင်ပြီး မှန်ကန်စွာသိမြင်သော ပစ္စဝေက္ခဏာဉာဏ် အမြင်လည်း ငါ့မှာ ဖြစ်ပေါ်ခဲ့ပြီ ရဟန်းတို့ဟု မိန့်တော်မူကာ ဓမ္မစကြာ တရားဒေသနာတော်ကြီးကို အပြီးသတ် နိဂုံးချုပ်တော်မူခဲ့သည်။

## အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ

ထိုစဉ်အခါတုန်းက ဤဓမ္မစကြာတရား ဒေသနာတော်ကြီးကို ကြားနာရသောကြောင့် ဗြဟ္မာ ၁၈-ကုဋေနှင့် အတိုင်းမသိများစွာသော နတ်များ မဂ်ဖိုလ် တရားထူးကို ရသွားကြသည်။ လူသားဖြစ်သော ပဉ္စဝဂ္ဂီ ငါးဦးထဲမှလည်း အရှင် ကောဏ္ဍညမှာ "ဖြစ်ပေါ်သော တရားဟူသမျှသည် ချုပ်ဆုံးခြင်း သဘောချည်းပဲ"ဟု သိမြင်သော တရားမျက်စိ ခေါ် သောတာပတ္တိမဂ်ဉာဏ်" ဖြစ်ပေါ်ပြီး သောတာပန် ဖြစ်သွားသည်။ ထိုအခါ မြတ်စွာဘုရားက "ကောဏ္ဍည သိသွားပေပြီ အချင်းတို့၊ ကောဏ္ဍည သိသွားပေပြီ အချင်းတို့"ဟု ပီတိ သောမနဿ၏ အစွမ်းဖြင့် ဥဒါန်းကျူးတော်မူလေသည်။

## ဟေဟိဘိက္ခု ရဟန်း

ထိုအခါ အရှင် ကောဏ္ဍညသည် မြတ်စွာဘုရား အထံ၌ ရဟန်းအဖြစ်ကို လျှောက်တောင်းလေသည်၊ မြတ်စွာဘုရားက ဧဟိ ဘိက္ခုရဟန်းအဖြစ်နှင့် ရဟန်း ပြုပေးတော်မူလေသည်။

## ၅၅-ဝါ သာသနာပြု

ဓမ္မစကြာ တရားတော်ကြီးကို ဟောတော်မူပြီး၍ အစဉ် သဖြင့် ဆုံးမတော်မူသော မြတ်စွာဘုရားသည် ရသေ့ ၃-ဦးတို့ကို (တပည့်များနှင့် တကွ)ရှင်ပြုပေး၍ ဗိမ္ဗိသာရမင်း အစရှိသော မင်းအသီးအသီးတို့နှင့်တကွ လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့ကို ကရုဏာ ရှေ့ထားလျက် နေ့မအား, ညမအားအောင် တရား ရေအေး အမြိုက်ဆေးကို တိုက်ကျွေးကာ သာသနာပြုတော်မူ လေသည်။

## သာသနာ ပြုတော်မူပုံ

ဤသို့ သာသနာပြု၍ ၅၅-ဝါ ရတော်မူပြီး ပရိနိဗ္ဗာန် ပြုတော်မူမည့်နေ့ နံနက်ပိုင်းတွင် စုန္ဒမည်သော ရွှေပန်းထိမ် သည်က ကပ်လှူသော ဝက်သား ဆွမ်းကို ဘုဉ်းပေးတော်မူ ပြီးနောက် အကြိမ်များစွာ ဝမ်းတော်လားလေသည်။ ဝမ်းတော် လား၍ မည်မျှပင် အားအင် ကုန်ခန်းသော်လည်း သုဘဒ္ဒ အမည်ရှိသော အဝတ် ဝတ်သော ပရိဗိုဇ်ကို တရား ဟောလို ခြင်းစသော အကြောင်းများကြောင့် ပါဝါပြည်မှ ၃-ဂါဝုတ် ဝေးသော ကုသိနာရုံ ပြည်သို့ ကြွတော်မူ လေသည်။ ထိုင်း

ခရီးကို ၂၅-ကြိမ် နား၍ ကြီးစွာသော ဝီရိယဖြင့် ကြွတော်မူသော်လည်း နေဝင်ရီတရော အံချိန်တွင်မှ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုမည့် အင်ကြင်း ဥယျာဉ်သို့ ရောက်တော် မူကာ လကျာနံတောင်းဖြင့် စောင်းလျက် (မထသော လည်းလျောင်းခြင်းဖြင့်) လျောင်းတော်မူ လေသည်၊ ပဌမယာမ်တွင် ရဟန်းတော်တို့အား မဟာသုဒဿန သုတ္တန်ကို ဟော၍ မလ္လာမင်းတို့ကိုလည်း ဆိုင်ရာဆိုင်ရာ တရားများ ဟောသေးသည်။

## သုဘဒ္ဒပရိဗိုဇ်ကို တရားပေးခန်း

ဤသို့နှင့် ခရီးလည်း သွားထား၊ တလမ်းလုံး ဝမ်းတော်ကလည်း လားထားသဖြင့် အားအင်နည်း၍ လည်းလျောင်းကာ မလ္လာမင်းတို့အား တရားဟောပြီးသည့် မဇ္ဈိမယာမ်အချိန်ဝယ် သုဘဒ္ဒပရိဗိုဇ်ကလည်း ရောက်လာ၍ သူ့စိတ်ထဲတွင် ဖြစ်ပေါ်လျက် ရှိနေသော မရှင်းလင်းသည့် ယုံမှားများကို မေးလေတော့သည်။

ရှေးကာလ တခုသောဘဝတွင် ဤသုဘဒ္ဒပရိဗိုဇ်အလောင်းသည် တရားဦးကို ရရှိသွားသော အရှင်ကောဏ္ဍည မထေရ်အလောင်း၏ ညီဖြစ်ခဲ့၍ ညီအစ်ကို တော်စပ်ဘူးကြလေသည်၊ ထိုစဉ်အခါက သူတို့ ၂-ယောက်သည် လယ်သမား အလုပ်ကို စီးပွားတူ ပြုလုပ်ကြသော်လည်း လှူဒါန်းချိန်ဝယ် အစ်ကိုက လှူချင် ညီက မလှူချင်ဖြစ်ကာ သဘောကွဲလွဲကြ၏၊ ထိုနောက် ထိုစဉ်က လယ်ကိုခွဲဝေပြီးလျှင် အစ်ကိုကြီးက ကောက်ဦး၉-ကြိမ်

လှူဒါန်းခဲ့ဘူးသဖြင့် ယခုဘဝ၌ တရားထူးကို အရင်ဆုံး ဦးစွာရရှိလေသည်၊ မလှူလိုစိတ်ဖြစ်ခဲ့ဘူးသော ညီငယ်မှာ သုဘဒ္ဒပရိဗိုဇ်ဖြစ်လာ၍ ဤသို့နောက်ကျနေရပေသည်၊ ဒါနပါရမီ ပြုသူနှင့် မပြုသူသည် အရာရာတွင် ကွာခြားမြဲ ဖြစ်လေသည်။

သုဘဒ္ဒပရိဗိုဇ် အမေးကို မြတ်စွာဘုရားက ဖြေလိုက်၍ သဘောကျသွားသဖြင့် ရဟန်းအဖြစ်ကို တောင်းပန်လေသော် ရဟန်းပြုပေး၍ ရှုမှတ် ပွားများရမည့် တရားများကိုပါ သင်ပေးထားလေသည်၊ သုဘဒ္ဒ ရဟန်းကြီးသည် ဥယျာဉ်တွင်းရှိ ဆိတ်ငြိမ်သည့် နေရာသို့သွား၍ ရှေ့သတိနှင့် နောက်သတိ ရှေ့သမာဓိနှင့် နောက်သမာဓိကို ဆက်စပ်မိအောင် ဝီရိယကြီးစွာထားလျက် စင်္ကြံသွား၍ ဒွါရ ခြောက်ပါးမှ ပေါ်လာသမျှတို့ကို ရှုမှတ်လေရာ မကြာမြင့်မီပင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာဖြစ်လေသည်၊ စင်္ကြံသွားခြင်းသည် အညောင်းပြေရန် သက်သက်သာ မဟုတ်ပေ၊ အကျိုးများလှပေသည်။

မြတ်စွာဘုရားသည် သုဘဒ္ဒရဟန်းကြီး တရားအားထုတ်နေသော ပစ္ဆိမယာမ် အချိန်ဝယ် ရဟန်းတော် များအား ဩဝါဒ ပေးတော်မူသည်၊ ဤသို့နှင့် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုမည့် ညဉ့်ပင် ပဌမယာမ် (စက် နာရီ ၁၀-နာရီ အတွင်းဘက်အချိန်)တွင် ပလ္လာမင်းတို့အား တရားဟော၍ မဇ္ဈိမယာမ် (၁၀-နာရီမှ ၂-နာရီ အတွင်းအချိန်)တွင် သုဘဒ္ဒ ပရိဗိုဇ်အား တရားဟောတော်မူ၏၊ ပစ္ဆိမယာမ် (၂-နာရီ နောက်ပိုင်းအချိန်)တွင် ရဟန်းတို့အား ဩဝါဒပေး၍ သက်တော်

၈၀၊ ဝါတော် ၄၅-ဝါအရ မဟာသက္ကရာဇ် ၁၄၈-ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့ အရုဏ်တက်လုနီးနီး လင်းအားကြီး အချိန်တွင် ကုသိနာရုံပြည်ရှိ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန် ဝင်စံတော်မူလေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် အလောင်း တော်ကို မီးပူဇော်ကြရာ နောင်အခါ မိမိတို့အရပ်ဌာနၞ စေတီ ပြု၍ ကိုးကွယ်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် မြတ်စွာဘုရားက အဓိဋ္ဌာန် ပြုတော်မူခဲ့သောကြောင့် ဓာတ်တော် မွေတော် အစိတ်စိတ်ကွဲလျက် ရှစ်စိတ်ကြွင်းကျန်ရစ်ခဲ့လေသည်။

ယင်း ဓာတ်တော်တို့ကိုပင် အမွေအနှစ်အဖြစ်ဖြင့် ထားခဲ့ခြင်း ဖြစ်သောကြောင့် မွေတော်ဟု ခေါ်ကြပြန်သည်၊ ထိုဓာတ်တော် တို့ကို စေတီတော်အတွင်းထား၍ ကိုးကွယ်ခြင်းဖြင့် လူစည်းစိမ် နတ်စည်းစိမ်တို့ကို အကြိမ်ကြိမ် ခံစားရသူတွေ မနည်းလှပေ၊ ထို့ကြောင့် စေတီတော်ကို ရှိခိုးသောအခါတွင် သက်တော် ထင်ရှား မြတ်စွာဘုရားအထိ စိတ်ကိုထားနိုင်ရမည်၊ ဂုဏ်တော်ကို အာရုံပြုနိုင်ရမည်ပင် ဖြစ်ပေသည်။

(ဘုရားဖြစ်တော်စဉ် ပြီး၏။)

ပဉ္စမတန်း ပြီး၏။

# အခြေခံသာသနာရေး

## ဒုတိယတန်း

### ကျက်မှတ်ရန်

### ပဋိပတ္တိပူဇနာကာရ ဘုရားရှိခိုး

၁။ ဗုဒ္ဓေါ သော ဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာ အစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီး

သည်ဖြစ်၍။ ဗောဓာယ၊ သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူပင် သိမြင်ကြပါစေခြင်း အကျိုးငှါ။ ဓမ္မံ၊ သစ္စာလေးတန် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။ တံ ဘဂဝန္တံ၊ သက်တော်ထင်ရှား ထိုမြတ်စွာဘုရားသခင်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

## ၂။ ဒန္တော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာ အစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ ဒန္တော၊ မြင်ကြား တွေ့ရ ကြံသိရာမှ ကိလေသာအညစ်အကြေး ကင်းစင်ဝေးလျက် ယဉ်ကျေးတော် မူပြီးသည် ဖြစ်၍။ ဒမထာယ၊ သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကိလေသာ အညစ်အကြေး ကင်းစင်ဝေးလျက် ယဉ်ကျေးကြပါစေခြင်း အကျိုးငှာ။ ဓမ္မံ၊ ယဉ်ကျေးစေရန် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။ တံ ဘဂဝန္တံ၊ သက်တော်ထင်ရှား ထိုမြတ်စွာဘုရားသခင်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

### ၃။ သန္တော သော ဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာ အစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ သန္တော၊ ရာဂ စသော အလုပ်အရှုပ်အများကင်းလျက် ငြိမ်သက်ငြိမ်းအေးတော်မူပြီး သည်ဖြစ်၍။ သမထာယ၊ သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ငြိမ်သက် ငြိမ်းအေးကြပါစေခြင်း အကျိုးငှာ။ ဓမ္မံ၊ ငြိမ်သက်စေရန် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာ ရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။ တံ ဘဂဝန္တံ၊ သက်တော်ထင်ရှား ထိုမြတ်စွာဘုရားသခင်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုး ပူဇော်ပါ၏ အရှင်ဘုရား။

### ၄။ တိဏ္ဏော သော ဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာ အစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ တိဏ္ဏော၊ ညြဿလေးဖြာ သံသရာ၏ ဟိုမှာကမ်းရောက် နိဗ္ဗာန်ပေါက် အောင် ကူးမြောက်တော်မူပြီးသည်ဖြစ်၍။ တရဏာယ၊ သတ္တဝါ အများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကူးမြောက်ကြပါ စေခြင်း အကျိုးငှာ။ ဓမ္မံ၊ ကူးမြောက်စေရန် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော် မူခဲ့ပါပေ၏။ တံ ဘဂဝန္တံ၊ သက်တော်ထင်ရှား ထိုမြတ်စွာ ဘုရားသခင်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

၅။ ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာ အစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတော၊ ကိလေသာခပ်သိမ်း အလုံးစုံငြိမ်းပြီးသည်ဖြစ်၍။ ပရိနိဗ္ဗာနာယ၊ သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကိလေသာ ခပ်သိမ်း ငြိမ်းကြပါစေခြင်း အကျိုးငှာ။ ဓမ္မံ၊ ကိလေသာ ငြိမ်းရန် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာရှေ့သွား ပညာ အားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။ တံ ဘဂဝန္တံ၊ သက်တော်ထင်ရှား ထိုမြတ်စွာဘုရားသခင်ကို။ အဟံ၊ အကျွန်ုပ် သည်။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

(မဟာစည် ဆရာတော်ဘုရားကြီး)

## ဒုစရိုက် ၁၀-ပါး

မကောင်းသောအကျင့် (မကောင်းသော ကိုယ်မှု နှုတ်မှု စိတ်မှု)ကို ဒုစရိုက်ဟု ခေါ်သည်၊ အကုသလကမ္မပထတရား ၁၀-ပါးဟုလည်း ခေါ်သေးသည်။

မေး။ ။ဒုစရိုက်တရား၊အကျဉ်းကား၊အပြား ဘယ်မျှနည်း။

ဖြေ။ ။ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ မနောကံ သုံးပါး၊ ပေါင်း ဒုစရိုက်အကျဉ်း ဆယ်ပါး ဖြစ်ပါသည်။

ဆောင်။ ။ကာယ သုံးလီ၊ ဝစီ လေးပါး၊ သုံးပါးမနော၊ အားလုံးနှော၊ မှတ်လောဒုစရိုက် အကျဉ်းဆယ်ပါး တည်း။

### ကာယဒုစရိုက် ၃-ပါး

မေး။ ။ကာယကံသုံးပါး၊ဟူသည်ကား၊မှတ်သား ဘယ်တို့ နည်း။

ဖြေ။ ။သူ့အသက်သတ်ခြင်း ပါဏာတိပါတ တပါး၊
သူ့ဥစ္စာခိုးယူခြင်း အဒိန္နာဒါန် တပါး၊
သူ့သားမယားကျူးလွန်ဖြစ်မှားခြင်း ကာမေသု-
မိစ္ဆာစာရ တပါး၊
ပေါင်း ကာယကံ သုံးပါးဖြစ်ပါသည်။

ဆောင်။ ။သက်သတ်-ခိုးမှု၊ ကာမေသု၊ သုံးခု ကာယကံ။

## ဝစီဒုစရိုက် ၄-ပါး

မေး။ ။ဝစီကံလေးပါး၊ ဟူသည်ကား၊ မှတ်သားဘယ်တို့နည်း။

ဖြေ။ ။လှည့်စားခြင်း မုသာဝါဒ တပါး၊
ဂုံးတိုက်ခြင်း ပိသုဏာဝါစာ တပါး၊
ဆဲရေးခြင်း ဖရုသဝါစာ တပါး၊
အဖျင်းပြောခြင်း သမ္ဖပ္ပလာပ တပါး၊
ပေါင်း ဝစီကံလေးပါး ဖြစ်ပါသည်။

ဆောင်။ ။လှည့်စား-ရန်တိုက်၊ မိုက်မိုက်ကန်းကန်း၊ နှုတ်ကြမ်းလေခြင်း၊ ပိန်ဖျင်းစကား၊ ပြောဆိုငြား၊ လေးပါးဝစီကံ။

## မနောဒုစရိုက် ၃-ပါး

မေး။ ။မနောကံသုံးပါး၊ ဟူသည်ကား၊ မှတ်သားဘယ်တို့နည်း။

ဖြေ။ ။သူ့ဥစ္စာကို ကိုယ့်ဥစ္စာ ပြုလိုမှု ရေးရှုကြံခြင်း အဘိဇ္ဈာတပါး၊
သူတပါးကို ပျက်စီးစေလိုခြင်း ဗျာပါဒတပါး၊
အယူမှားခြင်း မိစ္ဆာဒိဋ္ဌိ တပါး၊
ပေါင်း မနောကံ သုံးပါးဖြစ်ပါသည်။

ဆောင်။ ။သူ့ဥစ္စာမှန်၊ မတရားကြံ၍၊ ဖောက်ပြန်သေကြေ၊ ပျက်စေလိုငြား၊ အယူမှား၊ သုံးပါးမနောကံ။

## ဒုစရိုက်အကျယ် ၄၀

မေး။ ။ဒုစရိုက်တရား၊ အကျယ်ကား၊ အပြားဘယ်မျှနည်း။

ဖြေ။ ။ကိုယ်တိုင်ပြုခြင်း သာဟတ္ထိက ဆယ်ပါး၊
တိုက်တွန်းခြင်း အာဏတ္တိက ဆယ်ပါး၊
စိတ်တူခြင်း သမနုညာဘာသန ဆယ်ပါး၊
ချီးမွမ်းခြင်း ဝဏ္ဏဆယ်ပါး၊
ပေါင်း ဒုစရိုက်အကျယ် လေးဆယ်ဖြစ်ပါသည်။

ဆောင်။ ။ကိုယ်တိုင်-တိုက်တွန်း၊ ချီးမွမ်း-စိတ်တူ၊ မြွောက်ပွားမူ၊ မှတ်ယူဒုစရိုက် အကျယ်လေးဆယ်တည်း။

### မကောင်းမှု

အပြုအပြော၊ သဘောမဖြူ၊ ထိုသူကား၊ "ငါမူမကောင်း၊ မှုအပေါင်းကို၊ ရင့်ညောင်းကြာရှည်၊ ပြုမိသည်မှာ၊ မှားခဲ့စွာ" ဟု၊ မသာနှလုံး၊ မရွှင်ပြုံးနိုင်၊ သောကလှိုင်လျက်၊ ယိမ်းယိုင်ပျက်ပြား၊ အောက်လမ်းသွားသည်၊ လေးပါး အပါယ်ဖြောင့်ဖြောင့်တည်း။

### သုစရိုက် ၁၀-ပါး

ကောင်းသော အကျင့်ကို သုစရိုက်ဟု ခေါ်သည်၊ ကုသလကမ္မပထတရား ဆယ်ပါးဟုလည်း ခေါ်သေးသည်။

မေး။ ။သုစရိုက်ဝယ်၊ ကျဉ်းအကျယ်၊ မှတ်ဖွယ် ဘယ်မျှ နည်း။

ဖြေ။ ။ဒုစရိုက်တရား၊ ရှောင်ရှားသမှု၊ ကောင်းအောင်ပြု၊ မှတ်ရှုသုစရိုက် ကျဉ်းကျယ်တည်း။ (၎င်းကို သိသာထင်ရှားအောင် ရေးပြဦးအံ့။)

## ကာယသုစရိုက် ၃-ပါး

၁။ ပါဏာတိပါတဝိရတိ=သူ့အသက်သတ်ခြင်းမှ ရှောင်မှု၊
၂။ အဒိန္နာဒါနဝိရတိ=သူ့ဥစ္စာကိုခိုးယူခြင်းမှ ရှောင်မှု၊
၃။ ကာမေသုမိစ္ဆာစာရဝိရတိ=သူ့သားမယားကို ကျူးလွန်ပြစ်မှားခြင်းမှ ရှောင်မှု။

## ဝစီသုစရိုက် ၄-ပါး

၁။ မုသာဝါဒဝိရတိ=လှည့်စားခြင်းမှရှောင်မှု၊
၂။ ပိသုဏာဝါစာဝိရတိ=ကုန်းတိုက်ခြင်းမှရှောင်မှု၊
၃။ ဖရုသဝါစာဝိရတိ=ဆဲရေးခြင်းမှရှောင်မှု၊
၄။ သမ္ဖပ္ပလာပဝိရတိ=အဖျင်းပြောခြင်းမှရှောင်မှု။

## မနောသုစရိုက် ၃-ပါး

၁။ အနဘိဇ္ဈာ=သူ့ဥစ္စာကို ကိုယ့်ဥစ္စာပြုလိုမှု ရှေးရှုကြံခြင်းမှ ရှောင်မှု၊
၂။ အဗျာပါဒ=သူတပါးကို ပျက်စီးစေလိုခြင်းမှရှောင်မှု၊
၃။ သမ္မာဒိဋ္ဌိ=ကောင်းသောအယူကိုယူခြင်း။

## သုစရိုက်အကျယ် ၄၀

ယင်း သုစရိုက် ဆယ်ပါးသည်လည်း ကိုယ်တိုင် ပြုခြင်း သာဟတ္ထိက ဆယ်ပါး၊ တိုက်တွန်းခြင်း အာဏတ္တိက ဆယ်ပါး၊ ချီးမွမ်းခြင်း ဝဏ္ဏဘာသန ဆယ်ပါး၊ စိတ်တူခြင်း သမနုညာ ဆယ်ပါးအားဖြင့် ပေါင်း သုစရိုက်အကျယ် ၄၀-ဖြစ်သည်။

(ဝိသုဒ္ဓါရုံ ဂုဏ်တော်ဖွင့်)

## ကောင်းမှု

အပြုအပြော၊သဘောစင်ဖြူ၊ ထိုသူအား၊ "ငါမှုကောင်းမှု အစုစုကို၊ ဆည်းပြုခဲ့မိ၊ ရတော်ဘိ"ဟု၊ တွေးမိလေတိုင်း၊ ပီတိလှိုင်းဖြင့်၊ ယှက်သိုင်းထုထယ်၊ ပွင့်လမ်းကြွယ်သည်၊ ထက်ဝယ် နှတ်ထံ စံဘို့တည်း။

## ပုညကြိယဝတ္ထု ၁၀-ပါး

မေး။ ။ပုညကြိယ ဝတ္ထုတရား၊ အကျဉ်းကား၊ အပြား ဘယ်မျှနည်း။

ဖြေ။ ။၁။ အလှူပေးခြင်း ဒါနတပါး၊
၂။ ကိုယ်နှုတ် စောင့်ထိန်းခြင်း သီလတပါး၊
၃။ ကမ္မဋ္ဌာန်းစီးဖြန်းပွါးများခြင်းဘာဝနာတပါး၊
၄။ အသက် သိက္ခာကြီးသော သူတို့ကို အရိုအသေ ပြုခြင်း အပစာယနတပါး၊

၅။ အသက်သိက္ခာကြီးသော သူတို့၏ အမှုကိစ္စ၌ ကြောင့်ကြစိုက်ခြင်း ဝေယျာဝစ္စတပါး၊
၆။ မိမိကုသိုလ်၏ အဖို့ဘာဂကို အမျှပေးဝေခြင်း ပတ္တိဒါနတပါး၊
၇။ မိမိသူတပါး၏ ကုသိုလ်ကို နှစ်လိုဝမ်းမြောက်စွာ သာဓုခေါ်ခြင်း ပတ္တာနုမောဒနတပါး၊
၈။ တရားနာခြင်း ဓမ္မဿဝနတပါး၊
၉။ တရားဟောခြင်း ဓမ္မဒေသနာတပါး၊
၁၀။ အယူကို ဖြောင့်မှန်စွာပြုခြင်း ဒိဋ္ဌိဇုကမ္မတပါး၊ ပေါင်း ပုညကြိယဝတ္ထုအကျဉ်း ၁၀-ပါး ဖြစ်ပါသည်။

ဆောင်။ ။အလှူပေးခြင်း၊ စောင့်ထိန်းခြင်း၊ ပွါးခြင်းဘာဝနာ။ ရိုသေပြုခြင်း၊ မှုဆောင်ခြင်း၊ ဝေခြင်းဖို့ဘာဂါ။ သာဓုခေါ်ခြင်း၊ ကြားနာခြင်း၊ ဟောခြင်း ယူဖြောင့်စွာ။

မေး။ ။ပုညကြိယ ဝတ္ထုတရား၊ အကျယ်ကား၊ အပြား ဘယ်မျှနည်း။

ဖြေ။ ။မပြုခင်ရှေးအဖို့၌ဖြစ်သော ပုဗ္ဗစေတနာ ၁၀-ပါး၊ ပြုတုန်းပြုဆဲ၌ဖြစ်သော မုဉ္စစေတနာ ၁၀-ပါး၊ ပြုပြီးနောက် ဝမ်းမြောက်သော အပရစေတနာ ၁၀-ပါး၊ ပေါင်း ပုညကြိယ ဝတ္ထုအကျယ်-၃၀ ရှိပါသည်။

တနည်း။ ။ကိုယ်တိုင်, တိုက်တွန်း၊ ချီးမွမ်း, စိတ်တူ၊ မြောက်ပွားမှု၊ မှတ်ယူ ပုညကြိယဝတ္ထုအကျယ် ၄၀-တည်း။

## လူမိုက်နှင့် ပညာရှိ

မေး။ ။လူမိုက်လက္ခဏာ၊ မှတ်ဖွယ်ရာ၊ ကျမ်းလာဘယ်မျှရှိသနည်း။

ဖြေ။ ။မကောင်းသော အကြံကိုကြံခြင်း(ဒုစ္စိန္တိတ)တပါး၊ မမှန်သောစကားကိုပြောခြင်း(ဒုဗ္ဘာသိတ)တပါး၊ မတရားသော အမှုကိုပြုခြင်း(ဒုက္ကဋကမ္မ)တပါး၊ ပေါင်း လူမိုက်လက္ခဏာ ၃-ပါးဖြစ်ပါသည်။

ဆောင်။ ။မကောင်းသောအကြံ၊ မမှန်သောစကား၊ မတရားသောအမှု၊ ဤ ၃-ခု၊ မှတ်ရှု လူမိုက်လက္ခဏာ။

မေး။ ။ပညာရှိလက္ခဏာ၊ မှတ်ဖွယ်ရာ၊ ကျမ်းလာဘယ်မျှရှိသနည်း။

ဖြေ။ ။ကောင်းသောအကြံကိုကြံခြင်း (သုစိန္တိတ)တပါး၊ မှန်သောစကားကိုပြောခြင်း(သုဘာသိတ)တပါး၊ တရားသောအမှုကို ပြုခြင်း (သုကတကမ္မ)တပါး၊ ပေါင်း ပညာရှိလက္ခဏာ ၃-ပါးဖြစ်ပါသည်။

ဆောင်။ ။ကောင်းသောအကြံ၊ မှန်သောစကား၊ တရားသောအမှု၊ ဤသုံးခု၊ မှတ်ရှု ပညာရှိလက္ခဏာ။
(ဝိသုဒ္ဓါရုံဂုဏ်တော်ဖွင့်)

## ကျက်မှတ်ရန်
## ဥပုသ်သီလ ဆောက်တည်ပုံ

(က) အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။
ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။
တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

အာမ ဘန္တေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (၃)
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

အာမ ဘန္တေ။

ခ) ၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလ ဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိ ယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

အာမ ဘန္တေ။

## ကြည့်ရှုရန်

(က) အရှင်ဘုရား တပည့်တော်(မ)သည် သရဏဂုံ သုံးပါး နှင့်တကွ အင်္ဂါရှစ်ပါး ရှိသော ဥပုသ်သီလကို တောင်း

ပါ၏ဘုရား၊ တပည့်တော်(မ)အား ချီးမြှောက်သော အားဖြင့် သီလပေးတော်မူပါ ဘုရား။

(ခ) ထူးသည့် အစိပ္ပါယ်များကိုသာ ထုတ်နှုတ်၍ ပြပါအံ့။ (အခြေပြုတန်းတွင် ပြခဲ့ပါပြီ။)

၃။ မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။ (မိန်းမ ယောကျ်ား နှစ်ဦးသားတို့ ပျော်မွေ့ပေါင်းစပ် မမြတ်သော အကျင့်ကို မေထုန်-ဟု ခေါ်သည်။)

## ကာမေသုမိစ္ဆာစာရနှင့် အဗြဟ္မစရိယအထူး

ကာမေသု မိစ္ဆာစာရ သိက္ခာပုဒ်ကို ဆောက်တည်သူတို့ကား မိမိတို့၏ ကြင်ဘက်သက်နှံ့ အချင်းချင်း ပေါင်းသင်းခွင့် ရှိသေး၏။

အဗြဟ္မစရိယ သိက္ခာပုဒ်ကို စောင့်ရှောက် သူတို့ကား ကြင်ဘက် သက်နှံ့အချင်းချင်း ပေါင်းဆင်းခြင်းကိုပါ ရှောင်ကြဉ်ရသည်။

ကလေးသူငယ်နှင့် ပျိုရွယ်သူတို့သည် အထူး ရှောင်ကြဉ်စရာ မလိုသောကြောင့် ဤအဗြဟ္မစရိယသိက္ခာပုဒ်ကို ဆောက်တည် ထားပါလျှင် လွယ်လွယ်နှင့် အကျိုးများများ ရလေသည်၊ ထို့ကြောင့် အိမ်ထောင် မရှိသေး၍ ငယ်မူငယ်သွေး ဖြူစင် ဖွေးသည့် ကလေးသူငယ်(မ)တို့ ဆောက်တည်ရန်အတွက်

"ကောမာရ ဗြဟ္မစရိယ သီလဆောက်တည်ပုံ"ကို ဤ ၈-ပါး သီလခန်း အပြီး၀ယ်ပြပေအံ့။

၆။ နေမွန်းလွဲသောအခါ ထမင်း ဟင်းလျာ ကွမ်း ဆေး လဘက် မုန့် သစ်သီး နွားနို့ ကာဖီ လဘက်ရည်တို့ကိုစားသောက်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။ (နေမွန်းလွဲသောအခါဟု ဆိုသော်လည်း နေ့ ၁၂-နာရီမှစ၍ နောက်တနေ့ အရုဏ်မတက်မီ အချိန်အတွင်း မစားရပေ။)

၇။ အက, အဆို, အတီး, အမှုတ်တို့ကို ကြည့်ရှုနားထောင်ခြင်းနှင့် ပန်းနံ့သာ အမွှေးအကြိုင်တို့ကို လိမ်းကျံချယ်လှယ်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၈။ တတောင့်ထွာထက်မြင့်သော အိပ်ရာ, ဂွမ်း, မှို့သွတ်ထားသော မွေ့ရာ၊ လက်လေးသစ်မက အမွေးရှည်သော သားမွေးကော်ဇောကြီး စသော မြတ်သော အိပ်ရာတို့၌ အိပ်နေခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

## ဥပုသ်စောင့်ရသောအကျိုး

ဝိပဿီဘုရားရှင် လက်ထက်တော်တုန်းက ဗန္ဓုမတီမြို့၌ ဗန္ဓုမာမင်း အုပ်စိုးစဉ် ထိုမင်းသည် လပြည့်နေ့၌ ဥပုသ်စောင့်သုံးလေ့ရှိ၏၊ တိုင်းသူပြည်သား လူအများသည်လည်း အတုလိုက်၍

ဥပုသ်စောင့်ကြ၏။ ထိုမြို့ရှိ စည်းစိမ်ကြွယ်ဝသူ၏အိမ်၌ ရေခပ်ကျွန်မအဖြစ်ဖြင့် အလုပ်ကြမ်းလုပ်ရာမှ ဥပုသ်စောင့်သော အမျိုးသမီးကလေးတဦးသည်လည်း ထိုကုသိုလ်ကံကြောင့် တာဝတိံသာဘုံ၌ ဖြစ်ရ၏၊ ဘဝအဆက်ဆက်လည်း သုဂတိဘဝတို့၌သာ ကျင်လည်ခဲ့ရပြီးလျှင် ငါတို့ ဘုရားလက်ထက်တော် အခါဝယ် ပဋာစာရာထေရီမ၏ တရားကို နာရ၍ ရဟန်းပြုကာ ထိုထေရီမ၏ ဩဝါဒဖြင့်ပင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာမအဖြစ်သို့ ရောက်လေသည်။ (ထေရီဂါထာ-ဋ္ဌ ၄-၄၇)

## ဝိသာခါသုတ်

အခါတပါး၌ ဘုရားရှင်သည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတိုက် မိဂါရမာတာခေါ် ဝိသာခါ၏ ပြာသာဒ်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူ၏၊ ထိုအခါ ဘုရားရှင်ကို ရိုသေစွာ ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေသော မိဂါရမာတာ ဝိသာခါအား ဟောကြားတော်မူသည်မှာ—

ဝိသာခါ အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံစွာ ကျင့်သုံးအပ်တဲ့ ဥပုသ်ဟာ အကျိုးကြီးတယ်။ အာနိသင်ကြီးတယ်၊ တန်ခိုးကြီးတယ်၊ ကြီးမားတဲ့ ပြန့်နှံ့ခြင်းရှိတယ်။ ဝိသာခါ ဘယ်လိုကျင့်သုံးအပ်တဲ့ အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံတဲ့ ဥပုသ်ဟာ အကျိုး အာနိသင်စသည် ကြီးသလဲဆိုတော့—

၁။ ဝိသာခါ ဒီသာသနာတော်မှာ အရိယာတပည့်ဟာ ဒီလို ဆင်ခြင်တယ်၊ "ရဟန္တာတွေဟာ အသက်ထက်ဆုံး အသက်

သာ်ခြင်းကို ပယ်ပြီး အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကြတယ်၊ ငါလဲဘဲ တညနဲ့ တနေ့ပတ်လုံး အသက်သတ်ခြင်းကို ပယ်တဲ့ အကြောင်းအင်္ဂါနဲ့ ရဟန္တာတွေကို အတုလိုက်ပြီးပြုမယ်၊ ငါ့မှာ ဥပုသ်ကျင့်သုံးခြင်းလဲ ဖြစ်ပေလိမ့်မယ်''လို့ ဆင်ခြင်တယ်။

၂။ ''ရဟန္တာတွေဟာ အသက်ထက်ဆုံး မပေးတာယူခြင်းကို ပယ်ပြီး ပေးတာကိုသာ ယူကြတယ်။

၃။ ရဟန္တာတွေဟာ အသက်ထက်ဆုံး မမြတ်တဲ့အကျင့်ကို ပယ်ပြီး မြတ်တဲ့ အကျင့်ကို ကျင့်ကြတယ်။

၄ ရဟန္တာတွေဟာ အသက်ထက်ဆုံး မဟုတ်မမှန် ပြောခြင်းကို ပယ်ပြီး မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်ကြတယ်။

၅။ ရဟန္တာတွေဟာ အသက်ထက်ဆုံး ယစ်မူးမေ့လျော့ခြင်းရဲ့အကြောင်းဖြစ်တဲ့ သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်ကြတယ်။

၆။ ရဟန္တာတွေဟာ အသက်ထက်ဆုံး နေ့လွဲညစာ စားခြင်းမှ ရှောင်ကြဉ်ကြတယ်။

၇။ ရဟန္တာတွေဟာ အသက်ထက်ဆုံး ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, သူတော်ကောင်းတရားရဲ့ ဆူးငြောင့်ဖြစ်တဲ့ပွဲကြည့်ခြင်း, ပန်းပန်ခြင်း, နံ့သာမှုန့်ခြယ်ခြင်း, နံ့သာပျောင်းလိမ်းခြင်းကို ပယ်ပြီး ၎င်းတို့မှ ရှောင်ကြဉ်ကြတယ်။

၈။ ရဟန္တာတွေဟာ အသက်ထက်ဆုံး မြင့်တဲ့နေရာမြတ်တဲ့နေရာမှာ နေခြင်းကို ပယ်ပြီး မြင့်တဲ့နေရာ မြတ်တဲ့နေရာနေခြင်း

မှ ရှောင်ကြဉ်ကြတယ်၊ ငါလဲဘဲ ဒီတညနဲ့ တနေ့ပတ်လုံး ဒီ အကြောင်း အင်္ဂါနဲ့ ရဟန္တာများကို အတုလိုက်ပြီး ပြုမယ်၊ ငါ့မှာ ဥပုသ်ကျင့်သုံးခြင်းလဲ ဖြစ်ပေလိမ့်မယ်”လို့ ဆင်ခြင်တယ်၊ ဒီလို ဆင်ခြင်ကျင့်သုံးယင် အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံတယ်။

ဝိသာခါ ဒီလိုကျင့်သုံးအပ်တဲ့ အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံတဲ့ ဥပုသ်ဟာ အကျိုးကြီးတယ်၊ အာနိသင်ကြီးတယ်၊ တန်ခိုးကြီးတယ်၊ ကြီးတဲ့ပျံ့နှံ့ခြင်းရှိတယ်။ ဘယ်လောက်ထိအောင် အကျိုး အာနိသင်စသည် ကြီးသလဲဆိုတော့—

ဝိသာခါ ဥပမာအားဖြင့် အကြင်သူဟာ တပ်နှစ်သက်ဖွယ် ရတနာများစွာနဲ့ ပြည့်စုံတဲ့ တိုင်းနိုင်ငံကြီး တဆယ့်ခြောက်ခုကို စိုးပိုင်ကြီးမှူးတဲ့ မင်းအဖြစ်ကို ပြုရတယ်ဆိုပါစို့၊ အဲဒီ တဆယ့် ခြောက်တိုင်းမှာ မင်းအဖြစ် ပြုရခြင်းဟာ အင်္ဂါရှစ်မျိုးနဲ့ ပြည့်စုံတဲ့ ဥပုသ်ကို ဆောက်တည်ကျင့်သုံးရခြင်းရဲ့ တဆယ့် ခြောက်စိတ် စိတ်၍ တစိတ်လောက်သော အကျိုးကိုပင် မမှီနိုင် ဘူး၊ ဒီလို မမှီနိုင်တာဟာ ဘာ့ကြောင့်လဲဆိုတော့၊ ဝိသာခါ နတ်ချမ်းသာကို ထောက်ဆယင် လူမင်းအဖြစ်ဟာ အထီးကျန် ဆင်းရဲ ချမ်းသာနဲ့ တူတယ်။

ဝိသာခါ လူ့အသက် အနှစ်ငါးဆယ်ဟာ စာတုမဟာရာဇ် နတ်တို့ရဲ့ တနေ့ တညနဲ့ ညီမျှတယ်၊ အဲဒီညဉ့်နဲ့ ညဉ့်ပေါင်း သုံးဆယ်ဟာ တလဖြစ်တယ်၊ အဲဒီ လနဲ့ တဆယ့်နှစ်လဟာ တနှစ်ဖြစ်တယ်၊ အဲဒီနှစ်နဲ့ နတ်ပြည်မှာဖြစ်တဲ့ နှစ်ပေါင်းငါးရာ ဟာ စာတုမဟာရာဇ်နတ်တို့ရဲ့ အသက်အတိုင်းအရှည်ဖြစ်တယ်၊

ဝိသာခါဒီလောကမှာ မိန်းမဖြစ်ဖြစ် ယောကျ်ားဖြစ်ဖြစ် ဘယ်သူမဆို အင်္ဂါရှစ်မျိုးနဲ့ ပြည့်စုံတဲ့ဥပုသ်ကို ကျင့်သုံးခြင်းကြောင့် ကိုယ်ခန္ဓာပျက်ကြွေ သေပြီးတဲ့နောက်မှာ စတုမဟာရာဇ်နတ်ပြည် ရောက်နိုင်တဲ့အကြောင်းမျိုးရှိတယ်၊ ဝိသာခါဒီအကြောင်းမျိုးကို ရည်ရွယ်ပြီး နတ်ချမ်းသာကို ထောက်ဆယင် လူမင်းရဲ့အဖြစ်ဟာ အထီးကျန်သူရဲ့ ချမ်းသာနဲ့ တူတယ်လို့ ငါဆိုတယ်။ ဝိသာခါ လူ့အသက် အနှစ်တရာဟာ တာဝတိံသာ နတ်တို့ရဲ့တနေ့တညဥ့် ဖြစ်တယ်၊ အဲဒီညဥ့်နဲ့ ညဥ့်ပေါင်း သုံးဆယ်ဟာ တလဖြစ်တယ်၊ အဲဒီလနဲ့.... တဆယ့်နှစ်လဟာ တနှစ်ဖြစ်တယ်၊ အဲဒီနှစ်နဲ့ နတ်ပြည်မှာ ဖြစ်တဲ့နှစ်ပေါင်း တထောင် ဟာ တာဝတိံသာ နတ်တို့ရဲ့ အသက် အပိုင်းအခြား ဖြစ်တယ်။

ဝိသာခါ လူ့အသက် အနှစ်နှစ်ရာဟာ ယာမာနတ်တို့ရဲ့ တနေ့တညဥ့် ဖြစ်တယ်၊ အဲဒီညဥ့်နဲ့ ညဥ့်ပေါင်းသုံးဆယ်ဟာ တလဖြစ်တယ်၊ အဲဒီလနဲ့ တဆယ့်နှစ်လဟာ တနှစ်ဖြစ်တယ်၊ အဲဒီနှစ်နဲ့ နတ်ပြည်မှာဖြစ်တဲ့ နှစ်ပေါင်း နှစ်ထောင်ဟာ ယာမာနတ်တို့ရဲ့ အသက်အတိုင်း အရှည်ဖြစ်တယ်။

ဝိသာခါ လူ့အသက် အနှစ်လေးရာဟာ တုသိတာနတ်တို့ရဲ့ တနေ့တညဥ့် ဖြစ်တယ်၊ အဲဒီညဥ့်နဲ့ ညဥ့်ပေါင်း သုံးဆယ်ဟာ တလဖြစ်တယ်၊ အဲဒီလနဲ့ တဆယ့်နှစ်လဟာ တနှစ်ဖြစ်တယ်၊ အဲဒီနှစ်နဲ့ နတ်ပြည်မှာဖြစ်တဲ့ နှစ်ပေါင်း လေးထောင်ဟာ တုသိတာနတ်တို့ရဲ့ အသက်အတိုင်း အရှည်ဖြစ်တယ်။

ဝိသာခါ လူ့အသက် အနှစ် ရှစ်ရာဟာ နိမ္မာနရတိ နတ်တို့ရဲ့ တနေ့တညဥ့်ဖြစ်တယ်၊ အဲဒီညဥ့်နဲ့ ညဥ့်ပေါင်းသုံးဆယ်ဟာ တလ ဖြစ်တယ်၊ အဲဒီလနဲ့ တဆယ့်နှစ်လဟာ တနှစ်ဖြစ်တယ်၊ အဲဒီနှစ်နဲ့ နတ်ပြည်မှာဖြစ်တဲ့ နှစ်ပေါင်း ရှစ်ထောင်ဟာ နိမ္မာနရတိ နတ်တို့ရဲ့ အသက်အတိုင်း အရှည်ဖြစ်တယ်။

ဝိသာခါ လူ့အသက် အနှစ် တထောင့်ခြောက်ရာဟာ ပရနိမ္မိတ ဝသဝတ္တီနတ်တို့ရဲ့ တနေ့တညဥ့် ဖြစ်တယ်၊ အဲဒီညဥ့်နဲ့ ညဥ့်ပေါင်းသုံးဆယ်ဟာ တလဖြစ်တယ်၊ အဲဒီလနဲ့ တဆယ့်နှစ်လဟာ တနှစ်ဖြစ်တယ်၊ အဲဒီနှစ်နဲ့ နတ်ပြည်မှာဖြစ်တဲ့ နှစ်ပေါင်း တသောင်းခြောက်ထောင်ဟာ ပရနိမ္မိတဝသဝတ္တီ နတ်တို့ရဲ့ အသက်အတိုင်း အရှည်ဖြစ်တယ်၊ ဝိသာခါ ဒီလောကမှာ မိန်းမ ဖြစ်ဖြစ် ယောကျ်ားဖြစ်ဖြစ် ဘယ်သူမဆို အင်္ဂါရှစ်မျိုးနဲ့ ပြည့်စုံတဲ့ဥပုသ်ကို ကျင့်သုံးခြင်းကြောင့် ကိုယ်ခန္ဓာပျက်စီးကြွေ သေပြီးတဲ့နောက်မှာ ပရနိမ္မိတ ဝသဝတ္တီ နတ်ပြည်ရောက်နိုင်တဲ့ အကြောင်းမျိုးရှိတယ်၊ ဝိသာခါ ဒီအကြောင်းမျိုးကို ရည်ရွယ်ပြီး နတ်ချမ်းသာကို ထောက်ဆယင် လူမင်းရဲ့အဖြစ်ဟာ အထီးကျန်သူရဲ့ ချမ်းသာနဲ့တူတယ်လို့ ငါဆိုတယ် ဟု မိန့်တော်မူ၏။ (အံ ၃-၇၄)

## ကောမာရဗြဟ္မစရိယ သီလဆောက်တည်ပုံ

အဟံ ဘန္တေ တိသရဏေန သဟ ကောမာရဗြဟ္မစရိယ သီလံ မေ့ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ကောမာရ ဗြဟ္မစရိယ သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ကောမာရ ဗြဟ္မစရိယ သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

အာမ ဘန္တေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ (၃)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ...............။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ...............။

အာမ ဘန္တေ။

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

အာမ ဘန္တေ၊

## ကောမာရဗြဟ္မစရိယသီလ ဆောက်တည်ခဲ့သူများ

ဤဘဒ္ဒကမ္ဘာ၌ ဗြဟ္မဏမျိုးဖြစ်သော ကဿပ ဘုရားရှင် ပွင့်တော်မူ၏၊ ကိကီအမည်ရှိသော ကာသိမင်းသည် ဘုရားရှင် ကို ပြုစုလုပ်ကျွေး၍ ကိုးကွယ်ဆည်းကပ်၏၊ ထိုမင်း၏ သမီး ခုနစ်ယောက်တို့သည် ဘုရားရှင်၏ တရားတော်ကို ကြားနာရ၍ ကြည်ညိုလှသဖြင့် ရဟန်းပြုဘို့ရန် ခမည်းတော်ထံ ခွင့်ပန်ကြ၏။

ကိကီမင်းကြီးသည် သမီးတော်တို့အား ခွင့်မပြုခဲ့ပေ၊ ထို အခါ သမီးတော် ခုနစ်ယောက်တို့သည် အိမ်၌သာလျှင် ချမ်း သာသဖြင့် ကြီးပွားသော မင်းသမီးများဖြစ်ကြပါလျက် အပျို စဉ်အဖြစ်ဖြင့် မြတ်သောအကျင့်ကို အနှစ် နှစ်သောင်းတို့ပတ် လုံး မပျင်းမရိ ပြုကျင့်ခဲ့ကြ၏၊ သမီးတော် ခုနစ်ယောက်တို့သည် ဝမ်းမြောက်စွာ မြတ်စွာဘုရားကို ဆည်းကပ်လုပ်ကျွေးခြင်း၌ အမြဲပျော်မွေ့ကြ၏။ (ယင်းသမီးတော် ခုနစ်ယောက်တို့သည် သမဏီ, သမဏဂုတ္တာ, ဘိက္ခုနီ, ဘိက္ခုဒါယိကာ, ဓမ္မာ, သုဓမ္မာနှင့် ခုနစ်ယောက်မြောက် သံဃဒါယိကာတို့ ဖြစ်ကြသည်။)

ယခု ငါတို့ ဂေါတမဘုရားရှင် လက်ထက်တော်အခါ၌ အစဉ်အတိုင်း ခေမာ, ဥပ္ပလဝဏ်, ပဋာစာရာ, ကုဏ္ဍလကေသာ, ကိသာဂေါတမီ, ဓမ္မဒိန္နာ, ဝိသာခါဟု အစဉ်တိုင်း ဖြစ်လာ ကြ၏။ သူတို့အားလုံးသည် ရှေးကုသိုလ်ကောင်းမှုများကြောင့် မင်းသမီး သူဌေးသမီးများ ဖြစ်လာကြ၍ နောက်ဆုံးတွင် အားလုံးအရိယာပုဂ္ဂိုလ်များအဖြစ်ဖြင့် လောကီ လောကုတ္တရာ အကျိုးများကိုခံစားသွားကြရလေသည်။ [အပဒါန်ပါဠိ ၂-၂၂၄]

## ဆွမ်းလှူရကျိုး

ဝိပဿီဘုရားရှင်လက်ထက်တော်အခါ၌ ထိုဘုရားရှင်၏ ဩကျောရုံ အဂ္ဂသာဝကဖြစ်သော "အရှင်ခဏ္ဍ"မထေရ် ဆွမ်း ခံကြွလာစဉ် ရတနာသုံးပါး၌ ကြည်ညိုသော အမျိုးကောင်း သားတယောက်သည် မထေရ်၌ ကြည်ညိုလှ၍ ဆွမ်းတထပ်စာ ကို လှူခဲ့၏။ ထိုအမျိုးသားသည် ထိုဆွမ်းလှူရသော စိတ် ကြည်လင်မှုကြောင့် အပါယ်မလားရတော့ပဲ လူနတ်စည်းစိမ် တို့ကိုသာ အကြိမ်ကြိမ်ခံစားရ၏၊ ငါတို့ဘုရားရှင် လက်ထက် တော်အခါ၌ တဦးသောအမျိုးအိမ်၌ ဖြစ်လာပြီးလျှင် ဘုရား ရှင်၏ တရားတော်ကိုနာရ၍ ကြည်ညိုလှသဖြင့် ရဟန်းပြုကာ မကြာမြင့်မီပင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်လေ သည်။

## ဆွမ်းအကျိုး ငါးမျိုး

အစာမစားရလျှင် သေနိုင်သည်၊ ဆာဆာလောင်လောင်နှင့် နေရပါလျှင်လည်း မျက်နှာညှိုးနွမ်းစိတ်မချမ်းသာစွာနှင့် အား နည်း ဉာဏ်ထိုင်းဖြစ်ရသည်။ အစာစားရပါလျှင် အသက်လဲ ရှည်, အဆင်းလဲလှ, ချမ်းသာရ၍ အားတိုး ဉာဏ်ရွှင် ဟူသော အကျိုးငါးမျိုးတို့ကို ရသောကြောင့် ဆွမ်းလှူသူတိုင်းမှာလည်း တူသော အကျိုးများကို ခံစားရမည်ဖြစ်သည်။ (အံ ၂-၃၅)

**ဆောင်။** ။သက်ရှည်[၁] ဆင်းလှ[၂]၊ ချမ်းသာရလျက်[၃]၊ ဗလ[၄] ပညာ[၅]၊ ကျိုးငါးဖြာ၊ မှတ်ပါဆွမ်းလှူကျိုး။

ရုပ်ပွါးတော် စေတီတော်များကို ဆွမ်းကပ် လှူလျှင်လည်း သက်တော်ထင်ရှား မြတ်စွာဘုရားအထိ စိတ်ကိုရောက်အောင် အာရုံပြုပါ၊ ဆွမ်းတော်တင်သည့် ဆွမ်းခွက် ရေခွက်တို့ကို သန့်သန့်ရှင်းရှင်းရှိနေပါစေ၊ ဆွမ်းတော်ကပ်ပြီးပါလျှင် ကလေးများကိုလည်း ပေးနိုင်ပါသည်၊ ဘုရားကို ဝေယျာဝစ္စပြုသူအနေဖြင့် မိမိလည်း စားနိုင်ပါသည်၊ ဘုန်းနိမ့်တတ်သည်ဟု မယူဆသင့်ပါ။

## ဆွမ်းတော်ကပ်ရန်

ဆောင်။ ။လွန်ကဲထူးလှ၊ ဂုဏ်ပေါင်းခသည့်၊ သီလ,သမာ၊ ပညာ, ဝိမုတ္တိ၊ ဝိမုတ္တိဉာဏ၊ ဒဿနဂုဏ်၊ ပြည့်စုံကြွယ်ဝြား၊ မြတ်ဘုရားအား၊ လေးပါးအာသဝ၊ ကင်းပကုန်ရှာ၊ မြတ်ချမ်းသာကို၊ မြော်ကာတောင့်တ၊ ရောက်ရအံ့ဟု၊ အနံ့လဲသင်း၊ အဆင်းလဲလှ၊ ပြည့်ဝဩဇာ၊ ဆွမ်းဟင်းလျာနှင့်၊ ရသာမွေးကြူ၊ ဆွမ်းဖွေးဖြူကို၊ ပေးလှူပါ၏, ဆက်ကပ်ပါ၏ မြတ်စွာဘုရား။

## ဆွမ်းကပ်ဆုတောင်း

ဆောင်။ ။ဆွမ်းလှူပါရ၊ ဤပုညကြောင့်၊ ဘဝကုန်ရှာ၊ နိဗ္ဗူတာသို့၊ ရောက်ပါရလို၊ တောင်းဆုဆိုသည်၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်စေသော်။

## အမျှဝေ

ဆောင်။ ။ဆွမ်းလှူပြါရ၊ဤပုညကို၊မိဘဆရာ၊ဉာတကာနှင့်၊ ဗြဟ္မာသိကြား၊ အစထား၍၊ အများသတ္တဝါ၊ မျှဝေပါသည်၊ ရကာသာဓု ခေါ်စေသော်။

## ရေလှူရကျိုး

အမျိုးသားတယောက်သည် သိဒ္ဓတ္ထမြတ်စွာဘုရားကို ဆွမ်းဘုဉ်းပေးနေစဉ် ဖူးမြင်ရ၍ ကြည်လင်သန့်ရှင်း နောက်ကျုခြင်းမရှိသော ရေကို အိုးဖြင့်ခပ်ယူ၍ ပေးလှူ၏၊ ထိုအမျိုးသားသည် ရေကို ပေးလှူခဲ့သော အခါမှစ၍ အပါယ်မလားတော့ပဲ လူ့ပြည်နတ်ရွာ ခြေရာချင်းထပ်မျှ ကြိမ်ဖန်များစွာ ခံစားရ၍ ငါတို့ ဘုရားရှင် လက်ထက်တော်အခါဝယ် အမျိုးကောင်းသားဖြစ်၍ ရဟန်းပြုပြီးလျှင် "အရှင်ဥဒကဒါယကမထေရ်" ဟူသော အမည်ဖြင့် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်လေသည်။ (ခု ၃-၂၂၉)

## ရေအကျိုး ဆယ်မျိုး

ဆောင်။ ။သက်ရှည်[၁] ဆင်းလှ[၂]၊ ချမ်းသာရလျက်[၃]၊ ဗလ[၄] ပညာ[၅]၊ သန့်ရှင်းဖြာ၍[၆]၊ လွန်စွာကျော်စော[၇]၊ ခြွေရံပေါကာ[၈]၊ ရေမဆာငြား[၉]၊ လျင်မြန်သွားသည်[၁၀]၊ ဆယ်ပါးရေကျိုး ရသတည်း။

## ရေတော်ကပ်ရန်

ဆောင်။ ။လွန်ကဲထူးလှ၊ ဂုဏ်ပေါင်းခသည့်၊ သီလ,သမာ၊ ပညာ,ဝိမုတ္တိ၊ ဝိမုတ္တိဉာဏ၊ ဒဿနဂုဏ်၊ ပြည့်စုံကြွယ်ငြား၊ မြတ်ဘုရားအား၊ လေးပါးအာသဝ၊ ကင်းပကုန်ရာ၊ မြတ်ချမ်းသာကို၊ မြှော်ကာတောင့်တ၊ ရောက်ရပါလို၊ အေးချိုကြည်လန်း၊ မြတ်ရေချမ်းကို၊ လှူဒါန်းပါ၏, ဆက်ကပ်ပါ၏ မြတ်စွာဘုရား။

## ရေတော်ကပ် ဆုတောင်း

ဆောင်။ ။ရေလှူပါရ၊ ဤပုညကြောင့်၊ အဝကုန်ရာ၊ နိဗ္ဗုတာသို့၊ ရောက်ပါရလို၊ တောင်းဆုဆိုသည်၊ မဂ်ဖိုလ် နိဗ္ဗာန် ရောက်စေသော်။

## အမျှဝေ

ဆောင်။ ။ရေလှူပါရ၊ ဤပုညကို၊ မိဘဆရာ၊ ဉာတကာနှင့်၊ ပြဟ္မာ သိကြား၊ အစထား၍၊ အများသတ္တဝါ၊ မျှဝေပါသည်၊ ရကာသာဓု ခေါ်စေသော်။

## ပန်းလှူရကျိုး

ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူစဉ် "သုဒဿန" မည်သော ပန်းသည်တယောက်သည် မြတ်လေးပန်းတို့ကို လက်နှစ်ဖက်ဖြင့်

ယူ၍ ဘုရားရှင်၏ခြေရင်း၌ ကြဲဖြန့်လှူဒါန်း၏၊ ထိုအမျိုးသားသည် ပန်းလှူသောအခါမှစ၍ အပါယ်မလားရတော့ပဲ လူဘုံနတ်ဘုံ ခံစားမကုန်နိုင်လောက်အောင် ချမ်းသာ များခဲ့၏၊ ငါတို့ ဘုရားရှင်လက်ထက်တော်အခါ အမျိုးကောင်းသား ဖြစ်လာ၍ ရှေးဝါသနာအထုံ၏ အစွမ်းဖြင့် မြတ်စွာဘုရား၌ ကြည်ညိုလှု၍ ရဟန်းပြုကာ မကြာမြင့်မီပင် "အရှင်မုဋ္ဌိပုပ္ဖိယမထေရ်" ဟူသော အမည်ဖြင့် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာ ဖြစ်လေသည်။ (ခု ၃–၁၅၆)

## ပန်းတော်ကပ်ရန်

ဆောင်။ ။လွန်ကဲထူးလှ၊ ဂုဏ်ပေါင်းခသည့်၊ သီလ,သမာ၊ ပညာ,ဝိမုတ္တိ၊ ဝိမုတ္တိဉာဏ ဒဿနဂုဏ်၊ ပြည့်စုံကြွယ်ငြား၊ မြတ်ဘုရားအား၊ လေးပါးအာသဝ၊ ကင်းပကုန်ရာ၊ မြတ်ချမ်းသာကို၊ မျှော်ကာ တောင့်တ၊ ရောက်ရအံ့ဟု၊ အနံ့လဲသင်း၊ အဆင်း လဲလှ၊ တောက်ပလန်းဆန်း၊ ရောင်စုံပန်းကို၊ လှူဒါန်းပါ၏, ဆက်ကပ်ပါ၏ မြတ်စွာဘုရား။

## ပန်းတော်ကပ် ဆုတောင်း

ဆောင်။ ။ပန်းလှူပါရ၊ ဤပုညကြောင့်၊ ဘဝကုန်ရာ၊ နိဗ္ဗုတာသို့၊ ရောက်ပါရလို၊ တောင်းဆုဆိုသည်၊ မဂ်ဖိုလ်နိဗ္ဗာန် ရောက်စေသော်။

## အမျှဝေ

ဆောင်။ ။ပန်းလှူပါရ၊ ဤပုညကို၊ မိဘဆရာ၊ ဉာတကာနှင့်၊ ဗြဟ္မာ သိကြား၊ အစထား၍၊ အများသတ္တဝါ၊ မျှဝေပါသည်၊ ရကာသာဓု ခေါ်စေသော်။

## ဆီမီးလှူရကျိုး

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ ရေတွက်သည်ရှိသော် ကမ္ဘာတသိန်း အထက်၌ ဟံသာဝတီမြို့သူ အမျိုးသမီး တယောက်သည် (ပဒုမုတ္တရ) ဘုရားရှင်၏ ဗောဓိပင်ကို ဆီမီးငါးတိုင်တို့ဖြင့် ပူဇော်ခဲ့ဘူးသော ကောင်းမှုကံ စေတနာတို့ကြောင့် ထိုဘဝမှ စုတေလေသော် တာဝတိံသာနတ်ပြည်၌ဖြစ်ရ၍ ကမ္ဘာတသိန်း တိုင်တိုင် အပါယ် မလားရပဲ အထက်တန်းစား လူမိန်းမ နတ်မိန်းမအဖြစ်ဖြင့် လူ့,နတ် စည်းစိမ်တို့ကို ညီးညီးထိန်အောင် ခံစားရ၍ ငါတို့ ဘုရားရှင် လက်ထက်တော် အခါဝယ် "ပဉ္စဒီပိကာ" ဟူသော အမည်ဖြင့် ခုနစ်နှစ် အရွယ်၌ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့လေသည်။

## မီးတော်ကပ်ရန်

ဆောင်။ ။လွန်ကဲထူးလှ၊ ဂုဏ်ပေါင်းခသည့်၊ သီလ,သမာ၊ ပညာ,ဝိမုတ္တိ၊ ဝိမုတ္တိဉာဏ ဒဿနဂုဏ်၊ ပြည့်စုံ ကြွယ်ငြား၊ မြတ်ဘုရားအား၊ လေးပါးအာသဝ၊ ကင်းပကုန်ရာ၊ မြတ်ချမ်းသာကို၊ မြော်ကာ

တောင့်တ၊ ရောက်ရပါလို၊ အမျှောင်ကိုခွင်း၊ ဉာဏ်လင်းဆော်ယူ၊ ဤမီးလှူကို၊ ပေးလှူပါ၏, ဆက်ကပ်ပါ၏ မြတ်စွာဘုရား။

## မီးတော်ကပ် ဆုတောင်း

**ဆောင်။** ။မီးလှူပါရ၊ ဤပုညကြောင့်၊ ဘဝကုန်ရာ၊ နိဗ္ဗုတာသို့၊ ရောက်ပါရလို၊ တောင်းဆုဆိုသည်၊ မဂ်ဖိုလ် နိဗ္ဗာန် ရောက်စေသော်။

## အမျှဝေ

**ဆောင်။** ။မီးလှူပါရ၊ ဤပုညကို၊ မိဘဆရာ၊ ဉာတကာနှင့်၊ ပြဟ္မာ သိကြား၊ အစထား၍၊ အများသတ္တဝါ၊ မျှဝေပါသည်၊ ရကာသာဓု ခေါ်စေသော်။

**အမှာ။** ။ဤနည်းအတိုင်း မိမိလှူသော ဆေး,ထီး,ဖိနပ် အစ ရှိသည်တို့ကို ထည့်၍ ဆုတောင်း အမျှဝေပေါ၊ ပစ္စည်းတို့ကို သုံးဆောင်ရာဝယ် ပစ္စုပ္ပန်တွင် ရရှိခံစားရသော အကျိုးအတိုင်း သံသရာတွင် အကျိုးပေးမည်သာ ဖြစ်၏၊ သို့သော် အိုမင်း ဆွေးမြေ့ပျက်စီးတတ်၍ အနိစ္စဖြစ်သော ဤပစ္စည်းများဖြင့် နိစ္စဖြစ်သော နိဗ္ဗာန်ကို တောင့်တ၍ ပြုလုပ်ခြင်းသည် အမြတ်ဆုံးဖြစ်ပေသည်။

## တိုက်တွန်းချက်

ပါဏာတိပါတ်၊ မသတ်သူ့သက်၊ ခိုးဝှက်မမူ၊ မယူသေစာ၊ အိမ်ယာမမှား၊ မုသားမဆို၊ ကိုယ်ကိုနှိမ့်ချ၊ စောင့်သီလနှင့်၊ ဒါနလှူဝတ်၊ ရက်မချွတ်လျှင်၊ မပြတ်ဆောက်တည်၊ ဆုကြီးရည်၍၊ မကြည်ခိုက်ရန်၊ သူ့ကျူးလွန်လည်း၊ စောင်မာန်မပြင်း သိမ်းစေမင်း။ (လောကသာရပျို့)

ဒုတိယတန်း ပြီး၏။

---

### ဒုတိယတန်း လေ့ကျင့်ခန်း မေးခွန်းများ

၁။ အဘယ်ကို ဒုစရိုက်ဟု ခေါ်သနည်း။

၂။ မနောဒုစရိုက် သုံးပါးဟူသည် အဘယ်နည်း။

၃။ ကာယသုစရိုက် သုံးပါးဟူသည် အဘယ်နည်း။

၄။ ရေအကျိုး ၁၀-ပါးကို ပြောပါ။

၅။ ပန်းတော်ကပ် ဆုတောင်းကို ရွတ်ပြပါ။

# တတိယတန်း

## ကျက်မှတ်ရန်

### မေတ္တာ ပွားပုံ

၁။ ယခုရောက်လာ၊ တို့သူငါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၂။ ရှင်လူများစွာ၊ တို့သူငါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၃။ ဂုဏ်တော်နန္တာ၊ မြတ်ဆရာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၄။ မိဘနှစ်ဖြာ၊ ဂုဏ်နန္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၅။ တို့ကျောင်းတွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၆။ တို့မြို့တွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၇။ တို့နယ်တွင်းမှာ၊များသတ္တာ၊ချမ်းသာကိုယ်စိတ် မြဲပါစေ။

၈။ ရဟန်းသံဃာ၊ အားလုံးမှာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၉။ ပစ္စည်းလေးဖြာ၊ ဒါယကာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၁၀။ မင်းစိုးရာဇာ၊ နယ်တကာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၁၁။ ခိုးသူ၊ တိုက်သူ၊ လိမ်ကောက်သူ၊ ထိုတူ ကိုယ်စိတ် ချမ်းသာစေ။

၁၂။ တို့စကြာဝဠာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၁၃။ နန္တစကြာဝဠာ၊များသတ္တာ၊ချမ်းသာကိုယ်စိတ် မြဲပါစေ။

၁၄။ အပါယ် ၄-ရွာ၊များသတ္တာ၊ချမ်းသာကိုယ်စိတ် မြဲပါစေ။

၁၅။ လူနတ် ဗြဟ္မာ၊အားလုံးမှာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၁၆။ သုံးဆဲ့တဘုံ၊ အလုံးစုံ၊ အကုန် ချမ်းသာကြပါစေ။

(မဟာစည်ဆရာတော်ဘုရားကြီး)

## ပဋိပတ်ဖြင့် ပူဇော်ရန်

၁။ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။

၂။ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။

၃။ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

၁။ လောကုတ္တရာ တရား ၉-ပါး အားလျော်သော ဤအကျင့် ပဋိပတ်ဖြင့် မြတ်စွာဘုရားကို ပူဇော်ပါ၏ဘုရား။

၂။ လောကုတ္တရာ တရား ၉-ပါးအားလျော်သော ဤအကျင့် ပဋိပတ်ဖြင့် တရားတော်မြတ်ကို ပူဇော်ပါ၏ဘုရား။

၃။ လောကုတ္တရာ တရား ၉-ပါး အားလျော်သော ဤအကျင့် ပဋိပတ်ဖြင့် သံဃာတော်မြတ်ကို ပူဇော်ပါ၏ဘုရား။

## မြော်လင့်ချက်နှင့် ဆုတောင်း

၁။ **အဒ္ဓါ ဣမာယ ပဋိပဒါယ ဇရာမရဏမှာ ပရိမုစ္စိဿာမိ။**

ဤအကျင့်ပဋိပတ်ဖြင့် အိုခြင်း, သေခြင်း, မှ ကေန် မချွတ် လွတ်မြောက်ရပေလိမ့်မည်။

၂။ **ဣဒံ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု။**

အကျွန်ုပ်၏ ဤကောင်းမှုသည် အာသဝေါတရား ၄-ပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရွက်ဆောင်နိုင်ပါစေသတည်း။

၃။ ဣဒံ မေ ပုညံ နိဗ္ဗာန်နဿ ပစ္စယော ဟောတု။

အကျွန်ုပ်၏ ကုသိုလ်ကောင်းမှုသည် နိဗ္ဗာန်ကို(မျက်မှောက်ပြုရခြင်း)၏ အကြောင်း အထောက်အပံ့ ဖြစ်ပါစေသတည်း။

## အမျှဝေရန်

ကုသိုလ်ကောင်းမှု၏ အဖို့ကို အမိအဘတို့မှစ၍ အလုံးစုံသော သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါ၏။ အလုံးစုံသော သတ္တဝါတို့သည် ကုသိုလ်ကောင်းမှု၏အဖို့ကို အညီအမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော။

သာဓု သာဓု သာဓု

## သိင်္ဂါလသုတ္တန်

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာ ဖြစ်သော ဝေဠုဝန် ကျောင်းတိုက်၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ သူကြွယ်သား သိင်္ဂါလသည် စောစောထ၍ ရာဇဂြိုဟ်ပြည်မှ ထွက်ပြီးလျှင် စိုသော အဝတ် စိုသောဆံပင်တို့ဖြင့် လက်အုပ်ချီလျက် အရှေ့အရပ် တောင်အရပ် အနောက်အရပ် မြောက်အရပ် အောက်အရပ် အထက်အရပ် ဟူသော များစွာသောအရပ်တို့ကို ရှိခိုး၏။

မြတ်စွာဘုရားသည် နံနက်အချိန်၌ ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံဝင်ရန် ကြွလာခိုက် အရပ်မျက်နှာတို့ကို လက်အုပ်ချီ၍ ရှိခိုးနေသော သူကြွယ်သား သိင်္ဂါလကို မြင်တော်မူသော် ရှိခိုးခြင်း၏ အကြောင်းရင်းကို မေးမြန်းတော်မူ၏။

မြတ်စွာဘုရား ဖခင်က သေခါနီးမှာ အကျွန်ုပ်ကို "ချစ်သား အရပ်မျက်နှာတွေကို ရှိခိုးပါ" လို့ မှာခဲ့ပါတယ် အရှင်ဘုရား၊ မြတ်စွာဘုရား အကျွန်ုပ်ဟာ ဖခင်စကားကို ရိုသေလေးစား လိုက်နာသောအားဖြင့် အရပ်မျက်နှာတွေကို ရှိခိုးပါတယ်ဘုရား"ဟု သူကြွယ်သား သိင်္ဂါလက လျှောက်၏။

"သူကြွယ်သား အရိယာတို့ရဲ့ သာသနာမှာ အရပ်ခြောက်မျက်နှာကို ဒီလိုရှိမခိုးရဘူး" ဟု မြတ်စွာဘုရားက မိန့်တော်မူ၏။

"မြတ်စွာဘုရား ဒီလိုရှိမခိုးရယင် အရိယာတို့ရဲ့ သာသနာမှာ အရပ်ခြောက်မျက်နှာတို့ကို ဘယ်လို ရှိခိုးရပါမလဲ ဘုရား၊ မြတ်စွာဘုရား တပည့်တော် တောင်းပန်ပါတယ်ဘုရား၊ မြတ်စွာဘုရားက အရိယာတို့ရဲ့သာသနာမှာ ရှိခိုးရမဲ့ အရပ်ခြောက်ပါးတို့ကို ဟောကြားတော်မူပါဘုရား" ဟု လျှောက်၏။

"သူကြွယ်သား ဒီလိုဆိုယင် နာယူပေတော့၊ ကောင်းကောင်း နှလုံးသွင်းပေတော့" ဟု မိန့်တော်မူ၏။

"ကောင်းပါပြီ မြတ်စွာဘုရား" ဟု သူကြွယ်သား သိင်္ဂါလက ဝန်ခံ၏။ မြတ်စွာဘုရားက မိန့်တော်မူသည်မှာ—

"သူကြွယ်သား အရိယာသာဝကဟာ ညစ်ညူးတဲ့ ကံလေးပါးတို့ကို ပယ်ရတယ်၊ အကြောင်းလေးပါးဖြင့် မကောင်းမှုကို မပြုရဘူး၊ စည်းစိမ် ပျက်စီးကြောင်း ခြောက်ပါးတို့ကို မမှီဝဲရဘူး၊ ဒီမကောင်းမှု တဆယ့်လေးခုကင်းတဲ့ အရိယာသာဝကဟာ အရပ်ခြောက်ပါးတို့ကို လုံခြုံစေပြီး ယခုဘဝ နောင်ဘဝဆိုတဲ့ လောက နှစ်ပါးမှာ အောင်မြင်မှုရတယ်။ အဲဒီ အရိယာသာဝကဟာ ခန္ဓာကိုယ် ပျက်ကြွေသေပြီးတဲ့နောက်မှာ လားရာကောင်းတဲ့ နတ်ပြည်ကို ရောက်ရတယ်။

## ညစ်ညူးတဲ့ ကံလေးပါး

သူကြွယ်သား အရိယာ သာဝကဟာ—

၁။ သူ့တပါးအသက်သတ်ခြင်း၊

၂။ မပေးတာကို ယူခြင်း၊

၃။ ကာမဂုဏ်တွေမှာ မှားယွင်းစွာကျင့်ခြင်း၊

၄။ မဟုတ်မမှန်ပြောခြင်း-ဆိုတဲ့ညစ်ညူးတဲ့ ဒီကံလေးပါးကို ပယ်ရတယ်။

## အကြောင်းလေးပါး

သူကြွယ်သား အရိယာသာဝကဟာ—

၁။ ပုဂ္ဂိုလ်ရေးရာ ချစ်ခင် ခြင်းကြောင့် မလိုက်သင့်တဲ့ ဘက်သို့ လိုက်ပြီး ပြုတဲ့ ဆန္ဒာဂတိ၊

၂။ မုန်းတီးခြင်းကြောင့် မလိုက်သင့်တဲ့ ဘက်သို့ လိုက်ပြီး ပြုတဲ့ ဒေါသာဂတိ၊

၃။ မသိခြင်းကြောင့် မလိုက်သင့်တဲ့ဘက်သို့ လိုက်ပြီးပြုတဲ့ မောဟာဂတိ၊
၄။ ကြောက်ခြင်းကြောင့် မလိုက်သင့်တဲ့ဘက်သို့ လိုက်ပြီး ပြုတဲ့ ဘယာဂတိ၊
ဆိုတဲ့ ဒီမကောင်းမှုလေးပါး (အဂတိတရား) တို့ကို မကျူးလွန်တော့ဘူး၊အဂတိတရား လိုက်စားတဲ့သူဟာ လဆုတ်ပိုင်းက လမင်းလို တနေ့တခြား ဆုတ်ယုတ် သွားတယ်၊အဂတိတရား မလိုက်စားတဲ့သူဟာ လဆန်း ပိုင်းက လမင်းလို တနေ့တခြား တိုးပွား ပြည့်စုံလာ တယ်။

## စည်းစိမ်ဥစ္စာပျက်ကြောင်း ၆-ပါး

သူကြွယ်သား အရိယာသာဝကဟာ—
၁။ မူးယစ် မေ့လျော့ကြောင်းဖြစ်တဲ့ သေရည်သေရက်ကို သောက်ခြင်း၊
၂။ အချိန်မဲ့ (အခါမဲ့) ခရီးသွားလာလေ့ရှိခြင်း၊
၃။ ပွဲလမ်းသဘင် ကြည့်ရှုလေ့ရှိခြင်း၊
၄။ မေ့လျော့ကြောင်းဖြစ်တဲ့ လောင်းကစားလေ့ ရှိခြင်း၊
၅။ မကောင်းတဲ့ အဆွေခင်ပွန်းတွေနဲ့ ပေါင်းသင်းလေ့ ရှိခြင်း၊
၆။ ပျင်းရိလေ့ရှိခြင်း၊
ဆိုတဲ့ စည်းစိမ်ဥစ္စာ ပျက်စီးကြောင်း ၆-ပါး တို့ကို မမှီဝဲဘူး။

ဆောင်။ ။သေစာသောက်စား လမ်းသွားခါမဲ့၊ ရှင့်သဘင်၊ ပျော်ရွှင်အန့်လောင်း၊ မကောင်းမိတ်ဖျင်း၊ ပျင်းရိခြင်းကား၊ ယိုယွင်းဥစ္စာပျက်ကြောင်းတည်း။

## အရက် သောက်ခြင်း၏အပြစ် ၆-ပါး

သူကြွယ်သား မူးယစ် မေ့လျော့ကြောင်းဖြစ်တဲ့ သေရည်သေရက်ကို သောက်သူရဲ့အပြစ်တွေကတော့—

၁။ ကိုယ်တွေ့မျက်မြင်အားဖြင့် ဥစ္စာဆုတ်ယုတ်ခြင်း၊
၂။ ခိုက်ရန်ဖြစ်ပွားတတ်ခြင်း၊
၃။ အနာရောဂါများ စွဲကပ်တတ်ခြင်း၊
၄။ အရှိန်အစော် မဲ့တတ်ခြင်း၊
၅။ လျှို့ဝှက်အပ်တဲ့ ကိုယ်အင်္ဂါကို ဖော်ပြတတ်ခြင်း၊
၆။ အသိဉာဏ် အားနဲ ချို့ယွင်းခြင်း-ဆိုတဲ့ ဒီခြောက်ပါးပါသဲ။

ဆောင်။ ။ဆုတ်ယုတ်ဥစ္စာ၊ ငြင်းခုံကာနှင့်၊ ရောဂါထူပြော၊ မကျော်စောတုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှား၊ ဤခြောက်ပါးကား၊ သောက်စားသေစာ အပြစ်တည်း။

## အခါမဲ့သွားလာခြင်း၌ အပြစ် ၆-ပါး

သူကြွယ်သား အခါမဲ့ ခရီးသွားလာခြင်းရဲ့ အပြစ်များမှာ—

၁။ ထိုသူကိုယ်တိုင်လဲ အကာအကွယ် အစောင့်အရှောက်ကင်းခြင်း၊

၂။ ထိုသူ့ သားမယားတွေလဲ အကာအကွယ် အစောင့်အရှောက်ကင်းခြင်း၊
၃။ ထိုသူ့ ဥစ္စာနှစ်တွေလဲ အကာအကွယ် အစောင့်အရှောက် ကင်းခြင်း၊
၄။ သူတပါးတွေပြုတဲ့ မကောင်းမှုများကိုပင် ဒီလူပြုတာဖြစ်မှာဘဲဟု ယုံမှားမှုဖြစ်နိုင်ခြင်း၊
၅။ ထိုသူ၌ မဟုတ်မမှန် စွပ်စွဲတဲ့စကားတွေ ကျရောက်ခြင်း၊
၆။ ဆေးဒုက္ခများစွာတို့၏ ရှေ့သွားဖြစ်ခြင်း၊
ဆိုတဲ့ ဒီခြောက်ပါးပါဘဲ။

ဆောင်။ ။ကိုယ့်သားမယား၊ တခြားဥစ္စာ၊ လုံစွာမဲ့ရှောင်း၊ မကောင်းအရာ၊ ရှုံရှာလေအပ်၊ ရိုးစွပ်ရောက်မှု၊ ဆင်းရဲစု၊ ခြောက်ခုခါမဲ့သွားပြစ်တည်း။

### ပွဲလမ်းသဘင် ကြည့်ရှုခြင်း၌ အပြစ် ၆-ပါး

သူကြွယ်သား ပွဲလမ်းသဘင် ကြည့်ရှုလေ့ရှိခြင်းရဲ့ အပြစ်များမှာ—

၁။ ဘယ်အရပ်မှာ ကပွဲရှိသလဲ (ဟု စုံစမ်းမေးမြန်းရခြင်း၊ ကပွဲရှိရာ သွားရန် ကြိုတင် ပြင်ဆင်နေရတဲ့ အချိန်, ကပွဲကို ကြည့်ရှုနေတဲ့အချိန်, ပြန်လာတဲ့အချိန်များမှာ ပင်ပန်းပြီး အလုပ်အကိုင် ချို့ယွင်းပျက်စီးခြင်း၊ ကပွဲသွားနေချိန်မှာ အိမ်ရှိပစ္စည်းဥစ္စာတို့ကို ရန်သူတို့ ခိုးယူလုယက်ဖျက်ဆီးခြင်း)

၂။ ထို့အတူ ဘယ်မှာ သီချင်းဆိုပွဲရှိသလဲ (လို့ စုံစမ်းမေး မြန်းရခြင်းစတဲ့ ဒုက္ခနဲ့ အလုပ်အကိုင် ချို့ယွင်း ပျက် ကွက်ခြင်း)။

၃။ ဘယ်မှာ တီးမှုတ်ပွဲရှိသလဲ၊

၄။ ဘယ်မှာ ပုံပြင်ပြောပွဲ (စာဟောပွဲ)ရှိသလဲ၊

၅။ ဘယ်မှာ ကြေးနင်းခွက်ခွင်း လက်ခုပ်လက်ဝါး တီးပွဲ ရှိသလဲ၊

၆။ ဘယ်မှာ အိုးစည် ဒိုးပတ် စည်တီးပွဲရှိသလဲ လို့ စုံစမ်း၊ မေးမြန်းရခြင်း စတဲ့ ဒုက္ခနဲ့ အလုပ်အကိုင် ချို့ယွင်း၊ ပျက်ကွက်ခြင်းဆိုတဲ့ ဒီခြောက်ပါးပါဘဲ။

ဆောင်။ ။က,ခြင်းတလီ၊ သီခြင်းတသီး၊ မှုတ်တီးတသင်း ပြိန့်ဖျင်းတအုပ်၊ လက်ခုပ်တတည်၊ အိုးစည်တဖြာ ရှိရာ ရှာ၍၊ ဥစ္စာပျက်မှု၊ ဤ ခြောက်ခုကား၊ ကြည့်ရှုသဘင် အပြစ်တည်း။

## လောင်းကစားခြင်း အပြစ် -၆ ပါး

သူကြွယ်သား မဲ့လျော့ကြောင်း ဖြစ်တဲ့ လောင်းကစား ခြင်းရဲ့ အပြစ်များမှာ—

၁။ မိမိကနိုင်ယင် ရန်ပွားခြင်း၊

၂။ ရှုံးယင် ဥစ္စာအတွက် နှမြောပူပန်ရခြင်း၊

၃။ ကိုယ်တွေ့မျက်မြင် ဥစ္စာဆုတ်ယုတ်ခြင်း၊

၄။ တရားရုံး၌ ထိုသူ၏ စကားမတည်ခြင်း၊
၅။ အဆွေခင်ပွန်းများက မထေမဲ့မြင်ပြုခြင်း၊
၆။ "ဒီလူဟာ ကစားသမားပဲ၊ မယားကို ကျွေးမွေးရန် မစွမ်းနိုင်"ဟု သမီးပေး သားယူ ပြုလိုသူမရှိခြင်း-ဆိုတဲ့ ဒီခြောက်ပါးပါဘဲ။

ဆောင်။ ။အောင်သူရန်ပွား၊ ရှုံးသားစိုးရိမ်၊ စည်းစိမ်လျော့ပါး၊ တရားသဘင်၊ မဝင်သက်သေ၊ မိတ်ဆွေနှိမ့်ဆို၊ မလိုထိမ်းမြား၊ ဤခြောက်ပါးကား၊ ပျော်ပါး ကြွေအန်အပြစ်တည်း။

ခင်ပွန်းယုတ် အပြစ် ၆-ပါး

သူကြွယ်သား ယုတ်မာသူတွေနဲ့ အဆွေခင်ပွန်း ပြုလေ့ရှိခြင်းရဲ့ အပြစ်များမှာ—

၁။ လောင်းကစားကြူးသူ၊
၂။ ကာမဂုဏ်ကြူးသူ၊
၃။ သေသောက်ကြူးသူ၊
၄။ အတုအလိမ်နဲ့ လှည့်ပတ်တတ်သူ၊
၅။ ပရိယာယ်မာယာဖြင့် လှည့်ပတ်တတ်သူ၊
၆။ အနိုင်အထက် လုယက်မှုကို ပြုတတ်သူ၊

အဲဒီသူတွေသာ မိတ်ဆွေယုတ်နဲ့ ပေါင်းဖေါ်သူရဲ့ အပေါင်းအဖေါ်တွေ ဖြစ်လာကြတယ်၊ ဒါကြောင့် မိတ်ဆွေယုတ်နဲ့

ပေါင်းဖော်သူဟာ ဒီဘဝမှာဘဲဖြစ်ဖြစ် နောင်ဘဝမှာဘဲ ဖြစ်ဖြစ် ပျက်စီးသွားရတယ်၊ သူကြွယ်သား ယုတ်မာ သူတွေနဲ့ အဆွေခင်ပွန်း ပြုလေ့ရှိခြင်းရဲ့ အပြစ်များကတော့ ဒီခြောက် ပါးပါဘဲ။

ဆောင်။ ။ကြွေအန်ကြူးထ၊မိန်းမကြူးထွေ၊သေစာကြူးမူ၊ အတုပြုဗြဲ၊ လှည့်စားတထောက်၊ မျက်မှောက် လှည့်ချက်၊နိုင်ထက်လုယူ၊ ဤသူခြောက်ပါး၊ မိတ် ဖြစ်လာကြောင့်၊ ပျက်ပြားမိတ်ဆွေအပြစ်တည်း။

## ပျင်းရိခြင်း အပြစ် ၆-ပါး

သူကြွယ်သား ပျင်းရိခြင်းရဲ့ အပြစ်ခြောက်ပါးမှာ—

၁။ အေးလွန်းတယ်လို့ အမှုကိစ္စကိုမပြု၊

၂။ ပူလွန်းတယ်လို့ အမှုကိစ္စကိုမပြု၊

၃။ မိုးချုပ်လွန်းတယ်လို့ အမှုကိစ္စကိုမပြု၊

၄။ စောလွန်းတယ်လို့ အမှုကိစ္စကိုမပြု၊

၅။ ဆာလွန်းတယ်လို့ အမှုကိစ္စကိုမပြု၊

၆။ ဝလွန်းတယ်လို့ အမှုကိစ္စကိုမပြု၊ ဒီလို မခိုင်လုံတဲ့ ကိစ္စ များကို ယိုးမယ်ဖွဲ့နေသူများမှာ မဖြစ်သေးတဲ့ စည်းစိမ် တွေလဲ မဖြစ်လာကြ၊ ဖြစ်ပြီးတဲ့စည်းစိမ်တွေလဲ ပျက်စီး သွားကြရတယ်၊ သူကြွယ်သား ပျင်းရိခြင်းရဲ့ အပြစ်များ ကတော့ ဒီခြောက်ပါးပါဘဲ။

ဆောင်။ ။အချမ်းပြင်းဝှမ်၊ အလွန်ပူနိုး၊ မိုးချုပ်လှမော၊ စောလှလွန်းယောင်၊ ဆာလောင်ပြင်းပျ၊ ဝမ်းဝလွန်းထွေ၊ နေကပညာ၊ မပွားရာသည်၊ ခြောက်ဖြာပျင်းသူ့ အပြစ်တည်း။

အရက်ဆိုင်မှာသာ အဖော်ဖြစ်သူဟာ သောက်ဖေါ်သောက်ဖက်မိတ်ဆွေဖြစ်တယ်၊ မိတ်ဆွေ-မိတ်ဆွေလို့ ခေါ်ကာ ခေါ်ကာနဲ့ ရှေ့မှာသာ အဖော်ဖြစ်ပြီး၊ မျက်ကွယ်မှာ ရန်သူသဖွယ် ဖြစ်သူဟာ ဟန်ဆောင်မိတ်ဆွေ မည်တယ်၊ အကြောင်းကိစ္စဖြစ်ပေါ်လာယင် အဖော်သဟဲဖြစ်သူသာ မိတ်ဆွေစစ် ဖြစ်တယ်။

## လူကို ဖျက်ဆီးတတ်သော အကြောင်း ၆-ပါး

နေမြင့်အောင်အိပ်ခြင်း, သူတပါးမယားကို မှီဝဲခြင်း, ရန်သူများခြင်း, အကျိုးမဲ့ပြုခြင်း, မကောင်းတဲ့ အဆွေခင်ပွန်းရှိခြင်း, အလွန်စေးနဲ့ခြင်းဟူသော ဤအကြောင်း ၆-ပါးတို့သည်လူကို ဖျက်ဆီးတတ်ကုန်၏။

မရှိဆင်းရဲ မှတ်သိမ်တဲ့ အရက်သမားဟာ သောက်လိုလို့ အရက်ဆိုင် သွားမယ်ဆိုယင် အဲဒီ အရက်သမားဟာ ရေထဲကျောက်ခဲ နစ်မြုပ်သွားသလို ကြွေးထဲ နစ်မြုပ်သွားမယ်၊ မိမိမှာ ဆွေမျိုး မရှိပဲ အထီးကျန်သူ ဖြစ်သွားမယ်။

## မိတ်ဆွေတုများ

သူကြွယ်သားမိတ်ဆွေစစ်မဟုတ်တဲ့ ဒီမိတ်ဆွေတု ၄-ယောက်တို့ကို သိသင့်တယ်၊ (၁) ယူသာယူတတ်တဲ့ မိတ်ဆွေတု၊ (၂)

နှုတ်နှုံသာ ပေးတတ်တဲ့ မိတ်ဆွေတု၊ (၃) အကြိုက်ကိုလိုက်ပြီး ပြောတတ်တဲ့ မိတ်ဆွေတု၊ (၄) ပျက်စီးကြောင်း ကိစ္စမှာ အပေါင်းအဖော် ဖြစ်တဲ့ မိတ်ဆွေတုဆိုတဲ့ ဒီမိတ်ဆွေတု ၄-ယောက်တို့ကို သိသင့်တယ်။

## ကိုယ်ကျိုးကိုယ်သာ ငဲ့တဲ့ မိတ်ဆွေတု ၄-ယောက်

သူကြွယ်သား ယူသာယူတတ်တဲ့ မိတ်ဆွေစစ် မဟုတ်တဲ့ မိတ်ဆွေတုများကို—

၁။ ယူသာယူတတ်ခြင်း၊ (မိတ်ဆွေအိမ် လက်ချည်းလာ၍ အဝတ်ပုဆိုး စသည်တို့ကို ချီးကျူး ယူသွားတတ်သူကို ဆိုလိုသည်။)

၂။ မိမိက ပစ္စည်းဥစ္စာ အနည်းငယ်ကိုသာ ပေး၍ သူတပါး ထံမှ ဥစ္စာ အများအပြားကို ယူသွားတတ်ခြင်း၊

၃။ မိမိမှာ ဘေးအန္တရာယ်ကြုံခိုက် အန္တရာယ်မှ လွတ်မြောက်ရုံသာ ထိုသူ၏အမှုကိစ္စကို လာရောက်ပြုတတ်ခြင်း၊

၄။ မိတ်ဆွေဖွဲ့ခြင်းမဟုတ်ဘဲ ကိုယ်ကျိုးသက်သက်ကိုသာငဲ့၍ မိမိထံ ချဉ်းကပ် လာရောက်ခြင်း ဆိုတဲ့ ဒီအကြောင်း လေးပါးဖြင့် ကိုယ်ကျိုးလောက်ကိုသာ ငဲ့တတ်တဲ့ မိတ်ဆွေတု ဖြစ်ကြောင်းကို သိရမယ်။

ဆောင်။ ။လက်ချည်းလာ၍၊ ဥစ္စာဆောင်သယ်၊ နည်းငယ်ဖြင့်သာ၊ များစွာလိုရှိ၊ ဘေးထိရောက်ခါ၊ ပြုတုံလာဘိ၊မိမိကျိုးငှာ၊ မှီလာပေါင်းယှဉ်၊ ၄-ယောက်စဉ်ကား၊ အညဒတ္ထုဟုရတည်း။

## နှုတ်ဖြင့်သာ ဟန်ဆောင်တတ်သော မိတ်ဆွေတု ၄-ယောက်

သူကြွယ်သား နှုတ်နှင့်သာ ပေးတတ်တဲ့ မိတ်ဆွေတုများကို—

၁။ လွန်ပြီးတဲ့အရာနဲ့ ချီးမြှောက်ခြင်း၊ (မိတ်ဆွေရေ မနှစ်က လာယင် ပေးဘို့ရာ အသင့်ရှိတယ်၊ စပါးတွေ အလွန်ကောင်းတယ်၊ ယခုတော့ ကုန်ပြီဟု အတိတ်ဖြစ်သော စကားဖြင့်သာ ချီးမြှောက်ပြောဆိုတတ်သော မိတ်ဆွေမျိုးတည်း။)

၂။ မဖြစ်သေးသော အရာဖြင့် ချီးမြှောက်ခြင်း၊ (မိတ်ဆွေ လာတာ စောနေတယ်၊ ဒီနှစ်စပါးတွေ အလွန်ကောင်းလိမ့်မယ်ဟု အနာဂတ် ဖြစ်သော စကားဖြင့်သာ ချီးမြှောက် ပြောဆိုတတ်သော မိတ်ဆွေမျိုးတည်း။)

၃။ အချည်းနှီး လောကွတ်မျှဖြင့် ချီးမြှောက်ခြင်း၊ (မိတ်ဆွေအား ဤပုဆိုးနှင့် အလွန်သင့်လျော်ပါ၏။ သို့သော် ဤ တထည်သာရှိ၍ မပေးရခြင်းပါဟု အချည်းနှီးသော စကားဖြင့် ချီးမြှောက် ပြောဆိုတတ်သော မိတ်ဆွေမျိုးတည်း။)

၄။ ဖြစ်ဆဲကိစ္စများမှာ ပျက်စီးမှုကို ပြခြင်း၊ (လှည်း ဖြစ်ဖြစ် ရထားဖြစ်ဖြစ် တခုခုကိုငှားလျှင် ပေးတော့ ပေးချင်ပါရဲ့။ သို့သော် လှည်းမှာ ဘီးကွဲနေတယ်၊ ဝင်ရိုးကျိုးနေတယ်-စသည်ဖြင့် အပျက်စကားဖြင့်သာ ချီးမြှောက် ပြောဆိုတတ်သော မိတ်ဆွေမျိုးတည်း။)

ဆိုတဲ့ ဒီအကြောင်း လေးပါးဖြင့် နှုတ်နဲ့သာ ပေး တတ်တဲ့ မိတ်ဆွေတု ဖြစ်ကြောင်းကို သိရမယ်။

ဆောင်။ ။ရှေးဖြစ်စေစပ်၊ တထပ်နောက်မှီး၊ ချည်းနှီးသဂြိုဟ်၊ ပေးလိုစဟန်၊ ပစ္စုပ္ပန်မှ၊ ပြည့်နှင့်ပျက်ပြား၊ ဤလေးပါးကား၊ မှတ်သားဝစီ ပရမတည်း။

## ချစ်ဖွယ်စကားကိုသာ ဆိုတတ်သော မိတ်ဆွေတု ၄-ယောက်

သူကြွယ်သား အကြိုက်လိုက်ပြီး ပြောဆိုတတ်တဲ့ မိတ်ဆွေ တုများကို—

၁။ မိတ်ဆွေအား မကောင်းမှုကိုလဲ ခွင့်ပြုခြင်း၊

၂။ မိတ်ဆွေအား ကောင်းမှုကိုလဲ ခွင့်ပြုခြင်း၊

၃။ မိတ်ဆွေရဲ့ မျက်မှောက်မှာ ချီးမွမ်းစကား ပြောခြင်း၊

၄။ မိတ်ဆွေရဲ့ မျက်ကွယ်မှာ ကဲ့ရဲ့စကား ပြောခြင်း—

ဆိုတဲ့ ဒီအကြောင်းလေးပါးဖြင့် အကြိုက်လိုက်ပြီး ပြောတတ်တဲ့ မိတ်ဆွေတု ဖြစ်ကြောင်းကို သိရမယ်။

ဆောင်။ ။မကောင်းခွင့်ပြု၊ ကောင်းမှုကိုလျှင်၊ ဆင်ခြင်မမှု၊ ခွင့်ပြုသည်ပင်၊ ရှေ့တွင်ချီးမွမ်း၊ ဖုံးလွှမ်းကွယ်လျှင်၊ ကဲ့ရဲ့ချင်သည်၊ လေးအင်ပိယ ဘာဏီတည်း။

## ပျက်စီးကြောင်း၌ အပေါင်းအဖော် ဖြစ်သော မိတ်ဆွေတု ၄-ယောက်

သူကြွယ်သား ပျက်စီးကြောင်းမှာ အပေါင်းအဖော် ဖြစ်တဲ့ မိတ်ဆွေတုများကို—

၁။ အရက်သောက်ရာ၌ အပေါင်းအဖော် ဖြစ်ခြင်း၊

၂။ အခါမဲ့ ခရီးသွားခြင်း၌ အပေါင်းအဖော် ဖြစ်ခြင်း၊

၃။ ပွဲလမ်းသဘင်သွားလာရာ၌ အပေါင်းအဖော်ဖြစ်ခြင်း၊

၄။ လောင်းကစားရာ၌ အပေါင်းအဖော်ဖြစ်ခြင်း—

ဆိုတဲ့ ဒီအကြောင်းလေးပါးဖြင့် ပျက်စီးကြောင်း၌ အပေါင်းအဖော်ဖြစ်တဲ့ မိတ်ဆွေတုကို သိရမယ်။

## စိတ်ကောင်း နှလုံးကောင်းရှိသော မိတ်ဆွေစစ်

သူကြွယ်သား (၁) ကျေးဇူးပြုတတ်တဲ့မိတ်ဆွေစစ်၊ (၂) ချမ်းသာအတူ ဆင်းရဲအတူဖြစ်တဲ့ မိတ်ဆွေစစ်၊ (၃) အကျိုးစီးပွားကို ပြောတတ်တဲ့ မိတ်ဆွေစစ်၊ (၄) အစဉ်သနားတတ်တဲ့ မိတ်ဆွေစစ်ဆိုတဲ့ စိတ်ကောင်းနှလုံးကောင်းရှိတဲ့ ဒီမိတ်ဆွေစစ်လေးယောက်ကို သိရမယ်။

## ကျေးဇူးပြုတတ်သော မိတ်စစ်လက္ခဏာ ၄-ပါး

သူကြွယ်သား ကျေးဇူးပြုတတ်တဲ့ မိတ်ဆွေစစ်ကို—

၁။ အရက်မူးယစ်နေတဲ့ မိတ်ဆွေကို စောင့်ရှောက်ခြင်း၊

၂။ မူးယစ်နေတဲ့မိတ်ဆွေရဲ့ ပစ္စည်းဥစ္စာကို စောင့်ရှောက်ခြင်း၊

၃။ ဘေးရောက်တဲ့အခါ ကူညီအားပေးခြင်း၊
၄။ အမှုကြီးငယ်ရှိတဲ့အခါ ၂-ဆတိုးကူညီခြင်း—

ဆိုတဲ့ ဒီအကြောင်းလေးပါးတို့ဖြင့် ကျေးဇူးပြုတတ်တဲ့ စိတ်ကောင်းနှလုံးကောင်းရှိတဲ့ မိတ်ဆွေစစ်ကို သိရမယ်။

ဆောင်။ ။မေ့လျော့စောင့်လာ၊ ဥစ္စာစောင့်ရှောက်၊ ဘေးရောက်ကိုးကွယ်၊ ပြုဘွယ်ရှိက၊ နှစ်ဆဥစ္စာ၊ ချေးပေးလာသည်။ လေးဖြာဥပကာရတည်း။

ဆင်းရဲမက္ခာ ချမ်းသာမပစ်သော လက္ခဏာ ၄-ပါး

သူကြွယ်သား ချမ်းသာအတူ ဆင်းရဲအတူဖြစ်တဲ့ မိတ်ဆွေစစ်ကို-

၁။ မိတ်ဆွေအား လျှို့ဝှက်သော အမှုကို ပြောကြားခြင်း၊
၂။ မိတ်ဆွေလျှို့ဝှက်ထားတဲ့အမှုကို လျှို့ဝှက်ခြင်း၊
၃။ ဘေးတွေ့တဲ့အခါ မစွန့်ပစ်ခြင်း၊
၄။ မိတ်ဆွေအကျိုးကို သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခြင်း-

ဆိုတဲ့အကြောင်းလေးပါးတို့ဖြင့် ချမ်းသာအတူ ဆင်းရဲအတူဖြစ်တဲ့ မိတ်ဆွေစစ်ကို သိရမယ်။

ဆောင်။ ။လျှို့ဝှက်စကား၊ ကြားစေတုံလျက်၊ သူလျှို့ဝှက်၍၊ ဘေးတွေ့မစွန့်၊ မတွန့်တိုပါ၊ သူ့ကိုညှာလျက်၊ ကိုယ်သက် စွန့်မြောက်။ ဤ လေးယောက်ကား၊ မျှလောက်ချမ်းသာ ဆင်းရဲတည်း။

### အကျိုးကိုညွှန်ကြားတတ်သော မိတ်စစ်လက္ခဏာ ၄-ပါး

သူကြွယ်သား အကျိုးစီးပွားကို ပြောကြား တတ်သော မိတ်ဆွေစစ်ကို–

၁။ မကောင်းမှု မပြုရအောင် တားမြစ်တတ်ခြင်း၊

၂။ ကောင်းမှု၌ သက်ဝင်စေခြင်း၊

၃။ မကြားဘူးသေးတဲ့ စာရားစကားကို ပြောကြားတတ်ခြင်း၊

၄။ ဒါနသီလစတဲ့ နတ်ပြည်ခရီးကို ညွှန်ပြတတ်ခြင်း-

ဆိုတဲ့ ဒီအကြောင်းလေးပါးတို့ဖြင့် အကျိုးစီးပွားကို ပြောတတ်တဲ့ မိတ်ဆွေစစ်ကို သိရမယ်။

ဆောင်။ ။မကောင်းမြစ်တာ၊ ကောင်းရာသွင်းထား၊မကြားစတောင်း၊ အကြောင်းကြားလာ၊ နတ်ရွာလမ်းပြ၊ ကျိုးလေးဝကား၊ မည်ရ အတ္ထက္ခာယီတည်း။

### အစဉ်သနားတတ်သော မိတ်စစ် လက္ခဏာ ၄-ပါး

သူကြွယ်သား အစဉ်သနားတတ်တဲ့ မိတ်ဆွေစစ်ကို–

၁။ မိတ်ဆွေ စီးပွားမဖြစ်ထွန်းလျှင် မနှစ်သက်ခြင်း (စိုးရိမ်ခြင်း)၊

၂။ မိတ်ဆွေ စီးပွားဖြစ်ထွန်းလျှင် နှစ်သက်ခြင်း၊

၃။ မိတ်ဆွေအား ကဲ့ရဲ့စကားပြောသူကို ကန့်ကွက်တားမြစ်ခြင်း၊

၄။ မိတ်ဆွေအား ချီးမွမ်းစကားပြောသူကို ထောက်ခံချီးမွမ်းခြင်း—

ဆိုတဲ့ ဒီအကြောင်းလေးပါးတို့ဖြင့် အစဉ်သနားတတ်တဲ့ မိတ်ဆွေစစ်ကို သိရမယ်။

**ဆောင်။** ။ဥစ္စာခမ်းနား၊ မပွားသမ္ဘိ၊ မနှစ်လိုငြား၊ ပွားကရှင်မှူး၊ ကျေးဇူးမဲ့ကို၊ ဆိုသော်တားမြစ်၊ ကျေးဇူးဖြစ်ကို၊ ဆိုသော်ချီးမွမ်း၊ သူတို့တမ်းကား၊မိတ်ကျွမ်းအနုကမ္ပတည်း။

မြတ်စွာဘုရားသည် ဤစကားပြင်ကို ဟောတော်မူပြီးနောက် အောက်ပါ ဂါထာစကားကိုလည်း ဟောတော်မူသည်—

''သူကြွယ်သား ပညာရှိသူဟာ ဒီမိတ်ဆွေစစ်လေးယောက်တို့ကို ယခုဆိုခဲ့တဲ့အတိုင်း သိပြီးတော့ အမိဟာ ရင်မှာဖြစ်တဲ့သားထံ ချဉ်းကပ်သလို ရိုသေစွာ ချဉ်းကပ်ရမယ်။

သီလနဲ့ပြည့်စုံတဲ့ ပညာရှိဟာ တောက်လောင်နေတဲ့မီးလိုဘဲ ထွန်းလင်းတင့်တယ်တယ်၊ ပျားကောင်ဟာ ပန်းပွင့်ကို မထိခိုက်စေဘဲ ဝတ်ရည်ကိုသာ စုတ်ယူပြီး ပျားလဘို့ကို အားထုတ်ဆောက်လုပ်သလို မိမိကိုဖြစ်ဖြစ် သူတပါးကိုဖြစ်ဖြစ် မညှဉ်းဆဲမထိခိုက်စေဘဲ တရားသဖြင့် ပစ္စည်းဥစ္စာကို စုဆောင်းရှာမှီးတဲ့ သူ့ရဲ့ ဥစ္စာစည်းစိမ်တွေဟာ ခြတောင်ပို့ကြီးပွားသလို ကြီးပွားပါတယ်။

အိမ်ထောင်သည်ဘဝကို တည်ဆောက်နိုင်တဲ့ အမျိုးသား ဟာ လုပ်အားမှပေါ်ထွက်လာတဲ့ ဥစ္စာစည်းစိမ်တို့ကိုကောင်းစွာ စုဆောင်းပြီး လေးပုံ ပုံ၍ တပုံကို စားဝတ်နေရေးမှာ သုံးစွဲရ မယ်၊ နှစ်ပုံကို အလုပ်ထဲ ပြန်ထည့်ပြီး အရင်းအနှီးမြှုပ်နှံရမယ်၊ ကျန်တဲ့ တပုံကို (မီးဘေး မင်းဘေးဆိုက်ရောက်တဲ့အခါ သုံးနိုင် အောင် မြေထဲမှာဖြစ်ဖြစ် ဘဏ်တိုက်မှာဖြစ်ဖြစ် သိုမှီးမြှုပ်နှံ ထားရမယ် (သာမှုနာမှုစသည်မှာ) လှူဒါန်းလိုယင်လဲ မိမိ စားရမဲ့ တပုံထဲက ခွဲဝေလှူဒါန်းပါ၊ ဒီလိုခွဲဝေသုံးစွဲတဲ့သူဟာ မိတ်ဆွေခင်ပွန်းတို့ကို မကွဲအောင် စည်းရုံးနိုင်တယ်" ဟု မိန့်တော် မူသည်။

## အလေးအမြတ်ပြုအပ်သော အရပ် ၆-မျက်နှာ

သူကြွယ်သား အရိယာသာဝကဟာ အရပ်ခြောက်မျက်နှာ တို့ကို သိရမယ်၊ အမိအဖတွေကို အရှေ့အရပ်လို့ သိပါ၊ ဆရာ သမားတွေကို တောင်အရပ်လို့ သိပါ၊ သားမယားတွေကို အနောက်အရပ်လို့ သိပါ၊ ချစ်တဲ့မိတ်ဆွေစစ်တွေကို မြောက် အရပ်လို့ သိပါ၊ အစေအပါး အလုပ်သမားတွေကို အောက် အရပ်လို့ သိပါ၊ သမဏဗြာဟ္မဏတွေကို အထက်အရပ်လို့သိပါ။

ဆောင်။ ။အရှေ့မိဘ၊ တောင်မှာဆရာ၊ နောက်မှာသက်ထား၊
မြောက်ကား မိတ်ဆွေ၊ အောက်ခြေ ကျွန်များ၊
အထက်ဖျားကား၊ မြတ်ပွားရဟန်း ခြောက်ရပ် တည်း

## သားသမီးကျင့်ဝတ် ၅-ပါး

သူကြွယ်သား သားသမီးဖြစ်သူများက အရှေ့အရပ်မည်တဲ့ မိဘတွေကို—

၁။ ပြန်၍လုပ်ကျွေးမွေးမြူခြင်း၊
၂။ မိဘတို့၏ အမှုကိစ္စကို ဆောင်ရွက်ခြင်း၊
၃။ မိဘတို့၏ ဥစ္စာကို မပျက်အောင် စောင့်ထိန်းခြင်း, အစဉ်အဆက်မှလာတဲ့ ကုသိုလ်ဝတ်ပြုခြင်းဖြင့် အမျိုးအနွယ်ကိုတည်စေခြင်း၊
၄။ အမွေခံထိုက်အောင် မိဘစကား နားထောင်ခြင်း၊
၅။ ကွယ်လွန်လေသော မိဘတို့အတွက် အလှူပေးကာ အမျှဝေခြင်း၊

ဆိုတဲ့ ဒီဝတ္တရားငါးခုနဲ့ ပြုစုလုပ်ကျွေးရတယ်။

ဆောင်။ ။ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေ မျိုးနွယ်၊ ဝတ် ငါးသွယ်၊ ကျင့်ဘွယ်သားတို့တာ။

## မိဘကျင့်ဝတ် ၅-ပါး

သူကြွယ်သား အရှေ့အရပ်မည်တဲ့ မိဘများကလဲ သားသမီးတွေကို—

၁။ မကောင်းမှုမှ တားမြစ်ခြင်း၊
၂။ ကောင်းမှု၌ သက်ဝင်စေခြင်း၊
၃။ အတတ်ပညာ သင်စေခြင်း၊

၄။ အရွယ်ရောက်လျှင် ထိမ်းမြားပေးခြင်း၊

၄။ သင့်တော်တဲ့အချိန်မှာ အမွေဥစ္စာပေးခြင်း၊

ဆိုတဲ့ ဒိဝတ္တရား ၅-ခုနဲ့ ပြုစုလုပ်ကျွေးရတယ်၊ မိဘတွေက ဒိဝတ္တရား ၅-ခုနဲ့ ပြုစုလုပ်ကျွေးထားတဲ့အတိုင်း သားသမီးတွေကလဲ အဆိုပါဝတ္တရားငါးခုနဲ့ ပြုစုလုပ်ကျွေးယင် အရှေ့အရပ်ဟာ လုံခြုံတယ်၊ ငြိမ်းချမ်းတယ်၊ ဘေးကင်းတယ်။

တကယ်လို့ သားသမီးတွေက ဝတ္တရား မပြည့်စုံယင် "မိဘတွေဟာ သားသမီး တွေကို ငယ်စဉ်က စပြီး သုတ်သင်ကျွေးမွေး ပြုစုခြင်းဖြင့် ဝတ္တရားပြည့်စုံခဲ့တယ်၊ ဒီသူငယ်ဟာ မိဘတွေနဲ့မတူဘူး" လို့ ကဲ့ရဲ့တဲ့ဘေး ရောက်လိမ့်မယ်၊ တကယ်လို့ သားသမီးတွေက ဝတ္တရား ပြည့်စုံတယ်၊ မိဘတွေက မပြည့်စုံဘူးဆိုယင် "မိဘတွေဟာ သားသမီးတွေနဲ့ မလျော်ကန်ဘူး၊ မတော်ဘူး" လို့ ကဲ့ရဲ့တဲ့ဘေး ရောက်လိမ့်မယ်၊ ၂-ဦးစလုံး ဝတ္တရားမပြည့်စုံယင် ၂-ဦးစလုံးကို ကဲ့ရဲ့လိမ့်မယ်၊ ၂-ဦးစလုံး ဝတ္တရား ပြည့်စုံယင် ကဲ့ရဲ့ဘွယ် လုံးဝမရှိဘဲ လုံခြုံတယ်၊ ငြိမ်းချမ်းတယ်၊ ဘေးကင်းတယ်။

ဆောင်။ ။မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေ နှီးရင်း၊ ထိမ်းမြား ခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

## တပည့်ဝတ် ၅-ပါး

သူကြွယ်သား တပည့်ဖြစ်သူက တောင်အရပ်မည်တဲ့ ဆရာ သမားကို—

၁။ ဆရာလာတဲ့အခါ နေရာကထပြီး ခရီးဦး ကြိုဆိုရခြင်း၊
၂။ ခစားဆည်းကပ်ခြင်း၊
၃။ ဆရာ့စကားကို မြေ့ဝယ်မကျ နာယူခြင်း၊
၄။ အရိုအသေ လုပ်ကျွေးခြင်း၊
၅။ အတတ်ပညာကို ရိုသေစွာ သင်ကြားလေ့ကျက် မှတ်သားခြင်း—

ဆိုတဲ့ ဒိဝတ္တရား ၅-ခုနဲ့ ပြုစုလုပ်ကျွေးရတယ်။

**ဆောင်။** ။ညီညာထကြို၊ဆုံးမနာယူ၊လာမူကြိုဆီး၊ထံနည်းလုပ်ကျွေး၊သင်တွေးအံရွတ်၊တပည့်ဝတ်၊မချွတ်ငါးခုသာ။

## ဆရာ့ကျင့်ဝတ် ၅-ပါး

သူကြွယ်သား တောင်အရပ်မည်တဲ့ ဆရာကလဲ တပည့်တွေကို

၁။ ကောင်းစွာ ဆုံးမသင့်တဲ့အရာကို ဆုံးမခြင်း၊
၂။ ကောင်းစွာသင်သင့်တဲ့အတတ်ကို သင်စေခြင်း၊
၃။ ဆရာစားမချန်ဘဲ အတတ်ကိုပြောကြားသင်ကြားခြင်း၊
၄။ သိပ္ပံပညာရပ်မျိုးကို တတ်အောင် ကောင်းတဲ့မိတ်ဆွေ ဆရာများထံ အပ်နှံခြင်း၊

၅။ အရပ်အားလုံးတို့၌ အစောင့်အရှောက်ကို ပြုခြင်း—
ဆိုတဲ့ ဒိဝတ္တရားငါးခုနဲ့ ပြုစုလုပ်ကျွေးရတယ်။ ဆရာ
တပည့် ၂-ဦးစလုံး ဆိုင်ရာဝတ္တရားတွေကို အသီးအသီး
လိုက်နာ ပြုကျင့်ကြယင် တောင်အရပ်ဟာ လုံခြုံတယ်၊
ငြိမ်းချမ်းတယ်၊ ဘေးကင်းတယ်။

ဆောင်။ ။အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေး
ရန်ဆီးကာ၊သင့်ရာအပ်ပို၊ဆရာတို့၊ကျင့်ဖို့ဝတ်ငါးဖြာ၊

## လင်ကျင့်ဝတ် ၅-ပါး

သူကြွယ်သား လင်ဖြစ်သူက အနောက် အရပ် မည်တဲ့
မယားကို—

၁။ အမြတ်တနိုး ခေါ်ဝေါ်ပြောဆိုခြင်း၊

၂။ နှိမ်ချ၍ မခေါ်ဆိုခြင်း၊

၃။ မိမိမယားမှတပါး မလွန်ကျူးခြင်း၊ (အငယ်အနှောင်း
မထားခြင်း)

၄။ စဖိုဆောင်အုပ်စိုးမှုကို လွှဲအပ်ခြင်း၊

၅။ အဝတ်အစား အဆင်တန်ဆာ ဝယ်ခြမ်းပေးခြင်း—
ဆိုတဲ့ ဒိဝတ္တရား ၅-ခုနဲ့ ပြုစုလုပ်ကျွေးရတယ်။

ဆောင်။ ။မထေမဲ့ကောင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်
စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာ။

## မယားကျင့်ဝတ် ၅-ပါး

သူကြွယ်သား အနောက်အရပ်မည်တဲ့ မယားကလဲ လင်ကို—

၁။ အိမ်တွင်း အမှုကိစ္စဟူသမျှကို ကောင်းစွာစီရင်ခြင်း၊

၂။ ဆွေမျိုးနှစ်ဖက်လုံးကို ပေးကမ်းချီးမြှင့်ခြင်း၊

၃။ မိမိလင်မှတပါး မကျူးလွန်ခြင်း၊ (အငယ်အနှောင်း မထားခြင်း)

၄။ ရှာဖွေခဲ့သော ဥစ္စာတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

၅။ ကိစ္စအားလုံးတို့မှာ လိမ္မာပြီး ပျင်းရိမှုကင်းခြင်း— ဆိုတဲ့ ဒီဝတ္တရား ငါးခုနဲ့ ပြုစုလုပ်ကျွေးရတယ်၊ လင်မယား ၂-ဦးစလုံးက ဆိုင်ရာဝတ္တရားတွေကို အသီးအသီး လိုက်နာပြုကျင့်ကြယင် အနောက် အရပ်ဟာ လုံခြုံတယ်၊ ငြိမ်းချမ်းတယ်၊ ဘေးကင်းတယ်။

ဆောင်။ ။အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။

## မိတ်ဆွေကျင့်ဝတ် ၅-ပါး

သူကြွယ်သား အမျိုးကောင်းသား ဖြစ်သူဟာ မြောက်အရပ်မည်တဲ့ အဆွေခင်ပွန်းတွေကို—

၁။ ပေးကမ်းချီးမြှင့်ခြင်း၊

၂။ ချိုသာစွာ ပြောဆိုခြင်း၊

၃။ စီးပွားဖြစ်ထွန်းအောင် ဆောင်ရွက်ခြင်း၊

၄။ ကိုယ်နှင့်တန်းတူထား၍ ပေါင်းသင်းခြင်း၊
၅။ မချွတ်မယွင်း မှန်ကန်စွာ ပြောဆိုပေးကမ်းခြင်း—
ဆိုတဲ့ ဒီဝတ္တရား ၅-ခုနဲ့ ပြုစုလုပ်ကျွေးရတယ်။

ဆောင်။ ။ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့် ယှဉ်ထား။ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ။

## မိတ်ဆွေအပေါ် ပြန်၍ကျင့်ရန် ကျင့်ဝတ် ၅-ပါး

သူကြွယ်သား မြောက်အရပ်မည်တဲ့ အဆွေခင်ပွန်းဖြစ်သူဟာ အမျိုးကောင်းသားကို—

၁။ အမှုကိစ္စမှာ မေ့လျော့နေယင် မမေ့လျော့အောင် ကူညီစောင့်ရှောက်ခြင်း၊
၂။ မေ့လျော့နေတဲ့ မိတ်ဆွေရဲ့ ပစ္စည်းဥစ္စာတို့ကို စောင့်ရှောက်ပေးခြင်း၊
၃။ ကြောက်ရွံ့တဲ့ မိတ်ဆွေရဲ့ အားကိုးမှီခိုရာဖြစ်ခြင်း၊
၄။ ဘေးရန်ဖြစ်လာယင် မစွန့်ပစ်ခြင်း၊
၅။ ထိုမိတ်ဆွေရဲ့ သားမြေး အဆက်ဆက်တို့ကို တုံ့ပြန်ချီးမြှောက်ခြင်း-ဆိုတဲ့ ဒီဝတ္တရား ၅-ခုနဲ့ ပြုစုလုပ်ကျွေး

ရတယ်၊ မိတ်ဆွေအချင်းချင်းဟာ ဆိုင်ရာဝတ္တရားတွေကို အဲဒီလို အသီးအသီး လိုက်နာကျင့်သုံးကြယင် မြောက်အရပ်ဟာ လုံခြုံတယ်၊ ငြိမ်းချမ်းတယ်၊ ဘေးကင်းတယ်။

## အလုပ်ရှင်ကျင့်ဝတ် ၅–ပါး

သူကြွယ်သား အလုပ်ရှင် ဖြစ်သူဟာ အောက်အရပ်မည်တဲ့ အလုပ်သမား တွေကို–

၁။ ကိုယ်အားဉာဏ်အား အလျောက်သာ အလုပ်ကိစ္စကို ခိုင်းစေခြင်း၊

၂။ ထမင်းရိက္ခာကို မှန်ကန်စွာ ပေးကမ်း ထောက်မခြင်း၊

၃။ မကျန်းမာတဲ့အခါ ကောင်းစွာပြုစုခြင်း၊

၄။ ကောင်းမွန်ထူးမြတ်တဲ့ စားသောက်ဘွယ် ရရှိလာယင် ခွဲဝေပေးကမ်းခြင်း၊

၅။ အခါအားလျော်စွာ အားလပ်ခွင့်ပေးခြင်း (အဝတ် တန်ဆာပေးခြင်း)–ဆိုတဲ့ ဒိဝတ္တရား ၅–ခုနဲ့ ပြုစုလုပ်ကျွေးရတယ်။

ဆောင်။ ဝစွာကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုစေ၊ ငွေဝေရသာ၊ အခါကိုလွှတ်၊ အရှင့်ဝတ်၊ မချွတ်ငါးခုသာ။

## အလုပ်သမား ကျင့်ဝတ် ၅-ပါး

သူကြွယ်သား အောက်အရပ်မည်တဲ့အလုပ်သမားဟာ အလုပ်ရှင်ကို-

၁။ အလုပ်ရှင် ရှေးဦးစွာ အိပ်ရာမှ ထလေ့ရှိခြင်း၊ (အလုပ်တိုက်ကို အလုပ်ရှင် အရင် ရောက်လေ့ရှိခြင်း၊)

၂။ အလုပ်ရှင်နောက်မှ အိပ်လေ့ရှိခြင်း၊ (အလုပ်ရှင်လာတဲ့ အခါ နေရာမှ ထပေးပြီး နောက်မှ ထိုင်လေ့ရှိခြင်း၊)

၃။ ပေးသည်ကိုသာ ယူလေ့ရှိခြင်း၊

၄။ အလုပ်ကိစ္စကို ကောင်းစွာပြုလုပ်ခြင်း၊

၅။ အလုပ်ရှင်ရဲ့ ကောင်းသတင်းကို ပြောခြင်း- ဆိုတဲ့ ဒီဝတ္တရား ၅-ခုနဲ့ ပြုစုလုပ်ကျွေးရတယ်၊ အလုပ်ရှင်နဲ့ အလုပ်သမား နှစ်ဦးစလုံးက ဆိုင်ရာဝတ္တရားတွေကို အသီးအသီးလိုက်နာပြုကျင့်ကြယင် အောက်အရပ်ဟာ လုံခြုံတယ်၊ ငြိမ်းချမ်းတယ်၊ ဘေးကင်းတယ်။

ဆောင်။ ။အိပ်သော် နောက်ကျ၊ ထသော်ကားရှေး၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက်ကျွန်ကျင့်ရာ။

## ဒါယကာကျင့်ဝတ် ၅-ပါး

သူကြွယ်သား အမျိုးကောင်းသား ဖြစ်သူဟာ အထက်အရပ်မည်တဲ့ သမဏ ဗြာဟ္မဏတွေကို—

၁။ မေတ္တာနဲ့ယှဉ်တဲ့ ကာယကံမှုရှိခြင်း၊

၂။ မေတ္တာနဲ့ယှဉ်တဲ့ ဝစီကံမှုရှိခြင်း၊

၃။ မေတ္တာနဲ့ယှဉ်တဲ့ မနောကံမှုရှိခြင်း၊

၄။ ပစ္စည်းလေးပါးနှင့်စပ်ပြီး အပိတ်အပင်မရှိ အလောဘ တံခါးကို ဖွင့်ထားခြင်း၊

၅။ ဆွမ်းစတဲ့ အာမိသကို ပေးလှူခြင်း-

ဆိုတဲ့ ဒီဝတ္တရား ၅-ခုနဲ့ ပြုစုလုပ်ကျွေးရတယ်။

ဆောင်။ မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ကြင်၊ ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ၊ ပြုလေဒါယကာ။

## ရဟန်းကျင့်ဝတ် ၅–ပါး

သူကြွယ်သား အထက်အရပ်မည်တဲ့ သမဏဗြာဟ္မဏတွေဟာ အမျိုးကောင်းသားကို–

၁။ မကောင်းမှုမှ တားမြစ်ခြင်း၊

၂။ ကောင်းမှု၌ သက်ဝင်စေခြင်း၊

၃။ စိတ်ကောင်းနဲ့ အစဉ်စောင့်ရှောက်(မေတ္တာပွား)ခြင်း၊

၄။ မကြားဘူးသေးတဲ့ တရားစကားကို ဟောကြားခြင်း၊

၅။ ကြားဘူးတဲ့ တရားစကားကို ရှင်းလင်းသည်ထက် ရှင်းလင်းအောင် ထပ်မံဟောကြားခြင်း၊

၆။ နတ်ပြည်ခရီးကို ဟောကြားခြင်း–

ဆိုတဲ့ ဝိဝတ္တရား ၅-ခုနဲ့ ပြုစုစောင့်ရှောက်ရတယ်၊ ရဟန်းနဲ့ ဒါယကာ နှစ်ဦးစလုံးက ဆိုင်ရာဝတ္တရားတွေကို အသီးအသီးလိုက်နာပြုကျင့်ကြယင် အထက်အရပ်ဟာ လုံခြုံတယ်၊ ငြိမ်းချမ်းတယ်၊ ဘေးကင်းတယ်။

ဆောင်။ မကောင်းမြစ်တာ၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကြူး၊ နာဘူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခုလွန်သေချာ။

သူကြွယ်သား သိင်္ဂါလ အကြင်သူဟာ အရပ်မျက်နှာတွေကို ရှိခိုးရာမှာ လိမ္မာတယ်၊ သီလနဲ့ပြည့်စုံတယ်၊ သိမ်မွေ့နက်နဲတဲ့ ပညာဉာဏ်ရှိတယ်၊ နှိပ်ချမှုရှိတယ်၊ ခက်ထန်မှု မရှိဘူးဆိုယင် အဲဒီလို သဘောရှိတဲ့သူဟာ အကျော်အစောကို ရတယ်။

သူကြွယ်သား သိင်္ဂါလ အကြင်သူဟာ ထကြွမှု ရှိတယ်၊ ပျင်းရိမှု မရှိဘူး၊ ဘေးရန် ဖြစ်ပေါ်လာယင် မတုန်လှုပ်ဘူး၊ မပြတ်အားထုတ်တဲ့ အသက်မွေးမှုရှိတယ်၊ အရာအားလျော်စွာ ပညာရှိတယ်ဆိုယင် အဲဒီလို သဘောရှိတဲ့သူဟာ အကျော်အစောကိုရတယ်။

အကြင်သူဟာ ချီးမြှောက်တတ်တယ်၊ အဆွေခင်ပွန်းကောင်းကို ရှာတတ်တယ်၊ ကျေးဇူးကို သိတတ်တယ်၊ ဝန်တိုမှု မရှိ၊ အကျိုးဆောင်တတ်တယ်၊ အကြောင်းပြပြီး ဆုံးမတတ်တယ်၊ ခေါင်းဆောင်တတ်တယ်ဆိုယင် အဲဒီလို သဘောရှိသူဟာ အကျော်အစောကိုရတယ်။

ဒီလောကမှာ လူ့ကျင့်ဝတ်တရားတွေကို ကျင့်တဲ့သူအတွက် ပေးကမ်းစွန့်ကြဲခြင်း, ချိုသာတဲ့စကားကို ပြောဆိုခြင်း, အကျိုးစီးပွားကို ရွက်ဆောင်ခြင်း, ကိစ္စအလျောက် ကိုယ်နဲ့ တန်းတူထားပြီး ဆက်ဆံခြင်းဆိုတဲ့ ဒီသင်္ဂဟတရား လေးပါးတို့ဟာ သွားနေတဲ့ ရထားရဲ့ နားစောင့်နဲ့တူတယ်။

(နားစောင့်ရှိမှသာ လှည်းသွားနိုင်တယ်၊ နားစောင့်မရှိယင် လှည်းဘီးကျွတ်ထွက်ပြီး မသွားနိုင်တော့သလို ဒီသင်္ဂဟတရားတွေရှိမှသာ လောကကြီးဖြစ်တယ်၊ မရှိယင် မဖြစ်ဘူး၊ ဒါ

ကြောင့် ဒီသင်္ဂဟတရားတွေဟာ သွားနေတဲ့ ရထားရဲ့ နား စောင့်နဲ့တူတယ်လို့ ဘုရားရှင်က ဟောတော်မူခြင်းဖြစ်တယ်။)

လောကမှာ ဒီသင်္ဂဟတရား လေးပါးတွေသာ တကယ်လို့ မရှိဘူးဆိုယင် အမိကလဲ သားဟူသော အကြောင်းကြောင့် သားပြုတဲ့ မြတ်နိုးခြင်း ပူဇော်ခြင်းကို မရနိုင်ရာ၊ အဖကလဲ သား ပြုတဲ့ မြတ်နိုးခြင်း ပူဇော်ခြင်းကို မရနိုင်ရာ။

ဆောင်။ ။လှည်းဘီးပြင်က၊ နားစောင့်ချသို့၊ မိဘနှင့်သား၊ မယားနှင့်လင်၊ အရှင်နှင့်ကျွန်၊ ထေရ်မွန်ဒကာ၊ မိတ်သဟာနှင့်ဆရာတပည့်၊တည့်တည့်မချွတ်၊ကျင့် ဝတ်စုံလင်၊ ဖြူသန့်စင်မှု၊ ရှင်လည်းမကွေ၊ သေ လည်းမကွာ၊ နတ်ရွာလူ့ပြည်၊ လှည့်လည်အတူ၊ စံစားမူ၍၊ နိဗ္ဗူရွှေပြည်၊ ဝင်အံ့သည်တည့်၊မတည် ကျင့်ဝတ်၊ ချွတ်သူတို့မှာ၊ မလွတ်သာသည်၊ လေး ရွာဘို့ လုံးလုံး လူဖြစ်ရှုံး။

ဤသို့ မြတ်စွာဘုရားက မိန့်တော်မူသောအခါ သိင်္ဂါလက မြတ်စွာဘုရားကို ဤသို့လျှောက်၏။

“အရှင်ဘုရား တရားတော်ဟာ အလွန်နှစ်သက်ဖွယ် ရှိပါ ပေတယ်၊ အရှင်ဘုရား တရားတော်ဟာ အလွန် နှစ်သက်ဖွယ် ရှိပါပေတယ်၊ အရှင်ဘုရား ဥပမာအားဖြင့် မှောက်ထားတဲ့ အရာကို လှန်လိုက်သလို ဖုံးလွှမ်းထားတာကို ဖွင့်လှစ်လိုက်သလို မျက်စိလည်နေသူကို လမ်းမှန်အရောက် လက်ဆွဲ ညွှန်ပြလိုက်

သလို 'မျက်စိမြင်သူတိုင်း အဆင်းကိုမြင်ကြလိမ့်မယ်'လို့ အမိုက်မှောင်မှာ မီးထွန်းပြလိုက်သလို၊ ဤအတူသာလျှင် မြတ်စွာဘုရားက အကြောင်းများစွာနဲ့ တရားတော်ကို ပြတော်မူပါပေတယ်၊ အရှင်ဘုရား တပည့်တော် မြတ်စွာဘုရားကို ကိုးကွယ်ရာလို့ ဆည်းကပ်ပါတယ်၊ တရားတော်ကိုလဲ ကိုးကွယ်ရာလို့ ဆည်းကပ်ပါတယ်၊ သံဃာတော်ကိုလဲ ကိုးကွယ်ရာလို့ ဆည်းကပ်ပါတယ်၊ မြတ်စွာဘုရားက တပည့်တော်ကို ယနေ့ကစပြီး ဘုရား တရား သံဃာကို ကိုးကွယ်ဆည်းကပ်တဲ့ ဥပါသကာလို့ မှတ်တော်မူပါ"ဟူ၍ လျှောက်ထားလေသည်။

သူကြွယ်သား အမိအဖ, ဆရာသမား, သားမယား, ချစ်တဲ့မိတ်ဆွေ, အလုပ်သမား, သမဏ ဗြာဟ္မဏတို့ကို ရည်ရွယ်ပြီး သင့်ဖခင်က သင့်ကို "အရပ်မျက်နှာတွေကို ရှိခိုးပါ ချစ်သား" လို့ မှာခဲ့ခြင်းဖြစ်တယ်၊ သင့်ဖခင်မှာခဲ့တဲ့ အရပ်မျက်နှာတွေဟာ ဒီအရပ်မျက်နှာ ခြောက်ပါးဘဲ၊ တကယ်လို့ သင့်ဖခင်စကားကို လိုက်နာလိုယင် ဒီအရပ်မျက်နှာတွေကို ရှိခိုးပါ" ဟု မြတ်စွာဘုရားက သိင်္ဂါလ သူကြွယ်သား၏ အမေးကို ဆုံးခန်းတိုင်ရောက် ဖြေဆိုပြီး ရာဇဂြိုဟ်မြို့ထဲသို့ ဆွမ်းခံဝင်တော် မူလေသည်။

သိင်္ဂါလ သူကြွယ်သားသည်လည်း သရဏဂုံ တည်ပြီး ကုဋေ လေးဆယ်သော ဥစ္စာတို့ကို မြတ်စွာဘုရား သာသနာတော်မှာ စွန့်ကြဲလှူဒါန်း ကောင်းမှုပြုကာ နတ်ပြည်သို့ လားရောက်ရ၏။

သိင်္ဂါလ သူကြွယ်သား၏ မိဘများသည် ကုဋေလေးဆယ် ကြွယ်ဝကြ၏၊ မိခင်ဖခင် နှစ်ဦးစလုံးသည် သောတာပန်များ ဖြစ်ကြ၍ ဘုရားရှင်၏ တပည့်ရင်းချာများလည်း ဖြစ်ကြသည်၊ သို့သော် သားမှာ ပဌမက ရတနာ ၃-ပါးကို မယုံကြည်၊ မကြည်ညို၊ မိဘတွေက သားကို လက်ဝဲရံ လက်ျာရံ အဂ္ဂသာဝက မဟာသာဝကများထံ အသွားခိုင်း၍လည်း မသွား၊ အကြောင်း မျိုးစုံပြ၍ ငြင်းပယ်ခဲ့သည်၊ သောတာပန် မိဘတွေက သားကို တသက်လုံးဆုံးမသော်လည်း သာသနာတော်တွင်းသားဖြစ်အောင် မစွမ်းနိုင်ကြကုန်။

ထို့နောက် ဖခင်က သေရာညောင်စောင်း၌ လဲလျောင်းရင်းပင် "ငါ့သားကို ဩဝါဒပေးဖို့သင့်သည်" ဟုကြံမိပြီး သိင်္ဂါလ၏ ဖခင်က သား၏ကောင်းစားရေးကို ကြံနေသူဖြစ်၍ သေရာညောင်စောင်းမှာ လဲလျောင်းရင်းပင် တဖန် ကြံမိပြန်သည်မှာ "အရပ်မျက်နှာတွေကို ရှိခိုးပါချစ်သား" ဟု ဩဝါဒပေးမည်၊ သိင်္ဂါလက အကျိုးအကြောင်းမသိဘဲ အရပ်မျက်နှာတို့ကို ရှိခိုးလိမ့်မည်၊ ထိုအခါ သိင်္ဂါလကို ဘုရားရှင်ကဖြစ်စေ ဘုရားတပည့်တွေကဖြစ်စေ မြင်ပြီး "ဘာလုပ်ထာလဲ" ဟု မေးကြလိမ့်မည်၊ ထိုအခါ "အကျွန်ုပ်ဖခင်က အရပ်မျက်နှာတွေကို ရှိခိုးပါလို့ အကျွန်ုပ်ကို ဆုံးမခဲ့သည်" ဟု ဆိုလိမ့်မည်၊ ထိုအခါ "သင့်ဖခင်က အဲဒီအရပ်မျက်နှာတွေကို ရှိခိုးခိုင်းတာမဟုတ်ဘူး၊ ဒီအရပ်မျက်နှာတွေကိုသာ ရှိခိုးစေခဲ့တယ်" ဟု သိင်္ဂါလကို တရားဟောလိမ့်မည်၊ ထိုအခါ သိင်္ဂါလသည် မြတ်စွာဘုရား

သာသနာတော်၏ ဂုဏ်ကျေးဇူးကိုသိပြီး ကောင်းမှုတို့ကို ပြု လိမ့်မည် ဟု အကြံဖြစ်လေသည်။

ဤသို့ ကြံပြီးသည့်နောက် သိင်္ဂါလကို ခေါ်စေကာ ''ချစ်သား နံနက် စောစောထပြီး အရပ်ခြောက်မျက်နှာတို့ကို ရှိခိုးပါ''ဟု မှာခဲ့သည်၊ သေရာညောင်စောင်းမှာ လဲလျောင်းရင်းက ပြောသူ၏ စကားမည်သည်ကို ကျန်ရစ်သူများက အကျိုးစီးပွါး လိုလားလွန်း၍ မှာခဲ့သည့် နောက်ဆုံးစကားအနေဖြင့် အသက်ထက်ဆုံး အောက်မေ့လျက် ရှိကြသည်၊ ထို့ကြောင့် သူကြွယ်သား သိင်္ဂါလသည်လည်း ဖခင်စကားကိုအောက်မေ့ပြီး ဤသို့ ရှိခိုးမှုကို ပြုခြင်းဖြစ်သည်၊ သိင်္ဂါလက ဖခင်စကားကို ဤသို့ နားထောင်ခြင်းကြောင့် ဤသင်္ဂါလောဝါဒ သုတ္တန်ဖြစ်ပေါ်ပြီး နောက်ဆုံး၌ သိင်္ဂါလသူကြွယ်သားသည် ဖခင်အလိုကျ ဖြစ်သွားရရှာပေသည်။ ဤသိင်္ဂါလသုတ္တန်၌ လူတွေ ကျင့်ရမည့် ကျင့်ဝတ်အားလုံး အကြွင်းအကျန်မရှိ အကုန်ပါသောကြောင့် ဤသုတ္တန်ကို ဂိဟိဝိနယ-လူ့ဝိနည်းဟု ခေါ်ကြသည်၊ ထို့ကြောင့် ကြားနာ ဖတ်ရှုပြီး ဘုရားရှင် ဆုံးမထားသည့်အတိုင်း ကျင့်ကြမည်ဆိုလျှင် ကျင့်ကြသူအားလုံး ဆုတ်ယုတ်မှုမရှိဘဲ ကြီးပွါးကြမည်မှာ သေချာပါသည်၊ လိုက်နာနိုင်ကြပါစေ။

(အဋ္ဌကထာ)

သိင်္ဂါလောဝါဒသုတ္တန် ပြီး၏။

## အကြီးအကဲ ကျင့်ဝတ် ၆-ပါး

ထကြွ-နိုးကြား၊ သနား-သည်းခံ၊ ဝေဘန်-ကြည့်ရှု၊ ဤ ခြောက်ခုကား၊ ကြီးသူ့ကျင့်ရာ တရားတည်း။

## အလောင်းလျာတို့ အလိုတော် ၆-ပါး

လောဘ-ဒေါသ၊ မောဟကင်းလို၊ တောခိုတဖြာ၊ ဆိတ်ရာငြိမ်သက်၊ ဝဋ်မှထွက်၊ ခြောက်ချက်လောင်းလျာ လိုတော်တည်း။

## ဒါန၏ ဂုဏ်ကျေးဇူးများ

ချမ်းသာအပေါင်း-ရကြောင်းမှန်စွာ၊
စည်းစိမ်ဘောဂ-မြစ်မ-တည်ရာ၊
အောက်တန်းမကျ-ကယ်မ-သူမှာ၊
မြတ်ဒါန-စိတ်ချကိုးကွယ်ရာ။

(မဟာစည် ဆရာတော်ဘုရားကြီး)

ဣဒံ ဒါနံ နာမ သုခါနံ နိဒါနံ၊ သမ္ပတ္တီနံ မူလံ၊ ဘောဂါနံ ပတိဋ္ဌာ၊ ဝိသမဂတဿ တာဏံ လေဏံ ပရာယနံ။(ဒီ-ဋ္ဌ ၂-၆၂)

## သီလ၏ ဂုဏ်ကျေးဇူးများ

သီလရနံ့-မွှေးပြန့်ကြိုင်စွာ၊
သီလဆင်သိုင်း-ရှုတိုင်းလှပါ၊
သီလစောင့်ငြား-မလားပါယ်ရွာ၊
မြတ်သီလ-စိတ်ချကိုးကွယ်ရာ။

(မဟာစည် ဆရာတော် ဘုရားကြီး)

## စည်းလုံးညီညွတ်ကြောင်း ကျင့်ဝတ် ၄-ပါး

ပေးကမ်းရက်ရော[၁]၊ အပြောချိုသာ[၂]၊
သူကျိုးဆောင်ရွက် မပျက်စေရာ[၃]၊
တန်းတူကိုယ်နှင့် အသင့်ထားပါ[၄]၊
စည်းလုံးရေး အားပေး ဤလေးဖြာ။

(မဟာစည် ဆရာတော် ဘုရားကြီး)

## သတိပဋ္ဌာန် ဝိပဿနာ ရှုမှတ်နည်း သံပေါက်

၁။ ကိုယ်,ဝေဒနာ၊ စိတ်,ဓမ္မာ၊ လေးဖြာရှုဘွယ်တွေ။
၂။ ထင်ရှားပေါ်ရာ၊ ရှုမှတ်ကာ၊ သိတာဉာဏ်စစ်ပေ။
၃။ ထိုင်တာ ထတာ၊ သွားရပ်တာ၊ နှစ်ဖြာနာမ်ရုပ်ပေ။ (ထိုင်ချင်တာကနာမ်၊ ထိုင်တာကရုပ် ဤသို့စသည်ဖြင့် ခွဲ၍ယူပါ)
၄။ ထိုင်ဆဲ ထဆဲ၊ သွားရပ်ဆဲ၊ အမြဲရှုမှတ်လေ။
၅။ လျှောင်းတာ စောင်းတာ၊ ပြောင်းရွှေ့တာ၊ နှစ်ဖြာနာမ်ရုပ်ပေ။
၆။ လျှောင်းဆဲ စောင်းဆဲ၊ ပြောင်းရွှေ့ဆဲ၊ အမြဲရှုမှတ်လေ၊
၇။ ကြွတာ လှမ်းတာ၊ ချနင်းတာ၊ နှစ်ဖြာနာမ်ရုပ်ပေ။
၈။ ကြွဆဲ လှမ်းဆဲ၊ ချနင်းဆဲ၊ အမြဲရှုမှတ်လေ။
၉။ ဆိုးကောင်းပေါ်လာ၊ ဝေဒနာ၊ မှန်စွာရှုမှတ်လေ။
၁၀။ ကြံသိစဉ်းစား၊ စိတ်တရား၊ ပိုင်းခြားရှုမှတ်လေ။

၁၁။ အာရုံဒွါရ၊ ဝိညာဏ၊ ထင်ကရှုမှတ်လေ။
၁၂။ မြင်ဆဲဉ်ပင်၊ ရှုမှတ်လျှင်၊ သိမြင်နာမ်ရုပ်သာ။
၁၃။ ကြားဆဲဉ်ပင်၊ ရှုမှတ်လျှင်၊ သိမြင်နာမ်ရုပ်သာ၊
၁၄။ နံဆဲဉ်ပင်၊ ရှုမှတ်လျှင်၊ သိမြင်နာမ်ရုပ်သာ။
၁၅။ စားဆဲဉ်ပင်၊ ရှုမှတ်လျှင်၊ သိမြင် နာမ်ရုပ်သာ။
၁၆။ ထိဆဲဉ်ပင်၊ ရှုမှတ်လျှင်၊ သိမြင်နာမ်ရုပ်သာ။
၁၇။ ကြံဆဲဉ်ပင်၊ ရှုမှတ်လျှင်၊ သိမြင်နာမ်ရုပ်သာ။
၁၈။ သိဆဲဉ်ပင်၊ ရှုမှတ်လျှင်၊ သိမြင်နာမ်ရုပ်သာ။
၁၉။ နာမ်နှင့် ရုပ်မျှ၊ သိမြင်က၊ အတ္တဒိဋ္ဌိကွာ။
၂၀။ ဆက်လက်ရှုက၊ ကြောင်းကျိုးမျှ၊ သိရှင်းလင်းစွာ။
၂၁။ ခုပင်ဖြစ်လျက်၊ ခုပင်ပျက်၊ ဆက်ဆက်သိနိုင်ပါ။
၂၂။ ဖြစ်ပျက်မြင်က၊ အနိစ္စ၊ ဒိဋ္ဌသိမြင်ပါ။
၂၃။ အနိစ္စမြင်၊ ဒုက္ခထင်၊ ပေါ်လွင်အနတ္တာ။
၂၄။ ထိုသို့မြင်ဟန်၊ ဉာဏ်ရင့်သန်၊ နိဗ္ဗာန်ဆိုက်ရောက်ပါ။

(မဟာစည် ဆရာတော် ဘုရားကြီး)

## မဟာသတိပဋ္ဌာနသုတ်

## ကြေညာချက် မိန့်ခွန်းတော်

သတိပဋ္ဌာန် ကြေညာချက်ကို
သတ္တဝါတွက် ဟောခဲ့တယ်၊
စိတ်ညစ်ကြေးတွေ ကင်းကွာဝေးလို့
ပူဆွေးငိုကြွေး လွန်မြောက်မယ်။

ကိုယ်စိတ်မထိန်း ဆင်းရဲကိန်းလဲ
ချုပ်ငြိမ်းကွယ်ပျောက်သွားရမယ်။
အရိယာမဂ်ကို မြန်မြန်ရလို့
နိဗ္ဗာနကို ရောက်ရမယ်။
ထို့ကြောင့်မြတ်စွာ ဟောဖော်ကြားတယ်
ကြိုးစားအားထုတ် ကျင့်ကြကွယ်။
ကျင့်ကွယ်....ကျင့်ကွယ်။

(စာပြုသူ)

မဟာသတိပဋ္ဌာနသုတ်
ဝန်ခံချက်မိန့်ခွန်းတော်

သတိပဋ္ဌာန် ဓမ္မစက်ကို
ဝန်ခံချက်နှင့် ဒို့မြတ်စွာ။
ဟောမိန့်ပုံမှာ ထိုတရားကို
ဖြစ်ပွားစေတဲ့ ရှင်လူမှာ။
အလွန်ကြာလျှင် ၇-နှစ်နဲ့
ရဟန္တာစစ် ဖြစ်နိုင်ပါ။
စွဲမှုကျန်တောင် နာဂါမ်လောက်တော့
ဆိုက်ရောက်မယ်တဲ့ ကေန်ပါ။
မြန်သူဆိုလျှင် ၇-ရက်နဲ့
ထိုဖို့မဂ်ကို ရနိုင်ပါ။
ရဲရင့်ခိုင်မာ ဝန်ခံချက်နှင့်
ဓမ္မစက်ကို ဟောခဲ့ပါ။

နိဗ္ဗာန်လိုသူ မယုံမှားနဲ့
မြတ်ဘုရားကို ယုံကြည်ကာ။
သတိပဋ္ဌာန် ကိုယ့်သန္တာန် အမြန်ပွားစေရာ။
သို့ပွားစေမှ နိဗ္ဗာန်ရ မုချငြိမ်းအေးမှာ။
(မဟာစည် ဆရာတော် ဘုရားကြီး)

၁။ကိုယ်,ဝေဒနာ၊ စိတ်,ဓမ္မာ၊ လေးဖြာရှုဘွယ်တွေ။

သတိမပြတ်ဖြစ်မှု စွဲမြဲတဲ့အမှတ်ရမှုကို "သတိပဋ္ဌာန်"ဟု ခေါ်သည်။

ထိုတွင်....

၁။ ကာယာနုပဿနာသတိပဋ္ဌာန်=ထင်ရှားပေါ်လာသော "ကိုယ်အမူအရာ ရုပ်အပေါင်း"ကို မလွတ်တမ်း အမှတ်ရမှု။

၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန်=ထင်ရှားပေါ်လာသော "ခံစားမှု ဝေဒနာ" ဟူသမျှကို မလွတ်တမ်း အမှတ်ရမှု။

၃။ စိတ္တာနုပဿနာသတိပဋ္ဌာန်=ထင်ရှား ပေါ်လာသော "ကြံစည်စဉ်းစားမှုစိတ်"ဟူသမျှကိုမလွတ်တမ်း အမှတ်ရမှု။

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်= ထင်ရှား ပေါ်လာသော "သဘောတရား" ဟူသမျှကို မလွတ်တမ်း အမှတ်ရမှု

ဟူ၍ သတိပဋ္ဌာန် အပြား ၄-ပါး ရှိသည်။

၂။ ထင်ရှားပေါ်ရာ၊ ရှုမှတ်တာ၊ သိတာ ဉာဏ်စစ်ပေ။

ထင်ရှားပေါ်ရာပေါ်ရာကို ရှုမှတ်၍ ရရှိသော အသိသည် ဉာဏ်အစစ် ဖြစ်ပေသည်။

ဝမ်းဗိုက်က ဖောင်းတာ ပိန်တာကို ဖောင်းတိုင်း ပိန်တိုင်း ဉာဏ်နဲ့စိုက်ပြီး ကြည့်နေယင် တောင့်တင်းတဲ့သဘောလဲ ထင်ရှားတယ်၊ လှုပ်ရှားတဲ့သဘောလဲ ထင်ရှားတယ်၊ တနေရာက တနေရာကို ရွေ့ဆောင်နေတဲ့သဘောလဲ ထင်ရှားတယ်။

ဖောင်းမှု ပိန်မှု စသော အာရုံများဆီသို့ မှတ်တဲ့စိတ်ကလေးက ပြေး၍ ပြေး၍ ကပ်ကပ်သွားသလိုဘဲ ထင်ရတတ်သည်၊ ဖောင်းခိုက်၌ ဖောင်းတာက တခြား၊ မှတ်တာက တခြား ကွဲပြားလျက်သာ ထင်ပေါ်၏၊ ဤသို့မှတ်နိုင်လာသောအခါမှာ ဖောင်းတာက ရုပ်၊ ဖောင်းတာကို လိုက်မှတ်တဲ့စိတ်က နာမ်ပဲ၊ ပိန်တာက ရုပ်၊ ပိန်တာကို လိုက်မှတ်တဲ့စိတ်က နာမ်ပဲဟု ရုပ်နာမ်ကွဲ၍ သိလာသည်။ ဤသို့ သိရခြင်းသည် ဉာဏ်အစစ် ဖြစ်ပေသည်။

၃။ ထိုင်တာ ထတာ၊ သွားရပ်တာ၊ နှစ်ဖြာ နာမ် ရုပ်ပေ။

ထိုင်ချင်တာက နာမ်၊ ထိုင်တာက ရုပ်။ ထချင်တာ သွားချင်တာ ရပ်ချင်တာက နာမ်၊ ထတာ သွားတာ ရပ်တာက ရုပ်။ စားချင်တာက နာမ်။ စားတာက ရုပ်။ သောက်ချင်တာက နာမ်၊ သောက်တာက ရုပ်။ ပြောချင်တာက နာမ်၊ ပြောတာက ရုပ် စသည်ဖြင့် ခွဲ၍ယူပါ။

အာရုံကို သိတတ်သော နာမ်သဘောနှင့် အာရုံကို မသိတတ်သော ရုပ်သဘောမျှသာရှိသည်ဟူ၍ ပိုင်းခြားဆုံးဖြတ်၏။ သစ် ဝါးစသော အိမ်၏အဆောက်အဦမျှသည် ဟင်းလင်းပြင်အရပ်ကို ကာရံလျက် တခုတည်းအနေအားဖြင့် နေသားတကျ ပေါင်းစုတည်နေကြလျှင် အိမ်ဟုခေါ်ဝေါ်ရုံမျှသာရှိ၍ တခုတခုသောအစိတ်အပိုင်းကိုသာ စူးစိုက်၍ စူးစိုက်၍ ကြည့်ရှုပါလျှင်ကား အိမ်မည်သော ဝတ္ထုသည် အမှန်အားဖြင့် မရှိသကဲ့သို့ ထို့အတူ ရုပ်နာမ် ၂-ပါးတို့သည် တပေါင်းတည်း တစုတည်းဖြစ်၍ တည်နေကြလျှင် သတ္တဝါပုဂ္ဂိုလ်ဟု ခေါ်ဝေါ်ရုံမျှသာရှိသည်။ တခုတခုသော ရုပ်နာမ်သဘောတရားကိုသာလျှင် စူးစိုက်၍ စူးစိုက်၍ ရှုမှတ်လျှင်ကား အသက်လိပ်ပြာဝိညာဏ်ကောင် အတ္တကောင် စသည်ဖြင့် ခေါ်ဝေါ်စွဲလမ်းအပ်သော သတ္တဝါမည်သည် ပရမတ္ထအားဖြင့် မရှိသည်သာတည်း။

၄။ ထိုင်ဆဲ ထဆဲ သွားရပ်ဆဲ၊ အမြဲရှုမှတ်လေ။

ဝိပဿနာရှုတယ်ဆိုဒါ "ထိုင်ဆဲ ထဆဲ သွားဆဲ ရပ်ဆဲ" ဆိုတဲ့ ပစ္စုပ္ပန်တရားကိုသာ ရှုရတယ်၊ အတိတ်ကိုလဲ စ၍ မရှုရဘူး၊ အနာဂတ်ကိုလဲ စ၍ မရှုရဘူး၊ ကာလဝိမုတ်ကိုလဲ မရှုရဘူး။

ခြေကျဉ်တတ်သောသူသည် တရားထိုင်စ ခြေမကျဉ်မီကထဲက ခြေထောက်ကတော့ ကျဉ်တော့မှာပဲ၊ ခုကထဲက စိုက်မှတ်နေမှပဲဟု ကြိုတင်မှတ်၍ စစ်မှန်သောအသိကို မရနိုင်ပေ၊ တကယ်ခြေကျဉ်သောအခါကျမှသာ ခြေကျဉ်သော နေရာကို စူးစိုက်

၍ "ကျဉ်တယ် ကျဉ်တယ်"ဟု မှတ်ရသည်။ ခြေကျဉ်တာ ပျောက်သွားပြန်တော့လဲ နောက်တခါ မလာအောင်ဆိုပြီး မှတ်မနေရတော့ပါ၊ ပေါ်ခိုက် ပေါ်ခိုက် အာရုံကိုသာ ပူယင် ပူတယ်၊ ညောင်းယင် ညောင်းတယ်၊ ကိုက်ယင် ကိုက်တယ်" ဟု ပစ္စုပ္ပန်ကျကျ မှတ်သွားရသည်။

၅။ လျောင်းတာ စောင်းတာ၊ ပြောင်းရွေ့တာ၊ နှစ်ဖြာ နာမ် ရုပ်ပေ။

၆။ လျောင်းဆဲ စောင်းဆဲ၊ ပြောင်းရွေ့ဆဲ၊အမြဲရှုမှတ်လေ။

၇။ ကြွတာ လှမ်းတာ၊ ချနင်းတာ၊ နှစ်ဖြာ နာမ်ရုပ်ပေ။

၈။ ကြွဆဲ လှမ်းဆဲ ချနင်းဆဲ အမြဲရှုမှတ်လေ။

[ဤသို့ ထင်ရှားပေါ်လာသော "ကိုယ်အမူအရာ ရုပ်အပေါင်းကို"မလွတ်တမ်းအမှတ်ရမှုကို ကာယာ နုပဿနာ သတိပဋ္ဌာန်ဟု ခေါ်သည်။

၉။ ဆိုးကောင်းပေါ်လာ၊ ဝေဒနာ၊ မှန်စွာရှုမှတ်လေ။

ကိုယ်ထဲစိတ်ထဲမှာ ဖြစ်ပေါ်နေသော ခံစားမှုအမျိုးမျိုးကို "ဝေဒနာ" ဟု ခေါ်သည်။ ဝေဒနာသည် သုခဝေဒနာ ဒုက္ခ ဝေဒနာ, ဥပေက္ခာ ဝေဒနာဟု ၃-မျိုးရှိသည်။

အာရုံကောင်းများနှင့် တွေ့ရသောအခါ ကိုယ်ထဲစိတ်ထဲ၌ ကောင်းကောင်းသွားသည်ကို "သုခဝေဒနာ" ဟု ခေါ်သည်။ အာရုံဆိုးများနှင့် တွေ့ရသောအခါ ကိုယ်ထဲစိတ်ထဲ၌ အနေဆိုး အခံခက်သွားသည်ကို "ဒုက္ခဝေဒနာ" ဟု ခေါ်သည်။ ဆိုးသည်ဟုလည်းမဆိုလောက် ကောင်းသည်ဟုလည်း မပြောလောက်သော အလယ်အလတ် နေသာထိုင်သာရုံ ဖြစ်သည်ကို "ဥပေက္ခာဝေဒနာ" ဟု ခေါ်သည်။

သတ္တဝါတို့သည် ဤဝေဒနာဟူသော ခံစားမှုကလေးကို အမှန်အတိုင်း မသိကြသောကြောင့် အလွန်အထင်ကြီး နေကြလေသည်၊ ဤခံစားမှုဝေဒနာကိုပင် ငါကောင်, သတ္တဝါကောင်ဟု ထင်နေကြပေသည်။

## ရှုမှတ်ပွားများနည်း

ကိုယ်ထဲ စိတ်ထဲမှာ ဆင်းရဲမှု မခံသာမှု ဖြစ်ပေါ်လာယင် အဲဒီဆင်းရဲမှု မခံသာမှုကိုပဲ စူးစိုက်ပြီး "ဆင်းရဲတယ်, အခံခက်တယ်, အနေဆိုးတယ်" စသည်ဖြင့် ရှုမှတ်ပါ၊ ကိုယ်ထဲမှာ ညောင်းတာ,ပူတာ,နာတာ,ကျဉ်တာ များကိုလည်း "ညောင်းတယ် ညောင်းတယ်၊ ပူတယ် ပူတယ်၊ နာတယ် နာတယ်၊ ကျဉ်တယ် ကျဉ်တယ်"စသည်ဖြင့် သူဖြစ်ပေါ်သည့်အတိုင်း လိုက်ပြီး ရှုမှတ်ပါ။

ဤသို့ မှတ်နေစဉ် သမာဓိအား ကောင်းလာသော အခါ ဤမခံသာမှုကလေးများ တခုချင်း တခုချင်း တပိုင်းစီ တပိုင်းစီ

ပြတ်ပြတ်သွားပုံ မမြဲပုံတို့ကို မျက်မှောက် တွေ့ရပါလိမ့်မည်။ ကိုယ်ထဲမှာ အသစ်အသစ်ကျလာသည့် အပြင်ပ တရားများလိုပင် ငါကောင်မဟုတ်တဲ့ သဘောတရားမျှပဲ ဆိုသည်ကိုလည်း မျက်မှောက် တွေ့ရပါလိမ့်မည်။

၁၀။ ကြံသိစဉ်းစား၊ စိတ်တရား၊ ပိုင်းခြားရှုမှတ်လေ။

စိတ်ဟူသည် အာရုံကို သိတတ်သည်၊ ကြံစည်တတ်သည်၊ ထို့ကြောင့် စိတ်ကူးစဉ်းစား ကြံစည်နေမှုများသည် စိတ်ပင် ဖြစ်သည်။ ဤစိတ်များ ဖြစ်တိုင်းဖြစ်တိုင်း "စိတ်ကူးတယ်, စဉ်းစားတယ်, ကြံတယ်, သိတယ်" စသည်ဖြင့် ရှုမှတ်ရသည်။ "အာရုံဆီကို သွားတတ်သော သဘော အာရုံကို သိတတ်သော သဘောပဲ"ဟု တွေ့ရပါလိမ့်မည်။ စိတ်တိုင်းစိတ်တိုင်း အာရုံကို သိတတ်သည်ချည်းဖြစ်သည်။ မြင်စိတ်, ကြားစိတ်, နံစိတ်, စားသိစိတ်, ထိသိစိတ်, ကြံသိစိတ် အားလုံးပင် အာရုံကို သိတတ်သည်ချည်းဖြစ်သည်။

ထိုစိတ်အားလုံးကို ပေါ်တိုင်းပေါ်တိုင်း "မြင်တယ်, မြင်တယ်, ကြားတယ်, နံတယ်, လျက်တယ်, စားတယ်, ဝါးတယ်, ထိတယ်, သိတယ်, ကြံတယ်"ဟု မပြတ်ရှုရသည်။

ဖြစ်ဆဲစိတ်ကို ဖြစ်ခိုက် ဖြစ်ခိုက်၌ ရှုမှတ်သော သူသည် "အာရုံကို သိသည် ကြံသည် အာရုံကိုယူသည် အာရုံပြုသည် မြင်သည်, ကြားသည်, နံသည်, အရသာပေါ်သည်, ထိသည်" ဟု

သိလာပေသည်။ မှတ်တိုင်းမှတ်တိုင်း ဖြစ်ပေါ်လာသော စိတ်များ၏ ဖျတ်ကနဲ ဖျတ်ကနဲပေါ်၍ ကုန်ပျက်သွားခြင်းကို သိခြင်းသည် ဖြစ်ပျက်မှုတို့ကို သိရခြင်းပင်ဖြစ်သည်။

ဤသို့ သိရခြင်းကြောင့် ဖြစ်ပေါ်သော စိတ်ကို မှတ်တိုင်းမှတ်တိုင်း "ပုဂ္ဂိုလ်သတ္တဝါ ငါ, ငါ့ဉစ္စာ, မိန်းမ, ယောကျ်ားဟူ၍မရှိ၊ အာရုံကို သိမှု ကြံမှုမျှသာ ရှိသည်"ဟု အမှတ်ရမှု ဖြစ်၍ စွဲလမ်းမှုကင်းပျောက်၏။

၁၁။ အာရုံဒွါရ၊ ဝိညာဏ၊ ထင်က ရှုမှတ်လေ။

မျက်စိ-နား-နှာ-လျှာ-ကိုယ်-စိတ် ဟူသော ဒွါရခြောက်ပါးတွင် ထင်ပေါ်လာသော အဆင်း,အသံ,အနံ့၊ အရသာ တွေ့ထိစရာ,သဘောတရားဟူသမျှတို့ကို "မြင်တယ်-ကြားတယ်-နံတယ်-စားတယ်-တွေ့တယ်-စိတ်ကူးတယ်"ဟု မပြတ်မှတ်ရမည်။

၁၂။ မြင်ဆဲ၌ပင် ရှုမှတ်လျှင်၊ သိမြင် နာမ်ရုပ်သာ။

မြင်သည့်အခါမှာ မြင်မှု၏ တည်ရာဌာန ဖြစ်သော မျက်စိနှင့်မြင်ရသောအဆင်း ဤနှစ်မျိုးလုံးသည် ရုပ်တရားဖြစ်သည်၊ သူတို့နှစ်မျိုးလုံးပင် အာရုံကို မသိတတ်ကြပေ၊ မြင်မှုသည် အာရုံကိုသိတတ်သော နာမ်တရားဖြစ်သည်။ မြင်ဆဲ၌ မြင်တယ်ဟု ရှုမှတ်လျှင် ထိုရုပ်နာမ် ၂-ပါးကို ပိုင်းခြားသိမြင်သည်။ ကြားဆဲစသည်၌လည်း နည်းတူပင်။

၁၃။ ကြားဆဲ၍ပင်၊ ရှုမှတ်လျှင်၊ သိမြင်နာမ်ရုပ်သာ။

၁၄။ နံဆဲ၍ပင်၊ ရှုမှတ်လျှင်၊ သိမြင်နာမ်ရုပ်သာ။

၁၅။ စားဆဲ၍ပင်၊ ရှုမှတ်လျှင်၊ သိမြင်နာမ်ရုပ်သာ။

၁၆။ ထိဆဲ၍ပင်၊ ရှုမှတ်လျှင်၊ သိမြင်နာမ်ရုပ်သာ။

ထိမှုသည်ကား အတွင်းအပြင် တကိုယ်လုံး၌ပျံ့နှံ့၏၊ လက်အချင်းချင်း၊ ခြေအချင်းချင်း၊ လက်နှင့်ခြေ၊ လျှာနှင့်သွား၊ အစာသစ် အစာဟောင်း၊ လေဘို့နှင့်အူ၊ အသွေး အသား အချင်းချင်း စသော ကိုယ်တွင်း အတွေ့ အမျိုးမျိုးနှင့်လည်း တွေ့ထိလျက်ဖြစ်၏။ သင်္ကန်း အင်္ကျီ လုံချည်စသော အပြင်ပအတွေ့ အမျိုးမျိုးနှင့်လည်း တွေ့ထိလျက် ဖြစ်၏၊ ခြင်, မှက်စသော သတ္တဝါ၏ အတွေ့များနှင့်လည်း တွေ့ထိလျက်ဖြစ်၏၊ ထိုတွေ့ထိမှုများကို အထူးမထင်ရှားလျှင် ထိဘိုင်းထိတိုင်း "ထိတယ်၊ ထိတယ်ဟူ၍သာ မှတ်အပ်၏။

အာရုံအထူး ခံစားမှုအထူး ထင်ရှားလျှင်ကား ထိုထိုအာရုံ ထိုထိုခံစားမှု အားလျော်စွာ မှတ်အပ်၏။

အထူးမှတ်ပုံကား—

ပူလျှင် 'ပူတယ်၊ ပူတယ်' ဟုမှတ်။
အေးလျှင် 'အေးတယ်၊ အေးတယ်' ဟုမှတ်။
နွေးလျှင် 'နွေးတယ်၊ နွေးတယ်' ဟုမှတ်။

ချမ်းလျှင် 'ချမ်းတယ်၊ ချမ်းတယ်' ဟုမှတ်။
အိုက်လျှင် 'အိုက်တယ်၊ အိုက်တယ်' ဟုမှတ်။
မောပန်းလျှင် 'မောတယ်၊ မောတယ်' ဟုမှတ်။
နာလျှင် 'နာတယ်၊ နာတယ်' ဟုမှတ်။
ထုံလျှင် 'ထုံတယ်၊ ထုံတယ်' ဟုမှတ်။
ကျဉ်လျှင်'ကျဉ်တယ်၊ ကျဉ်တယ်' ဟုမှတ်။
ကိုက်ခဲလျှင် 'ကိုက်တယ်၊ ကိုက်တယ်၊ခဲတယ် ခဲတယ်' ဟုမှတ်။

ယားလျှင်'ယားတယ်၊ ယားတယ်' ဟုမှတ်။
ညောင်းလျှင်'ညောင်းတယ်၊ ညောင်းတယ်'ဟုမှတ်။
မူးလျှင်'မူးတယ်၊ မူးတယ်' ဟုမှတ်။
တွေ့ထိ၍ကောင်းလျှင်'ကောင်းတယ်၊ကောင်းတယ်' ဟုမှတ်။

ဤသို့စသော ပြောဆိုနေကျ မြန်မာ (တဒ္ဓာ) ပညတ်ဖြင့် သာလျှင် တွေ့ကြုံဆဲ အာရုံသဘော ဝေဒနာသဘောများကို သင်ရှားအောင် ပိုင်း၍ ပိုင်း၍ မှတ်လေ။

၁၇။ ကြံဆဲ၌ပင်၊ရှုမှတ်လျှင်၊ သိမြင်နာမ်ရုပ်သာ။

စိတ်ကူးကြံစည်ဆဲ၌ စိတ်ကူးတယ် ကြံစည်တယ် စသည်ဖြင့် ရှုမှတ်လျှင် စိတ်ကူး ကြံသိမှုနာမ်ကိုလည်း သိ၏။ ကြံသိမှု၏ တည်ရာရုပ်ကိုလည်းသိ၏။ ရုပ်ကိုယ်ကြီးကိုမှီ၍ ကြံသိမှုဖြစ်နေ

သည်ဟုသိရ၏။ ထို့ကြောင့် သမာဓိဉာဏ် ရင့်လာသောအခါ ရုပ်နှင့်နာမ် ၂-ပါးမျှသာရှိသည်ဟု ပိုင်းခြား၍သိသည်။

၁၈။ သိဆဲဥပင်၊ ရှုမှတ်လျှင်၊ သိမြင်နာမ်ရုပ်သာ။

တစုံတခုကို သဘောပေါက်၍ သိသောအခါဖြစ်စေ, ရှုမှတ်၍ သိသောအခါဖြစ်စေ ထိုသိမှုကိုရှုမှတ်မိလျှင် တည်မှီရာကိုယ်ရုပ်နှင့် သိမှုနာမ် ဤ ၂-ပါးမျှသာ ရှိသည်ဟု ပိုင်းခြား၍ သိသည်။

၁၉။ နာမ်နှင့်ရုပ်မျှ၊ သိမြင်က၊ အတ္တဒိဋ္ဌိကွာ။

ရှုမှတ်မှုမရှိ၍ ရုပ်နာမ် မကွဲသူတို့သည် "ငါကောင်ကပင် မြင်သည် ကြားသည်" စသည်ဖြင့်ရင်း၊ ငါကောင်ကပင် သွားသည် ရပ်သည် ထိုင်သည် အိပ်သည် ကွေးသည် ဆန့်သည် ပြောသည် စသည်ဖြင့်ရင်း၊ ငါကောင်ကပင် ဆင်းရဲချမ်းသာကို ခံစားသည် စသည်ဖြင့်ရင်း ထင်မှတ်စွဲလမ်းကြ၏။ မပျက်မစီးပဲ အမြဲတည်တံ့နေသော အသက် လိပ်ပြာကောင် ဝိညာဏ်ကောင် ငါကောင် အတ္တကောင် တကယ်ပင် ရှိနေသည်ဟုလဲ ထင်မှတ်ကြ၏။

ယခုပြခဲ့သည့်အတိုင်း ပေါ်လာသမျှသော ရုပ်နာမ် အမှုအရာတို့ကို ရှုမှတ်၍ ခဏမစဲ ဖြစ်ပျက်လျက်ရှိသော ရုပ်နာမ်

မျှကိုသာ မျက်မှောက် တွေ့ရသော ယောဂီသည်ကား "ငါ ကောင်ဟု ခေါ်စရာ အလိုအတိုင်း ပြီးစေနိုင်သော အနှစ် အသားကို မတွေ့ရသောကြောင့် ငါကောင်ကားမရှိ၊ မပြတ် ဖြစ်ပျက်နေသော ရုပ်နာမ် ၂-မျိုးသာရှိသည်၊ ငါကောင်ကား မဟုတ်၊ မပြတ် ဖြစ်ပျက်နေသော ရုပ်နာမ် နှစ်မျိုးသာ ဟုတ် သည်"ဟု ကောင်းစွာ ဆုံးဖြတ်နိုင်ပေ၏။

၂၀။ ဆက်လက်ရှုက၊ ကြောင်းကျိုးမျှ၊ သိရှင်းလင်းစွာ၊

ရုပ်နာမ် ၂-ပါးမျှသာရှိသည်ဟု ပိုင်းခြား၍ သိပြီးသော ယောဂီသည် ရှုမှတ်မြဲပင် ဆက်၍ရှုနေလျှင် သွားချင်မှု၊ ကွေး ချင်မှု စသော အကြောင်းကြောင့် သွားရုပ် ကွေးရုပ် စသည် ဖြစ်ပေါ် နေသည်ကိုရင်း၊ အာရုံ နှလုံးသွင်းမှု စသော အကြောင်းကြောင့် သိမှု ကြံမှု စသော နာမ်ဖြစ်ပေါ်နေသည် ကိုရင်း တွေ့ရ၍ အကြောင်း အဆက်ဆက်ကြောင့် အကျိုး အဆက်ဆက်မျှသာ ဖြစ်နေသည်ဟု သိမြင် သဘောကျသွား လေသည်။

ထို့ပြင် ဖြစ်ခိုက် နာမ်ရုပ်ကို မပြတ် မှတ်လျက်ရှိသော ယောဂီအား မှတ်သိရသော ထိုနာမ်ရုပ်သည် စိတ်ထဲ ကိုယ်ထဲမှာ အသစ်အသစ် ကျရောက် သက်ဝင်လာသကဲ့သို့ ထင်ရှား၏၊ ထို့ကြောင့် ပဋိသန္ဓေခဏက ဖြစ်ခဲ့သော နာမ်ရုပ်ကို "ယခု မှတ်သိနေရသော နာမ်ရုပ်လိုပင် ကျရောက်သက်ဝင်လာသော သဘောပဲ"ဟု ဆ၍ သိနိုင်ပေ၏။

ဤသို့ သိမြင် သဘောကျလျှင် ကြက်ဥရှိက ထိုဥ၏ အမိကြက်မလဲရှိခဲ့၏။ ထိုကြက်မ၏ ပေါက်ခဲ့ရာ ဥလဲရှိခဲ့၏၊ ထိုဥ၏ အမိကြက်မလဲ ရှိခဲ့ပြန်၏၊ ဤနည်းဖြင့် ကြက်ဥနှင့် ကြက်မတို့၏ အစကို ရှာ၍ မတွေ့နိုင်သကဲ့သို့ ထိုအတူပင် ယခုဘဝ၌ အကျိုးဖြစ်ပေါ်လျက်ရှိသောကြောင့် ထိုအကျိုး၏ အကြောင်းကံသည် ရှေးဘဝက ရှိခဲ့၏၊ ထိုကံ၏မှီရာ အကျိုးတရားလဲ ထိုဘဝက ဖြစ်ပေါ်ခဲ့၏။ ထိုအကျိုး၏ အကြောင်းကံလဲ ထိုထက်ရှေးကျသော ဘဝက ရှိခဲ့၏။ ဤနည်းဖြင့် နာမ်ရုပ်အစဉ် ဟူသော သံသရာ၏ ရှေးအစွန်းအစကို ရှာ၍မတွေ့နိုင်ပြီ။

ဤအရာ၌ "ဘုရားသခင်က ဖန်ဆင်းသောကြောင့် ဖြစ်သည်"ဟု ဆိုငြားအံ့၊ ထိုဘုရားသခင်ကိုတော့ ဘယ်သူက ဖန်ဆင်းသနည်း၊ သူသည် ဘယ်ကလာ၍ ဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာသနည်း။ ဤသို့ စသည်ဖြင့် အရင်းအမြစ်ကို အဆင့်ဆင့်လိုက်၍ ရှာအပ်၏။ ထိုအခါ အစကို ရှာမတွေ့ပဲသာ ရှိလတံ့၊ ထို့ကြောင့် "ဘုရားသခင်က စ၍ ဖန်ဆင်းသည်" ဟူ၍လဲ မယုံကြည်ထိုက်သည်သာတည်း။

ကြက်ဥနှင့် ကြက်မတို့ကို ကမ္ဘာဦးကစ၍ ဖြစ်ခဲ့သည်ဟု သိအပ်သော်လဲ ကံနှင့်ဝိပါက်ဟူသော နာမ်ရုပ်အစဉ် သံသရာ၏ အစကိုကား မည်သည့်နည်းနှင့်မျှ မသိနိုင်ပေ။

ကြက်မမှ ဥဖြစ်မည်၊ ထိုဥမှ ကြက်မဖြစ်ပြန်မည်။ထိုကြက်မမှ ဥဖြစ်ပြန်မည်၊ ဤနည်းဖြင့် အန္တရာယ်မရှိပါက ကြက်မနှင့် ကြက်ဥတို့၏ ပြတ်စဲခြင်းကို ရှာ၍မတွေ့နိုင်သကဲ့သို့ ထို့အတူပင်

ယခုဘဝ၌ ပြုခဲ့ပြီးသောကံကြောင့် နောင်ဘဝ၌ ပဋိသန္ဓေမှစ၍ အကျိုးတရား ဖြစ်ပေါ်မည်၊ ထိုအကျိုးကိုပင် မှီ၍ ထိုဘဝ၌လဲ ကောင်းမှုကံ,မကောင်းမှုကံ ဖြစ်ပေါ်ဦးမည်၊ ထိုကံကြောင့်လဲ တဖန် ဘဝသစ်ဖြစ်ပေါ်ဦးမည်၊ ဤနည်းဖြင့် ကံနှင့် အကျိုး ဟူသော နာမ်ရုပ်တို့၏ ပြတ်စဲခြင်းကို ရှာ၍ မတွေ့နိုင်ပြီ။ အကြောင်းကံကို မဂ်ဉာဏ်ဖြင့် မငြိမ်းစေနိုင်လျှင် ဘယ်အခါမျှ ပြတ်စဲတော့မည်မဟုတ်ပေ။ တခုခုသောဘဝမှ နောက်ဆုံး စုတိစိတ်ချုပ်လျှင် ထိုစိတ်၏အခြားမဲ့၌ ဘဝသစ် ပဋိသန္ဓေ ဝိညာဏ်စသော အကျိုးတရားသည် ဖြစ်ပေါ်လျက် ဖြစ်ပေါ်လျက် သာလျှင် ရှိတော့မည်ဟူ၍ သိမြင်၏။

## အတိတ်, အနာဂတ်၌ အနုမာနဉာဏ်ဖြစ်ပုံ

ဤသို့ သိမြင်ပြီးသော ယောဂီသည် "ယခုဘဝ နာမ်ရုပ်သည် အကြောင်းနာမ်ရုပ်ကြောင့် ဖြစ်သကဲ့သို့ ဤနည်းတူပင် ရှေးရှေးဘဝတွေကလဲ ဤလို အကြောင်းများကြောင့်သာလျှင် ဤလို နာမ်ရုပ် ၂-မျိုးမျှသာဖြစ်ခဲ့လေပြီ။ နောင်ဘဝတွေမှာလဲ ဤလိုအကြောင်းများကြောင့်သာလျှင် ဤလို နာမ်ရုပ် ၂-မျိုး မျှသာ ဖြစ်သွားမည်"ဟု အနုမာနဉာဏ်ဖြင့် မှန်းဆဆင်ခြင်၍ ဆုံးဖြတ်၏။

## ၂၁။ ခုပင်ဖြစ်လျက်၊ ခုပင်ပျက်၊ ဆက်ဆက်သိနိုင်ပါ။

မြင်မှု ကြားမှု စသည်တို့ကို ဖြစ်ပေါ်စဉ်အတိုင်း မလစ်လပ်ရအောင် ရှုမှတ်လျက်ရှိသော ယောဂီသည် မြင်ပြီးသည့်နောက်၌

ကြား၍လျှင် "မြင်စဉ်က ရုပ်သည် ကြားခိုက်သို့ မရောက်၊ မြင်ခိုက်မှာပင် ကုန်ဆုံးသွားသည်ဟု သိ၏။ ထို့အတူ မြင်ပြီးသည့်နောက် နံလျှင် စားသိလျှင် ထိသိလျှင် ကြံသိလျှင် မြင်စဉ်က ရုပ်သည် နံခိုက်၊ စားခိုက်၊ ထိခိုက်၊ ကြံခိုက်သို့ မရောက်၊ မြင်ခိုက်မှာပင် ကုန်ဆုံးသွားသည်" ဟု သိ၏။

အထပ်ထပ် မြင်ရာ၌လဲ ပဌမ မြင်စဉ်က ရုပ်သည် ဒုတိယ မြင်ခိုက်သို့ မရောက်၊ ဒုတိယ မြင်စဉ်က ရုပ်သည် တတိယ မြင်ခိုက်သို့ မရောက်၊ ထိုထိုခဏမှာပင် ကုန်ဆုံးသွားသည်ဟု ဤသို့ စသည်ဖြင့် သိ၏။ ကြားပြီးနောက် မြင်ရာစသည်တို့၌လည်း နည်းတူပင်။ ဤသို့ တစုံတခုသော အခိုက်အတန့်က ရုပ်သည် အခြားတပါး အခိုက်အတန့်သို့မရောက်ပဲ ထိုထိုမိမိ၏ အခိုက်အတန့်မှာပင် ကုန်ကုန်သွားသည်ဟု မျက်မှောက် တွေ့ရသောကြောင့် ထင်ရှားသော ထိုရုပ်အပေါင်းကို "မမြဲဆင်းရဲ ငါကောင် မဟုတ်"ဟု မတွေးမဆရပဲ မှတ်ရုံမျှဖြင့်ပင် ရှင်းလင်းစွာ သိမြင် သဘောကျ၏။

"စူးစိုက်မှတ်ပါက ဖောင်းမှုက တခြား+ပိန်မှုက တခြား+ ထိုင်မှုက တခြား+ကွေးမှုက တခြား+ဆန့်မှုက တခြား+ဗယ် လှမ်းတာက တခြား+ညာလှမ်းတာက တခြား ဤသို့စသည်ဖြင့် အပိုင်းအပိုင်းပြတ်လျက်သာ ထင်ပေါ်သောကြောင့် တခုတခု သော ကိုယ်အမူအရာသည် အခြားတပါးသော ကိုယ်အမူ အရာနှင့် မရောနှောပဲ ထိုထိုအခိုက်အတန့်၌သာလျှင် ပေါ်၍

ပေါ၍ ကုန်ဆုံး ကုန်ဆုံးသွားကြသည်” ဟု မှတ်ရုံမျှဖြင့် မတွေးမဆရဘဲ ရှင်းလင်းစွာ သိမြင်သဘောကျ၏။

၂၂။ ဖြစ်ပျက်မြင်က၊ အနိစ္စ၊ ဒိဋ္ဌသိမြင်ပါ။

၂၃။ အနိစ္စမြင်၊ ဒုက္ခထင်၊ ပေါ်လွင်အနတ္တာ။

၂၄။ ထိုသို့မြင်ဟန်၊ ဉာဏ်ရင့်သန်၊ နိဗ္ဗာန်ဆိုက်ရောက်ပါ။

၁။ အားထုတ်အပ်ဘိ၊ မြတ်ဝိရိ၊ သတိခိုင်ခိုင်မြဲစေကွဲ့။

၂။ အလုပ်ပန်းမည်၊ ပန်းခဲ့သည်၊ ကြံစည်မပျင်းနဲ့။

၃။ ခရီးပန်းမည်၊ ပန်းခဲ့သည်၊ ကြံစည်မပျင်းနဲ့။

၄။ ရောဂါရှိသည်၊ ပြန်ထမည်၊ ကြံစည်မပျင်းနဲ့။

၅။ အစာရှားသည်၊ ဝမ်းဝသည်၊ ကြံစည်မပျင်းနဲ့။

တတိယတန်း ပြီး၏။

## တတိယတန်း လေ့ကျင့်ခန်း မေးခွန်း

၁။ ပုညကြိယဝတ္ထု အကျဉ်း ၁၀-ပါးကို ပြပါ။
၂။ အကြီးအကဲကျင့်ဝတ် ခြောက်ပါးကို ပြပါ။
၃။ စည်းလုံးညီညွတ်ကြောင်း ကျင့်ဝတ် ၄-ပါးကို ပြပါ။
၄။ သတိပဋ္ဌာန်တရားကို အားထုတ်သူသည် မည်သို့သော အကျိုးများကို ကိုယ်တိုင်တွေ့ရမည်ဟု ဘုရားရှင်က ကျေညာခဲ့ပါသနည်း။
၅။ သတိပဋ္ဌာန်တရား ဘယ်နှစ်ပါးရှိပါသနည်း။
၆။ သင် သွားလာနေရာတွင် ပရမတ္ထအားဖြင့် မည်သည့် တရားများသာ ရှိပါသနည်း။
၇။ မည်သည့်အခိုက်အတန့်ကို ဝိပဿနာရှုရပါသနည်း။
၈။ နာမ်ရုပ်ကို ပိုင်းခြားသိသောယောဂီသည် မည်သည့်ဒိဋ္ဌိ ကွာပါသနည်း။
၉။ နာမ်ရုပ်ကွဲသောယောဂီသည် ဆက်လက်ရှုက မည်သည့် သဘောတရားကို ရှင်းလင်းစွာ သိနိုင်ပါသနည်း။
၁၀။ ယောဂီများ ကြုံတွေ့မပျင်းရမည့် အချက် ၈-ခုကို ပြပါ။

# အခြေခံဘာသာရေး

## စတုတ္ထတန်း

### ကျက်မှတ်ရန်

### ဘုရားဂုဏ်တော် ၉-ပါး အနက်

၁။ အရဟံ=လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ပေသော မြတ်စွာဘုရား။ (က)

အရဟံ = လောဘ, ဒေါသ, မောဟ အစရှိသော ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူပေသော မြတ်စွာဘုရား။ (ခ)

၂။ သမ္မာသမ္ဗုဒ္ဓေါ = သစ္စာလေးပါး ခပ်သိမ်းသော တရားတို့ကို မဖောက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာ သိတော်မူပေသော မြတ်စွာဘုရား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော = ဝိဇ္ဇာခေါ်တဲ့ ဉာဏ်ထူးများ၊ စရဏခေါ်တဲ့ အခြေခံ အကျင့်တရားတို့နှင့် လုံးဝဥဿုံပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

၄။ သုဂတော = ဟုတ်မှန်၍ အကျိုးများသည့် စကားကောင်းကိုသာ မြွက်ဆိုတော် မူပေတတ်သော မြတ်စွာဘုရား။

၅။ လောကဝိဒူ = သောက၏ အကြောင်းအရာ အလုံးစုံကို အကုန်အစင် သိမြင်တော်မူပေသော မြတ်စွာဘုရား။

၆။ အနုတ္တရောပုရိသဒမ္မသာရထိ = ဆုံးမထိုက်သော ပုဂ္ဂိုလ်တို့ကို ဆုံးမမှု၌ အတုမရှိ အမြတ်ဆုံး ဖြစ်တော်မူပေသော မြတ်စွာဘုရား။

၇။ သတ္ထာဒေဝမနုဿာနံ = လူ နတ် တို့ အား အကျိုး များအောင် ညွှန်ကြား ဆုံးမတတ်သည့် တဦးတည်းသော ဆရာမြတ်အစစ် ဖြစ်တော် မူပေသော မြတ်စွာဘုရား။

၈။ ဗုဒ္ဓေါ = တရားအလုံးစုံကို အကုန်သိတော်မူပေသော မြတ်စွာဘုရား။

၉။ ဘဂဝါ = ဘုန်းတော်, ကံတော်, ဉာဏ်တော် အနန္တနှင့် လုံးဝဥဿုံပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

အရဟံအစရှိသော ဤဂုဏ်တော်ကိုးပါးတို့နှင့် ပြည့်စုံတော်မူပေသော သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို ဘုရားတပည့်တော်သည် ရှိသေမြတ်နိုးလက်အုပ်မိုး၍ ရှိခိုးပါ၏မြတ်စွာဘုရား။

## တရားဂုဏ်တော် ၆-ပါး အနက်

ဘဂဝတာဓမ္မော=မြတ်စွာဘုရား ဟောထားသော တရားတော်သည်....

၁။ သွာက္ခာတော = ကိုယ်တိုင် သိပြီး ဟော တော်မူ သဖြင့် ကောင်းမွန် မှန်ကန်စွာ ဟောထားသော တရားတော်ပါပေတည်း။

၂။ သန္ဒိဋ္ဌိကော = ကျင့်ကြံအားထုတ်က မုချကိုယ်တိုင် တွေ့မြင်နိုင်သော တရားတော်ပါပေတည်း။

၃။ အကာလိကော = ချက်ခြင်း အကျိုးရစေနိုင်သော တရားတော်ပါပေတည်း။

၄ ဧဟိ ပဿိကော = လာပါ ကျင့်ကြည့်စမ်းပါဟု ဖိတ်ခေါ် တိုက်တွန်းထိုက်သော တရားတော်ပါပေတည်း။

၅။ ဩပနေယျိကော = ကိုယ်ထဲ စိတ်ထဲ ရောက်အောင် ကျင့်ဆောင်ထိုက်သော တရားတော်ပါပေတည်း။

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ= တရားမြင်သိသည့် ပညာရှိရှစ်ပါး အရိယာ ပုဂ္ဂိုလ်များသာလျှင် ကိုယ်စီ ကိုယ်၌ သိမြင်ခံစားရသော တရားတော်ပါပေတည်း။

## သံဃာ့ဂုဏ်တော် ၉-ပါးအနက်

ဘဂဝတော သာဝကသံဃော = မြတ်စွာဘုရား၏ တပည့်သားအပေါင်းဖြစ်သော သံဃာတော်သည်....

၁။ သုပ္ပဋိပန္နော = လောဘ, ဒေါသ, မောဟ ကင်းကြောင်းကောင်းစွာ ကျင့်တော် မူတတ်ပါပေသည်။

၂။ ဥဇုပ္ပဋိပန္နော = ကောက်ကျစ်မှု ကင်းအောင် ဖြောင့်စင်းစွာ ကျင့်တော်မူတတ်ပါပေသည်။

၃။ ဉာယပ္ပဋိပန္နော = လောကီစီးပွားကို မငဲ့ပဲ နိဗ္ဗာန်အလို့ငှါသာ ကျင့်တော်မူတတ်ပါပေသည်။

၄။ သာမီစိပ္ပဋိပန္နော = ဒကာ, ဒကာမတို့က ပူဇော်သည့် ရိုသေမှုနှင့် သင့်တင့် ထိုက်တန်အောင် ကျင့်ကြံတော်မူတတ်ပါပေသည်။

၅။ အာဟုနေယျော = အရပ်ဝေးမှ ဆောင်ယူ၍ ပေးလှူသည်ကိုလည်း ခံတော်မူထိုက်ပါပေသည်။

၆။ ပါဟုနေယျော = ဧည့်သည်တော်များ အတွက် စီမံထားသော သုံးဆောင်ဘွယ် ကိုလည်း ပေးလှူ ပူဇော်ထိုက် ခံယူတော်မူထိုက်ပါပေသည်။

၇။ ဒက္ခိဏေယျော — နောင်တမလွန် ချမ်းသာရေး အတွက် ရည်ရွယ်အပ်သော အလှူမြတ်ကို ခံယူတော်မူထိုက် ပါပေသည်။

၈။ အဉ္ဇလိ ကရဏီယော = ကောင်းကျိုး မြော်လျက် လက်နှစ်ဖက်ကို ထိပ်ထက်မှာချီမိုး၍ ရှိခိုးထိုက်ပါပေသည်။

၉။ အနုတ္တရံပုညက္ခေတ္တံ လောကဿ = နတ်, လူ အပေါင်း၏ ကောင်းမှုမျိုးကို စိုက်ပျိုးဘို့ရန် အမှန်မသွေ လယ်မြေ အကောင်းအမြတ်ဆုံး ဖြစ်တော်မူပါပေသည်။

(မဟာစည် ဆရာတော်ဘုရားကြီး)

---

# မင်္ဂလသုတ်အဖွင့်

(က) ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။

သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတိံသဉ္စ မင်္ဂလံ။

ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပ ဝိနာသနံ။

သဗ္ဗလောက ဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

(ယံ မင်္ဂလံ- ယံ မင်ဂလံ-ဟုဖတ်၊
ယန်း မင်ဂလံ-ဟုမဖတ်ရ။
စိန္တယိံသု-စိန်တယိန်သု-ဟု ဖတ်။
စိန်တယိန်းသု-ဟု မဖတ်ရ။
သောတ္တာနံ-သွတ်ထာနံ-ဟု ဖတ်။
နာဓိဂစ္ဆန္တိ-နာဓိဂစ်ဆန်တိ-ဟု ဖတ်၊
နာဓိဂစ်ဆန်းတိ-ဟု မဖတ်ရ။
အဠ္ဌတိံသဥ္စ-အတ်ဌတိံ သဥ်စ-ဟုဖတ်၊
အဌတိသဉ်းစ-ဟု မဖတ်ရ။
ဟိတတ္ထာယ-ဟိတတ်ထာယ-ဟု ဖတ်။)

(က) ရှေးဆရာတို့သည် မင်္ဂလာ တရားတော် အဖိုးတန်ကြောင်းကို ချီးမွမ်းလို၍ အမွမ်းတင်အနေဖြင့် ဤ ၂-ဂါထာကို ရှေးဦးစွာ ထည့်ထားခဲ့ကြလေသည်။

## ဆိုလိုရင်းမှာ

အို...သူတော်ကောင်းတို့ နတ်နှင့် တကွသော လူတို့သည် ၁၂-နှစ်လုံးလုံး စဉ်းစားကြသော်လည်း ကြီးပွား ချမ်းသာကြောင်း ကောင်းမြတ်သောမင်္ဂလာကို မသိခဲ့ကြရပေ။

နတ်တို့ထက် နတ်အမြတ်ဆုံး ဖြစ်တော်မူသော မြတ်စွာဘုရားသည် မကောင်းမှုပျောက်၍ ကောင်းမှုရောက်ရာ ၃၈-ဖြာ မင်္ဂလာကို တလောကလုံး၏ အစီးအပွားအလို့ငှါ ဟောတော်မူအပ်ပြီ၊ ထိုမင်္ဂလာကို ငါတို့ရွတ်ဆိုကြပါကုန်စို့။

## မင်္ဂလာ

မင်္ဂလာတရားဟူသည် ကောင်းသောအပြု, အပြောနှင့်အကြံများသာဖြစ်ရာ လူမျိုးတိုင်းက လက်ခံနိုင်သော ကောင်းမှုများပင် ဖြစ်ပေသည်။ ထိုကောင်းမှုများသည် သူတပါးကို ပျက်စီးစေလိုခြင်း, မနာလိုခြင်း အစရှိသော မကောင်းမှုများကို ဖျက်ဆီးတတ်သောကြောင့် ထိုမင်္ဂလာကို "သဗ္ဗပါပဝိနာသနံ=မကောင်းမှုမှန်သမျှကို ဖျက်ဆီးတတ်သော"ဟု ဂုဏ်ပြုထား၏။

မကောင်းမှု ဟူသည်ကား ဆုတ်ယုတ်ကြောင်း ဆင်းရဲကြောင်းသာဖြစ်၏၊ ကောင်းမှုဟူသည်မှာ တိုးတက်ကြီးပွားကြောင်း ချမ်းသာကြောင်းသာ ဖြစ်၏၊ မြတ်စွာဘုရားသည် ထိုကြီးပွားချမ်းသာကြောင်း ကောင်းမှုဖြစ်သော မင်္ဂလာတရားတော်ကို တဦးတယောက်အတွက်၊ သို့မဟုတ်-အသားဖြူသူလူတစုအတွက်၊ သို့မဟုတ် အသားမဲသူ လူတစု အတွက်သာ ဟောတော်မူခဲ့သည်မဟုတ်ပေ။ အမှန်ကား တလောကလုံး၏ ကြီးပွားချမ်းသာရေးအတွက်သာ ဟောတော်မူခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် "သဗ္ဗလောကဟိတတ္ထာယ"ဟု မဟာကရုဏာတော် မေတ္တာတော်၏ နယ်ပယ်အဝန်း ကြီးမားကျယ်ပြန့်ပုံကို ဂုဏ်ပြုထား၏။

(ခ) ဧဝံ မေ သုတံ။

(ဧဝံ-ဧအေဝံ-ဟု ဖတ်၊
အေးဝံ-ဟု မဖတ်ရ။)

(ခ) အရှင်မဟာကဿပဘုရား တပည့်တော်သည် မင်္ဂလသုတ် တရားတော်ကို မြတ်စွာဘုရား၏ မျက်မှောက်တော်၌ ဤအတိုင်း ကြားနာမှတ်သားလိုက်ရပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ၃-လ (ကျော်)အကြာမှာ ရာဇဂြိုဟ်မြို့တော်၌ ရဟန္တာငါးရာ စည်းဝေး၍ ပဌမ သံဂါယနာ တင်ကြရာတွင် အရှင်မဟာကဿပမထေရ်ကြီးက မင်္ဂလသုတ်တရားတော်ကို-

၁။ အဘယ်အရပ်၌ သတင်းသုံးစဉ်မှာ ဟောတော်မူပါသနည်း။

၂။ အဘယ်အခါမှာ ဟောတော်မူပါသနည်း။

၃။ အဘယ်ပုဂ္ဂိုလ်က ဟောတော်မူပါသနည်း။

၄။ အဘယ်ပုဂ္ဂိုလ်အား ဟောတော်မူပါသနည်း

ဟု အကြောင်းနိဒါန်း ၄-ချက်ကို မေးမြန်းတော်မူသည့်အတွက် အရှင်အာနန္ဒာမထေရ်က "ဧဝံ မေ သုတံ" စသည်ဖြင့် ဖြေကြားတော်မူလေသည်။

## မင်္ဂလသုတ်တရားတော် ဖြစ်ပေါ်လာပုံ

ဘုရားရှင် မင်္ဂလာ တရားတော်ကို မဟောကြားမီကပင် လောက၌ မင်္ဂလာပြဿနာ ပေါ်ပေါက်လျက်ရှိ၏၊ လောက၌ ပုဂ္ဂိုလ်အကြိုက် စရိုက်သို့လိုက်၍ နှစ်သက်ဖွယ်ရာဟု အသိအမှတ်ပြုထားသော အာရုံအမျိုးမျိုးများရှိခဲ့ရာ....

တချို့က မျက်စိဖြင့် မြင်ရသော နှစ်သက်ဖွယ် အဆင်းအာရုံများကို မင်္ဂလာဟုဆို၏။

ထိုသူ၏ အယူအဆကို တချို့က လက်မခံကြ၊ မျက်စိဟူသည် အကောင်းအဆိုး အာရုံ ၂-မျိုးလုံးကို မြင်၏၊ မျက်စိဖြင့် မြင်ရတိုင်းသာ မင်္ဂလာဖြစ်ပါလျှင် အားလုံး မင်္ဂလာချည်းသာ ဖြစ်ရာ၏၊ ထို့ကြောင့် မြင်ရသည့် အာရုံသည် မင်္ဂလာမဟုတ်၊ နားဖြင့် ကြားရသော နှစ်သက်ဖွယ် အသံများသည်သာလျှင် မင်္ဂလာဟု ဆိုပြန်၏၊ ထိုစကားကို ပယ်ချ၍ အချို့ကမူ နှာခေါင်း, လျှာ, ကိုယ်တို့ဖြင့် တွေ့ရသော နှစ်သက်ဖွယ် အနံ့ အရသာ အတွေ့အာရုံများကို မင်္ဂလာဟုဆို၏။

တဦး၏အယူအဆကိုလည်း တဦးက လက်မခံ၊ တယောက်ကို တယောက်လည်း ကျေနပ်အားရလောက်အောင် မပြောပြနိုင်သဖြင့် လူ့ပြည်မှ နတ် ဗြဟ္မာပြည်အထိ ဂယက်ရိုက်လျက် ငြင်းခုံမပြီးသည့် ပြဿနာပွဲကြီးတခု အဖြစ်ဖြင့်သာ တည်ရှိခဲ့၏၊ ထိုပြဿနာပွဲကြီးသည် တဆဲ့နှစ်နှစ်ကြာခဲ့၏။

ထို့နောက်မှ တာဝတိံသာနတ်တို့က ထိုပြဿနာ၏အဖြေကိုရနိုင်ရန် သိကြားမင်းထံ တောင်းပန်ကြသည်၊ သိကြားမင်းသည် ဘုရားရှင်ထံလျှောက်ထားရန် နတ်သားတဦးအား တာဝန်လွှဲပြီးလျှင် မိမိလည်း နတ်များနှင့်အတူ မင်္ဂလာတရား နာယူရန် ဘုရားရှင်ထံရောက်လာ၏၊ ဘုရားရှင်က တာဝန်ရှိသောနတ်သား၏ လျှောက်ထားချက်ကရ မင်္ဂလာတရားတော်ကို ဟောကြားတော်မူခဲ့ပေသည်။

(အောက်ပါတို့မှာ အရှင်မဟာကဿပမထေရ်၏ အမေးကို အရှင်အာနန္ဒာမထေရ်က ဖြေဆိုလျှောက်ထားသော စကားများ ချည်း ဖြစ်သည်။)

(ဂ) ကေံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတ ဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

(သာဝတ္ထိယံ-သာဝတ်ထိယံ ဟုဖတ်၊
အနာထပိဏ္ဍိကဿ အ-နာထပိဏ်ဍိကဿ-ဟုဖတ်)

(ဂ) အခါတပါးမှာမြတ်စွာဘုရားသည်သာဝတ္ထိမြို့တော်၏ တောင်ဘက်ရှိ အနာထပိဏ်သူဌေး လှူဒါန်းသော ဇေတဝန် ကျောင်းတိုက်၌ သီတင်းသုံးတော်မူပါသည်။

အခါတပါးဟု သာမညဆိုထားခြင်းမှာ နှုတ်တက် ဆောင်၍ လွယ်ကူစေခြင်းငှါ ဖြစ်သည်၊ ခုနှစ်-လ-ရက်-နာရီတို့ကို သုတ်တိုင်းသုတ်တိုင်း အတိအကျ ပြနေရပါ လျှင် နှုတ်တက်ဆောင်၍ မလွယ်ကူပါ။

(ဃ) အထ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။

(အညာတရာ-အဉ်ညာတရာ-ဟုဖတ်။
အဘိက္ကန္တာဃ-အဘိတ်ကန်တာဃ-ဟုဖတ်။
ရတ္တိယာ-ရတ်တိယာ-ဟုဖတ်။
အဘိက္ကန္တဝဏ္ဏာ-အဘိတ်ကန်တဝဏ်ဏာ-ဟုဖတ်။
ကေဝလကပ္ပံ-ကေဝလကပ်ပံ-ဟုဖတ်။
ဩဘာသေတွာ-ဩဘာသစ်တဝါ-ဟုဖတ်။
တေနုပသင်္ကမိ-တေနုပသင်ကမိ-ဟုဖတ်၊
ဥပသင်္ကမိတွာ-ဥပသင်ကမိတ်တဝါ-ဟုဖတ်။
ဘဂဝန္တံ-ဘဂဝန်တံ-ဟုဖတ်။
အဘိဝါဒေတွာ-အဘိဝါဒစ်တဝါ-ဟုဖတ်။
ဧကမန္တံ-အေကမန်တံ-ဟုဖတ်။
အဋ္ဌာသိ-အတ်ဌာသိ-ဟုဖတ်။
အဌာသိ-ဟု မဖတ်ရ။)

(ဃ) ထိုအခါ အမျိုးအမည် မထင်ရှားသော နတ်သား တယောက်သည် ညဉ့်ဦးယာမ် လွန်ပြီးသော သန်းကောင် ယာမ် အခါ၌ အလွန်နှစ်သက်ဘွယ် အဆင်းရှိသည်ဖြစ်၍ ဇေတဝန် ကျောင်းတိုက် ပတ်ဝန်းကျင်တခွင်လုံးကို ကိုယ်ရောင်ဖြင့် ထိန် လင်းစေလျက် မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်၍ (ရှိခိုးပြီး နောက်) သင့်တော်သော နေရာ၌ ရပ်တည်နေလေသည်။

## အပြစ်ရှိသော အရပ် ၆-ပါး

နေရာ (ထိုင်ရာ)၌ ကျွမ်းကျင်လိမ္မာသော ပညာရှိတို့သည် ဆရာတပည့် ဆက်ဆံရာဝယ်....

၁။ (စကားပြောလိုသော် ကျယ်လောင်စွာ ပြောရမည်ဖြစ်သောကြောင့်) ဝေးလွန်းသောအရပ်။

၂။ (ကိုယ်လက်ထိပါးမှုကို ဖြစ်စေနိုင်သောကြောင့်) နီးလွန်းသော အရပ်။

၃။ (မိမိ၏ ကိုယ်နံ့များကို ဆရာသမားနံ့ သွားစေနိုင်သောကြောင့် လေညာ (လေအထက်ကျသော) အရပ်။

၄။ (မရိုသေရာရောက်သောကြောင့်)မြင့်မောက်ရာအရပ်။

၅။ (ကြည့်လိုသည်ရှိသော် ဆရာတပည့် မျက်စိချင်း ဆိုင်မိသောကြောင့်) ရှေ့တည့်တည့်အရပ်။

၆။ (ကြည့်လိုသည်ရှိသော် လည်ကိုလိမ်၍လှည့်ကြည့်ရမည်ဖြစ်သောကြောင့်) နောက်တည့်တည့်အရပ်။

ဟူသော အပြစ်ရှိသော အရပ် ၆-ခုတို့ကို ရှောင်ကြဉ်၍ သင့်တော်သောနေရာ၌ နေလေ့ရှိကြသည်။ (ဒီ ဋ္ဌ ၂·၇၄)

ဆောင်။ ။ဝေး-နီး-ရှေ့-နောက်၊ မြင့်မောက်-လေညာ၊ ကျြခြောက်ဖြာ၊ နေရာအပြစ်တည်း။

## သင့်တော်သောနေရာ

အဝေးဆုံးနှင့် အနီးဆုံးအရပ်ကို ရှောင်ကြဉ်ရမည်ဟု ဆိုသဖြင့် မနီးမဝေးအရပ်ကို "သင့်တော်သောနေရာ"ဟု ယူရမည်ဖြစ်၏။ ထိုသင့်တော်သောနေရာ ဟူသည် မြတ်စွာဘုရား၏ လက်ျာပုဆစ်ဒူးတော်၏ ရှေ့ဘက်အနီးရှိ ဆရာတပည့်

နှစ်ဦးလုံးတို့ ဆန္ဒတန်း လိုက်သော လက်ချင်း ထိမိ လောက်ရှိ အရပ်ကို "သင့်တော်သောနေရာ" ဟု ယူရမည်ဖြစ်သည်။

(ဒီဋ္ဌီ ၂-၈၀)

(င) ကောမန္တံ ဌိတာ ခေါ သာ ဒေဝတာ
ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။
(ဘဂဝန္တံ-ဘဂ-ဝန်တံ-ဟုဖတ်။
အဇ္ဈဘာသိ-အဇ်ဈဘာသိ-ဟု ဖတ်။

(င) သင့်တော်သောအရပ်၌ ရပ်နေသော ထိုနတ်သား သည် မြတ်စွာဘုရားကို ဂါထာဖြင့် လျှောက်ထားလေသည်။

၁။ ဗဟူ ဒေဝါ မနုဿာ စ၊
မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ။
ဗြူဟိ မင်္ဂလမုတ္တမံ။
(မနုဿာ-မနုတ်သာ-ဟုဖတ်။
အာကင်္ခမာနာ-အာကင်ခ မာနာ-ဟုဖတ်။)

၁။ သင့်တော်သောအရပ်၌ ရပ်တည်နေပြီးလျှင် ထိုနတ် သားက နတ်လူများစွာတို့သည် ကြီးပွား ချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာကို လိုလားတောင့်တ သိလိုကြပါ ကုန်သည်ဖြစ်၍ မင်္ဂလာတို့ကို ကြံစည်ခဲ့ပါကုန်ပြီ၊ ရှင်တော်

မြတ်ဘုရားသည် ကြီးပွား ချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာကို ဟောတော်မူပါ အရှင်ဘုရားဟု လျှောက်ထားလေသည်။

## မင်္ဂလာ

မင်္ဂလာ-ဟူသော စကားသည် မင်္ဂလ-ဟူသော ပါဠိမှ ဆင်းသက် လာသော ပါဠိကပြား မြန်မာစကား ဖြစ်သည်၊ သတ္တဝါတို့၏ တိုးတက်ကြီးပွား ချမ်းသာ များကြောင်း ဖြစ်သောကြောင့် မင်္ဂလာမည်၏။

## မငြင်းနိုင်ရာ မင်္ဂလာ

လောကတွင် လူနတ်ပြဟ္မာတို့ အငြင်းပွားနေသည့် အမြင်မင်္ဂလာ အကြားမင်္ဂလာ စသည်တို့မှာ အနှစ်အသားမပါသော ကြောင့်သာ တဦး၏မင်္ဂလာကို တဦးက လက်မခံနိုင်ပဲ ရှိခဲ့ကြရသည်။

ဘုရားရှင် ဟောတော်မူသော ဤမင်္ဂလာတရားတော်သည် ကား ဖြူစင်သန့်ရှင်း အပြစ်ကင်းသည့် ကိုယ်မှု နှုတ်မှု စိတ်မှု များသာဖြစ်၏။ ဤသည့် ကောင်းမှုများသည် ကောင်းကျိုး ကိုသာ ပေးတတ်သဖြင့် လိုက်နာကျင့်သုံးသည့် သတ္တဝါတိုင်းပင် ကေန်ဒိဋ္ဌ ကောင်းကျိုးကို ရရှိကြသဖြင့် မကောင်းဟု ငြင်း မည့်သူ တဦးတယောက်မျှ ပေါ်မလာ၊ အကောင်း တရားကို လူမျိုးမရွေး ဘာသာမရွေး ဌာနမရွေး ခေတ်ကာလမရွေးပဲ အကောင်းအနေနှင့် လက်ခံကြရမည်သာ။

ထို့အတူ သတ္တဝါတို့၏ တိုးတက်ကြီးပွား ချမ်းသာများ ကြောင်းဖြစ်၍ အကောင်းဖြစ်သော မင်္ဂလာ တရားတော်သည် လည်း အကောင်းအနေနှင့် အမြဲတန်း ရပ်တည်နေရမည်သာ၊ ထို့ကြောင့်အများယူဆသော မင်္ဂလာမှ အသွင်ကွဲပြားထူးခြား ကောင်းမြတ်သော မင်္ဂလာကို ဟောတော်မူပါဘုရားဟု နတ် သားက လျှောက်ထားခြင်းဖြစ်ပေသည်။

၂။ အသေဝနာ စ ဗာလာနံ၊
ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊
ဧတံ မင်္ဂလ မုတ္တမံ။

(အသေဝနာ-အ-သေဝနာ-ဟုဖတ်၊
အသေဝနာဟု မဖတ်ရ။
ပဏ္ဍိတာနဉ္စ-ပဏ်ဍိတာနဉ်စ-ဟု ဖတ်၊
ပဏ်ဍိတာ နဉ်းစ-ဟု မဖတ်ရ။
ဧတံ-အေတံ-ဟု ဖတ်၊ အေးတံ-ဟု မဖတ်ရ။)

၁။ အသေဝနာ စ ဗာလာနံ=လူမိုက်တို့ကို မမှီဝဲခြင်းသည် လည်း တိုးတက် ကြီးပွား ချမ်းသာ များကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာမည်၏။

## လူမိုက်ဟူသည်

လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ ဗဟုသုတ ကုန်လုံ ကြွယ်ဝသော ပညာရှင်ပင်ဖြစ်စေ၊ အစိုးရသူပင်ဖြစ်စေ မည်သူမဆို ကိုယ်ကျင့် သီလတရားမရှိပါလျှင် လူမိုက်ပင်ဖြစ်ပေသည်။

"မကောင်းသောအကြံ၊ မမှန်သော်စကား၊ မတရားသော အမှု၊ ဤသုံးခု၊ မှတ်ရှုလူမိုက်လက္ခဏာ"

ဟူသည်နှင့်အညီ မကောင်းသော ကိုယ် နှုတ် စိတ် ရှိသူများ သည်လည်း ကိုယ်ကျင့်သီလမရှိသူ လူမိုက်များပင် ဖြစ်သည်။ လူမိုက်၏ ဤအပြုအမူများသည် မကောင်းမှုများပင် ဖြစ်သည်။ မကောင်းမှုရှိသူများသည် ဘေးရန်ကင်းရှင်းခြင်း, ဂုဏ်သတင်း ကျော်စောခြင်း, အများက ချစ်ခင်ခြင်း, ပရိသတ်ထဲ၌ စိုးရွံ့မှု ကင်းခြင်း, ရဲရင့်ခြင်းစသော ကောင်းကျိုးများကို မရနိုင်ပေ။ ယခုဘဝ၌ အဆင်ပြေနေသလို ရှိသော်လည်း တမလွန်၌ကား သုဂတိဘဝဝယ် ချမ်းသာ ကောင်းမြတ်သော အကျိုးများကို မရနိုင်ပေ။ ထို့ကြောင့် လူမိုက်ကို ပစ္စုပ္ပန် တမလွန် နှစ်တန်သော ကောင်းကျိုးကို ဖြတ်တောက်သူဟု ဆိုရပေသည်။

လူမိုက်ကို မိတ်ဆွေစစ်အနေဖြင့်သော်၎င်း, ဆရာ အနေဖြင့် သော်၎င်း ပေါင်းသင်းပါလျှင် "တငါနွားနီးတငါ-မုဆိုးနွားနီး မုဆိုး" ဟူသကဲ့သို့ တစတစနှင့် မိုက်မျိုးစေ့ကူးစက်၍ မိုက်သန္ဓေ ရင့်ကျက်ပြီးလျှင် လူကောင်းဘဝကို စွန့်လွှတ်ခဲ့ရပြီးသည့် အဆုံး ဝယ် ငါးပါးသီလ လုံးလုံးပျောက်ကာ မင်းပြစ်မင်းဒဏ်သာ ရောက်ဘို့ ရှိလေတော့သည်။

ထို့ကြောင့် အဋ္ဌကထာက....

"လူမိုက်သည်ငါးပုပ်နှင့်တူသည်၊ လူမိုက်ကိုပေါင်းသော သူသည် ငါးပုပ်ကိုထုပ်သော သစ်ရွက်နှင့် တူသည်" ဟု ဆိုထားလေသည်။

တအူတုံဆင်းညီအစ်ကိုအရင်းဖြစ်သောကျေးသား ၂-ကောင်ကို စွန်ချီသွားရာ ကံအားလျော်စွာ စွန်လက်မှ လွတ်မြောက်ကြပြီးလျှင် လူမိုက်တို့လက်ထဲသို့ ရောက်သွားသော ကျေးသားမှာ ရိုင်းစိုင်း၍ သူတော်ကောင်းတို့၏ လက်ထဲသို့ ရောက်သွားသော ကျေးသားမှာ ကျေးလိမ္မာကလေး ဖြစ်လာလေသည်။

ထို့ကြောင့် လူမိုက်ကိုပေါင်းသင်းရခြင်းမှာ အမင်္ဂလာသာဖြစ်သည်၊ ထိုလူမိုက်ကို ရှောင်ကြဉ်ရခြင်းမှာ အကျိုးမဲ့ အမျိုးမျိုးမှလွတ်ကာ ကြီးပွား ချမ်းသာခြင်း၏ အကြောင်း ဖြစ်၍ မင်္ဂလာဖြစ်ပေသည်။ ထို့ကြောင့်....

> "ပညာမျက်စိ၊ မြင်မရှိ၍၊ မသိတရား၊ အယူမှားလျက်၊
> စီးပွားမမြော်၊ ကျိုးမပေါ်သား၊ သူတော်မဟုတ်၊ ယုတ်
> သည့်စရိုက်၊ လူသူမိုက်ကို၊ မကြိုက်မချစ်၊ ရန်သူစစ်သို့၊
> မနှစ် သက်ပဲ၊ ဝေးစွာရှဲ၍၊ အမြဲခွါရှင်း ဖဲစေမင်း"

ဟု လောကသာရပျို့ကဆိုလေသည်။

၂။ ပဏ္ဍိတာနဉ္စ သေဝနာ = ပညာရှိတို့ကို မှီဝဲဆည်းကပ်ရခြင်းသည်လည်း တိုးတက်ကြီးပွား ချမ်းသာ များကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာမည်၏။

## ပညာရှိဟူသည်

ကိုယ်ကျင့်သီလရှိသူသည် ပညာရှိဖြစ်သည်။ ကောင်းသောအကြံ၊ မှန်သောစကား၊ တရားသောအမှု ဟူသော ဤကိုယ်ကျင့်သီလ ၃-မျိုးနှင့် ပြည့်စုံသူသည် ပညာရှိပင် ဖြစ်သည်။

ပညာရှိသူသည် ကိုယ်ကျိုး သူကျိုး ၂ မျိုးကို ရွက်ဆောင်မြဲ ဖြစ်၏။ ထို့ကြောင့် ပညာရှိနှင့် ပေါင်းသင်း ဆက်ဆံရာဝယ် သူငယ်ချင်းပေါင်းသက်သက်မဟုတ်ပဲ ဆရာသမားပမာ အလေးသာ၍ ပေါင်းသင်းထိုက်၏။ ထိုပညာရှိထံမှ အလိမ္မာ မျိုးစေ့ကူးစက်၍ ရက်လမဆိုင်းပဲ သင်ကိုယ်တိုင် ပညာရှိကြီးဖြစ်ပြီး ယခုဘဝ နောက်ဘဝဝယ် ဘေးကင်းရန်ရှင်း၍ ကြီးပွားချမ်းသာခြင်းအကျိုးထူးကို ခံစားရမည် ဖြစ်သောကြောင့် ပညာရှိကို ပေါင်းသင်းရခြင်းမှာ မင်္ဂလာဖြစ်ပေသည်။

၃။ ပူဇာ စ ပူဇနေယျာနံ=ပူဇော်ထိုက်သူတို့ကိုပူဇော်ရခြင်း သည်လည်း တိုးတက်ကြီးပွား ချမ်းသာများကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာမည်၏။

### ပူဇော်ထိုက်သူ ၁၁-မျိုး

(၁) ဘုရား၊
(၂) သံဃာ၊
(၃) ဆရာသမား၊
(၄) အမိ၊
(၅) အဘ၊
(၆) ယောက္ခမ အမိ၊
(၇) ယောက္ခမ အဖ၊
(၈) အစ်ကိုကြီး၊

( ၉ ) အစ်မကြီး၊
(၁၀) အသက်ဂုဏ်ကြီးသူ၊
(၁၁) လင်ယောကျ်ား....

ဟူသော ဤ ၁၁-ယောက်တို့သည် ပူဇော်ထိုက်သူများ ဖြစ်ပေသည်။

ရတနာ ၃-ပါး၌ ကိလေသာ စင်ကြယ်ခြင်း စသော ပူဇော်ထိုက်သော ဂုဏ်များရှိသကဲ့သို့ မိဘ, ဆရာ စသည်တို့၌လည်း ထိုက်သည်အားလျော်စွာ ဂုဏ်ရှိကြ၏၊ ဆရာ, မိဘ တို့၏ ဂုဏ်ကား အထူးကြီးမားဘိ၏။ အစ်ကို, အစ်မ, ဦးကြီး, ဦးလေး စသူတို့မှာလည်း မိမိတို့ ငယ်စဉ်မှစ၍ ချီပိုးယုယကြ၊ ကျွေးမွေးကြ၊ သင်ပြကြသည့် ကျေးဇူးများရှိကြ၏။ ထို့ကြောင့် ၎င်းတို့သည် ပူဇော်ထိုက်သူများဖြစ်ကြ၏။

ဆောင်။ ။ဘုရား-သံဃာ၊ ဆရာ မိဘ၊ ယောက္ခမနှင့်၊အစ်မ
အစ်ကို၊ ဂုဏ်-သက်ပိုသည့်၊ပုဂ္ဂိုလ်မြတ်များ၊လင်
ယောကျ်ား၊ လေးစားဆိုင်ရာ ပူဇော်လေ။

## ပူဇော်မှု ၂-မျိုး

၁။ အာမိသပူဇာ= ပစ္စည်း ဝတ္ထုဖြင့်ပူဇော်ခြင်း၊

၂။ ဓမ္မပူဇာ= အကျင့်ပဋိပတ်ဖြင့် ပူဇော်ခြင်း—

ဟု ၂-မျိုး ရှိလေသည်။ (လှူဒါန်းပုံ, ရိုသေ လေးစားပုံ မြှော်နိုးပုံ, ရှိခိုး ဦးညွှတ်ပုံ တို့ကို (အခြေပြုတန်းတွင်) ပြခဲ့ပြီ။

ကန့်တော့ခန်းကို (ပဌမတန်းတွင်)ပြခဲ့ပြီ၊ ဘုရားကိုအာမိသဖြင့် ပူဇော်နည်းနှင့် အကျိုးခံစားရပုံတို့ကို ဝတ္ထု သာဓကများနှင့် တကွ (ဒုတိယတန်းတွင်) ပြခဲ့ပြီ။ ဓမ္မပူဇာဖြင့် ပူဇော်ပုံကို အတန်းတိုင်းတွင် သီလ တခု တခုစီထည့်၍ပြခဲ့ပြီ။ အထူးသဖြင့် တတိယတန်းတွင် တရားရှုမှတ်နည်းကို ပြထား၏။ ကြည့်လေ။ ဓမ္မပူဇာဖြင့် ပူဇော်မှုကိုသာ ဘုရားရှင်က ပို၍ ချီးမွမ်းတော်မူသည်။

ဆောင်။ ။အတွင်းစိတ်ယုတ်၊ ပြင်မိတ်ယုတ်ကို၊ နှင်ထုတ်ရှောင်ကြဉ်၊ သင် မခင်နှင့်၊ အပြင်မိတ်ကောင်း တွင်းစိတ်ကောင်းကို၊ရှည်ညောင်းကြာကြာ၊ပေါင်းသင်းရာ၏၊ ဆရာ မိဘ၊ မြတ်ဗုဒ္ဓနှင့်၊ တဝသံဃာ၊ ပူဇော်ပါ၍၊ သုံးဖြာမင်္ဂလာ၊ ပြည့်စုံစွာ၊ မကွာနေ့ည မြဲပါစေ။

၂။ ပဋိရူပ ဒေသဝါသော စ၊
ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာ ပဏိဓိ စ၊
ဧတံ မင်္ဂလ မုတ္တမံ။

(ပုဗ္ဗေ-ပုပ်ဗေ-ဟု ဖတ်။
ပုညတာ-ပုဉ်ညတာ-ဟု ဖတ်၊
ပု-ညတာ-ဟု မဖတ်ရ။
အတ္တသမ္မာ-အတ်တသမ်မာ-ဟု ဖတ်။)

၄။ ပဋိရူပ ဒေသဝါသော စ=သင့်လျော်လျောက်ပတ်သော အရပ်၌ နေထိုင်ရခြင်း သည်လည်း တိုးတက်ကြီးပွား ချမ်းသာများကြောင်း ကောင်း မြတ် သော ကြောင့် မင်္ဂလာမည်၏။

## သင့်လျော်သောအရပ်

သင့်လျော်ရာအရပ်ဟူသည်....

၁။ ပရိသတ်လေးပါးတို့ နေထိုင်ရာအရပ်ဖြစ်ခြင်း၊

၂။ ဒါနအစရှိသော ပုညကြိယဝတ္ထုတို့ကို ပြုခွင့်ရသော အရပ်ဖြစ်ခြင်း၊

၃။ သာသနာရောင် ထွန်းလင်းသော နေရာဖြစ်ခြင်း....ဟူသော ဤအင်္ဂါ ၃-ပါးနှင့် ပြည့်စုံရပေသည်။

ဘုရား ရဟန္တာ အရိယာ သူတော်ကောင်းတို့၏ နေထိုင်ရာ သာသနာရှိသောအရပ်သည် ပျော်မွေ့ဘွယ်ဖြစ်၏ဟု ဘုရားရှင် မိန့်တော်မူသောကြောင့် သူတော်ကောင်းတို့ထွန်းကားရာ သာသနာရောင် ထွန်းလင်းပြောင်သောအရပ်ကို သင့်လျော်လျောက်ပတ်သောအရပ်”ဟု ခေါ်သင့်၏။

## လောကီကျမ်းများအလို သင့်လျော်သောအရပ်ကား—

၁။ အကြောင်းရှိက ကူညီနိုင်လောက်သည့်သူဌေးကြီးများ ရှိရခြင်း။

၂။ နိုင်ငံ နှင့် ရပ်ရွာ၏ အကျိုးကို ဆောင်ရွက်နိုင်သည့် ရဟန်းပညာရှိ၊ လူပညာရှိတို့ နေထိုင်ရာ အရပ်ဖြစ်ရခြင်း။

၃။ အုပ်ချုပ်သူမင်း၊ သို့မဟုတ် ရပ်ရွာ၌ ဩဇာညောင်းသူ ရှိရခြင်း။

၄။ ရောင်းဝယ် ဖေါက်ကားစရာ မြစ်ရှိရခြင်း၊ သို့မဟုတ် လေကြောင်း ကုန်းကြောင်းရှိရခြင်း။

၅။ ဆေးဆရာကောင်းရှိရခြင်း....

ဟူသော ဤအင်္ဂါ ၅-ပါးပင်ဖြစ်၏။

အလုံးစုံကိုခြုံကြည့်လျှင် စီးပွားရေး, ပညာရေး, ကျန်းမာရေး,ချမ်းသာရေးမရှိသော အရပ်၌ မနေရဟု ဆိုခြင်းပင် ဖြစ်သည်။ ကျေးရွာမှာထက် မြို့ကလေး၌နေရခြင်းသည် စီးပွားရေး ပညာရေး စသည်ကို ပို၍ ရှာမှီး စုဆောင်းနိုင်၏။ ကြီးပွားနိုင်၏။မြို့ကလေးထက် မြို့ကြီးများတွင် ပို၍ကြီးပွားနိုင်၏။ နိုင်ငံငယ်မှာထက် နိုင်ငံကြီးများတွင် ပို၍ကြီးပွားနိုင်၏၊ ဤသို့လျှင် သင့်လျော်သောအရပ်၌ နေရခြင်းသည် လောကီ လောကုတ္တရာ နှစ်ဖြာသော စီးပွားချမ်းသာကို ရယူနိုင်သောကြောင့် မင်္ဂလာ ဖြစ်ပေသည်။

၅။ ပုဗ္ဗေ စ ကတပုညတာ=ရှေးရှေးဘဝတို့၌ ပြုခဲ့ဘူးသော ကောင်းမှုရှိသူ ဖြစ်ရခြင်းသည်လည်း တိုးတက်ကြီးပွား ချမ်းသာများကြောင်း ကောင်းမြတ် သောကြောင့် မင်္ဂလာမည်၏။

## ဘုန်းရှင် ကံရှင်

ရှေးရှေးသော ဘုရားရှင်များ လက်ထက်တော်က သူတပါး တို့နှင့်မတူအောင် ကောင်းမှုကံကို ပြုလုပ်ခဲ့ကြသဖြင့် ငါတို့ ဘုရား လက်ထက်တော်အခါဝယ် ကုဋေနှင့်ချီ၍ ကြွယ်ဝခြင်း, ပညာတတ်ခြင်း, အဆင်းလှခြင်း, အစိုးရခြင်း, အခြွေအရံ ပေါများခြင်း စသော ကြက်သရေခေါ် ပြည့်စုံမှု မှန်သမျှကို ကိုယ်ပိုင်ရယူခံစားနိုင်သူများ ဖြစ်လာကြသည်မှာ မနည်းလှပေ၊ ထိုပြည့်စုံမှုများထဲမှ တခုဖြစ်စေ, နှစ်ခုဖြစ်စေ ပြည့်စုံသူမှာ ကောင်းမှုရှင်ပင်ဖြစ်သည်။

အနာထပိဏ်-ဝိသာခါ စသော ထိုသူဌေးကြီး များသည် ပုဗ္ဗေကတပုညတာမင်္ဂလာ အစွမ်းကြောင့်ပင် ဆုတောင်းသည့် အတိုင်း ပြည့်စုံကြွယ်ဝကြ၍ ဘုရားရှင်နှင့်တွေ့ရပြီး ဒါနသီလ ဘာဝနာတို့ကို ကြိုးစားပြုလုပ်ကာ ထိုထိုဆိုင်ရာ မဂ်ဖိုလ်တရား တို့ကို ရရှိသွားကြရလေသည်။

ကောင်းမှု မရှိခဲ့သော သူသည် ဆင်းရဲခြင်း, ဉာဏ်နဲ့ခြင်း, အရုပ်ဆိုးခြင်း, အစေခံဖြစ်ရခြင်းတို့ဖြင့် ပြည့်စုံမှု မှန်သမျှကို အဆုံးရှုံးခံရကာ ကြက်သရေ မင်္ဂလာကို မခံစားနိုင်ကြပေ။ ကြက်သရေဟူသည် ပညာနှင့် ကောင်းမှုတို့၏ အမည်ဖြစ်ရာ ရှေး ကကောင်းမှု ယခုဘဝကောင်းမှု နှစ်မျိုးကိုပင် ယူနိုင်၏။ ယခု ဘဝ၌ မကောင်းသော အပြု,အပြော,စိတ်ထားရှိသူများသည် ကြက်သရေမဲ့သူများသာဖြစ်သည်။ ကိုယ်နှုတ် စိတ်ထားကောင်း

သော ကောင်းမှုရှင်များမှာ ကြက်သရေမင်္ဂလာရှိသူများပင်ဖြစ်သည်။ ထို့ကြောင့် ကောင်းကျိုးကိုပေးသော ကောင်းမှုကို ပြုလုပ်ခြင်းဖြင့် ကြက်သရေမင်္ဂလာကို လက်ရှိထက် ဆထက်တံပိုးတိုး၍ ရယူနိုင်ကြဖို့ ဤမင်္ဂလာက သတိပေးလျက် ရှိပေသည်။

၆။ အတ္တ သမ္မာပဏိဓိ စ=မိမိကိုယ်နှင့် စိတ်ကိုကောင်းစွာထားခြင်းသည်လည်း တိုးတက် ကြီးပွား ချမ်းသာများကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာမည်၏။

## ကိုယ်စိတ် ပြုပြင်ရေး

"ကိုယ်နှင့်စိတ်ကို ကောင်းစွာထားခြင်း"ဟူသည် ကိုယ်နှင့်စိတ်ကို ပြုပြင်ပေးခြင်းပင်ဖြစ်သည်၊ မိမိတွင် မယဉ်ကျေးသေးသော ကိုယ်အမူအရာများ ရှိနေသေးပါလျှင် အခြေပြုတန်းတွင် ပြခဲ့သော ရဟန်း သံဃာ ဆရာ မိဘ လူကြီးသူမတို့နှင့် ဆက်ဆံရာဝယ် ယဉ်ကျေးမှုကိုဖြစ်စေသော လူ့ကိုယ်ကျင့်တရားတို့ကို လိုက်နာခြင်းဖြင့်၎င်း၊ (ဒုတိယတန်းတွင် ပြခဲ့သော) ကာယဒုစရိုက်တို့ကို ရှောင်၍ ကာယသုစရိုက်တို့ကို ဖြစ်စေခြင်းဖြင့်၎င်း မိမိကိုယ်မိမိ စစ်ဆေး၍ ပြုပြင်ပေးရမည်သာ။

လောကဘက်ကကြည့်လျှင် ကျန်းမာရေး ပြည့်စုံစေခြင်း, စီးပွားရေးခိုင်မြဲစေခြင်း, ပညာရေး တိုးတက်စေခြင်း, ပျင်းရိ

မှုကို ဖယ်ရှားခြင်းတို့ဖြင့် အတ္တသမ္မာပဏိဓိမင်္ဂလာကို ဖြစ်စေရာ၏။

စိတ်ကို ပြုပြင်နည်း အမျိုးမျိုးတို့တွင် ဝိပဿနာ တရားကို ရှုမှတ်ပွားများခြင်းဖြင့် ပြုပြင်ပေခြင်း သည်ကား အကောင်းဆုံးသော ပြုပြင်နည်း ဖြစ်ပေသည်။ စိတ်ကိုပြုပြင်၍ နိုင်နင်းစင်ကြယ်သွားပါလျှင် ကိုယ်အမူအရာလည်း ကောင်း၍ နှုတ်အပြောလည်း ချောမောသွားတော့သည်သာ။

မနုဿ(လူ ဟု ခေါ်ဆိုရခြင်း၏ ပင်ရင်းအဓိပ္ပါယ်မှာ စိတ်ထားမြင့်မြတ်သူဟုဖြစ်ရာ တဦးနှင့်တဦး မေတ္တာကူးစက်၍ တဖွဲ့နှင့်တဖွဲ့ သဘောတရားခြင်း ရောင်ပြန်ဟပ်လျက် အချင်းချင်းလည်ဖက်ကာ သတ္တလောကသာယာရေးကို အလေးပေးရမည်သာဖြစ်သည်၊ တိရစ္ဆာန်များတွင် မနာလိုခြင်း, ဝန်တိုခြင်း, ကြီးနိုင်ငယ်ညှဉ်း လွှမ်းမိုးခြင်းများရှိရာ ထိုစိတ်မျိုးများနည်းပါးနိုင်သမျှ နည်းပါးအောင် ကိုယ်ကျင့်တရားကို ထိန်းသိမ်းခြင်းဖြင့် လူတို့၏ စိတ်ထားများ မြင့်မြတ်လာသည်နှင့် အမျှ လောကသာယာရေးလည်း တိုးတက်လာမည်သာ ဖြစ်ပေသည်။

ကိုယ်နှင့်စိတ်ကို ပြုပြင်ပေးခြင်းဖြင့်....

၁။ ပညာအရည်အချင်း ပြည့်ဝသူ ဖြစ်လာခြင်း၊
၂။ ကျန်းမာရေးပြည့်ဝသူ ဖြစ်လာခြင်း၊
၃။ စီးပွားရေးဖူလုံသူ ဖြစ်လာခြင်း၊
၄။ ကိုယ်ကျင့်တရားရှိသူ ဖြစ်လာခြင်း၊

၅။ စည်းကမ်းသေဝပ်သူ ဖြစ်လာခြင်း၊
၆။ ရိုးဖြောင့်တည်တံ့သူ ဖြစ်လာခြင်း၊
၇။ သူတပါး၏အကျိုးကို လိုလားသူဖြစ်လာခြင်း၊

ဟူသောအကျိုး ၇-မျိုး တို့ကို လက်ငင်းရရှိလာမည် ဖြစ်ပေသည်။

ကိုယ်နှင့်စိတ်ကို မပြုပြင်ခြင်းဖြင့် ထိုကောင်းကျိုးများ၏ ဆန့်ကျင်ဘက်ဖြစ်သော ဆိုးပြစ် ၇-မျိုးတို့ကို ကေန်ဒိဋ္ဌ ရရှိလာရမည်သာ။

ဤမင်္ဂလာ ၃-ပါးတွင် သူတော်ကောင်းတို့ထံ မှီခိုရခြင်းကို ထည့်၍ စက် ၄-ပါးဟု ခေါ်သေး၏။ မှန်၏၊

၁။ သင့်လျော်သောအရပ်၌ နေရခြင်း၊
၂။ ရှေးက ကုသိုလ်ကောင်းမှုရှိခြင်း၊
၃။ သူတော်ကောင်းတို့ကို မှီခိုရခြင်း၊
၄။ မိမိကိုယ်စိတ်ကို ကောင်းစွာထားခြင်း....

ဟူသော ဤ ၄-ပါးနှင့်ပြည့်စုံသူမှာ ဤဘဝ၌ ကောင်းကျိုးများ ပြည့်စုံသကဲ့သို့ နောင်ဘဝ၌လည်း အဆက်မပြတ် ပြည့်စုံတတ်သဖြင့် စက်ရဟတ်ပမာ သမ္ပတ္တိဘီး လည်သွားတတ်သောကြောင့် စက္က-စက်ဟုခေါ်ဆိုရ၏။ (အံ-စက္ကဝဂ် ၃၄၁)

ဆောင်။ ။သာသနာထွန်းရာ၊ နေထိုင်ပါ၍ ၊ ရှေးခါပုည၊ ရှိစေကြလော၊ အတ္တသမ္မာ၊ ထိန်းချုပ်ကာဖြင့်၊ သုံးဖြာမင်္ဂလာ၊ ပြည့်စုံစွာ၊ မကွာနေ့ညမြဲပါစေ။

၃။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊
ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာဝါစာ၊
ဧတံ မင်္ဂလ မုတ္တမံ။

(ဗာဟုသစ္စဉ္စ-ဗာဟုသစ်စဉ်စ-ဟု ဖတ်၊
ဗာဟုသစ်စဉ်းစ-ဟု မဖတ်ရ။
သိပ္ပဉ္စ-သိပ်ပဉ်စ-ဟုဖတ်၊
သိပ်ပဉ်းစ- မဖတ်ရ။
သုသိက္ခိတော-သုဆိတ်ခိတော-ဟုဖတ်။)

၇။ဗာဟုသစ္စဉ္စ = အကြားအမြင်များသူ ဖြစ်ရခြင်းသည်လည်း တိုးတက်ကြီးပွားချမ်းသာများကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာမည်၏။

ဗာဟုသစ္စအရ အကြားအမြင်ဟူသည် သင်ယူလေ့လာထားသော စာပေ ပညာတတ်မြောက်မှုပင်ဖြစ်သည်။ "ပညာ နရာနံ ရတနံ=ပညာကား လူတို့၏ရတနာဖြစ်သည်" ဟု ဘုရားရှင်ဟောတော်မူသည်။ လောကုတ္တရာဘက်တွင် သုတ္တ ဂေယျ စသော ပိဋကတ်သုံးပြာ ဘုရားဟော ဒေသနာ ကျမ်းစာတို့ကို တတ်မြောက်ရ၏။ လောကီဘက်တွင် အသက်မွေးဝမ်းကျောင်း၏ အထောက်အပံ့ ဖြစ်သော လက်မှုပညာ, နှုတ်မှုပညာ, ကုန်သန်းရောင်းဝယ်ရေးပညာ, ဆေးပညာနှင့်စာပေဂီတသုခုမပညာမျိုးစုံတို့ကိုလည်း လောကကြီးပွားရေးအတွက် တတ်မြောက်ရမည်ပင်

ဖြစ်သည်။စာပေပညာတတ်မြောက်မှသာလျှင် လောကရေး ဓမ္မရေး၌ နည်းလမ်းမှန်ကန်စွာသိ၍ ဘေးကင်းရန်ရှင်းစွာနှင့် ချမ်းသာကို ခံစားရပေမည်။

၁။ အန္ဓ=နှစ်ဖက်ကန်း၊
၂။ ဧကစက္ခုက=တဖက်ကန်း၊
၃။ ဒွိစက္ခုက=နှစ်ဖက်မြင်

ဟု ပုဂ္ဂိုလ် ၃-မျိုးရှိခဲ့ရာ....

၁။ ဤလောကအကျိုး တမလွန်အကျိုး ၂-မျိုးလုံး နားမလည်သူမှာ အန္ဓဖြစ်သည်။
၂။ ဤဘဝအတွက်သာ သိသူမှာ ဧကစက္ခုက ဖြစ်သည်။
၃။ နှစ်မျိုးလုံးသိသူမှာ ဒွိစက္ခုကဖြစ်သည်။

အကြားအမြင် များသော်လည်း လိုက်နာ ကျင့်သုံးမှသာ အကျိုးရှိပေသည်။ အလိမ္မာစာမှာရှိသည်ဟုဆိုရာ ယင်းအလိမ္မာကို ကိုယ်မှာရှိအောင် ကျင့်သုံးခြင်းဖြင့်သာ ဗာဟုသစ္စမင်္ဂလာ၏ အကျိုးကို အပြည့်အဝ ခံစားရပေလိမ့်မည်။

၈။ သိပ္ပဉ္စ = လက်မှုပညာကို တတ်ကျွမ်းရခြင်းသည်လည်း တိုးတက်ကြီးပွား ချမ်းသာများကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာမည်၏။

လက်ဖြင့်ပြုရသော အတတ်ပညာမှန်သမျှကို သိပ္ပဟုခေါ်သည်။ ယခုခေတ် တက္ကသိုလ်များ၌ သတ်မှတ်ထားသော စက်မှုပညာနှင့် သိပ္ပံဆိုင်ရာပညာများမှာ ဤသိပ္ပ၌ပါဝင်၏။

ယင်းသိပ္ပသည်....

၁။ အဂါရိကသိပ္ပ = ပတ္တမြားသွေးအတတ်, ရွှေပန်းထိမ်သည်အတတ်, ပန်းချီ ပန်းပု အတတ် အစရှိသော လူတို့တတ်ကျွမ်းရမည့် လက်မှုအတတ်မျိုး၊

၂။ အနဂါရိကသိပ္ပ = သင်္ကန်းချုပ်,သပိတ်ဖုတ်အစရှိသော ရဟန်းတို့တတ်ကျွမ်းရမည့် လက်မှုအတတ်မျိုးဟူ၍ သိပ္ပ ၂-မျိုးရှိပေသည်။

ယင်း လက်မှုပညာ များကို တတ်မြောက် ထားသူသည် အခါအားလျော်စွာ အလွယ်တကူ အသုံးပြုနိုင် သဖြင့် ချမ်းသာကြောင်း တိုးတက်ကြီးပွားကြောင်း ဖြစ်၍ မင်္ဂလာဖြစ်ပေသည်။

ဤ လက်မှုပညာများအပြင် ရာဇသတ်, ဓမ္မသတ်,နီတိကျမ်းအတတ်,ပျို့,ကဗျာ လင်္ကာအတတ်နှင့် ယခုခေတ်ပေါ် ဓာတုဗေဒ, ဘူမိဗေဒ, နက္ခတ္တဗေဒ အစရှိသော အတတ်ပညာများကို တတ်ကျွမ်းထားပါလျှင် ကျေးဇူးများပေမည်။ ဤပညာများကို တတ်ကျွမ်းထားသော တိုင်းပြည်များသည် ကမ္ဘာ့အလယ်တွင် လက်တွေ့တိုးတက်ကြီးပွား ချမ်းသာလာကြသဖြင့် မင်္ဂလာဖြစ်နေကြပေသည်။

ထုံးတီးနည်းနာ၊ အဖြာဖြာ၌၊ ပညာရှာမှီး၊ မကြီးသက်ရှယ်၊ အငယ်သော်က၊ ကြိုးလုံ့လလျက်၊ တုပ်ကွပုဆစ်၊ ဆရာစစ်၌၊ ကြောက်ချစ်ရိုသေ၊ လုပ်ကျွေးထွေ

ဖြင့်၊ စာပေတတ်ကြောင်း၊ တချောင်းချောင်းလျှင်၊
ခြိမ်းမောင်းသည်းခံ၊ ဆရာ့ထံ၌၊ သင်အံ ကျက်လေ့၊
တံခွန့်တပါး၊ မှတ်သားလေလေ၊ ဝမ်းထဲခွေ၍၊ အထွေ
အထူး၊ ဂုဏ်ကျေးဇူးကို၊ ဆည်းပူးသန့်ရှင်းကြွယ်စေမင်း။

(လောကသာရပျို့)

၉။ ဝိနယော စ သုသိက္ခိတော = မိမိတို့၏ဆိုင်ရာ ကိုယ်ကျင့်
ဝိနည်းကို ကောင်းစွာသင်ခြင်း ကျင့်ခြင်း သည်လည်း
တိုးတက်ကြီးပွား ချမ်းသာများကြောင်းကောင်းမြတ်
သောကြောင့် မင်္ဂလာမည်၏။

## ဝိနည်းဟူသည်

ကိုယ်နှုတ်တို့ကို ယဉ်ကျေးအောင် ဆုံးမကြောင်း ဖြစ်သော ကြောင့် လူကျင့်ဝတ် ရဟန်းကျင့်ဝတ်များကိုပင် "ဝိနည်း" ဟု ခေါ်သည်။ ထို ဝိနည်းသည်လည်း....

၁။ အဂါရိကဝိနယ = လူ့ဝိနည်း၊
၂။ အနဂါရိကဝိနယ = ရဟန်းဝိနည်း-
ဟု နှစ်မျိုးရှိလေသည်။

၁။ လူ့ဝိနည်း ဟူသည် အကုသလ ကမ္မပထတရား ၁၀-ပါး
ကိုရှောင်ကြဉ်ခြင်းပင်ဖြစ်သည်(ဒုတိယတန်းတွင်ပြခဲ့ပြီ)
မိဘကျင့်ဝတ် သားသမီးကျင့်ဝတ် စသည်တို့ကို ပြုလုပ်

ခြင်းသည်လည်း လူ့ဝိနည်းများကိုကျင့်ခြင်းပင်ဖြစ်သည်။ (တတိယတန်းတွင် ပြခဲ့ပြီ) လူ့ဝိနည်းတို့ကို (က) သင်ခြင်း၊ (ခ) ကျင့်ခြင်းဖြင့် ပစ္စုပ္ပန် တမလွန် နှစ်တန်သော စီးပွားချမ်းသာကို ရွက်ဆောင်တတ်သော ကြောင့် မင်္ဂလာမည်၏။

၂။ ရဟန်းဝိနည်း ဟူသည် အာပတ် ခုနစ်မျိုးတို့ကို မသင့် ရောက်စေခြင်းပင် ဖြစ်သည်။ စတုပါရိသုဒ္ဓိ သီလသည် လည်း ရဟန်းဝိနည်းပင် ဖြစ်သည်။

၃။ ကိုရင်ဝိနည်း ဟူသည် ရှင်ကျင့်ဝတ်များပင် ဖြစ်သည်။

လူရှင် ရဟန်းတို့၏ ဤဝိနည်းတို့ကို သင်ခြင်း ကျင့်ခြင်းဖြင့် အရဟတ္တဖိုလ်သို့ ရောက်သည်အထိ လောကီ လောကုတ္တရာ အကျိုးစီးပွားတို့ကို ရွက်ဆောင်တတ်သောကြောင့် မင်္ဂလာ မည်၏။

လောက၌ မပြုသင့်သည်ကို ပြုခြင်းသည် မကောင်းမှု ဖြစ် သကဲ့သို့ ပြုသင့်သည်ကို မပြုခြင်းသည်လည်း ကောင်းကျိုးမဲ့မည် ပင်ဖြစ်သည်၊ မကောင်းမှုသည် မကောင်းကျိုးကို ပေးသည်၊ မကောင်းကျိုးသည် မင်္ဂလာမဖြစ်၊ ဤကျင့်ဝတ်များမှာ မောင် နှင့် နှမ အမိနှင့် သား မယားနှင့် လင် အရှင်နှင့် အိမ်ဖော်တို့ အချင်းချင်း ဝတ္တရားကျေပြွန်၍ အိမ်ထောင်စုတခု စည်းလုံး သင့်မြတ်ရန်, အိမ်ထောင် တစုနှင့် တစု, ဆွေမျိုး တစုနှင့် တစု, တရွာနှင့် တရွာ, တမြို့နှင့် တမြို့, တပြည်နှင့် တပြည်, လူမျိုး

တမျိုးနှင့် တမျိုး စည်းလုံးမိရန် ဂဟေဆက်ပေးထားသော ဝတ္တရားများ ဖြစ်ပေသည်။

ဤဝတ္တရားများ မကျေပြွန်သော လူ့အဖွဲ့အစည်း၌ အမြဲတမ်း ပြဿနာအမျိုးမျိုး ပေါ်ပေါက်နေရမည်သာ၊ ဤဝတ္တရားများ ကျေပြွန်သော လူ့အဖွဲ့အစည်း၌ အမြဲတမ်း သာယာဝပြောလျက် စီးပွားချမ်းသာကြောင်း ဖြစ်သော မင်္ဂလာ အပေါင်းတို့သည် ဘယ်ညာမပြောင်း မတိမ်းစောင်းတော့ပဲ ကိန်းအောင်းနေမည်သာ ဖြစ်၏။ မေတ္တာ ကရုဏာ မုဒိတာ တရားထွန်းကားရာ ခေတ်အခါတို့တွင် ဤတရားမျိုးသည် အမြဲတမ်း ထွန်းကားလျက် ရှိပေသည်။ ထို့ပြင် လူမျိုးအလိုက် ဒေသအလိုက် တိုင်းပြည်အလိုက် ယဉ်ကျေးစေရန် စားသောက် ဝတ်ရုံ နေထိုင်ပုံတို့ကို သတ်မှတ်ပေးထားသော စည်းကမ်းများ ရှိရာ ထိုစည်းကမ်းများသည်လည်း လူ့ဝိနည်းပင် ဖြစ်သည်။

၁၀။ သုဘာသိတာ စ ယာ ဝါစာ=ကျိုးရှိ ဟုတ်မှန်သော စကားကို နားဝင်သာအောင် ကောင်းစွာ ပြောဆိုခြင်းသည်လည်း တိုးတက်ကြီးပွား ချမ်းသာများကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာ မည်၏။

စကားအရာ အင်္ဂါ ၄-တန်

၁။ ကောင်းစွာ ပြောဆိုအပ်သော စကားဖြစ်ခြင်း၊

၂။ တရားနှင့်အညီ ပြောဆိုသော စကားဖြစ်ခြင်း၊

၃။ ပိယဝါစာ နားဝင်သာသော စကားဖြစ်ခြင်း၊
၄။ မုသားမပါ မှန်ရာကိုသာ ပြောဆိုသော စကား ဖြစ်ခြင်း—

ဟူ၍ စကားအရာ အင်္ဂါလေးတန် ရှိပေသည်။

မိမိသည် ချိုသာသောစကားကိုသာ နှစ်သက်၍ ကြမ်းတမ်းသောစကားကို မကြားချင်ပေ၊ သူတပါးလည်း ထို့အတူပင် ဖြစ်ပေမည်ဟု ကိုယ်ချင်းစာနာ၍ မိမိနှစ်သက်သည့် ပိယဝါစာ နားခံသာသော စကားကိုသာ သူတပါးကို ပြောမိစေရာ၏။ **စကားပြော ကောင်းရာ၌ ပဋိသန္ဓေက ပါလာသော သဘာဝ** စကားပြော ကောင်းမှု, ပြုပြင်၍ **ကောင်းမှုဟု ၂-မျိုး ရှိတတ်** သေး၏ ပဋိသန္ဓေပါ ပင်ကိုယ်ကောင်းသူများမှာ ဆိုဖွယ်မရှိ၊ ပင်ကိုယ်ကောင်း မဟုတ်သူများမှာ စကားပြော ကောင်းသူများထံ ပြောနည်း ဆိုနည်း လေ့လာခြင်း, ဗဟုသုတ စုဆောင်းခြင်းဖြင့် တိုးတက်အောင် ကြိုးစားရာ၏၊ စကားပြော ကောင်းသူသည် သူတပါး၏ ချစ်ခင်လေးစားမှုကို ခံရခြင်း, သူတပါး၏ လမ်းမှားကို သာယာညင်းပျောင်းပြော၍ လမ်းမှန်သို့ ရောက်စေနိုင်ခြင်း, အများက အားထားသော ခေါင်းဆောင်ဖြစ်လာနိုင်ခြင်းတို့ဖြင့် မိမိ သူတပါး တိုးတက်ကြီးပွားချမ်းသာကြောင်း ဖြစ်သောကြောင့် မင်္ဂလာ ဖြစ်၏။

ဆောင်။ ။ပညာဗဟု၊ ရအောင်စု၍ [၁]၊ လက်မှုပညာ၊ ကျွမ်းကျင်စွာနှင့် [၂]၊ ဆိုင်ရာကျင့်ထုံး၊ သင်ကျင့်သုံးလျက် [၃]၊ ချိုပြုံးဝါစာ၊ ပြောဆိုကာဖြင့် [၄]၊ လေးဖြာမင်္ဂလာ၊ ပြည့်စုံစွာ၊ မကွာနေ့ည မြဲပါစေ။

၇။ မာတာပိတု ဥပဋ္ဌာနံ၊
ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊
ဧတံ မင်္ဂလ မုတ္တမံ။

(ဥပဋ္ဌာနံ-ဥပတ်ဌာနံ-ဟု ဖတ်။
ပုတ္တဒါရဿ-ပုတ္တဒါရဿ-ဟု ဖတ်။
သင်္ဂဟော-သင်ဂဟော-ဟု ဖတ်။
ကမ္မန္တာ-ကမ်မန်တာ-ဟု ဖတ်။)

၁၁၊ ၁၂။ မာတာပိတု ဥပဋ္ဌာနံ = မိဘတို့ကို ပြုစုလုပ်ကျွေးရခြင်းသည်လည်း တိုးတက်ကြီးပွား ချမ်းသာများကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာမည်၏။

## မိဘကျေးဇူး

မိဘတို့သည် မြေပြင်မှာ ကစား၍ မှူအလိမ်းလိမ်း ကပ်လာသော်လည်း မြေမှုန့်တို့ကို ပုတ်၍ သားသမီးတို့ကို အလွန်မြတ်နိုးစွာ နမ်းကုန် စုတ်ကုန်၏။ သားသမီးတို့၏ အညစ်အကြေးများကို သုတ်သင်၍ သိသင့် သိထိုက်သည်တို့ကိုလည်း တစတစနှင့် သင်ပေးလာခဲ့ကြ၏။

ထို့ကြောင့် မိဘ ၂-ပါးတို့သည်....

၁။ ပြဟ္မာကြီးဟူသော ဂုဏ်ထူး

၂။ လက်ဦးဆရာဟူသော ဂုဏ်ထူး

၃။ အလှူခံပုဂ္ဂိုလ်ဟူသော ဂုဏ်ထူး

ရှိကြသူများဖြစ်၍ ဂုဏ်ရည်တူစိတ်ထားနှင့် ပြစ်မှားခြင်းငှာ လုံးဝမသင့်ပေ၊ မိဘတို့အား ရှိခိုးလျက် ထမင်း ဖျော်ရည် အဝတ် အိပ်ရာ စသည်ပေး၍ ခြေဆုပ်လက်နယ်နှင့် တယုတယပြုစုရမည် ဖြစ်ပေသည်၊ မိဘကျေးဇူးမှာ ကြီးမားလှသဖြင့်—

အံ့လောက်စရာ၊ မိမာတာနှင့်၊ ပိတာအဘ၊
မြတ်ဂုဏအား၊ ဆပ်ငြားပါလို့။ မိကိုလကျာ၊
ဘမှာလက်ဝဲ၊ အမြဲထားလျက်၊ ပခုံးထက်တွင်၊
သို့ပင်နှိစ္စ၊ လုပ်ကျွေးကြလည်း၊ ရှေးကပြုဘူး၊
မွေးကျေးဇူးကို၊ အထူးမြဲခိုင်၊ မဆပ်နိုင်တည်း။

ဟု အဋ္ဌကထာစကားကို ပုတ္တောဝါဒပျို့က ဆိုထားလေသည်။ သို့သော် မိဘတို့အား ရတနာသုံးပါးကို ကြည်ညိုစေခြင်း၊ သီလဆောက်တည်စေခြင်း၊ ရသေ့ရဟန်း ပြုပေးခြင်းဖြင့် ပြုစုရခြင်းသည်ကား အမြတ်ဆုံးသော လုပ်ကျွေးခြင်းပင် ဖြစ်သည်။ (ဤ၌ အမိကို ပြုစုလုပ်ကျွေးခြင်းက မင်္ဂလာတခု၊ အဘကို ပြုစုလုပ်ကျွေးခြင်းက မင်္ဂလာတခုဟု မင်္ဂလာ ၂-ပါး ခွဲယူရန် အဋ္ဌကထာ၌ ဆိုလေသည်။)

၁၃။ ပုတ္တဒါရဿ သင်္ဂဟော=သားသမီးနှင့် ဇနီးတို့ကို ပြုစု လုပ်ကျွေးခြင်းသည်လည်း တိုးတက်ကြီးပွား ချမ်းသာများကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာမည်၏။

## ချီးမြှောက်နည်း ၄-မျိုး

၁။ ဥပုသ်ရက်များတွင် ကုသိုလ်ဘက်သို့ လိုက်စားနိုင်ရန် အစာရိက္ခာ လုံလောက်စွာ ပေးရခြင်း၊

၂။ ပျော်ပွဲရွှင်ပွဲတို့ကို ယုယပိုက်ထွေး၍ ပြသပေးရခြင်း၊

၃။ နာမည်မှည့်မင်္ဂလာ, ပုခက်တင်မင်္ဂလာ, ကျောင်းအပ်မင်္ဂလာ, ရှင်ပြုမင်္ဂလာ စသည်တို့ကို ဆောင်ရွက်ပေးရခြင်း၊

၄။ ပစ္စုပ္ပန် တမလွန် အကျိုး ဖြစ်ထွန်းရန် ဉာဏ်မီသမျှ သွန်သင် ဆုံးမပေးရခြင်း၊

ဟူသော ဤချီးမြှောက်နည်း ၄-မျိုးဖြင့် အိမ်ရှင်ယောကျ်ားက ချီးမြှောက်၍ လင့်ကျင့်ဝတ် ၅-ပါးနှင့်လည်း ပြည့်စုံပါမူ "လင်ဆိုးမယား တဖားဖား"မဖြစ်တော့ပဲ စားဝတ်နေရေးအတွက် စိတ်အေးရမည်သာ ဖြစ်သည်။ လင်ယောကျ်ားဟူသည် မီး ၃-ပါးတွင် တပါးအပါအဝင်ဖြစ်၍ လင်သားကိုပြစ်မှားပြီး မတရားအတိုက်အခံပြုမိပြန်လျှင်လည်း "လင်ကောင်းမယား အပါယ်လား"ဟူသကဲ့သို့ အပြစ်ရပေတော့မည်။

သမ္ဘူလဇာတ်တော်၌ ကုဋ္ဌနူနာစွဲကပ်သဖြင့် တောတောင် အရပ်သို့ နှင်ထုတ်ထားသော (နန်းစွန့်ဘုရင်) သောတ္ထိသေန မင်းသားကို သမ္ဘူလ မင်းသမီးက "သမ္ဘူလမယ် အချစ်ဦးက မပစ်ဘူးလိုက်မယ်"ဟူသော ဇွဲကြီးကြီးဖြင့် "အေးအတူ ပူအမျှ" နောက်တော်က အတူလိုက်၍ ဝတ်ကြီးဝတ်ငယ် ပြုစုပုံကို ထောက်သဖြင့် "မွေးလျှင်ပန် နံလျှင်ပစ်"၍ အသစ်အသစ်ကိုမှ လိုက်စားတတ်သူတို့ "မယားက သခင် လင်သာလျှင် ကျွန် သပေါက်"ဟု အထင်ရောက်သူတို့ သတိပြုဖွယ်ပင် ဖြစ်ပေသည်။

အဖော်ခင်တဲ့ ကိုပျော်ချင် မ,ပျော်ချင် တစုတို့၏ နေထိုင်ရာ ဖြစ်သော ဤလူ့အသိုက်အအုံကြီးဝယ် တယောက်ကိုတယောက် ပြုစုလုပ်ကျွေးမှု ဟူသော သင်္ဂဟတရား ကင်းမဲ့ပါလျှင် အမိ သည်လည်း သားဟူသော အကြောင်းကြောင့် အဘသည်လည်း သားဟူသော အကြောင်းကြောင့် သားသမီးတို့၏ ချစ်ခင်မှု ပူဇော်မှုကို မရနိုင်လေရာ၊ ဤလောကကြီးတွင် အတူနေမိ ပါလျှင် တဦးကိုတဦး ချီးမြှောက်မှုသည် လိုလာတော့သည် သာတည်း။ (ဒီ ၃–၁၅၆)။

၁၄။ အနာကုလာ စ ကမ္မန္တာ=လုပ်မှုကိစ္စ ဟူသမျှကို မရှုပ်ထွေး ရအောင် ဆောင်ရွက်ခြင်းသည်လည်း တိုးတက်ကြီးပွား ချမ်းသာ များကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာ မည်၏။

## လူမှုကိစ္စ မရှုပ်ထွေးရန်

လောကတွင် လူမှုကိစ္စမှာ များပြားလှသဖြင့် အချိန်အခါကို မေ့လျော့၍ ပေါ့ပေါ့ဆဆ ပြုလုပ်ပါလျှင် နေ့ လုပ်ရမည့် အလုပ်သည် ညဘက်သို့ ကူးစက်၍ ယနေ့လုပ်ရမည့် အလုပ်သည် နက်ဖန်သို့ ကူးစက်ပြီး ပစ္စည်းပျက် ကြွေးထူကာ လူမှုကိစ္စများ ရှုပ်ထွေးပွေလီလာမည်သာ ဖြစ်သည်။ ထိုသို့မဖြစ်ရန် အကြောင်းများကို အဋ္ဌကထာက....

၁။ အချိန်ကိုသိ၍ သူ့အချိန်နှင့်သူ မှန်မှန်လုပ်ခြင်း၊

၂။ သင့်လျော်သောအချိန်ကာလ အရပ်ဒေသ စသည်တို့ကို ရွေးချယ်၍ ပြုလုပ်ခြင်း၊

၃။ မပျင်းရိခြင်း၊

၄။ လုံ့လရှိခြင်း၊ (အလုပ်ထဲ၌သာ စိတ်ဝင်စားရခြင်း)

၅။ မပျက်စီးအောင် ပြုလုပ်ခြင်း-ဟု ငါးမျိုးပြ၏။

ဆောင်။ ။ခါန့်ခါသိမှု [၁]၊ လျော်အောင်ပြု၍ [၂]၊ ပျင်းရိမမှု [၃]၊ လုံ့လကူလျက် [၄]၊ မပျက်အောင်ပြု [၅]၊ ဤငါးခု၊ လူမှု မရှုပ်ရာ။

### အလုပ်သဘော

မိမိတို့ဆိုင်ရာ အမှုကိစ္စကို ပြုလုပ်ဆောင်ရွက်ရာ၌ အအေးအပူကို မြက်လောက်မျှ မအောက်မေ့သူသည် ဘယ်တော့မှ ချမ်းသာကိုမစွန့်ဟု ဆိုသည်။ (ဒီ ၃-၁၅၁)

ထို့ကြောင့် ဆင်းရဲကို ကြောက်သူသည် ဆင်းရဲ၍သာ နေ လိမ့်မည်ဟု ယုံကြည်ရာ၏။

လုပ်အားမှပေါ်ထွက်လာသော ဥစ္စာ ကြေးငွေတို့ကိုလည်း ၄-ပုံ ပုံ၍ တပုံကို စားသုံးရမည်၊ နှစ်ပုံကို အလုပ်ထဲပြန်ထည့်၍ အရင်းအနှီးမြှုပ်နှံရမည်၊ ကျန်သောတပုံကို (မီးဘေး,မင်းဘေး ဆိုက်ရောက်သောအခါ သုံးနိုင်ရန်) မြေထဲ မြှုပ်ထားရမည်။ လှူဒါန်းလိုပါလျှင်လည်း မိမိစားရမည့်တပုံထဲမှ ဝေခွဲ၍ လှူပါဟု ဆိုသည်။ (ဒီ ၃—၁၅၃)

ဤသို့သာ ကျင့်သုံးပါမူ သင် အဘယ်သို့လျှင် မွဲနိုင်ပါမည် နည်း၊ ရက်များလာလေ ဥစ္စာများလာလေ ဖြစ်ရပေမည်၊ များများစုမိလေ များများသုံးရလေ၊ များများလှူရလေ သူတပါးကို များများကူညီရလေ ဖြစ်ရပေမည်။ ချွေတာ သုံးစွဲ နေစဉ်၌ ဆင်းရဲရခြင်းသည် ချမ်းသာ၏ ကိုယ်စားလည်သာ ဖြစ်ပေသည်။ထို့ကြောင့် ဆင်းရဲကို မကြောက်မရွံ့ ခံစားဝံ့သူသည် သာချမ်းသာကို ထိထိမိမိခံစားနိုင်သူဖြစ်ရမည်ဟု ယုံကြည်စွာနှင့် ဝေဖန် သုံးစွဲရာ၏။

ဤသို့ ဝေဖန်သုံးစွဲသူအား....

၁။ အတ္ထိသုခ = ငါ့မှာရှိသည်ဟု တွေးမိသော အခါ ဖြစ်သော ချမ်းသာ၊

၂။ ဘောဂသုခ = သုံးဆောင် ခံစားရခြင်းကြောင့် ဖြစ်သော ချမ်းသာ၊

၃။ အာနဏျသုခ = ကြွေးမရှိခြင်းကြောင့် ဖြစ်သော ချမ်းသာ၊

၄။ အနဝဇ္ဇသုခ = အပြစ်မရှိခြင်းကြောင့် ဖြစ်သော ချမ်းသာဟူသော ချမ်းသာလေးမျိုးတို့ကို လက်ရှိဘဝတွင်ပင် ခံစားရသောကြောင့် မင်္ဂလာ ဖြစ်ပေသည်။ (အင်္ဂုတ္တရ၊ အာနဏျသုတ္တ)

ဆောင်။ ။မိဘတို့အား ᵒ၊ လုပ်ကျွေးပြုံး ၁၊ သက်ထား ရင်သွေး၊ ချီးမြှောက်ပေးလော ²၊ ရှုပ်ထွေးလှုတာ၊ ဖြေရှင်းကာလျှင် ³၊ လေးဖြာမင်္ဂလာ၊ ပြည့်စုံစွာ၊ မကွာနေ့ည မြဲပါစေ။

၆။ ဒါနဉ္စ ဓမ္မစရိယာ စ၊
ဉာတကာနဉ္စ သင်္ဂဟော၊
အနဝဇ္ဇာနိ ကမ္မာနိ၊
ဧတံ မင်္ဂလ မုတ္တမံ။

(ဒါနဉ္စ-ဒါနဉ်စ-ဟု ဖတ်၊
ဒါနဉ်းစ-ဟု မဖတ်ရ။
အနဝဇ္ဇာနိ-အနဝဇ်ဇာနိ-ဟု ဖတ်။
ကမ္မာနိ-ကမ်မာနိ-ဟု ဖတ်။)

၁၅။ ဒါနဥ္စ = စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်းသည်လည်း တိုးတက်ကြီးပွား ချမ်းသာများကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာ မည်၏။

ဒါနသည်....

၁။ အာမိသဒါန=ငွေစည်းအလှူ

၂။ ဓမ္မဒါန=တရားအလှူ

ဟု ၂-မျိုးရှိပေသည်။

(၁) အာမိသဒါနပြုပုံနှင့်တကွအကျိုးရပုံကို (ဒုတိယတန်းတွင်)ပြခဲ့ပြီ။ (၂) ဓမ္မဒါန-ဟူသည် သူတပါးတို့၏ အကျိုးစီးပွားကို လိုလားသဖြင့် သရဏဂုဏ်အကြောင်း, ငါးပါးသီလအကြောင်း, ရှင်သာမဏေပြုရခြင်း အကြောင်း, တရားအားထုတ်ရခြင်းအကြောင်းတို့ကို ဟောကြားခြင်းပင် ဖြစ်ပေသည်။ (တတိယတန်း) ပုညကြိယ ဝတ္ထု အခန်းမှ ဓမ္မဒေသနာပင် ဖြစ်သည်။

တချို့က ဒါနကိုသံသရာရှည်ကြောင်းဟုယူဆကာ ကြောက်လန့်ကြ၏။ ဒါနသည် သံသရာရှည်ကြောင်းမဟုတ် တဏှာသည်သာ သံသရာရှည်ကြောင်းဖြစ်၏။ အလောင်းတော် များသည် ခုဘဝ နောင်ဘဝ သာယာရေးကို မိမိအတွက် တောင့်တ၍ ပြုလေ့မရှိ။ သတ္တဝါများအပေါ် ချမ်းသာစေလို ကောင်းစားစေလိုသော ပါရမီမြောက်ဒါနကိုသာပြုလေ့ရှိ၏၊ အလှူရှင်တိုင်းသည် အလှူခံများအပေါ်၌ မေတ္တာ ကရုဏာသက်ရောက်၍ လောဘကို ဖြတ်တောက်လှူခြင်းဖြစ်ရာ မိမိ၌ လောဘ ဒေါသ မာန ဣဿာ မစ္ဆရိယ စသော တရားဆိုးများ ကင်းစင်လွင့်ပျောက်သွားသဖြင့်အဘယ်မှာ ဒါနကိုမပြုထိုက်ပဲရှိပါမည်နည်း။

ဒါနပြုသူသည် အများက ချစ်ခင်ခြင်း, ကူညီခြင်း စသော ကောင်းကျိုးများရရှိသဖြင့် မင်္ဂလာဖြစ်၏။

၁၆။ ဓမ္မစရိယာ စ=တရား ကျင့်သုံးခြင်းသည်လည်း တိုးတက်ကြီးပွား ချမ်းသာများကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာမည်၏။

## ဓမ္မအရ

အဋ္ဌကထာဆရာသည်ဤနေရာ၌ "ဓမ္မ" အရကုသလကမ္မပထ တရား ၁၀-ပါးကို ယူသည်။

အခြားနေရာတို့၌ မင်္ဂလေးတန်ဖိုလ်လေးတန် နိဗ္ဗာန်ဟူသော လောကုတ္တရာတရား ၉-ပါးကို ယူသည်။

ယင်း ၉-ပါးထဲတွင် သင်ယူလေ့လာမှုဟူသော ပရိယတ္တိဓမ္မကို ထည့်၍ ၁၀-ပါးသောတရားတို့ကို "ဓမ္မ" အရ အချို့နေရာ၌ ယူသေးသည်။

ဤကုသလကမ္မပထ ၁၀-ပါးကောင်းမှုများကို ပြုခြင်းသည် ပြုသူအား အနာကင်းခြင်း အသက်ရှည်ခြင်း စသော ကောင်းကျိုးများကိုရစေသည့်ပြင်နောင်ဘဝတွင်လည်း နတ်ပြည်ရောက်ကြောင်း ဖြစ်သောကြောင့် မင်္ဂလာမည်၏။

မကောင်းမှုပြုသူများမှာ....

၁။ အတ္တာနုဝါဒဘေး=မိမိကိုယ်ကိုစွပ်စွဲသောဘေး၊

၂။ ပရာနုဝါဒဘေး=သူတပါးကစွပ်စွဲသောဘေး၊

၃။ ဒဏ္ဍာဘေး=မင်းပြစ် မင်းဒဏ်သင့်သောဘေး၊

၄။ ဒုဂ္ဂတိဘေး=အပါယ်ရောက်ရသည့်ဘေး....

ဟူသော မကောင်းကျိုးများနှင့် ကြုံရတတ်၏။

၁၇။ ဉာတကာနုဂ္ဂဟော=ဆွေမျိုးတို့ကို ချီးမြှောက်ထောက်ပံ့ခြင်းသည်လည်း တိုးတက်ကြီးပွား ချမ်းသာများကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာမည်၏။

## ဆွေမျိုးဟူသည်

အမိဘက်မှ ဖြစ်စေ အဖဘက်မှဖြစ်စေ တနည်းနည်းနှင့်တော်စပ်နေသူကို ဆွေမျိုးဟု ခေါ်ရပေသည်။ အထူးသဖြင့် တောရွာကလေးများ၌ ဆွေမျိုးစပ်လျှင် တရွာလုံး မလွတ်သလောက်ဖြစ်၏၊ သို့သော် ထိုဆွေမျိုးထဲမှ တဦးတယောက်သို့မဟုတ် အိမ်ထောင်တခုခုသည် စည်းစိမ်ဥစ္စာ ဆုံးရှုံးခံရခြင်း အနာရောဂါ နှိပ်စက်ခံရခြင်းများ ရှိလာပါမူ "အရေးကြီးတော့ သွေနီးမှ" ဟူသော စကားကဲ့သို့ ကာယကံ မေတ္တာ ဝစီကံမေတ္တာ, မနောကံမေတ္တာတို့ဖြင့် ဝိုင်းဝန်း ကူညီကြဘို့လိုပေသည်။ ဆွေမျိုးပင် တော်စပ်သော်လည်း ဒုက္ခရောက်နေသည်ကို တတ်နိုင်သမျှကူညီ၍ "သူစိမ်းကောင်းတော့ ဆွေမသာ" ဟူသော စကားကဲ့သို့ ယူယကြင်နာတတ်ရမည်ပင်ဖြစ်ပေသည်။

ကမ္ဘာပေါ်၌ နွားနို့ရောင် အဆင်းရှိသောလူမှစ၍ သပိတ်ရောင် အဆင်းရှိသော လူအထိ လူအမျိုးမျိုး နေထိုင်ကြရာ ဆိုင်ရာ ရာဇဝင်အရ ရာဇဝင်ဆွေမျိုး တော်စပ်သူများကိုမူ အတတ်နိုင်ဆုံး ကူညီရမည်ပင် ဖြစ်ပေသည်။ မြန်မာပြည်ဖွား တိုင်းရင်းသားများ ဖြစ်ကြသော မြန်မာ, ရှမ်း, ချင်း, ကချင်, ကရင်, မွန်, ရခိုင်စသော ရာဇဝင် ဆွေမျိုးအချင်းချင်းကို အထက်တန်း အလယ်တန်း အောက်တန်း မခွဲခြားပဲ ရာထူးကြီးငယ်မရွေးပဲ အလေးပေးရမည်ပင် ဖြစ်သည်။ ဖေးထိက ပြေးကြည့်ရမည်ပင် ဖြစ်သည်၊ သို့မှသာ "ဥမကွဲ သိုက်မပျက်" သားစဉ်မြေးဆက် သွေးစည်းလျက် နတ်ဘုံတမျှ ပျော်ကြရပေလိမ့်မည်။

ဤသို့လျှင် ထာဝစဉ် ပျော်ရွှင်လျက် ချစ်ခင်ကြင်နာစွာနှင့် တဦး၏အကျိုးကို တဦးက ရွက်ဆောင်ခြင်းဖြင့် ယခုဘဝတွင်လည်း တိုးတက်ကြီးပွား ချမ်းသာများ၍ နောင်ဘဝတွင်လည်း သုဂတိဘဝသို့ ရောက်ကြရမည်ဖြစ်ရာ ဉာတိသင်္ဂဟသည် အဘယ်မှာ မင်္ဂလာမဖြစ်ပဲ ရှိပါတော့မည်နည်း၊ မင်္ဂလာဖြစ်တော့သည် သာ။

## တိုက်တွန်းချက်

ပျူပျူငှါငှါ၊ လူတကာကို၊ သာသာချိချိ၊ ချစ်ဖွယ်ဆို၍၊ စိုစိုပြည်ပြည်၊ ကျင့်မူနည်ဖြင့်၊ လည်လည်

ပတ်ပတ်၊ လောကဝတ်၌၊ ပြတ်ပြတ်သားသား၊ အပြားပြားလျှင်၊ မှုများခပ်သိမ်း၊ ဆောင်တိုင်းငြိမ်းလျက်၊ သူစိမ်းသူကျက်၊ ပေါင်းဘက်သရွေ၊ မိဘတွေ့သို၊ မွေ့မွေ့လျော်လျော်၊ ပျော်ပျော်ပါးပါး၊ နှုတ်ချိုပျားနှင့်၊ ဝတ်စားထောက်ပင့်၊ ဖြန့်ဖြူးဆင့်လျက်၊ အတင့်ကျွန်ကျေး၊ ဆွေသားမြေးကို၊ ကျွေးမွေးမညှိုး ငယ်စေမင်း။

(လောကသာရပျို)

၁၀။ **အနဝဇ္ဇာနိ ကမ္မာနိ** = အပြစ်မရှိသော အလုပ်တို့ကို ပြုလုပ်ခြင်းသည်လည်း တိုးတက် ကြီးပွား ချမ်းသာများကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာမည်၏။

## အပြစ်မရှိသောအလုပ်

သတ်မှုခိုးမှုစသော မကောင်းမှုများသည် လောကတွင်လည်း မင်းပြစ်မင်းဒဏ်သင့်နိုင်၊ နောင်ဘဝတွင်လည်း အပါယ်ရောက်ရသောကြောင့် အပြစ်ရှိသော အလုပ်များဖြစ်၏။ ဤဘေးဒဏ်များ မရရှိနိုင်သော ကောင်းမှုများသည် အပြစ်မရှိသော အလုပ်များဖြစ်၏။

ယင်းအလုပ်များမှာ....

၁။ ၈ ပါး ၉ ပါးစသောဥပုသ်သီလကိုစောင့်သုံးခြင်း၊

၂။ ရတနာသုံးပါး၏ အမှုကိစ္စနှင့် မြို့ပြသန့်ရှင်းရေး, ကျေးရွာသန့်ရှင်းရေး, လူထုကယ်ဆယ်ရေးစသော ကိစ္စတို့ကို ဆောင်ရွက်ခြင်း၊

၃။ တရားအားထုတ်ရန် ကျောင်း, ဝင်းခြံနှင့် အများသုံးရန် ဥယျာဉ်ခြံ စသည်ကိုပြုလုပ်ခြင်း၊

၄။ တံတားခင်းခြင်း, လမ်းပြင်ခြင်း၊

၅။ အများ အရိပ်ခိုနားရန်နှင့် ရာသီဥတု ကောင်းရန် သစ်ပင်စိုက်ပျိုးခြင်း၊

၆။ ရေတွင်း,ရေကန်တူးခြင်း၊

အစရှိသော ကောင်းမှုများသည် အပြစ်မရှိသော အလုပ်များပင်ဖြစ်သည်။

ထိုကောင်းမှုများကို မာဃလုလင် ပြုလုပ်ခဲ့၍ သိကြားစည်းစိမ်ကို ခံစားရသည်။ ယခု ဘဝတွင်လည်း အများ၏ ချစ်မြတ်နိုးခြင်း လေးစားကြည်ညိုခြင်း စသည်ကိုဖြစ်စေရာကောင်းမှုမင်္ဂလာဖြစ်ပေသည်။

ဆောင်။ ။အလှူပေးလင့် ၁၊ တရားကျင့်၍ ၂၊ ချီးမြှင့်ဆွေစု ၃၊ ပြစ်ကင်းပြုနှင့် ၄၊ လေးခုမင်္ဂလာ၊ ပြည့်စုံစွာ၊မကွာနေ့ည မြဲပါစေ။

၇။ အာရတီ ဝိရတီ ပါပါ၊
မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊
ဧတံ မင်္ဂလ မုတ္တမံ။
(မဇ္ဇပါနာ-မဇ်ဇပါနာ-ဟု ဖတ်။
အပ္ပမာဒေါ-အပ်ပမာဒေါ-ဟုဖတ်။)

၁၉။ အာရတီ ဝိရတီ ပါပါ = မကောင်းမှုမှ စိတ်ဖြင့် ရှောင်ကြဉ်ခြင်း (အာရတီ) ကိုယ်နှုတ် တို့ဖြင့် ရှောင်ကြဉ်ခြင်း၊ (ဝိရတီ)သည် တိုးတက်ကြီးပွား ချမ်းသာများကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာ မည်၏။

## အာရတီ

"**အာရတီ** = မကောင်းမှုမှ စိတ်ဖြင့် ရှောင်ကြဉ်ခြင်း" ဟူသည်မှာ မနောဒုစရိုက်တို့ကို စိတ်ကူး ကြံစည် မိသော အခါ ယင်း စိတ်ဆိုးစိတ်ညစ်များ ဆက်လက် မဖြစ်ပွားရန် အတွက် အားကစား၍ရှောင်ကြဉ်ခြင်း, စာဖတ်၍ ရှောင်ကြဉ်ခြင်း, ပုတီးစိပ်၍ ရှောင်ကြဉ်ခြင်း စသည်ဖြင့် တားဆီး ကာကွယ် နည်းအမျိုးမျိုးကို ပြုလုပ်လေ့ရှိပေသည်။

သို့သော် စိတ်ကို ဤသို့သော သာမည တားနည်းမျိုးဖြင့် တားမြစ်ပါမူ သာမညသာ နိုင်ပေမည်။ စိတ်သည် တားမြစ်၍ အခက်ဆုံးဖြစ်၏။ ကိုယ်နှင့်နှုတ်ကို နားထားသော်လည်း စိတ်မှာ အလုပ်များလျက်သာ ရှိလေသည်။ ကိုယ်က ဘုရားကိုရှိခိုး၍

နှုတ်က ဩကာသ ဩကာသ ဆိုနေစဉ်ဝယ် စိတ်သည် အလုပ်ကိစ္စထဲသို့ ပြေးသွားလေပြီ။ ဆိုင်ရာအလုပ်ကိစ္စကို လုပ်ပြန်လျှင်လည်း မဆိုင်သောအလုပ်ထဲသို့ ပြေးသွားပြန်လေသည်။

ဤမျှ အလုပ်များနေသော စိတ်ကို နိုင်နင်းရန်မှာ ဝိပဿနာပွားများခြင်းပင်ဖြစ်သည်။ ဒွါရခြောက်ပါးမှ ပေါ်လာသမျှတို့ကို မလွတ်တမ်းရှုမှတ်နေပါလျှင် စိတ်ကြိုက်အာရုံနှင့်တွေ့ရသောအခါ လိုချင်စိတ်ဖြစ်ပုံ၊ မနှစ်သက်သောအာရုံနှင့် တွေ့ရသောအခါ ပြစ်မှားစိတ်ဖြစ်ပုံတို့ကို သိရပေလိမ့်မည်။ ထိုစိတ်ရိုင်းများကို စူးစိုက်မှတ်နေစဉ်မှာပင် ယင်းစိတ်ရိုင်းများ ပျောက်၍ စိတ်ကောင်းများဝင်လာပုံ၊ ထိုစိတ်ကောင်းများ သည်လည်း ပေါ်ပြီးပျောက်သွား၍ မမြဲ ဆင်းရဲ ငါကောင်မဟုတ်ပုံတို့ကို သိရပေလိမ့်မည်။ (ဝိပဿနာရှုနည်း တတိယတန်းတွင် ကြည့်။)

## ဝိရတိ

"ဝိရတိ = မကောင်းမှုမှ ကိုယ်နှုတ်တို့ဖြင့် ရှောင်ကြဉ်ခြင်း" သည်—

၁။ သမ္ပတ္တဝိရတိ = လွန်ကျူးဘို့ရန် တိုက်ဆိုင် လာသော်လည်း မိဘဆွေမျိုးဂုဏ်၊ ဆရာသမားဂုဏ် စသည်တို့ကို ထောက်ထား၍ ငါလိုလူ ဤအမှုမျိုးနှင့်မထိုက်တန်ဟု နှလုံးသွင်း၍ ရှောင်ကြဉ်ခြင်း။

၂။ သမာဒါနဝိရတိ = ငါးပါး သီလ အစ ရှိသည့်ကို ဆောက်တည်၍ ရှောင်ကြဉ်ခြင်း။

၃။ သမ္မုစ္ဆေဒ ဝိရတိ = စိတ်ကို နိုင်နင်းပြီးသော အရိယာ ပုဂ္ဂိုလ်တို့၏ မဂ်နှင့် ယှဉ်သော ရှောင်ကြဉ်ခြင်းဟု ၃-မျိုးရှိသည်။

၂၀။ မဇ္ဇပါနာ စ သံယမော = သေရည် အရက်ကို သောက်ခြင်းမှ စောင့်စည်းခြင်းသည်လည်း တိုးတက်ကြီးပွားချမ်းသာ များကြောင်း ကောင်းမြတ် သောကြောင့် မင်္ဂလာမည်၏။

သေရည်အရက်ကို သောက်သူသည် အကြောင်းအကျိုးကို မဆင်ခြင်နိုင်တော့ပေ။ အမိအဖနှင့် ဘုရားပစ္စေကဗုဒ္ဓါတို့ကိုပင် အန္တရာယ်ပြုတတ်လေသည်။ မျက်မှောက်ဘဝ၌ ကဲ့ရဲ့ဘွယ်ဖြစ်၍ တမလွန်ဘဝဝယ် အပါယ်ဆင်းရဲ ကျရောက်ရခြင်း, ရူးသွပ်ရခြင်းစသော မကောင်းကျိုးများကို ရရှိလေသည်။

အရက်သေစာ သောက်စားခြင်းဖြင့်—

၁။ ပစ္စည်းဥစ္စာပျက်စီးခြင်း၊
၂။ ခိုက်ရန်ပွားများခြင်း၊
၃။ ရောဂါအမျိုးမျိုး ဖြစ်စေတတ်ခြင်း၊
၄။ ဂုဏ်သတင်း ကျော်စောမှုမရှိခြင်း၊
၅။ ဖုံးကွယ် ထားသော ကိုယ်အင်္ဂါ များကိုပင် ဖော်ပြတတ်ခြင်း၊
၆။ ကုန်ခန်းပညာ မိုက်မဲစွာသောအဖြစ်သို့ ရောက်တတ်ခြင်း—

ဟူသော အပြစ်ခြောက်ပါးကို ဘုရားရှင်က ဟောတော်မူသည်။

ယခုခေတ်ပေါ် ဘိန်းဆိုစသည်တို့မှာ ကိုယ်အား စိတ်အားကို ထိုင်းမှိုင်းချိနဲ့စေပြီးလျှင် လ,အနည်းငယ် အတွင်းမှာပင် လူ့ဘဝမှ စွန့်ခွါသွားရသည်ဟု ဆိုသည်။ ယခုခေတ် ဆေးပညာရှင်များကလည်း အရက်သောက် ဘိန်းရှူလျှင် ရောဂါအမျိုးမျိုးကို ဖြစ်စေတတ်ကြောင်းကို လက်ခံကြသည်။ ဤမကောင်းမှုများကြောင့် လက်ငင်းရရှိနိုင်သော မကောင်းကျိုးများမှာ ရောဂါအမျိုးမျိုးကို သယ်ယူပို့ဆောင်ရေး ပြုလုပ်ပေးနေသကဲ့သို့ဖြစ်၍ လူမျိုးပြုန်းတီးခြင်း, ခိုက်ရန်ဖြစ်ပွား၍ မှုခင်းတိုးပွားစေခြင်း, အားအင်ချိနဲ့၍ ကာကွယ်ရေးကိုထိပါးစေခြင်း, စီးပွားရေး ကျဆင်းစေခြင်း စသည်တို့ပင်ဖြစ်သည်။

မြန်မာရာဇဝင်၌ ဘုန်းတန်ခိုးကြီးမားသော တပင်ရွှေထီးသည် အသောက်အစား အားကြီးသည့်အတွက် သူတပါးလက်ချက်ဖြင့် နတ်ရွာစံရသည်မှာ အထင်အရှားပင်ဖြစ်ခဲ့၏။

ထို့ကြောင့် မူးယစ် မေ့လျော့စေတတ်သော အမှုများကို ရှောင်ခြင်းသည် မိမိနှင့်တကွ မိမိ၏ တိုင်းပြည်ပါ တိုးတက်ကြီးပွားချမ်းသာစေနိုင်သောကြောင့် မင်္ဂလာဖြစ်ပေသည်။

၂၁။ အပ္ပမာဒေါ စ ဓမ္မေသု = ကုသိုလ်တရားတို့၌ မမေ့လျော့ခြင်းသည်လည်း တိုးတက်ကြီးပွား ချမ်းသာများကြောင်းကောင်းမြတ်သောကြောင့် မင်္ဂလာမည်၏။

မမေ့မလျော့ခြင်းဟူသည် သတိကောင်းခြင်းပင် ဖြစ်သည်၊ ဆိုင်ရာ ကိုယ်ကျင့်သီလနှင့် ဘဝလွတ်မြောက်ရေး ဖြစ်သော ကမ္မဋ္ဌာန်းတရားတို့ကို အထူးသတိမြဲနေရမည်ဖြစ်သည်၊ "သတိ တမန် ဥာဏ်မြေကတုတ်" ဆိုသည့်အတိုင်း ပညာရေး ကျန်းမာရေး ဆွေမျိုးအရေး တိုင်းပြည်အရေးစသော လူမှုကိစ္စ အဝဝ တို့၌လည်း သတိမေ့၍ မဖြစ်ပေ၊ လောက၌ တိုးတက်နေသူ များသည် သတိရှိသူများသာ ဖြစ်ကြ၏၊ သတိမှာ ပိုသည်ဟူ၍ မရှိပေ၊ ထို့ကြောင့် "သတိကို အရာခပ်သိမ်းမှာ လိုလားအပ် သော တရားဟူ၍ ငါမိန့်တော်မူ၏"ဟု ဘုရားရှင်က အလုံ အလောက်ပင် ဟောတော်မူခဲ့သည်။

ဆောင်။ ။မကောင်းမှုကင်း[၁]၊ သေသောက်ရှင်း၍[၂]၊ ကောင်း ခြင်းဖြာဖြာ၊ မမေ့ပါလျှင်[၃]၊ သုံးဖြာမင်္ဂလာ၊ ပြည့်စုံစွာ၊ မကွာနေ့ည မြဲပါစေ။

ဂ။ ဂါရဝေါ စ နိဝါတော စ၊
သန္တုဋ္ဌိ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊
ဧတံ မင်္ဂလ မုတ္တမံ။

(သန္တုဋ္ဌိ-သန်တုဘ်ဋိ-ဟုဖတ်။
ကတညုတာ-ကတဉ်ညုတာ-ဟုဖတ်၊
ကတ-ညုတာ ဟု မဖတ်ရ။)

၂၂။ ဂါရဝေါစ = ရိုသေ လေးစားထိုက်သူကို ရိုသေလေး
စားခြင်းသည်လည်း တိုးတက်ကြီးပွား ချမ်းသာ
များကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာ
မည်၏။

အသက်ကြီးသူ, ဂုဏ်ကျေးဇူး ကြီးသူတို့ကို မရိုသေလျှင် "တယ်ရိုင်းစိုင်းတဲ့ သူဘဲ"ဟု ကဲ့ရဲ့ကြ၏၊ ရိုသေလျှင် "တယ်လိမ္မာတဲ့ သူဘဲ"ဟု ချီးမွမ်းကြ၏၊ ထိုပြင် လူကြီးတို့၏ ချစ်ခင်မြတ်နိုးမှု ကူညီစောင်မမှု စသည်ကို လက်ငင်းရရှိသဖြင့် အရိုအသေပြုခြင်းသည် မင်္ဂလာဖြစ်ပေသည်။

ဤဂါရဝမင်္ဂလာအရ ရိုသေလျှင် ကောင်းကျိုးရစေနိုင်သော ရိုသေထိုက်သူများကား—

၁။ ဘုရား၊
၂။ ပစ္စေကဗုဒ္ဓါ၊
၃။ ဘုရားတပည့်သား သံဃာ၊
၄။ ဆရာသမား၊
၅။ မိဘ ၂-ပါး၊
၆။ အစ်ကိုကြီး-အစ်မကြီး၊

တို့ပင်ဖြစ်သည်၊ အခြား ဂုဏ်ကြီးသူ အသက်ကြီးသူတို့ကိုလည်း ရိုသေရမည်ပင်ဖြစ်သည်၊ (အရိုအသေပြုပုံ အသီးအသီးကို ပြခဲ့ပြီ) မလေးစား မရိုသေသူတို့သည် ဤဘဝဝယ် ရာထူး

ဂုဏ်သိရ်စည်းစိမ်လျော့ပါး၍ နောင်ဘဝ ဝယ် အမျိုးယုတ်ခြင်း စသော မကောင်းကျိုးများကို ခံစားရမည်ဖြစ်၏။

မရှိမသေ၊ မျိုးယုတ်ချေ၊ ရှိသေမျိုးမြတ်သည်။

တိုက်တွန်းချက်

သူကြီးမိဘ၊ ဆရာစသား၊ စိုးရသခင်၊ ကျေးဇူးရှင်တို့၊ ပြစ်တင်မောင်းမဲ၊ ရိုက်ပုတ်ဆဲလည်း၊ ဝမ်းထဲယုံ့ယုံ့၊ ယုန်လျှင်ကြုံ့သို၊ ဆိုတုံ့မဝံ့၊ စောင်မာန်ညွှတ်၍၊ ကြောက်ရွံ့ရိုသေ၊ သည်းခံထွေဖြင့်၊ ကောင်းတေနှလုံး၊ ယဉ်စေမင်း။ (လောကသာရပျို့)

၂၃။ နိဝါတော စ = ဆက်ဆံရေး၌ မိမိကိုယ်ကို နှိမ့်ချရခြင်း သည်လည်းတိုးတက်ကြီးပွားချမ်းသာများကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာမည်၏။

အခြောက်တိုက် မောက်မာပလွှားမှု မရှိခြင်းကိုပင် "မိမိကိုယ်ကိုနှိမ့်ချခြင်း"ဟုခေါ်ရလေသည်။

ဘုရားရှင်လက်ထက်တော်က ဘုရား၏သားတော်ဖြစ်သော ကိုရင် ရာဟုလာသည် ဥဒါန်းတွင်ရစ်အောင် နှိမ့်ချနိုင်သူဖြစ်၏။

ရဟန်းတော်များက ကိုရင်ရာဟုလာ အဝေးမှလာနေသည်ကိုမြင်လျှင် စမ်းလိုကြ၍ တံမြက်စည်းနှင့် အမှိုက်တောင်းများကို အပြင်မှာ ပစ်ထားကာ"ဒါ-ဘယ်သူလုပ်ထားသလဲ"ဟု အခြားရဟန်းတပါးက မေး၏။

"ဒီနေရာမှာ ကိုရင်ရာဟုလာသွားလာနေတာဘဲ"ဟု အခြား ရဟန်းက ဖြေ၏။

ကိုရင်ရာဟုလာသည်"တပည့်တော်မလုပ်ပါ"ဟု ဘယ်တော့မှ မပြောပဲ အမြင်မကောင်းသည်များကို သိမ်းဆည်းပြီး လျှင် ရဟန်းတော်များကို တောင်းပန် ကန်တော့၍ပင် သွားတတ် သေး၏။

တချို့မှာ "ဟန်ကိုယ့်ဘို့ မာန်သူ့ဘို့" ဆိုသည့်အတိုင်း ဖြစ်ရန် ဆက်ဆံရေးကို ကိုယ်အမူအရာ နှုတ်အမူအရာ မောက် မောက်မာမာပြု၍ ဆက်ဆံလေ့ ရှိကြသည်။ နေရာတိုင်းတွင် ငါသာ ငါ့ပြင် ဘာမထင်ဖြစ်ကာ နဂါးမှန်းသိအောင်အမောက် ထောင်ပြရမည် မဟုတ်ပါ။ အမှန်မှာ ဥစ္စာဂုဏ်၊ အဆင်း ဂုဏ်၊ ပညာဂုဏ်၊ ရာထူးဂုဏ် ခြွေရံသင်းပင်းဂုဏ်တွေ တောင်လို ပင် ပုံနေသေးသော်လည်း ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးနှင့် ချိုကျိုးနွားလား ပုံစံထား၍သာ ပိပိယိယိ နေထိုင်ပြောဆို ရမည် ဖြစ်ပေသည်။ မိမိကိုယ်ကို နှိမ်ချလျက် ခက်ထန်ခြင်း မရှိသူမှာ အခြေအရံ အကျော်အစောကိုရနိုင်၏။ (ဒီ ၃-၁၅၆)

ကိုယ်နှုတ် နူးညံ့သိမ်မွေ့စွာနှင့် ဆက်ဆံရေး ပြေပြစ်လျက် အများ၏ ချစ်ခင်မြတ်နိုးခြင်းကို ခံရသူမှာ မင်္ဂလာဖြစ်ပေသည်။

၂၄။ သန္တုဋ္ဌိစ=ပစ္စည်းဥစ္စာသုံးဆောင်ခံစားမှုတို့၌ တင်းတိမ် ရောင့်ရဲလွယ်ခြင်း သည်လည်း တိုးတက်ကြီး ပွား ချမ်းသာများကြောင်း ကောင်းမြတ် သောကြောင့် မင်္ဂလာမည်၏။

## ရောင့်ရဲလွယ်ခြင်း

ရောင့်ရဲလွယ်ခြင်းဟူသည် စားဝတ်နေရေးတို့၌ "သူ့အိုးနှင့် သူ့ဆန် တန်ရုံ" ဆိုသကဲ့သို့ ရရှိသမျှနှင့် တင်းတိမ်ကျေနပ်ခြင်း ဖြစ်သည်။ "ခု ဆီထမင်း ခု စာကလေးကျော်" ဆိုသကဲ့သို့ ကောင်းနိုးရာရာကိုသာ မြှော်လင့်၍ အတော်အသင့်နှင့်အားမရ သူတို့သည် အမြဲတန်း ဆင်းရဲသိဒ္ဓိ ပေါက်နေသူများသာ ဖြစ်ကြပေလိမ့်မည်။ ကမ္ဘာပေါ်၌ သက်တန်း ရာကျော်သူများသည် များသောအားဖြင့် ရောင့်ရဲနိုင်သူများသာ ဖြစ်သည် ဟူသော ခေတ်စာပေ မှတ်တမ်းများကိုလည်း တွေ့နေရပေသည်။ နီတိဆရာတို့ကလည်း "ရောင့်ရဲမှုနှင့်တူသော တခြားဥစ္စာမရှိ" ဟု ဆိုကြ၏။

မှန်၏။ မိမိက ပစ္စည်း အင်အား ချို့တဲ့သူ ဖြစ်ပါလျက် ပစ္စည်း အင်အား ကောင်းသူတို့ကို တု၍ စားဝတ်နေရေး သောင်းကျန်းနေကြပါမူ "ဖါးတုလို့ ခရုပွက် အိုင်ပျက်ရုံ ရှိတော့မပေါ့" ဆိုသကဲ့သို့ မိမိသာ ကြွေးထူ၍ မျက်နှာမွဲနှင့်နေရပေလိမ့်မည်။ ထို့ကြောင့် အရာရာတွင် "ရလေ လိုလေ အိုတစ္ဆေ" မဖြစ်စေမှသာ "သန္တုဋ္ဌိ ပရမံ ဓနံ= ရောင့်ရဲတင်းတိမ်လှူစည်းစိမ်" ဟူသော ဘုရားရှင်၏ အလိုတော်နှင့်လည်း ညီညွတ်ပေမည်။

ရဟန်းတော်များတွင် မရှိမဖြစ်၍ ဘုရားရှင်က ပညတ်ထားခဲ့သော သင်္ကန်း, ဆွမ်း, ကျောင်း ဆေးဟူသော ပစ္စည်းလေးပါး ရှိရာဝယ် တမျိုး တမျိုး၌....

၁။ ယထာလာဘသန္တုဋ္ဌိ = အကောင်းအဆိုး မခွဲခြားပဲ ရရာနှင့် ရောင့်ရဲနိုင်ခြင်း၊

၂။ ယထာဗလသန္တုဋ္ဌိ = မိမိအားနှင့် ချင့်ချိန်၍ ရောင့်ရဲခြင်း၊

၃။ ယထာသာရုပ္ပသန္တုဋ္ဌိ = မိမိနှင့် သင့်လျော်လျောက်ပတ်ရုံ ရောင့်ရဲခြင်း၊

အားဖြင့် ၃-မျိုးစီ ရနိုင်သောကြောင့် (သုံးပါးလေးလီ) သန္တုဋ္ဌိ ၁၂-ပါး ရှိပေသည်။

တချို့က ပညာရေး စီးပွားရေးတို့၌ ဒီလောက်ဆို တော်ပါပြီဟု ခပ်ပေါ့ပေါ့ဆိုတတ်ကြ၏။ လောကရေးနှင့်ဓမ္မရေးကို အစုမသုံးသပ်ထိုက်ပေ။ လောကရေးဝယ် ငါမသေတော့ဟု သဘောထား၍ အိမ်ထောင်စုတာဝန်၊ ဆွေမျိုးတာဝန်၊ တိုင်းပြည် တာဝန်စသည်ကို ထမ်းဆောင်ရမည်သာ၊ တရားရေး အတွက်ဖြစ်သောယောဂီသည် ထွက်သက်ဝင်သက်တကြိမ် ရှူရှိုက်စဉ်အတွင်းမှာပင် သေရမည်လောက် အောက်မေ့၍ တရားကို အားထုတ်ရမည်သာ ဖြစ်ပေသည်။

၂၅။ ကတညုတာ = သူ့ကျေးဇူးကို သိတတ်ခြင်းသည်လည်း
တိုးတက် ကြီးပွား ချမ်းသာ များကြောင်း
ကောင်းမြတ် သောကြောင့် မင်္ဂလာမည်၏။

သူတပါးက ပြုခဲ့ဘူးသော ကျေးဇူးကိုသိ၍ ကျေးဇူးတုံ့ပြန်မှုပြုသည်ကို (ကတညုတာ) ကျေးဇူးသိသူဟုဆို၏၊ တချို့က သူ့

ကျေးဇူးကိုမသိတတ်၊ သိသော်လည်း ကျေးဇူးဆပ်လေ့ မရှိသည့်အပြင် ကျေးဇူးရှင်ကိုပင် အကျိုးမဲ့ပြုတတ်သေး၏။ "တလုတ်ကျွေးဘူး သူ့ကျေးဇူး" ဆိုသကဲ့သို့ နည်းသည် များသည်ဟု သဘောမထားပဲ သူပြုဘူးသောကျေးဇူးကို အမှတ်တရ သိတတ်ရမည်ဖြစ်သည်။ လူ့ကိစ္စ ကျယ်ပြန့်သည်နှင့်အမျှ တဦးကိုတဦး ပေါင်းသင်း ဆက်ဆံရာမှ ကျေးဇူးရှင် အမျိုးမျိုး ရှိလာခဲ့ကြရာ ကျေးဇူးရှင်ကို သိတတ်ဖို့မှာ အလွန် အရေးကြီးပေသည်။ ထို့ကြောင့်....

၁။ ပုဗ္ဗကာရီ = ရှေးဦးစွာ ကျေးဇူးပြုတတ်သော ပုဂ္ဂိုလ်၊

၂။ ကတညူ ကတဝေဒီ = သူပြုဘူးသော ကျေးဇူးကိုသိ၍ ကျေးဇူးကို တုံ့ပြန်တတ်သောပုဂ္ဂိုလ်၊

ဟူသော ပုဂ္ဂိုလ် ၂-မျိုးတို့ကို လောကမှာ ရနိုင်ခဲ သည်ဟု ဘုရားရှင်က မိန့်တော်မူခဲ့လေသည်၊ (အံ ၁-၈၆)

သူ့ကျေးဇူးကို မသိတတ်သူသည် ဤဘဝဝယ် ကျေးဇူးပြုမည့်သူများက ရှောင်လွှဲခြင်း၊ အကဲ့ရဲ့ခံရခြင်းနှင့် နောင်ဘဝဝယ် ငရဲရောက်ရခြင်း စသော မကောင်းကျိုးများကို ရရှိ၍ သူ့ကျေးဇူးကို သိတတ်သူသည် ချီးမွမ်းခံရခြင်း ကူညီမည့်သူပေါများခြင်း စသည်တို့ဖြင့် ချမ်းသာမှုကို ရရှိရာ မင်္ဂလာ ဖြစ်ပေသည်။

ရှင်ပြုပေးမည့်သူ မရှိ၍ အခက်တွေ့နေသော ရာဓပုဏ္ဏားကြီးအား ဆွမ်းတဇွန်းသာ လောင်းဘူးသော ကျေးဇူးကို ထောက်ထားလျက် အရှင်သာရိပုတ္တရာ မထေရ်မြတ်က သာ

သနာတော်တွင်းသို့ သွတ်သွင်း ချီးမြှင့်ပေးရာတွင် ဘုရားရှင်က သာဓုခေါ်တော်မူ၍ "ကျေးဇူးရှင်ကို ကျေးဇူးတုံ့ပြန်တတ်သည့်အပြင် ကျေးဇူးရှင်ကို ကျေးဇူးရှင်ပဲဟု ဖော်ကျူးလေ့ရှိပါပေတယ်" ဟု ချီးမွမ်းတော်မူလေသည်။

၂၆။ **ကာလေန ဓမ္မဿဝနံ = သင့်လျော်သောအခါ၌ တရားနာယူရခြင်းသည်လည်း တိုးတက် ကြီးပွား ချမ်းသာများကြောင်း ကောင်းမြတ် သောကြောင့် မင်္ဂလာမည်၏။**

## တရားနာယူသင့်သောအခါ

သင့်လျော်သော အခါ ဟူသည် တရား နာယူသင့်သော အခါပင်ဖြစ်သည်၊ ထို တရားနာယူသင့်သော အခါမှာလည်း ကာမဝိတက် အစရှိသည်တို့သို့ ပျံ့လွင့်ပြေးသွား စိတ်ကူးများနေသော အခါမျိုးဝယ် ထိုစိတ်ရိုင်း စိတ်ကြမ်းများ ပပျောက်ရန်အတွက် တရားနာသင့်သော အခါပင် ဖြစ်သည်။ ၅-ရက်နေ့တိုင်း ၅-ရက်နေ့တိုင်း သည်လည်း တရား နာသင့်သော အခါပင် ဖြစ်သည်ဟု တချို့ဆရာက ဆိုသေးသည်၊ အမှန်မှာ ဟောနိုင် ပြောနိုင်သော သူတော်ကောင်းများထံသို့ ချဉ်းကပ်နိုင်သောအခါ ဖြစ်ပါမူ ထိုအခါသည်သာလျှင် ၈-ရက်သီတင်းလပြည့် လကွယ်နှင့် စနေ တနင်္ဂနွေ မရွေးပဲ နေ့တိုင်းပင် တရားနာယူသင့်သော အခါဖြစ်သည်။

ဆောင်။ ။ရှိသေထိုက်က၊ ရို့သေကြလျက်[၁]၊ တက်ကြွထောင်လွှား၊ မရှိပြားပဲ[၂]၊ ဝတ်စားကြမ်းကြုတ်၊ သင်မလုပ်နှင့်[၃]၊ တလုပ်ကျွေးဘူး၊ သူ့ကျေးဇူးသိ[၄]၊ စိတ်ကူးထွေခါ၊ တရားနာ၍[၅]၊ ငါးဖြာမင်္ဂလာ၊ ပြည့်စုံစွာ၊ မကွာနေ့ညမြဲပါစေ။

၉။ ခန္တီ စ သောဝစဿတာ၊
သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊
ဧတံ မင်္ဂလ မုတ္တမံ။

(ခန္တီ-ခန်တီ-ဟုဖတ်။
သောဝစဿတာ-သောဝစဿတာ-ဟု ဖတ်။
သမဏာနဉ္စ-သမဏာနဉ်စ-ဟုဖတ်။
ဒဿနံ-ဒဿနံ-ဟု ဖတ်။
ဓမ္မသာကစ္ဆာ-ဓမ်မသာကစ်ဆာ-ဟု ဖတ်။)

၂၄။ ခန္တိစ = သည်းခံခြင်းသည်လည်း လောကီ လောကုတ္တရာ မယုတ်တိုးပွား ချမ်းသာများကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာမည်၏။

### သည်းခံခြင်း

သည်းခံမှုနှင့် ပြည့်စုံသူသည် တယောက်သောသူက အမျိုးဇာတ် စသည်တို့ကိုထိခိုက်၍ ဘယ်လိုပင်ဆဲဆဲ, သတ်ခြင်း နှောင်ဖွဲ့ခြင်း အစရှိသည်တို့ဖြင့် ဘယ်လိုပင် ညှဉ်းဆဲညှဉ်းဆဲ ထိုသူကို

မကြားသလို မမြင်သလိုပြု၍ ခန္တိပါဒီရသေ့ကဲ့သို့ သည်းခံသည်ဟု ဆိုသည်။

သည်းခံရာဝယ် မနိုင်၍ သည်းခံရခြင်းထက် နိုင်လျက်နှင့် သည်းခံရခြင်းက ပို၍မွန်မြတ်လှသည်၊ သိကြားမင်း သုဓမ္မာသဘင်သို့ ဝင်ထွက်နေသည်ကို စစ်ရှုံးဘုရင်ဖြစ်သူ ဝေပစိတ္တိ အသုရာကြီးက မြင်တိုင်း မြင်တိုင်း ကြမ်းတမ်းစွာ ဆဲရေးတိုင်းထွာနေသည်ကို မည်သို့မျှ တုန့်ပြန်ခြင်း မပြုဘဲ "ငါလို စစ်အောင်သူက စစ်ရှုံးသူအား သည်းခံရခြင်းသည် နိုင်ဘက်ကနေ၍ သည်းခံရခြင်းဖြစ်သောကြောင့် သာလွန်၍ မွန်မြတ်လှသည်"ဟု မာတလိနတ်သားအား ပြောသော သိကြားမင်း၏ စကားကို "ကြီးနိုင်, ငယ်ညှဉ်း" ပြုနေသော ယခုခေတ်ဝယ် အတုယူသင့်လှပေသည်။

သည်းခံသူသည်....

၁။ လူအများ ချစ်ခင်ခြင်း၊

၂။ ရန်မများခြင်း၊

၃။ အပြစ်နည်းခြင်း၊

၄။ မတွေမဝေ သေရခြင်း၊

၅။ သေပြီးနောက် နတ်ပြည်ရောက်ရခြင်း—

ဟူသော ကောင်းကျိုး ၅-မျိုးကို ခံစားရသဖြင့် မင်္ဂလာဖြစ်ပေသည်။

ဆောင်။ ။ချစ်သူတိုးပွား^၁၊ ရန်မများဘဲ^၂၊ နည်းပါးပြစ်နာ^၃၊ သေခါမတွေ^၄၊ သေလျှင်နတ်စံ^၅၊ ဤငါးတန်၊ သည်းခံ ရကျိုးတည်း။

၂၈။ **သောဝစဿတာ** = ပြောဆိုဆုံးမ၍ နားထောင်လွယ် ခြင်းသည် လောကီလောကုတ်မယုတ်တိုးပွားချမ်းသာ များကြောင်း ကောင်းမြတ် သောကြောင့် မင်္ဂလာ မည်၏။

ရဟန်း သာမဏေတို့ မည်သည် သီတင်းသုံးဖော်တို့က ဆို ဆုံးမသည်ရှိသော် ပျံ့လွင့်ခြင်း, ဆိတ်ဆိတ်နေခြင်း, အကျိုး အပြစ်ကို စိစစ်နေခြင်းတို့ကို မပြုမူ၍ "ကောင်းပါပြီ လိုက်နာ ပါမည်"ဟု ဆိုဆုံးမ လွယ်ရမည်သာဖြစ်သည်။

အရှင်သာရိပုတ္တရာမထေရ်ကြီး မတော်တဆ သင်္ကန်းဝတ်ပုံ အချိုးမကျ ဖြစ်နေသည်ကို ကိုရင်ကလေးတပါးက သတိပေး လျှောက်ထားရာတွင် ချက်ချင်း လိုက်နာ ဆောင်ရွက်သော အရှင်သာရိပုတ္တရာမထေရ်ကြီး၏ ကိုယ်အမူအရာတို့ကို ပုံစံယူရ မည်ဖြစ်ပေသည်။

လူ့ဘောင်တွင်လည်း မိဘက သားသမီးကို ဆိုဆုံးမခြင်း ဆရာက တပည့်ကို ဆိုဆုံးမခြင်း လူကြီးက လူငယ်ကို ဆိုဆုံးမ ခြင်း စသည်တို့ရှိရာ ဆိုဆုံးမသူ၏ ကောင်းစားရေး အတွက် မဟုတ်ပေ၊ အဆုံးမ ခံရသူ၏ ကောင်းစားရေးအတွက်သာ ဖြစ်လေရာ မိမိ၏ကောင်းစားရေးအတွက် ဆုံးမသည်ကို လက်

မခံသူတို့သည် အဘယ်မှာလျှင် လူတော် လူကောင်းများ ဖြစ်လာနိုင်ပါမည်နည်း။

၂၉။ သမဏာနဉ္စ ဒဿနံ = ငြိမ်သက်သော ရဟန်းတော်တို့ကို ဖူးမြင်ရခြင်းသည်လည်း လောကီ လောကုတ် မယုတ်တိုးပွား ချမ်းသာများကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာမည်၏။

## သမဏ ၁၂-မျိုး

၁။ မဂ် ၄-ပါးကို ရရန် အားထုတ်နေဆဲ ဖြစ်သော သမဏ ၄-မျိုး။

၂။ မဂ် ၄-ပါး၌ တည်ခိုက် ဖြစ်သော မဂ္ဂဋ္ဌာန် သမဏ ၄-မျိုး။

၃။ ဖိုလ် ၄-ပါး၌ တည်သော ဖလဋ္ဌာန် သမဏ ၄-မျိုး....

အားဖြင့် ဖူးမြင်ရမည့် သမဏ ၁၂-မျိုးတို့ကို အဋ္ဌကထာဆရာက ပြထားလေသည်။ (ဒီ ဋ္ဌ ၂-၁၈၁)

ထိုသမဏ ၁၂-မျိုးတို့အား....

၂။ ဥပသင်္ကမန=အနီးသို့ချဉ်းကပ်၍ ခစားခြင်း၊

၂။ ဥပဋ္ဌာန=ပြုစုလုပ်ကျွေးခြင်း၊

၃။ အနုဿရဏ=အစဉ်သတိရခြင်း၊

၄။ သဝန=ဆုံးမမှုကို နာယူခြင်း။

၅။ ဒဿန=ကိုယ်နှုတ်စိတ်ရှင် ဖူးမြင်ခြင်း....

အားဖြင့် ငါးမျိုးရှိရာ ယင်းတို့ထဲမှ တခုခုကို ပြုလုပ်လျှင်လည်း ဖူးမြင်သည်ဟု ခေါ်ရပေသည်။

ရဟန်းတော်တို့ကို ဖူးမြင်ခြင်းဖြင့် လောကဓမ္မ ကြီးပွားကြောင်း တရားများကို ရဟန်းတော်များထံမှ နာယူခဲ့ရ၍ ရတနာရသကဲ့သို့ အကျိုးရှိသောကြောင့် မင်္ဂလာဖြစ်ပေသည်။

၃၀။ ကာလေန ဓမ္မသာကစ္ဆာ = သင့်တော်သော အခါ၌ တရားစကားကို ဆွေးနွေး မေးမြန်းရခြင်းသည်လည်း လောကီ လောကုတ် မယုတ် တိုးပွား ချမ်းသာများကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာမည်၏။

## တရားဆွေးနွေးခြင်း

တရားဆွေးနွေးရန်အတွက် ဓမ္မကထိက ရှာရန် မလိုသောကြောင့် ဓမ္မသဝန မင်္ဂလာလောက် မခဲယဉ်းပေ၊ ဆွေးနွေးစရာ အဖော်တယောက်ရှိလျှင်ပင် ဤမင်္ဂလာကို ပြုနိုင်ပေပြီ၊ သို့သော် အများအားဖြင့် လူချင်း ဆုံမိလျှင် သူ့အတင်း ငါ့အတင်း သတင်းလွင့်၍ တောင်စဉ်ရေမရ ပြောလျက်သာ အချိန် ဖြုန်းလေ့ရှိသောကြောင့် ရသင့်သည်ကို မရလိုက်ပဲ မရသင့်သည်ကိုသာ ရနေတတ်ကြပေသည်။

ဘုရားရှင်ကလည်း စုရုံးစည်းဝေးရာ၌

(၁) တရားနှင့်စပ်သော စကားကိုသာ ပြောရခြင်း၊

(၂) အသာနှုတ်ပိတ် ဆိတ်ဆိတ်နေရခြင်း။

ဟူသော ကိစ္စ ၂-ခုကိုသာ ပြုလုပ်ရမည်ဟု ညွှန်ကြားခဲ့ပေသည်။ (မ ၁-၂၁၇)

ဦးပဥ္စင်းတို့ ကိုရင်ဘ၀ မန္တလေးတွင် စာသင်စဉ်က စာပေကျမ်းဂန် စကားများကို ဆွေးနွေးနေစဉ် ပေါက်တတ်ကရ စကားပြောသူများ ရောက်ရှိလာပါမူ....

ဗလွတ်ရှုပ်တာ ဗလဗ္ဗာ စ၊ ဗလချာစ စ ဗရမ်းဗတာ။
ဘာမဟုတ္တ ညာတာ၀ါတာ၊ ပဏ္ဍိတေဟိ အနိစ္ဆိတာ....

ဟု တပါးပါးက ရွတ်ဆို၍ တဦးကိုတဦး သတိပေးလေ့ရှိကြလေသည်။ ထို့ကြောင့်လူတို့သည် သာမူနာမူ တခုခုတွင် စုမိလေတိုင်း တရားဆွေးနွေးခြင်းကို ပြုသင့်လှပေသည်။ (ဓမ္မ၏ အဓိပ္ပါယ်ကို ဓမ္မစရိယမင်္ဂလာ၌ ပြခဲ့ပြီ။)

ဆောင်။ ။ခန္တီကိုခင်°၊ ဆုံးမ မင်လျက်၁၊ ဖူးမြင်သမဏာ၃၊ ဆွေးနွေးခါနှင့်၄၊ လေးဖြာမင်္ဂလာ၊ ပြည့်စုံစွာ၊ မကွာနွှေည မြဲပါစေ။

၁၀။ တပေါ စ ဗြဟ္မစရိယဉ္စ၊
အရိယသစ္စာန ဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာ စ၊
ဧတံ မင်္ဂလ မုတ္တမံ။
(ဗြဟ္မစရိယဉ္စ-ဗြဟ်မစရိယဉ်စ-ဟုဖတ်။
သစ္ဆိကိရိယာ-သစ်ဆိကိရိယာ-ဟုဖတ်။)

၃၁။ တပေါ်စ = ဣန္ဒြိယသံဝရအကျင့်ကို ကြိုးစား၍ကျင့်ခြင်းသည်လည်း လောကီ လောကုတ်မယုတ် တိုးပွားချမ်းသာများကြောင်း ကောင်းမြတ် သောကြောင့် မင်္ဂလာမည်၏။

ဣန္ဒြိယသံဝရအကျင့်

မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဟူသော ဣန္ဒြေခြောက်ပါးကို လုံခြုံအောင် စောင့်စည်းသော အကျင့်ကို "ဣန္ဒြိယသံဝရသီလ" ဟုခေါ်သည်။ ဤသီလကို လုံခြုံစေရန်မှာ "မြင်လျှင်မြင်တယ်၊ ကြားလျှင်ကြားတယ်" စသည်ဖြင့် ဒွါရခြောက်ပါးတွင် ပေါ်လာသမျှ အာရုံတို့ကို မပြတ်တန်းစောင့်ဖမ်း၍ မှတ်ရမည်၊ မှတ်ခါစတွင် မနိုင်နင်းသေးသော်လည်း စိတ်အားမလျှော့ပဲ ကြိုးစား၍ မှတ်ပါမူ မကြာမီပင် နိုင်နင်းသည်ကို တွေ့ရပေလိမ့်မည်။ (မှတ်နည်း တတိယတန်းတွင်ကြည့်ပါ။)

မိဘအုပ်ထိန်းမှုမကင်းသေးသောကလေးပင်ဖြစ်စေလက်ခြေစသောကလေးနှင့်ထိုက်တန်သော ကာယိန္ဒြေများငြိမ်ရပေမည်။ ကလေးဘဝကတည်းက သူများပစ္စည်းကို ခွင့်မတောင်းပဲ ကိုင်ချင်လေ့ ယူချင်လေ့ ဝါသနာထုံလာပါလျှင် အစဉ်သဖြင့် ပညာတတ်၍ လူတော်တယောက် ဖြစ်လာသည်တိုင်အောင် အကျင့်စာရိတ္တ မနိုင်သဖြင့် လူကောင်း တယောက် ဖြစ်မလာနိုင်ပေ၊ ထို့ကြောင့် လူတော် လူကောင်းဖြစ်ရန်အတွက် ဣန္ဒြေခြောက်ပါးကို ကြိုးစား၍ စောင့်စည်းသင့်ပေသည်။

၃၂။ ဗြဟ္မစရိယဉ္စ = မေထုန်မှုမှ ရှောင်ကြဉ်ခြင်းသည်လည်း လောကီလောကုတ် မယုတ်တိုးပွား ချမ်းသာများ ကြောင်းကောင်းမြတ်သောကြောင့် မင်္ဂလာမည်၏။

လောကအာရုံ လိုက်စားမှုတို့တွင် မေထုန်မှုသို့ ဆိုက်ရောက်သွားလျှင် ဒီဂရီကုန်ဆုံးသွားပြီဖြစ်သောကြောင့် "ယုတ်ညံ့၏၊ ရွာနေလူ ပုထုဇဉ်တို့၏ အကျင့်ဖြစ်၏" စသည်ဖြင့် ပဌမဦးဆုံး ဟောသောတရားတွင် ခေါင်ထိပ်ကတင်၍ ဘုရားရှင်က ဟောတော်မူခဲ့လေသည်။ ထို့ကြောင့် ရက်ပိုင်းလပိုင်းဖြင့် တတ်နိုင်သမျှပိုင်း၍ ထိုအယုတ်ဆုံးဖြစ်သော မေထုန်အကျင့်ကို ရှောင်ကြဉ်ကာ အမြတ်ဆုံးဖြစ်သော ဝိပဿနာစခန်း နိဗ္ဗာန်လမ်းကိုလည်း ထွင်သင့်လေပြီ။

၃၃။ အရိယသစ္စာန ဒဿနံ = အမှန်တရား လေးပါးတို့ကို သိမြင်ရခြင်းသည် လောကီ လောကုတ် မယုတ် တိုးပွား ချမ်းသာ များကြောင်း ကောင်းမြတ်သော ကြောင့် မင်္ဂလာမည်၏။

အမှန်တရား ၄-ပါး

၁။ ဒုက္ခသစ္စာ = ဆင်းရဲအစစ်အမှန်၊
၂။ သမုဒယသစ္စာ = ဆင်းရဲဖြစ်ကြောင်း အစစ်အမှန်၊
၃။ နိရောဓသစ္စာ = ဆင်းရဲငြိမ်းရာ အစစ်အမှန်၊
၄။ မဂ္ဂသစ္စာ = ဆင်းရဲငြိမ်းရာသို့ ဆိုက်ရောက်ကြောင်း အကျင့်လမ်းကောင်း အစစ်အမှန်၊

ဟူ၍ အရိယ သစ္စာခေါ် အမှန်တရား ၄-မျိုး ရှိပေသည်။ ထိုအမှန်တရားတို့ကို မသိကြသောကြောင့် သာလျှင် သတ္တဝါတို့သည် သံသရာထဲ၌ ကျင်လည် နေကြရခြင်း ဖြစ်လေသည်။ အမှန်တရားတို့ကို သိရှိရန်မှာလည်း ဝိပဿနာ စခန်းကို အားထုတ်ရမည်သာ ဖြစ်ပေသည်။ သစ္စာကိုသိရာဝယ်....

၁။ အနုဗောဓသိ = ဆရာများထံ နည်းခံ၍ ဖြစ်စေ၊ ကျမ်းဂန်မှဖြစ်စေ တဆင့် ကြားသိ၍ မိမိဉာဏ်ဖြင့် နှစ်သက်ဆုံးဖြတ်လျက် အကြိမ်ကြိမ်သိခြင်း၊

၂။ ပဋိဝေဓသိ = မဂ်ဉာဏ်ဖြင့် တကြိမ်ထဲနှင့် ထွင်းဖောက်သိခြင်းဟု အသိ ၂-မျိုးရှိသည်။

မဂ်ဉာဏ်ဖြင့် သစ္စာကို သိသည်အထိ ကြိုးစားနိုင်ပါလျှင် အကောင်းဆုံးမင်္ဂလာ ဖြစ်ပေသည်။

၃၄။ နိဗ္ဗာန သစ္ဆိကိရိယာစ = အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရခြင်းသည်လည်း ဝါနခေါ်လျှင်း တဏှာတွင်းမှ လွတ်ကင်းခဲ့ရာ ချမ်းသာများကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာမည်၏။

သတ္တဝါများ၏ စိတ်သန္တာန်၌ လိုချင်တောင့်တမှု တဏှာရှိနေ၍ ဆင်းရဲနေကြရသည်၊ အာရုံအမျိုးမျိုးကို လိုချင် တောင့်တသည့်အခါ စိတ်ကြိုက်အာရုံကို မရလျှင် ဆင်းရဲရသည်၊ ထို့အတူ ဘဝတွေကို လိုချင်တပ်နှစ်သက်မှု ရှိနေ၍လည်း ဆင်းရဲရသည်၊ နိဗ္ဗာန်၌ ထိုလိုချင်တောင့်တမှု မရှိ၍ အလွန် ချမ်းသာ၏၊ အမြဲချမ်းသာ၏၊ ဤနိဗ္ဗာန်၌ ယင်းသို့ လိုချင်တောင့်တမှု ချုပ်

ဆုံး၍ အမြဲချမ်းသာသောကြောင့် သာလျှင် ဤနိဗ္ဗာန်ကို မျက်မှောက်ပြုရ (ထိုးထွင်းသိရှိရ)ခြင်းသည် အကောင်းဆုံး မင်္ဂလာဖြစ်ပေသည်။

ဆောင်။ ။ဉာဏ်ခြောက်ခု၊ လုံအောင်ရှုလျက်[၁]၊ ကင်းမှုမေ ထုန်[၂]၊ သစ္စာကုန်မြင်[၃]၊နိဗ္ဗာန်ဝင်ကာ၊ငြိမ်းအေးပါ ၍[၄]၊လေးဖြာမင်္ဂလာ၊ပြည့်စုံစွာ၊မကွာနေ့ညမြဲပါစေ။

၁၁။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။
(ဖုဋ္ဌဿ-ဖုဋ္ဌ်ဌသ်သ-ဟု ဖတ်။
ယဿ-ယသ်သဟု-ဖတ်။
နကမ္ပတိ-န ကမ်ပတိ-ဟု ဖတ်။)

၃၂။ ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ = လာဘ် ရခြင်း မရခြင်း၊ အခြွေအရံပေါများခြင်း မရှိခြင်း၊ ကဲ့ရဲ့ခံရခြင်း ချီးမွမ်းခံရခြင်း၊ ချမ်းသာခြင်း ဆင်းရဲခြင်း ဟူသော လောကဓံတရား ရှစ်ပါးတို့ကြောင့် စိတ်တုန်လှုပ်မှု မရှိခြင်းသည်လည်း လောကီ လောကုတ် မယုတ် တိုးပွား ချမ်းသာ များကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာမည်၏။

လောက၌ နေသူမှန်သမျှ တွေ့ကြုံရမည့် တရားများ ဖြစ်သောကြောင့် လောကဓံတရားဟု ခေါ်ကြ၏။ ဘုရားရှင်အားမင်းအသီးအသီးနှင့် သူဌေးကြီး သူဌေးငယ်တို့ကပေါ် ကိုးကွယ်

နေသဖြင့် ပစ္စည်းလေးပါးပေါများလှသော်လည်း ဝေရဥ္စာပြည်၌ ဝါကပ်တော်မူစဉ်က မုယော ဆွမ်းကြမ်းကိုပင် ဘုဉ်းပေးခဲ့ရသေး၏။ လူနတ်ဗြဟ္မာတို့၏ အတုမရှိချီးမွမ်းခြင်းကိုခံယူရသော်လည်း တခါက စိဉ္စမာဏဝိကာ၏ စွပ်စွဲကဲ့ရဲ့ခြင်းကိုလည်း ခံယူရသေး၏။

ဤလောကဓံတို့နှင့်တွေ့ရသောအခါ လုံးဝမတုန်လှုပ်သော ပုဂ္ဂိုလ်မှာ ရဟန္တာသာဖြစ်သည်၊ သို့သော် ကျင့်ဆဲသေက္ခပုဂ္ဂိုလ်နှင့် စဉ်းစားဉာဏ်ရှိသောပုထုဇဉ်တို့သည်လည်းရဟန္တာကိုမှီစေကာမူအထိုက်အလျောက် လောကဓံကိုခံနိုင်ရည်ရှိကြရမည်သာ။

စဉ်းစားတတ်သူသည် အကောင်းလောကဓံကို ခံစားနေရသော်လည်း "ကံရှိတုန်းသာ ကံမရှိလျှင် ပျက်မှာပဲ" ဟု စဉ်းစားထား၏။ "အားလုံး အနိစ္စ ဒုက္ခ အနတ္တသဘောချည်းပဲ" ဟူ၍လည်း ဆင်ခြင်ထား၏။ ထိုသူမျိုးသည် အဆိုးလောကဓံနှင့်တွေ့ရသော်လည်း "ဘုရားသော်မှမလွတ်နိုင်ပဲ ဒို့တတွေမှာ ဘယ်ပြောစရာရှိမလဲ" ဟု တွေး၍သာ ဖြေလေ့ရှိတတ်၏။

ဤသို့ ဖြေလေ့ရှိသူ၌ ဗျာပါဒမပျက်ပဲ စိတ်သက်သာရာရ၍နေခြင်းမှာ မင်္ဂလာပင်ဖြစ်၏။ ထိုသို့မဟုတ်မူ၍ အကောင်းလောကဓံနှင့် ကြုံရသောအခါဝယ် ပျော်မဆုံး မော်မဆုံး မောက်မဆုံး ဖြစ်ရခြင်းမှာ တုန်လှုပ်ခြင်း မင်္ဂလာ မရှိခြင်းပင်ဖြစ်သည်၊ ထိုသို့သော သူသည်ပင် အဆိုးလောကဓံနှင့် တွေ့ရသောအခါ ကိုယ်စိတ်ညှိုးကာ ဝမ်းနည်းစွာနှင့် မျက်နှာမသာအမင်္ဂလာ ဖြစ်ရမည်မှာ သေချာလှ၏။

## အတုလ ဥပါသကာ

တခါက မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာဝတ္ထိမြို့သား အတုလမည်သော ဥပါသကာသည် ဥပါသကာ ငါးရာကိုခေါ်လျက် အရှင်ရေဝတမထေရ်ထံ တရားနာရန်သွားလေသည်။ ထိုမထေရ်သည်ကား တပါးထီးတည်းနေရခြင်းကိုသာ ပျော်သည်ဖြစ်၍ မည်သူနှင့်မျှ စကားမပြော။

အတုလ ဥပါသကာသည် အရှင်ရေဝတမထေရ်ကို တရားစကားမပြောဟောဟု မကျေနပ်သဖြင့် ပရိသတ်ကို ခေါ်ကာ အရှင်သာရိပုတ္တရာထံသွား၍ တရားတောင်းလေသည်။ အရှင်သာရိပုတ္တရာမထေရ်သည် အဘိဓမ္မာတရားရှည်ကို ဟောတော်မူသည်။

အတုလ ဥပါသကာသည် တရား ရှည်လွန်းသည်ဟု အရှင်သာရိပုတ္တရာ၏တရားကိုလည်း မကျေနပ်ဖြင့် အရှင်အာနန္ဒာမထေရ်ထံ သွားပြန်၏။ အရှင်အာနန္ဒာ မထေရ်သည် ဒကာအများသိလွယ်ရန် တရားကို အတိုချုံး၍ ဟောလိုက်သည်။ ထိုဒကာများသည် တရားနဲနဲလေးသာ ဟောရမလားဟု အရှင်အာနန္ဒာကို မကျေနပ်ကြပြန်သဖြင့် မြတ်စွာဘုရားထံ သွားကာ ထိုမထေရ်များကို စိတ်ဆိုး၍ ရောက်လာရကြောင်း လျှောက်ထားလေသည်။ ထိုအခါ ဘုရားရှင်က....

"အတုလ....လောက၌ မင်းတို့ကိုလည်း အချို့ ကဲ့ရဲ့ကြ၊ အချို့ ချီးမွမ်းကြ၏။ မြေ,နေ,လ, ကောင်းကင်နှင့် ဘုရားရှင်တို့ကိုလည်း အချို့ကဲ့ရဲ့ကြ အချို့ချီးမွမ်းကြ၏။

"လူမိုက်တို့ ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းသည် အကြောင်းမဟုတ်ပေ၊ ပညာရှိများ မကဲ့ရဲ့ပဲ ချီးမွမ်းခံရအောင်သာလျှင် ဂရုစိုက်ရမည်။

"ဤကဲ့ရဲ့ခြင်းသည် ယခုခေတ်ပေါ် တရားမဟုတ်၊ ရှေးလက်ဟောင်း တရားသာဖြစ်၏။

"လောက၌ ဆိတ်ဆိတ်နေသူ စကားများသူ နိုင်းချိန်ပြောသူထဲမှ မည်သူမဆို အကဲ့ရဲ့ မခံရသူမရှိ။

"တကာယ် အကဲ့ရဲ့ခံရသူ တကာယ် အချီးမွမ်းခံရသူဟု ရှေးကလည်း မရှိစဘူး၊ နောင်လည်း ရှိမည်မဟုတ်၊ ယခုလည်းမရှိ" ဟု ဟောတော်မူ၏။

၃၆။ **အသောကံ** = စိုးရိမ်ပူဆွေးမှု မရှိခြင်းသည်လည်း လောကီ လောကုတ် မယုတ်တိုးပွား ချမ်းသာများကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာမည်၏။

မိဘဆွေမျိုးပျက်စီးခြင်း၊ စည်းစိမ်ဥစ္စာပျက်စီးခြင်း စသောလောကရှိ ဆင်းရဲတမျိုးမျိုးနှင့် တွေ့ကြုံသောအခါ ဖြစ်ပေါ်လာသော စိတ်နှလုံးပူပန်ဝမ်းနည်းမှုကို သောကဟုခေါ်သည်။ ထိုသောကကိုငြိမ်းစေရန်မှာ ပျက်စီးကုန်ဆုံး သွားလေပြီးသောအရာဝတ္ထုကို ပူဆွေးနေခြင်းဖြင့် ပြန်မရနိုင်သည့် အပြင် ရန်သူတို့၏ ဝမ်းသာစရာပင်ဖြစ်လိမ့်မည်....စသည်ဖြင့် ဆင်ခြင်၍ ပယ်ဖျောက်နိုင်၏။ မမြဲတတ်သဘောပဲ စသော တရားသဘောကို ဆင်ခြင်၍လည်း ပယ်ဖျောက်နိုင်၏။ အကောင်းဆုံး ပယ်ဖျောက်

နည်းမှာ (တတိယတန်းတွင် ပြခဲ့သော) သတိပဋ္ဌာန်ပွားများ နည်းများပင်ဖြစ်သည်။

ဗန္ဓုလ စစ်သူကြီးကတော် မလ္လိကာသည် တရားသဘော ဟော့ကို မြင်နေရသောကြောင့် ခင်ပွန်းသည်နှင့် တကွ သား သုံးကျိပ် နှစ်ယောက် အသတ်ခံရကြောင်း စာရသော်လည်း ဣန္ဒြေမပျက် ဝမ်းမနည်းပဲ သောကကို ငြိမ်းသတ်၍ နေနိုင် ပေသည်။

၃၇။ ဝိရဇံ = ရာဂစသော မြူမရှိခြင်း သည်လည်း လောကီ လောကုတ် မယုတ်တိုးပွါး ချမ်းသာများကြောင်း ကောင်းမြတ်သောကြောင့် မင်္ဂလာမည်၏။

ပကတိမြူသည် ကိုယ်ပေါ်ကျလျှင် ညစ်ပေစေတတ်၏။ ထို ရာဂ ဒေါသ မောဟတို့ သည်လည်း သတ္တဝါတို့ သန္တာန်ဝယ် ညစ်နွမ်းစေတတ်၏။ ထို့ကြောင့် ရာဂ ဒေါသ မောဟ တို့ကို မြူဟုခေါ်သည်။ သတ္တဝါတို့ သန္တာန်ဝယ် ညစ်နွမ်းစေတတ် သော ဤရာဂစသော မြူများ မလိမ်းမကပ်ရာ သန့်ရှင်းစင် ကြယ်သောစိတ်မှာ မင်္ဂလာဖြစ်တော့သည်သာ။

ဝိပဿနာ တရားများကို ကြိုးစား၍ ဆိုင်ရာ မဂ်များဖြင့် မပယ်နိုင်သေးသမျှ ကာလပတ်လုံး လုံးဝစင်ကြယ်မှုကိုကား မရ ရှိနိုင်သေး။ သို့သော် သူတော်ကောင်းတို့သည် အသင့်အတင့် နှလုံးသွင်းခြင်း သမထ ဝိပဿနာတရားများကို ရှုမှတ်ပွားများ ခြင်းတို့ဖြင့်လည်း တတ်နိုင်သမျှ ကြိုးစားတတ်ကြ၏။ ဤဘာ

ဝနာ အလုပ်များကို အဆက်မပြတ်ကြိုးစား၍ ရာဂစသော မှု-များမှ လုံးဝ စင်ကြယ်သွားပါလျှင် အကောင်းဆုံးမင်္ဂလာ ဖြစ်ပေသည်။

၃၈။ ခေမံ = ဘေးရန်ကင်းရှင်း အေးချမ်းခြင်း သည်လည်း လောကီ လောကုတ် မယုတ်တိုးပွား ချမ်းသားများကြောင်း ကောင်းမြတ် သောကြောင့် မင်္ဂလာမည်၏။

လောဘ စသော တရားများသည် သတ္တဝါတို့ကို ပူပန်စေတတ်သော ကိလေသာတရားများဖြစ်၏။ ထို လောဘ စသော တရားများရှိနေသော သတ္တဝါတို့သည် ဘေးကင်းမှု အေးချမ်းမှုကို ရရှိဖို့မလွယ်ကူပေ။ ရဟန္တာ၏စိတ်မှာ ထိုတရားများမှ လုံးဝကင်းဝေးနေသောကြောင့် ထာဝစဉ် အေးချမ်းသာယာလျက် မင်္ဂလာဖြစ်နေပေသည်။

ရဟန္တာ မဟုတ်သေးသော ပုဂ္ဂိုလ်တို့သည်လည်း သမထ ဝိပဿနာအလုပ်တို့ဖြင့် အခိုက်အတန့် ခွါထုတ်ထားနိုင်ပါလျှင် သတိ ဝီရိယ စသည် ရှိ-မရှိလိုက်၍ အခိုက်အတန့် မင်္ဂလာများကို ရနိုင်သည်သာ။ သတိ ဝီရိယ မရှိသူမှာ မင်္ဂလာကို မရရှိနိုင်ပေ။ ထို့ကြောင့် သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ ဟူသော ဗိုလ်ငါးဦးကို အမှူးတင်၍ ဝိပဿနာ ဘာဝနာဖြင့် အစဉ်မကွာ မင်္ဂလာဖြစ်အောင် ကြိုးစားနိုင်ကြပါစေ။

ဆောင်။ ။တုန်လှုပ်မှုကင်း[၁]၊ဆွေးမှုကင်း၍[၂]၊ စွဲခြင်းဝေးစွာ[၃]၊ ကြောက်လန့်ကွာလျက်[၄]၊ လေးဖြာမင်္ဂလာ၊ရဟန္တာ၊ ကောင်းစွာ ပြည့်စုံရလေ၏။

၁၂။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ မုတ္တမံ။

(ကတွာန-ကတ်တဝါန-ဟုဖတ်။
သဗ္ဗတ္ထ-သဗ်ဗတ်ထ-ဟုဖတ်။
သောတ္ထိံ- သွတ်ထိံ-ဟုဖတ်။)

ဤမင်္ဂလာတို့ကို ပြုကြပါလျှင် ရန်သူအားလုံးတို့တွင် မည်သည့် ရန်သူမျှ အနိုင်မရပဲ (မိမိကသာ အောင်နိုင်၍) နေရာအားလုံးတို့၌ ချမ်းသာခြင်းသို့ ရောက်ကြရ၏။ ၃၈-ဖြာမင်္ဂလာသည် မင်္ဂလာမှုပြုသူတို့၏ ကောင်းမြတ်သော မင်္ဂလာမည်ပါပေသတည်း။

ဘုရားရှင်ဟောတော်မူသော ဤမင်္ဂလသုတ် တရားတော်၏အဆုံး၌ ကုဋေတသိန်းသောနတ်တို့သည် အရဟတ္တဖိုလ်သို့ရောက်ကြ၏။သောတာပန်,သကဒါဂါမ်,အနာဂါမ်အဖြစ်သို့ရောက်ကြသောနတ်တို့သည်ကား သင်္ချာမပြုနိုင်လောက်အောင် များပြားလှ၏။

ဘုရားရှင်သည်နောက်တနေ့၌အရှင်အာနန္ဒာမထေရ်ကို ခေါ်တော်မူ၍ "ချစ်သားအာနန္ဒာ-ဤညက နတ်တယောက်သည်ငါဘုရားထံချဉ်းကပ်၍မင်္ဂလာပြဿနာကို လျှောက်ထား၏။ ငါဘုရားသည် ထိုနတ်သားအား ၃၈-ဖြာသော မင်္ဂလာတို့ကို ဟောကြား၏။ ချစ်သား-

အာနန္ဒာ ဤမင်္ဂလသုတ် ပါဠိတော်ကိုသင်ယူ၍ ရဟန်းတို့အား ပို့ချလော့”ဟုမိန့်တော်မူလေသည်။
အရှင်အာနန္ဒာမထေရ်သည် ရဟန်းတို့ကိုပို့ချ၏။

ယင်းသို့လျှင် ဤမင်္ဂလသုတ် တရားတော်ကို ဆရာအဆက်ဆက်တို့ ဆောင်ခဲ့၍ ယနေ့တိုင်အောင် မင်္ဂလာတရားတော် တည်နေလေသည်။

ကိုယ်စီ ကိုယ်င မင်္ဂလာ ရှိကြစေကုန်လော့။

---

## မင်္ဂလသုတ်ပါဠိနှင့် ဆောင်ပုဒ်များ

(က) ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေ ဝကာ။
သောတ္ထာနံ နာဓိ ဂစ္ဆန္တိ။ အဋ္ဌတိံ သဉ္စ မင်္ဂလံ။
ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပ ဝိနာသနံ။
သဗ္ဗလောက ဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

(ခ) ဧဝံ မေ သုတံ....

(ဂ) ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထ ပိဏ္ဍိကဿ အာရာမေ။

(ဃ) အထ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာ
ယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေ
တဝနံ ဩဘာသေတွာ ယေန ဘဂဝါ တေနု

ပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါ
ဒေတွာ ဧကမန္တံ အဋ္ဌာသိ။

ဝေး, နီး, ရှေ့, နောက်၊ မြင့်မောက်, လေညာ၊ ဤခြောက်ဖြာ၊ နေရာအပြစ်တည်း။

(င) ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ
ဂါထာယ အဇ္ဈဘာသိ။

၁။ ဗဟူ ဒေဝါ မနုဿာ စ၊
မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊
ဗြူဟိ မင်္ဂလ မုတ္တမံ။

၂။ အသေဝနာ စ ဗာလာနံ[၁]၊
ပဏ္ဍိတာနဉ္စ သေဝနာ[၂]၊
ပူဇာ စ ပူဇနေယျာနံ[၃]၊
ဧတံ မင်္ဂလ မုတ္တမံ။

အတွင်းစိတ်ယုတ်၊ ပြင်မိတ်ယုတ်ကို၊ နှင်ထုတ် ရှောင်ကြဉ်၊ သင်မခင်နှင့်[၁]၊ အပြင်မိတ်ကောင်း၊ တွင်းစိတ်ကောင်းကို၊ ရှည်ညောင်း ကြာကြာ၊ ပေါင်းသင်းရာ၍[၂]၊ ဆရာ မိဘ၊ မြတ် ဗုဒ္ဓနှင့်၊ တဝသံဃာ၊ ပူဇော်ပါ၍[၃]၊ သုံးဖြာမင်္ဂလာ၊ ပြည့်စုံ စွာ၊ မကွာနေ့ည မြဲပါစေ။

၃။ ပဋိရူပ ဒေသဝါသော စ[၁]၊
ပုဗ္ဗေ စ ကတပုညတာ[၂]၊
အတ္တသမ္မာ ပဏိဓိ စ[၃]၊
ဧတံ မင်္ဂလ မုတ္တမံ။

သာသနာထွန်းရာ၊ နေထိုင်ပါ၍[၁]၊ ရှေးခါပုည ရှိစေကြလော[၂]၊ အတ္တသမ္မာ၊ ထိန်းချုပ်ကာဖြင့်[၃]၊ သုံးဖြာမင်္ဂလာ၊ ပြည့်စုံစွာ၊ မကွာနေ့ညမြဲပါစေ။

၄။ ဗာဟုသစ္စဉ္စ[၁] သိပ္ပဉ္စ[၂]၊
ဝိနယော စ သုသိက္ခိတော[၃]။
သုဘာသိတာ စ ယာ ဝါစာ[၄]၊
ဧတံ မင်္ဂလ မုတ္တမံ။

ပညာဗဟု၊ ရအောင်စု၍[၁]၊ လက်မှုပညာ၊ ကျွမ်းကျင်စွာနှင့်[၂]၊ ဆိုင်ရာကျင့်ထုံး၊ သင်ကျင့်သုံးလျက်[၃]၊ ချိုပြုံးဝါစာ၊ ပြောဆိုကာဖြင့်[၄]၊ လေးဖြာမင်္ဂလာ၊ ပြည့်စုံစွာ၊ မကွာ နေ့ညမြဲပါစေ။

၅။ မာတာပိတု ဥပဋ္ဌာနံ[၂]၊
ပုတ္တဒါရဿ သင်္ဂဟော[၃]။
အနာကုလာ စ ကမ္မန္တာ[၄]၊
ဧတံ မင်္ဂလ မုတ္တမံ။

မိဘတို့အား၊ လုပ်ကျွေး ပြုသား၍[၁]၊ သက်ထား ရင်သွေး၊ ချီးမြှောက်ပေးလော[၂]၊ ရှုပ်ထွေးလူ့တာ၊ ဖြေရှင်းကာလျှင်[၃] လေးဖြာမင်္ဂလာ၊ ပြည့်စုံစွာ၊ မကွာ နေ့ညမြဲပါစေ။

၆။ ဒါနဉ္စ[၁] ဓမ္မစရိယာ စ[၂]၊
ဉာတကာနဉ္စ သင်္ဂဟော[၃]။
အနဝဇ္ဇာနိ ကမ္မာနိ[၄]၊
ဧတံ မင်္ဂလ မုတ္တမံ။

အလှူပေးလင့်[၁]၊ တရားကျင့်၍[၂]၊ ချီးမြှင့်ဆွေစု[၃]၊ ပြစ်ကင်းပြုနှင့်[၄]၊ လေးခုမင်္ဂလာ၊ ပြည့်စုံစွာ၊ မကွာ နေ့ည မြဲပါစေ။

၇။ အာရတီ ဝိရတီ ပါပါ[၁]၊
မဇ္ဇပါနာ စ သံယမော[၂]။
အပ္ပမာဒေါ စ ဓမ္မေသု[၃]၊
ဧတံ မင်္ဂလ မုတ္တမံ။

မကောင်းမှုကင်း[၁]၊ သေ သောက်ရှင်း၍[၂] ကောင်းခြင်းဖြာဖြာ၊ မမေ့ပါလျှင်[၃]၊ သုံးဖြာမင်္ဂလာ၊ ပြည့်စုံစွာ၊ မကွာ နေ့ည မြဲပါစေ။

၈။ ဂါရဝေါ စ[၁] နိဝါတော စ[၂]၊
သန္တုဋ္ဌိ စ[၃] ကတညုတာ[၄]။
ကာလေန ဓမ္မဿဝနံ[၅]၊
ဧတံ မင်္ဂလ မုတ္တမံ။

ရိုသေထိုက်က၊ ရိုသေကြလျက်[၁]၊ တက်ကြွထောင်လွှား၊ မရှိငြားပဲ[၂]၊ ပတ်စားကြမ်းကြုတ်၊ သင်မလှုပ်နှင့်[၃]၊ တလုတ်ကျွေးဘူး၊ သူ့ကျေးဇူးသိ[၄]၊ စိတ်ကူးထွေခါ၊ တရားနာ၍[၅]၊ ငါးဖြာမင်္ဂလာ၊ ပြည့်စုံစွာ၊ မကွာ နေ့ညမြဲပါစေ။

၉။ ခန္တီ စ[၁] သောဝစဿတာ[၂]၊
သမဏာနဉ္စ ဒဿနံ[၃]။
ကာလေန ဓမ္မသာကစ္ဆာ[၄]၊
ဧတံ မင်္ဂလ မုတ္တမံ။

ခန္တီကိုခင်[၁]၊ ဆုံးမ-မင်လျက်[၂]၊ ဖူးမြင်သမဏာ[၃]၊ ဆွေးနွေးကာနှင့်[၄]၊ လေးဖြာမင်္ဂလာ၊ ပြည့်စုံစွာ မကွာနေ့ညမြဲပါစေ။

၁၀။ တပေါ စ[၁] ဗြဟ္မစရိယဉ္စ[၂]၊
အရိယသစ္စာန ဒဿနံ[၃]။
နိဗ္ဗာန သစ္ဆိကိရိယာ စ[၄]၊
ဧတံ မင်္ဂလ မုတ္တမံ။

ဣဋ္ဌာရုံနှင့် တွေ့သောအခါ၊ လုံးအောင်ရှုလျှက် [၁]၊ ကင်းမှုမေ
ထုန် [၂] သစ္စာကုန်မြင် [၃]၊ နိဗ္ဗာန်ဝင်ကာ၊ ငြိမ်းအေးပါ၍ [၄]၊
လေးဖြာမင်္ဂလာ၊ ပြည့်စုံစွာ၊ မကွာနေ့ညမြဲပါစေ။

၁၁။ ဖုဋ္ဌဿ လောက ဓမ္မေဟိ၊
စိတ္တံ ယဿ န ကမ္ပတိ [၁]။
အသောကံ [၂] ဝိရဇံ [၃] ခေမံ [၄]၊
ဧတံ မင်္ဂလ မုတ္တမံ။

တုန်လှုပ်မှုကင်း [၁]၊ ဆွေးမှုကင်း၍ [၂]၊ စွဲခြင်းဝေးစွာ [၃]၊
ကြောက်လန့်ကွာလျှက် [၄]၊ လေးဖြာမင်္ဂလာ၊ ရဟန္တာ၊
ကောင်းစွာပြည့်စုံရလေ၏။

၁၂။ ဧတာဒိသာနိ ကတွာန၊
သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊
တံ တေသံ မင်္ဂလ မုတ္တမံ။

အခြေခံသာသနာရေး

ပြီးပြီ။

## မင်္ဂလသုတ် လေ့ကျင့်ခန်း မေးခွန်းများ

၁။ မင်္ဂလာပြဿနာ ဖြေကြားရာ ဘုံဌာနများကိုရေးပါ။

၂။ ဆရာတပည့် ဆက်ဆံနေထိုင်ရာဝယ်အပြစ်ရှိသော အရပ် ၆-ခုတို့ကို ဘာ့ကြောင့်အပြစ်ရှိရကြောင်းများနှင့်တကွ ရေးပါ။

၃။ ဗာဟုသစ္စအရ အကြားအမြင်ဟူသည်အဘယ် အရာဖြစ်ပါသနည်း။

၄ ။ပင်လယ်ပြင်တွင် ရေနံရှာဖွေသော အတတ်ပညာသည် အဘယ်မင်္ဂလာ ဖြစ်ပါသနည်း။

၅။ သားသမီးများနှင့် ပတ်သက်၍ မိဘ ၂-ပါးတို့ရရှိကြသော ဂုဏ်ထူးများကိုရေးပါ။

၆။ မိမိတို့လုပ်အားမှ ပေါ်ထွက်လာသော ဥစ္စာကြေးငွေတို့ကို မည်သို့ ဝေခွဲသုံးစွဲရမည်ဟု ဘုရားရှင်က ဟောတော်မူပါသနည်း။

၇။ ငါတို့ မြန်မာပြည်ကြီး၏ ရာဇဝင်အရ ရာဇဝင်ဆွေမျိုးတော်စပ်သူများကိုရေး၍ ဉာတိသင်္ဂဟမင်္ဂလာပြည့်စုံစေရန် ၎င်းတို့ကို မည်သို့ ဆက်ဆံရမည်ကိုလည်းရေးပါ။

၈။ မြန်မာရာဇဝင်၌ဘုန်းတန်ခိုးကြီးမားသောတပင်ရွှေထီးသည် အဘယ်မင်္ဂလာချို့တဲ့၍ သူတပါး လက်ချက်ဖြင့် နတ်ရွာစံရပါသနည်း။

၉။ ဘုရားသားတော်ဖြစ်သော ကိုရင် ရာဟုလာကလေး၏ နှိမ့်ချနိုင်စိတ် ရှိပုံကိုရေးပါ။

၁၀။ မိမိတို့မှာ ဥစ္စာဂုဏ် အဆင်းဂုဏ် ပညာဂုဏ်တွေတောင်လိုပင် ပုံနေသော်လည်း နိဝါတမင်္ဂလာဖြစ်အောင် မည်သို့ နေထိုင်ရမည်ကိုရေးပါ။

၁၁။ တရားနာယူသင့်သောအခါများကို ရေးပါ။

၁၂။ သတ္တဝါများ၏ စိတ်သန္တာန်၌ အဘယ်တရား ရှိနေ၍ ဆင်းရဲနေရပါသနည်း။

၁၃။ ဘုရားရှင်က အတုလ ဥပါသကာအား ဟောကြားသော တရားများကိုရေးခဲ့ပါ။

၁၄။ ဝိရဇံ မင်္ဂလာဝယ် ရာဂ ဒေါသ မောဟတို့ကို အဘယ့်ကြောင့် မြူဟုခေါ်ပါသနည်း။

၁၅။ ဘုရားရှင်သည် မင်္ဂလသုတ်တရားတော်ကို ဟောတော်မပြီးသည် နောက်တနေ့၌ အရှင်အာနန္ဒာမထေရ်ကို ခေါ်တော်မ၍ မည်သို့ မိန့်တော်မူပါသနည်း။

# အတန်းတက်လျှင် ရွတ်ဆင်ခြင်

သိစရာမှန်၊ ကုန်မကျန်အောင်

ဝေဖန်သိငြား၊ ဉာဏ်တော်အားဖြင့်

အများတို့တွက်၊ ကရုဏာသက်၍

မိန့်မြွက်ဟောလတ်၊ ကျေးဇူးမြတ်ကို

မပြတ်နေ့ည၊ အောက်မေ့ကြလျက်

နိစ္စချဉ်းကပ်၊ ကျေးဇူးဆပ်သို့

အမြတ်သုံးဖြာ၊ ရတနာ၏

ဂုဏ်ဝါထူးကဲ၊ ဉာဏ်တွင်စွဲ၍

အမြဲနေ့ည၊ သင်, ကျင့်ကြလျက်

ဗုဒ္ဓသာသနာ၊ ရှည်မြင့်ကြာအောင်

နိုင်ရာဝန်ထမ်း၊ ကိုယ်စီစွမ်း

ကြိုးပမ်းကြပါစို့။